## နိဒါန်း
## (က)

သူတို့သူငယ်ချင်းတွေ စကားထိုင်ပြောကြတယ်။ ထုံးစံအတိုင်း ကြာဖြူ့အသံချည်းပဲ။ နောက်ဆုံး ထုံးစံတစ်ခုအတိုင်း ယောက်ျားတွေကို အယုံအကြည်မရှိတဲ့အကြောင်းလည်း ပါတယ်။

"တစ်ခါတုန်းကပေါ့ဟာ…။ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ချစ်ခွင့်ပန်တယ်။ မရရင် သေရပါလိမ့်မယ်တဲ့"

"အဲဒါနဲ့ ကောင်မလေးက သနားပြီး ပြန်ချစ်လိုက်ရောလား"

"ဟင့်အင်း…ငြင်းလိုက်တယ်"

"ဟယ်…ကောင်လေးကရော သေရောလား"

"အေးဟ…။ သူ့စကားအတိုင်းပဲ တစ်နေ့တခြား အိုလာပြီး နှစ်ခြောက်ဆယ်လောက်အကြာမှာ သေသွားတယ်တဲ့"

အားလုံး ဝိုင်းရယ်ဖြစ်ကြသည်။

"ကြာဖြူရယ်…။ နင်မို့လို့ ကပ်သီးကပ်သပ်တွေ ပြောတတ်တယ်"

■





## နိဒါန်း
## (ခ)

မြင်ကွင်းကတော့ တွေ့တွေ့ချင်း ကြာဖြူ့အတွက် ဒေါကန်စရာပါပဲ။ အင်းလျားကန်ဘောင်ပေါ်မှာလေ…။ ခတ္တာကို လူတစ်ယောက်က လိုက်စကားပြောနေတယ်။ ရိုးရိုးတန်းတန်းစကားမဟုတ်ဘူးဆိုတာကိုတော့ ပြောစရာမလိုဘဲ သိကြမှာပါ။ သူတို့နားကို လျှပ်စစ်ခြေလှမ်းတွေနဲ့ ကြာဖြူ ချဉ်းကပ်သွားလိုက်တယ်။

"ဟဲ့ ခတ္တာ"

အဲဒီအခါကျမှ ခတ္တာက ဝမ်းသာအားရနဲ့ အပြေးတစ်ပိုင်း လှမ်းလာတယ်။ အပြေးတစ်ပိုင်းဆိုတာကိုလည်း ဒီနေရာမှာ ရှင်းနေစရာမလိုတော့ပါဘူးနော်။ ခြေထောက်တစ်ချောင်းက ပြေးလာပြီး ကျန်ခြေထောက်တစ်ချောင်းက လမ်းလျှောက်လာတာတော့ ဘယ်ဟုတ်မလဲ။

"နင် ညှိလုချည်လား။ အဲဒီကောင်ကို နင့်ထီးနဲ့ ခေါက်ထည့်လိုက်ပါလား"

"ငါလည်း လုပ်မလားလို့ စဉ်းစားသေးတယ်"

"ဘာဖြစ်လို့ မလုပ်တာလဲ"

"သူ့မှာလည်း ထီးပါတယ်ဟ။ ယောက်ျားဆောင်းထီးဆိုတော့ ငါ့ထီးထက်တောင် ကြီးသေးတယ်"

ကြာဖြူက ခတ္တာကို ခပ်တိုးတိုး ကြိမ်ဆဲပါလေရော။

■

## နိဒါန်း
## (ဂ)

ကြာဖြူဟာ ချမ်းသာတဲ့ မိသားစုက **ပေါက်ဖွားလာတယ်။** ရုပ်ရည်လှပပြီး စာတော်လို့ ကျောင်းမှာလည်း လူသိများတယ်။ ဒါပေမဲ့ ရည်းစားထားဖို့ကိုတော့ ခုလို နောက်ဆုံးနှစ်ရောက်တဲ့ထိ သူ မစဉ်းစားသေးဘူး။ ရည်းစားထားရမှာကိုလည်း အလုပ်ရှုပ်တယ်လို့ ထင်နေတယ်။ ကျန်တဲ့သူတွေကိုလည်း သူက ရည်းစားမထားဖို့ အမြဲတမ်း တိုက်တွန်းတယ်။

သူပြောနေကျစကားတစ်ခွန်း ရှိလေရဲ့။

“နှင်တို့ဟာ စက်ဘီးလို နေစမ်းပါ။ ဆိုက္ကားလို မနေစမ်းပါနဲ့။ စက်ဘီးက ဖြောင့်ဖြောင့်တန်းတန်း စတိုင်ကျကျ သွားလို့ရတယ်။ ကိုယ့်ဘာသာ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ်ပဲ။ ဆိုက္ကားကဖြင့် ဘေးတွဲကြီးနဲ့။ တွေ့ရတာ မျက်စိနောက်လိုက်တာ။ ဒီထက်ဆိုးတဲ့ ကိစ္စက ရှိသေးတယ်”

“ဘာလဲ”

“တစ်နေရာရာမှာ ဂိတ်ထိုးရတဲ့ ကိစ္စပဲ”

■





## နိဒါန်း
## (ဃ)

အဲဒီကောင်မလေး ကြာဖြူဟာ သူ့ဆီ ချဉ်းကပ်လာတဲ့ ကောင်လေးတွေကိုလည်း ဒုက္ခပေးတတ်လေ့ရှိတယ်။ သူ့ဆီ နှင်းဆီပန်းတွေ ပို့ပို့ပေးနေလေ့ရှိတဲ့ ပေါ်ကြောင်ကြောင်ကောင်လေးကို သူက စေတနာရှိသယောင်ယောင်နဲ့ ခြေအိတ်လက်ဆောင် ပြန်ပေးတယ်လေ။ ခြေအိတ်က တိုနေတယ်။ ပြီး...အဲဒီခြေအိတ်ရတော့ ကောင်လေးခမျာ တန်ဖိုးကြီးတဲ့ ဖိနပ်ကို ထပ်ဝယ်ရရော။

နောက် လူတွေ့တိုင်း ‘ဒါ...ကြာဖြူလက်ဆောင်ပေးထားတဲ့ ခြေအိတ်လေ’ဆိုပြီး ခြေထောက်ကြီး ထိုးထိုးပေးပြီး ဘောင်းဘီစ လှန်ပြရတာ အားလုံးအတွက် ဟားစရာပေါ့။ အဲဒီလိုနဲ့ပဲ အဲဒီ ကောင်လေးခမျာ ပေါ်ကြောင်ကြောင်စာမေးပွဲမှာ ပထမရသွားတော့တယ်။

■

နိဒါန်း
(င)

သူ့ကို ချဉ်းကပ်တဲ့ ယောက်ျားလေးတွေထဲမှာ ကျူတာပေါက်စတွေလည်း ပါတယ်။ တစ်နေ့မှာ ကျူတာပေါက်စတစ်ယောက်က '၁၃' ဂဏန်းရဲ့ ကြောက်မက်ဖွယ်ရာကောင်းပုံကို ယုံယုံကြည်ကြည် ဖွဲ့ဖွဲ့နွဲ့နွဲ့ လာပြောတယ်။ အမှန်တော့ စကားမရှိ စကားရှာတာရယ်ပါ။ ကိုယ် မယုံရင်လည်း ကိုယ့်ဘာသာကိုယ် နေလိုက်ရုံပေါ့။

ဒါပေမဲ့ နောက်တစ်နေ့မှာ အဲဒီကျူတာပေါက်စ စားဖို့ဆိုပြီး ကြာဖြူက ထမင်းဘူးတစ်ဘူး ယူလာတယ်။ ဝမ်းသာအားရနဲ့ ဟဲမယ်ဆိုပြီး ကျူတာပေါက်စက ထမင်းဘူးကိုအဖွင့်...

"အား..."

ထမင်းဘူးထဲမှာက ဂဏန်းအရှင်အကြီးကြီးတစ်ကောင်။ ကျောကုန်းခွံမှာလည်း (၁၃)ဂဏန်းကို အကြီးကြီး ရေးထားတယ်။ ကျူတာပေါက်စခမျာ တခွီးခွီးတက်သွားလို့ နှာနှပ်ယူရတယ်။ ကြာဖြူလည်း မိန်းကလေးတန်မဲ့ ရှုံးခန်းရောက်သွားလေရဲ့။ အဲဒီလို ရှာမှရှားပေါ့။

■





နိဒါန်း
(စ)

"ကြာဖြူ့အတွက် ကိုယ် မျက်ရည်တောင် ကျခဲ့ရဖူးတယ်။ သိလား..."

"သိတယ်လေ...။ နင် ခဏခဏ ပြောနေတာပဲ"

"မျက်ရည်သုတ်ရလွန်းလို့ လက်ကိုင်ပဝါလည်း မလောက်တော့ဘူး"

"ဩော်...ဟော်"

"တစ်ရှူးလည်း မလောက်တော့ဘူး"

"ကိစ္စမရှိပါဘူး။ နင် တစ်နေ့ အဲဒီလိုပြောမယ်ဆိုတာ သိထားလို့ ငါကလည်း အလိုက်တသိ ကြိုတင်ပြင်ဆင်ထားပြီးသားပါ"

"ဟင်...ဒါဖြင့် နင်...ငါ့ကို အဖြေပေးတော့မယ်ပေါ့"

"မဟုတ်ပါဘူး။ ဒါလေး ယူထား။ မျက်ရည်ကျရင် တို့လိုက်။ ပြီးရင်...ညှစ်ချလိုက်။ နင် အဆင်ပြေသွားလိမ့်မယ်"

ကြာဖြူပေးခဲ့တာကဖြင့် ရေမြှုပ်တုံးကြီး။

■

ဆီမထည့်နိုင်တဲ့ တံခါးကြောင့်
ခြေထောက်တွေ တအီအီဝင်လာကြ။
သူတို့မှတ်ထားတဲ့ စကားလုံးတွေနဲ့ပဲ
ငါ့ကို ဖောင်းခနဲ ဖောက်ကြ။

အဲဒီလိုနဲ့ပဲ
နတ်တွေကတောင် ကစားရမလို နားရမလို။
(ငါလိုကောင်အတွက်ကတော့ ပြောမနေနဲ့တော့)

သေချာတာက
ငါဟာ နွေတွေလို ဆောင်းစားသတ္တဝါ မဟုတ်ဘူး။
ဖြေဆေးကိုင်ပြီး ပွင့်ပေးမယ့်
ပဒိုင်းပန်းလည်း မဟုတ်ဘူး။
ဒါပေမဲ့ ထားလိုက်ပါတယ်။
မေ့ထားလိုက်ပါတယ်။





ရှိသမျှ လင်းစရာ ဝေစရာလေးတွေကို
သေခိုင်းလိုက်ပြီ။
ဘယ်တောအုပ်မှာမှ
သစ်ပင်နံပါတ်ပြောပြီး အမြစ်မချချင်ဘူး။
သောကြာနေ့ အချင်းချင်း အပျင်းခံရရင် နာတယ်။

လုံတံက ခေါ်လို့ မလိုက်ရင်လည်း
ပင်အပ်ယူပြီး လာမစိုက်နဲ့။
မင်းတို့ကျေနပ်ရင် ငါလိုမြေက နိမ့်မြဲနိမ့်ပေးလိုက်မယ်။
လပြည့်ဝန်းကို ပိန်ချွန်းချွန်းထိုင်ကြည့်နေရရင်ပဲ
ငါ့အတွက်
ဖြစ်ပါတယ်။ ။

ပိုင်စိုး





နိဒါန်း

(က)

ပိုင်စိုးဆိုတဲ့ ကောင်ကလည်း (ခုခေတ် ကောင်မလေးတွေရဲ့ အသုံးအနှုန်းအရဆိုရင်) လေးကြီးကြီးပဲ။ ပေါ့သေးသေးမဟုတ်ဘူးလို့ ဆိုလိုတာပါ။ ငယ်ငယ်ကတည်းက ကလေးအချင်းချင်းကြားထဲမှာတောင် သူက ဒဿနဆရာ။ ဘောလုံးကန်လို့ နားချိန်မှာ သူ့သူငယ်ချင်း တစ်ယောက်က နှပ်ချေးရှုံ့သွင်းရင်း မေးတယ်။

"လူပုစိတ်တို...ဆိုတဲ့ စကားပုံကို ဆရာမက သင်သွားတယ်။ လူပုတွေက ဘာလို့ စိတ်တိုတာတုန်း"

"အာ...သူတို့ကကွာ၊ လူတွေကို မော့မော့ကြည့်နေရတဲ့ ခေါ်တို တို၊ လက်တိုတို၊ ခေါင်းတိုတိုလေ။ အဲဒီတော့ စိတ်ပါ တိုသွားတာပေါ့"

"အဲဒီလို စိတ်တိုရင် ရန်ဖြစ်မှာပေါ့ကွ။ ရန်ဖြစ်မှာကျတော့ သူတို့ မကြောက်ဘူးလား"

"မကြောက်ဘူး"

"ဘာဖြစ်လို့လဲ"

"ဩော်...သူတို့က ပုဆိုးတိုတိုပြင်ဝတ်စရာ မလိုဘူးလေကွာ။ ရန်ဖြစ်ရင် မြန်တာပေါ့"

အဲဒီလိုဖြေတတ်တဲ့ ကောင်မျိုး။

■

နိဒါန်း

(၁)

အတန်းထဲမှာ ဆရာမနဲ့လည်းငြင်းတာပဲ။ ဆရာမက အကောင်းဆုံးမတာ၊ သူက အကောင်းနားမထောင်ဘူး။

"မင်းတို့နော်…နေပူစပ်ခါး လျှောက်မသွားကြနဲ့၊ ဖျားနာနေဦးမယ်။ ဖျားရင် ပိုက်ဆံကုန်မယ်"

"ဖျားရတာ ပိုက်ဆံ မကုန်ပါဘူး"

အဲဒီလို ပြန်ကန့်လန့်တိုက်တာ ပိုင်စိုးပေါ့။

"ဖျားတာ ဘာလို့ ပိုက်ဆံမကုန်ရမှာတုန်း"

"နေပူစပ်ခါးလျှောက်သွားလိုက်ရင် ပြီးတာပဲ။ ဖျားတာက ပိုက်ဆံမကုန်ပါဘူး၊ ပြန်ပျောက်အောင်လုပ်မှသာ ပိုက်ဆံကုန်တာ"

ဆရာမခမျာ ဘာဆက်ပြောရမယ်မှန်းတောင် မသိဖြစ်သွားတယ်။

■





နိဒါန်း

(၇)

သူ့အဘိုးနဲ့လည်း မတည့်ဘူး။ အဘိုးက ဆေးလိပ်ကြိုက်တယ်။ တစ်နေ့မှာ နှာခေါင်းထဲကနေ မီးခိုးတွေ ပြန်မှုတ်ထုတ်နေတာကို ပိုင်စိုးက လှမ်းဝေဖန်တယ်။

"နှာခေါင်းက မီးခိုးထွက်တဲ့လူဟာ နှာဘူးတဲ့ အဘိုးရဲ့"

"ဘာကွ"

သူ့အဘိုးကလည်း လူပုစိတ်တိုလေ။ ပုဆိုးတိုတို ပြင်ဝတ်စရာမလိုဘူး။ အဲဒါကြောင့် ပိုင်စိုး တချိုးတည်းပြေးရတယ်။

အဲဒီတုန်းကများ သူ့အဘိုးက ပိုင်စိုးကို အစိမ်းလိုက် ဝါးစားမလို့။ ပိုင်စိုးကံကောင်းသွားတာက သူ့အဘိုးက အံကပ်လိုက်ရှာတာ တော်တော်နဲ့ မတွေ့လို့…။

■

နိဒါန်း

(ဃ)

သူငယ်ချင်းတွေကြားထဲမှာ (ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း) အကျင့်မကောင်းတဲ့ သူငယ်ချင်းလည်း ပါလာတတ်တယ်လေ။ သူတို့သူငယ်ချင်းအုပ်စုထဲမှာ ငွေပျောက်မှုတစ်ခုဖြစ်တယ်။ ဘယ်သူ ခိုးတာလဲတော့ မသိဘူး။ ပိုင်စိုးက အိုးကြီးတစ်လုံးကို အိုးမဲတွေ သုတ်တယ်။ ပြီး...ကြက်ဖတစ်ကောင်ပေါ် အုပ်လိုက်တယ်။

"မင်းတို့ အဲဒီအိုးကို လက်ညှိုးနဲ့ တို့ကြ။ ခိုးတဲ့သူက တို့လို့ရှိရင် အထဲက ကြက်က တွန်လိမ့်မယ်"

ကျန်တဲ့ သူငယ်ချင်းအားလုံး အဲဒီအိုးကို လက်ညှိုးနဲ့ တို့ကြရတယ်။ ထူးဆန်းတာကတော့ တစ်ယောက်တို့ချိန်မှာ ကျန်တဲ့သူအားလုံးက ကျောပေးထားရတယ်။ မကြည့်ရဘူး။ ဒါပေမဲ့ လူသာကုန်သွားတယ် ကြက်က မတွန်ဘူး။

"ပိုင်စိုး။ မင်း နည်းကြီးက ဟုတ်လည်း မဟုတ်ပါလား"

ပိုင်စိုးက ခပ်ပြုံးပြုံးနဲ့ အားလုံးရဲ့လက်ညှိုးကို လိုက်စစ်ပါတယ်။ တို့ထားတဲ့သူအားလုံးရဲ့ လက်ညှိုးမှာ အိုးမည်းတွေနဲ့။ တစ်ယောက်က ဘာမှ မပေဘူး။ သူတို့ မထားဘူးလေ။ အဲဒီကောင် သူခိုးပေါ့။ အားလုံးက ပိုင်စိုးကို ဝိုင်းချီးကျူးကြတယ်။ အမှန်တော့ ပိုင်စိုးက စာအုပ်ထဲမှာဖတ်ဖူးတဲ့ နည်းတစ်ခုအတိုင်း လုပ်လိုက်တာ။





နိဒါန်း

(င)

ဆယ်တန်းကျောင်းသားအရွယ်ရောက်တော့ ငွေသုံးတတ်လာပြီ။ လည်လည်ဝယ်ဝယ်လည်း အတော်ရှိနေပြီ။ တစ်ခါ သူ ငွေလိုတော့ သူ့အဖေအမေ မင်္ဂလာဆောင်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံကြီးကို အပေါင်ဆိုင်မှာ သွားပေါင်တယ်။ ဘောင်တွေက ရွှေကွပ်ထားတာကိုး။ အပေါင်ဆိုင်ရှင်ကလည်း ဓာတ်ပုံကြီးဖြစ်နေတော့ နံရံမှာပဲ ချိတ်ထားလိုက်တယ်။ အပေါင်ဆိုင်ထဲက နံရံမှာ သူ့အဖေနဲ့အမေက ရှုံ့စမိုးအပြည့်နဲ့ ပြုံးပြုံးကြီးတွေ။

နောက်တော့ တွေ့လိုက်သူက ပြန်ပြောလို့ သူ့အဖေနဲ့အမေ ဒေါသတကြီးဖြစ်ပြီး သွားပြန်ရွေးရတယ်။ ပိုင်စိုးလည်း အိမ်ကို သုံးရက်လောက် မပြန်ရဲဘူး။ အိမ်ပေါ်ပြန်တက်လာတော့ သူ့လက်ထဲမှာ 'နေဇေလိမ်နည်း' ဆိုတဲ့စာအုပ် ပါလာတယ်။

"အဲဒီစာအုပ်ကို မင်း ဘယ်က ရတုန်း"

"ပြန်ပေးမယ်လို့ လိမ်ပြောပြီး သူများဆီက ယူလာတာ"

မလွယ်တာတော့ တော်တော်မလွယ်တဲ့ ကောင်ပဲလေ။

နိဒါန်း

(စ)

တက္ကသိုလ်ရောက်တော့ ဆရာဝန်လိုင်းလျှောက်ရင် ရပါလျက်နဲ့ သမိုင်းယူတယ်။ နောက်ဆုံးနှစ်ရောက်တဲ့အထိ ရည်းစားလည်း မရှိဘူး။ သူ့ကို ကင်းခြေများသေလို့ ဝင်စားသူလို့ သူငယ်ချင်းတွေက ပြောကြတယ်။ သူကလည်း ဟိုသွားလိုက် ဒီသွားလိုက်နဲ့ ခြေများတယ်လေ။

တစ်နေ့မှာ သူက ကင်တင်းထိုင်ရင်း သူဆွဲထားတဲ့ မြေပုံတစ်ခု ထုတ်ပြတယ်။ သူငယ်ချင်းတွေက ဝိုင်းမေးကြတယ်။

"အဲဒါက ဘာလဲ"

"နတ်ပြည်မြေပုံလေ"

"ဟေ..."

ပိုင်စိုးက သေသေချာချာ ရှင်းပြတယ်။

"ဒါက စကြဝဠာတံတိုင်း။ ဒါက မြင့်မိုရ်တောင်၊ ဒါက မြင့်မိုရ်တောင်ရဲ့ ခါးလယ်ဖြတ်မျဉ်းကြောင်း။ မြောက်စူးစူးမှာရှိနေတာက ဒီမြို့တွေ...အာဠာနန္ဒမြို့၊ ကုသိနာရုံမြို့။ ပြီး...ဒီမှာက အာဠကမန္ဒာမြို့၊ ဝိသာဏာမြို့။ အဲဒီမှာ ဓာရဏီရေကန်။ ဒီမှာက သာလဝတီမဏ္ဍပ်။ ပင်လယ်ကသစ်ပင်က ဒီသုဒဿနမြို့ရဲ့ အရှေ့မြောက်စူးစူးမှာ ခုလို ရှိတယ်။ သူ့အောက်တည့်တည့်မှာက ပဏ္ဍုကမ္ဗလာကျောက်ဖျာ။ ဒီမှာ သုဓမ္မာနတ်သဘင်တည်တဲ့နေရာ"

သူ့ဟာနဲ့သူတော့ အဲဒီလိုမျိုး ဟုတ်နေတဲ့ကောင်ပေါ့။ သူငယ်ချင်းအားလုံး လက်ဖျားခါယူကြရတယ်။

■





သူများဝတ်ထားပြီးသား
မျက်နှာဖုံးဟောင်းကြီးနဲ့တော့
ဘဝမှာ လူမလုပ်ချင်ပါဘူး
လံကွတ်တီစော် နံတယ်။

တသွန်ပေါက်ပြေးနေတဲ့ ဘုန်းဂွဲရောင်တိမ်တစ်စင်းရယ်
မန်းမှုတ်ပြီး ငါ ပစ်ပစ်လိုက်တဲ့ ကြိုးတွင်းတန်းလန်းရယ်
လောကဟာ နေရတာ မလျော့မတင်းကြီးပါပဲကွယ်။

အဲဒီလိုကောင်လေးနဲ့

အဲဒီလို ကောင်မလေးတို့

တစ်နေ့...

တက္ကသိုလ်နယ်မြေထဲမှာ

ထိပ်တိုက်ဆုံတွေ့ကြတဲ့အခါ....





(၁)

အဲဒီနေ့က ထူးထူးခြားခြား ပိုင်စိုး ကျောင်းသို့ လာသည်။ ရိုးရိုးတန်းတန်းလာခြင်း မဟုတ်။ ခြေချိုးလက်ချိုးဖြင့် ဖြည်းဖြည်းညင်းညင်း ကလာခြင်းမျိုးကို မဆိုလိုချေ။ တိုက်ပုံအင်္ကျီနှင့် ရခိုင်လုံချည်ကို တွဲဝတ်ပြီး သားသားနားနား ရောက်ရှိလာခြင်းကို ဆိုလိုသည်။

သူကပဲ ဝီရိယကောင်းနေ၍လား မသိ။ သူငယ်ချင်းတွေက တစ်ယောက်မှ မရောက်သေးချေ။ ကင်တင်းမှာ ဝင်ထိုင်၏။ ကင်တင်းအားလုံးကတော့ ထိုင်နေကျကင်တင်းဟု ပြော၍ ရသည်။ ထို့ကြောင့် ဘယ်ကင်တင်းကိုမှ ထိုင်နေကျမဟုတ်ဟုလည်း ဆိုနိုင်သည်။

လက်ဖက်ရည်တစ်ခွက်မှာသောက်ပြီး စာအုပ်တစ်အုပ်ကို ဟိုဟိုဒီဒီ လှန်ဖတ်နေလိုက်၏။ 'ခေတ်ပြိုင်ဒဿနများ'ဟု အမည်ရသည့် အင်္ဂလိပ်စာအုပ်တစ်အုပ်ဖြစ်သည်။ အမှန်တော့ သူနှင့်လည်း သိပ်မဆိုင်။ သို့သော်လည်း သူက မဆိုင်တာတွေကိုမှ လုပ်တတ်သဖြင့် ဆိုင်သလိုလည်း ဖြစ်နေသည်။

ထိုအချိန်မှာပဲ ခေတ်မီလှပသော ကျောင်းသူလေးတစ်ယောက် သူ့ရှေ့သို့ အလိုအလျောက်ရောက်ရှိလာ၏။ ဤနေရာတွင် ဖြတ်ပြော

စရာရှိလာသည်။ အလိုအလျောက်ရောက်ရှိလာသည်ဆိုသဖြင့် မလေးရှား စုန်းကားထဲကလို လမ်းမလျှောက်ဘဲ ရွေ့လာခြင်းမျိုး မဟုတ်ပေ။ မထင်မှတ်ဘဲ ရောက်လာခြင်းမျိုးဖြစ်၏။

စာအုပ်ဖတ်နေရာမှ လှပသော ခြေဖမိုးလေးတစ်ခုကို စတင်တွေ့ရှိပြီး မော့ကြည့်လိုက်သောအခါ ကျော့ရှင်းပြေပြစ်လှသည့် ထိုကောင်မလေးကို မျက်လုံးနှစ်လုံးစလုံးဖြင့် မြင်လိုက်ရခြင်းဖြစ်သည်။

ကောင်မလေးက...

"ဆရာ...။ သမီးကို ထိုင်ခွင့်ပြုပါ"

တစ်ချက် ကြောင်အမ်းအမ်းဖြစ်သွားမိသော်လည်း...

"ထိုင်လေ...ထိုင်ပါ။ ရပါတယ်"

ကောင်မလေးက သူ့ရှေ့ခုံမှာ ဝင်ထိုင်၏။ စားပွဲထိုးကို လှမ်းမှာသည်။

"ကော်ဖီမစ်တစ်ခွက်၊ နို့မထည့်နဲ့"

ပြီးမှ သူ့ဘက်သို့ လှည့်၍...

"ဆရာက ဟိုတလောကမှ နိုင်ငံခြားက ပြန်ရောက်လာတဲ့ ဆရာ မဟုတ်လား"

ထိပ်စီးမှာတည်းက စလွဲနေပြီ။ မဟုတ်ပါ။ ပိုင်စိုးကလည်း ဟုတ်သည်ဟု မပြောပါ။

"သမီးကို ဘယ်သူက ပြောလဲ"

"စန္ဒာရဲလှတို့က ပြောလိုက်တာလေ။ ဆရာက ပညာရေး ဒသနနဲ့ နိုင်ငံခြားမှာ ပါရဂူဘွဲ့ သွားယူလာတဲ့ဆရာ မဟုတ်လား"

ငါ တော်တော်အိုစာနေပြီလားဟု ပိုင်စိုး တွေးမိ၏။ သို့သော် ကိစ္စမရှိပါ။ ယခုခေတ်ဆရာတွေက ငယ်ငယ်လေးတွေဖြစ်၏။ တချို့ဆရာတွေဆို ကလေးစိတ်ပင် မကုန်သေး။

ကောင်မလေးက သူ့ကိုယ်သူ မိတ်ဆက်၏။

"သမီးနာမည်က ကြာဖြူပါ"

ကြာဖြူဆိုတော့ ကျူဖျာပေါ့ဟု ပိုင်စိုး တွေးမိ၏။ သူ ဘာမှ





မပြောရသေးခင် ကောင်မလေးကပဲ ဆက်ပြော၏။

"သမီးက ပညာရေးကို အရမ်းစိတ်ဝင်စားတယ် ဆရာ"

"ဟာ...ကောင်းတာပေါ့"

"ဆရာတို့လိုလည်း အရမ်းတော်တဲ့လူ ဖြစ်ချင်တယ်"

"ဟာ...ဖြစ်ချင်ရင် ဖြစ်ရမှာပေါ့ သမီးရယ်"

"ဘယ်လိုကြိုးစားရမလဲ ဆရာ"

"ဒါက ဒီလိုရှိတယ် သမီးရဲ့"

"နို့ထည့်လာသေးလား"

"ဟင်"

ပိုင်စိုး ကြောင်သွားရသည်။

"မဟုတ်ဘူးဆရာ။ စားပွဲထိုးလေးကို ပြောတာပါ။ သူတို့က တစ်ခါတစ်ခါ သေသေချာချာမှာလိုက်ရဲ့သားနဲ့ နို့ ထည့်ထည့်လာလို့"

"ဪ...အေးအေး"

"ဆက်ပြောပါဦး ဆရာ"

"စကားက ဘယ်ရောက်သွားမှန်းတောင် မသိဘူး"

"ဘာမှ မပြောရသေးဘူးလေ ဆရာရဲ့"

"မဟုတ်ဘူး။ ခုနက ပြောနေတယ်လေ"

"ဒီလိုရှိတယ်လို့ပဲ ပြောရသေးတယ်။ ဘယ်လိုဆိုတာ မပြောရသေးဘူး"

"အာ...အေးအေး။ ဆက်ပြောတာပေါ့"

ပြီး ဘာပြောရမည်မှန်းမသိ။ ကောင်မလေးက စိတ်ဝင်တစားရှိလှသည့် မျက်ဝန်းတောက်တောက်ကလေးများနှင့် ပိုင်စိုး၏မျက်နှာကို အငေးသား ကြည့်နေသည်။ ပိုင်စိုးက...

"သမီး တော်ဒင်နီကေးဆိုတာ ကြားဖူးလား"

"ဟင့်အင်း...မကြားဖူးဘူး ဆရာ။ သူကလည်း ဒသန ပညာရှင်ပဲလား"

"မဟုတ်ဘူး သမီးရဲ့။ သူက ကမ္ဘာကျော် လူရွှင်တော်ကြီး

တစ်ဦးပေါ့''

''ဟုတ်ကဲ့…။ ပြောပါဦး ဆရာ''

''သူက ဂေါက်သီးရိုက်တာကို သိပ်ဝါသနာပါတယ်''

''ဟုတ်ကဲ့''

''တစ်နေ့မှာ… သူ ဂေါက်သီးသွားရိုက်တယ်။ အပျော်တမ်း ပြိုင်ပွဲတစ်ခုလို့ ဆိုပါစို့ သမီးရယ်…။ သူက ဂေါက်သီးရိုက် အကျွမ်းကျင်ကြီး မဟုတ်တဲ့အပြင် ဘေးမှာလည်း ပရိသတ်တွေက ဝိုင်းကြည့်နေတော့ ဘယ်လိုမှ ရိုက်ချက်မမှန်ဘဲ ရှုံးသွားတယ်။ နည်းနည်းလှောင်ပြောင်ပြီး ကြည့်တာကို ခံရတာပေါ့။ အဓိကကတော့ ပြိုင်ဖက် ရိုက်ဖော်ရိုက်ဖက်တွေကပါ''

''ဟုတ်ကဲ့''

''တော်ဒင်နီကေးက စိတ်ထဲမှာ သိပ်မကျေလည်ဘူး။ တစ်နေ့ကျတော့ အဲဒီပြိုင်ဖက်ဂေါက်သီးသမားအားလုံးကို သူ့ရဲ့ ကပွဲဆီ ဖိတ်တယ်။ ပရိသတ်ကတော့ ဂေါက်ကွင်းပရိသတ်ထက် အများကြီးပိုတာပေါ့ သမီးရယ်''

''ဟုတ်ကဲ့''

''အဲဒီမှာ တော်ဒင်နီကေးဟာ အကောင်းဆုံးသရုပ်ဆောင်နိုင်တယ်။ ပရိသတ်တွေကလည်း အရမ်းသဘောကျတယ်။ တော်ဒင်နီကေးက ပြုံးပြုံးကြီးနဲ့ သူ့ရဲ့ ပြိုင်ဖက်ဂေါက်သီးသမားတွေကို စင်ပေါ်မှာ သီချင်းတစ်ပုဒ်စီ တက်ဖျော်ဖြေဖို့ ဖိတ်ခေါ်တယ်''

ကြာဖြူ စိတ်ဝင်စားလာသည်။ သီချင်းဆောဖြင့်…

''အင်း…အဲဒီတော့ ဘာဆက်ဖြစ်လဲ ဆရာ''

''ဘယ်သူမှ တက်မဆိုရဲဘူးလေ။ ပရိသတ်တွေကလည်း အများကြီး။ သူတို့ ရှက်တာပေါ့…။ ရှုံးတိုးရှန့်တန့်ဖြစ်ပြီး သူတို့ အကြောက်အကန် ငြင်းကြတယ်''

''ဟုတ်ကဲ့။ အဲဒီတော့…''

''အဲဒီတော့မှ တော်ဒင်နီကေးက ပြုံးပြုံးကြီးနဲ့ ထပ်ပြောတယ်။





ကဲ…အခု ခင်ဗျားတို့ ကျွန်တော့်ရဲ့ ဂေါက်ကွင်းထဲကို ရောက်နေကြပြီတဲ့''

ကြာဖြူ သဘောကျသွားသည်။

''ဟာ…ကောင်းလိုက်တဲ့ရိုက်ချက် ဆရာရယ်''

''ဟုတ်တယ်…။ တစ်ချက်တည်းနဲ့ ကျင်းဝင်သွားတယ်။ ဒီမှာဆိုရင်တော့ မိုက်တီးရဲ့ ရိုက်ချက်ပေါ့ သမီးရယ်''

''ခို''

ဆရာက ပျော်တတ်သားပဲဟု ကြာဖြူ တွေးမိသည်။ ထိုကဲ့သို့ လူငယ်ဆန်ပြီး ပွင့်လင်းသော ဆရာမျိုးကို ကျောင်းသူကျောင်းသားများက ချစ်တတ်ကြသည်ပဲ။

''ဆရာက မိုက်တီးကိုလည်း သိတာပဲလား''

''သိပါတယ်။ ဟိုတလောကတောင် အိမ်လာသွားသေးတယ်''

ဗုဒ္ဓေါ…။ စိတ်ထဲမှ ကြာဖြူ ရေရွတ်လိုက်မိသည်။

''ဒါထက်ဆရာ…သူ့နာမည် မိုက်တီးဆိုတာက မြန်မာလို ခပ်ကြမ်းကြမ်းယူထားတဲ့ နာမည်ပဲလား။ အင်္ဂလိပ်လို MIGHTY ကို ယူထားတာလား''

''နှစ်ခုလုံးမဟုတ်ဘူး သမီးရဲ့''

''ဒါဖြင့်…''

''သူက ငယ်ငယ်တုန်းက မီးနဲ့ အတိုက်ခံရဖူးတယ်။ ဒါကြောင့် မိုက်တီးလို့ခေါ်တာ။ ခုတောင် သူ့အသားက နည်းနည်းမီးကျွမ်းနေတယ်။ အရောင်တင်ဆီ ပြန်သုတ်ထားရတာ''

''သြော်…သြော်''

ကြာဖြူ အံ့သြနေသည်။ ထိုကဲ့သို့ သူ တစ်ခါမှ **မကြားဖူးပါ။** သို့သော်လည်း ဆရာကိုယ်တိုင်က ပြောနေသဖြင့် **ယုံရမည်ပဲ** ဖြစ်၏။ နိုင်ငံကျော် အနုပညာသမားများတွင် ထိပ်တန်းလျှို့ဝှက်ချက်များ ရှိတတ်ကြောင်း သူမ ကြားဖူးလေသည်။

''ကဲ…စကားစကို ပြန်ဆက်လိုက်ကြရအောင်''

"ဟုတ်ကဲ့ဆရာ"

"သမီးက တော်ချင်၊ ထူးချွန်ချင်တာ မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါပေမဲ့...နေရာတကာမှာ တော်ချင်လို့တော့ မရဘူး သမီးရဲ့။ ခုနက ဆရာ ဥပမာပေးသွားတဲ့ တော်ဒင်နီကေးရဲ့ အဖြစ်အပျက်လေးလိုပဲ၊ သူ့ကွင်း ကိုယ့်ကွင်း ရွေးတတ်ရတယ်။ ကိုယ်သန်မယ့်လိုင်းကို ရွေးတတ်ရတယ်။ အဲဒါက အဓိကအချက်အနေနဲ့ ရှေ့ဆုံးက ရှိတယ်"

"ဟာ...ဟုတ်ကဲ့၊ ဟုတ်ကဲ့ဆရာ"

ဆရာ့စကားက တန်ဖိုးရှိသည်ဟု ကြာဖြူ ခံစားမိသည်၊ ဆရာက သူ့ကို ကျူဖျာလို တက်ထိုင်နေမှန်းတော့ သူ မသိ။

"ဟုတ်ပြီဆရာ...။ သမီးလည်း ကိုယ့်ကိုယ်ကို အသေအချာ ပြန်ဆန်းစစ်ပါဦးမယ်။ ဒါထက်...တခြားဆုံးမစရာရှိရင် ဆုံးမပါဦး ဆရာ"

"မရှိပါဘူးကွယ်...မရှိပါဘူး။ သမီးက တော်မယ့်၊ ထက်မယ့်သူဆိုတာ မြင်ရုံနဲ့ သိပါတယ်"

ထိုစကားကို ပိုင်စိုးက လေးလေးနက်နက်ပြောခြင်းဖြစ်၏။ ကောင်မလေးက လှပသည်။ ရဲရင့်ထက်မြက်သည်။ ပွင့်လင်းပုံရသော်လည်း ကလက်တက်တက်ဟန်ပန် မရှိ။ ယောက်ျားလေးဆန်နေသည် မျိုးလည်း မဟုတ်။ ခုခေတ်မိန်းကလေးများ၏ မော်ဒန်ဣန္ဒြေနှင့် သူ့ကို ဆက်ဆံနေခြင်းဖြစ်သည်။

ကြာဖြူက...

"တစ်ခုခုပေါ့ ဆရာရယ်...အကြံပေးချက်လေးပဲ ဖြစ်ဖြစ်ပေါ့"

ပိုင်စိုး နားသယ်စပ်ကို လက်ညှိုးနှင့်ကုတ်ရင်း ဘာဆက်ပြောရပါ့ဟု စဉ်းစားနေမိသည်။ ပြီးမှ...

"ရေချိုးရင် ဆပ်ပြာတိုက်ချိုး သမီး"

"ရှင်"

"ရေချိုးရင် ဆပ်ပြာတိုက်ချိုး...လို့"

ကြာဖြူ မလုံမလဲဖြစ်ပြီး သူ့ကိုယ်သူ မသိမသာ ပြန်ငုံ့ကြည့်မိ





၏။ သူမကိုယ်က ဘာအနံ့အသက်များ ထွက်နေလို့လဲ။ သူမလောက် အသန့်အပြန့်ကြိုက်တာ သူမပဲ ရှိသည်။

"မဟုတ်ဘူးလေ...။ သမီးက မသန့်ပြန့်ဘူးဆိုတဲ့ သဘောမျိုး ဆရာက ပြောတာ မဟုတ်ဘူး"

"ဟုတ်"

"လူ့ခန္ဓာကိုယ်မှာ ချွေးညှော်တွေ ကပ်တတ်တယ်။ အဲဒါဟာ ခန္ဓာကိုယ်ကထွက်တဲ့ အဆီတစ်မျိုးကြောင့်ပဲကွဲ့။ ရေချိုးသက်သက်နဲ့ ချိုးရင် ဆီနဲ့ ရေနဲ့ဟာ မရောတတ်တဲ့အတွက်ကြောင့် ချွေးညှော်တွေဟာ မစင်ဘူး။ အဲဒါကြောင့် ဆပ်ပြာတိုက်ချရတယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ကြာဖြူ နည်းနည်းတော့ အောင့်သက်သက်ဖြစ်နေသည်။

"နောက်ပြီးတော့လည်း ချိုင်းမွှေးမထားနဲ့ သမီး"

"ရှင်..."

ကြာဖြူ ငိုချင်စ ပြုလာသည်။ သူမမှာ ချိုင်းမွှေးလည်း မရှိပါ။ သို့သော်လည်း အချို့သောပညာရှင်များ၊ ပါရဂူများသည် ထိုသို့ပင် အူတူတူနိုင်တတ်သည်ဟု ကြားဖူးသဖြင့် အောင့်အည်း သည်းခံနေလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ ချိုင်းချွေးနံ့ဟာ အင်မတန်မှ နံတယ်။ ချိုင်းကြားမှာ ဘက်တီးရီးယားပိုးတွေ ရှိတယ်ကွဲ့။ ချိုင်းမွှေးတွေက သူတို့ကို အကာအကွယ်ပေးထားရာ ရောက်တယ်။ အဲဒါကြောင့် သမီး ချိုင်းမွှေးကို ပြောင်နေအောင် ရိတ်ထား။ သမီးသူငယ်ချင်းတွေကိုလည်း တိုက်တွန်းပြောပြ။ ဟုတ်လား..."

"ဟုတ်...ဟုတ်ကဲ့ပါ ဆရာ"

"ခုခေတ်မှာ လူတွေက လုပ်ရှားမှုနည်းပြီး ဝဖြိုးလာကြတယ်။ နိုင်ငံတကာမှာ ပိန်ဆေးတွေ အရမ်းခေတ်စားနေတယ်။ သမီး ဝလာတဲ့ တစ်နေ့ကျရင် အဲဒီလို ပိန်ဆေးတွေ လိုက်မစားနဲ့။ အဲဒီပိန်ဆေးတွေဟာ လူကို အန္တရာယ်ပေးတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အစိုးရအာဏာနဲ့

ကို တားမြစ်ထားရတယ်''

''ဟုတ်...ဟုတ်ကဲ့''

''သမီး သူငယ်ချင်းတွေထဲမှာ ဝဝတုတ်တုတ် သူငယ်ချင်းပါရင် ပြောပြလိုက်။ သူ့တစ်ကိုယ်လုံးကို ဆားနဲ့ မံလို့''

''ရှင်...''

''သြော်...သူ့တစ်ကိုယ်လုံးကို ဆားနဲ့ လူးထားလို့''

''ဘာ...ဘာဖြစ်လို့လဲ ဆရာ''

''သမီး ငါးခြောက်တွေကို တွေ့ဖူးတယ် မဟုတ်လား''

''တွေ့ဖူးတယ်လေ''

''အေး...ငါးအစိုကို နေပူလှန်းရုံနဲ့ ငါးခြောက်ဖြစ်တာ မဟုတ်ဘူးကွဲ့။ ဆားနဲ့ပါ လိမ်းရသေးတယ်။ ကိုယ်ခန္ဓာထဲက ရေဓာတ်တွေကို ဆားက စုပ်ယူနိုင်တယ်လေ။ အဲဒါကြောင့် သမီးသူငယ်ချင်း ဝတုတ်တုတ် တွေရှိရင် တစ်ကိုယ်လုံးကို ဆားနဲ့လူးခိုင်း။ သူတို့ကတော့ နေပူလှန်းစရာ မလိုပါဘူး''

ဒုက္ခပဲ၊ ဒုက္ခပဲဟု ကြာဖြူ တွေးမိ၏။ မြန်မြန်စကားဖြတ်ပြီး လစ်ပြေးမှဖြစ်မည်ဟု လျှပ်တပြက် ဆုံးဖြတ်ချက်ချလိုက်၏။

''ဆရာပြောတာတွေက အရမ်းတန်ဖိုးရှိတာပဲဆရာ။ ဒါပေမဲ့ သမီး အတန်းတက်စရာရှိလို့ ပြန်လိုက်ဦးမယ် ဆရာ''

ပိုင်စိုးက မိန့်မိန့်ကြီး ခေါင်းညိတ်ပြ၏။

''အေး...သွား သွား။ သမီးကော်ဖီမစ်ဖိုးတော့ သမီးဘာသာ ရှင်းသွားနော်''

''ရှင်''

''သြော်...ဆရာ့လက်ဖက်ရည်ဖိုး ထည့်ရှင်းမသွားနဲ့လို့ ပြောတာ''

''ဟုတ်ကဲ့''

ထိုစကားကို ပိုင်စိုးက သတိကြီးစွာဖြင့် ပြောလိုက်ရခြင်းဖြစ်၏။ သူ့တိုက်ပုံအင်္ကျီအိတ်ထဲမှာက လက်ဖက်ရည်တစ်ခွက်ဖိုးပဲ ပါသည်။





ကောင်မလေးက စားပွဲထိုးကို ခေါ်၍ ငွေရှင်း၏။ သူမက ပိုင်စိုးကို ခေါင်းညိတ်နှုတ်ဆက်သည်။ ပိုင်စိုးက ဒဿနစာအုပ်ကြီးကို ပြန်ဖတ်ရန် လှန်လှောနေရင်းက...

''ဒါထက်...သမီးမိဘတွေက ဘာလုပ်ကြတုန်း''

''ကွန်ပျူတာပစ္စည်းတွေ ရောင်းပါတယ်''

''သြော်...အေးအေး''

ဟိတ်ကြီး ဟန်ကြီးနဲ့ ဒဿနစာအုပ်ကြီးကို ဆက်ဖတ်နေလိုက်သည်။ ကောင်မလေးက သူ့ခြေထောက်နှင့်သူ လှည့်ပြန်သွား၏။ တော်တော်ဝေးဝေးရောက်သွားမှာ ပိုင်စိုးက တစ်ချက်လှမ်းကြည့်ပြီး...

''အင်း...ထင်တော့ ထင်သားပဲ။ ကြာဖြူရဲ့ အဖေကတော့ ကျူဖျာ မရောင်းလောက်ပါဘူးလို့''

■

(၂)

နောက်နေ့မှာ ကြာဖြူက ကျောင်းကို နောက်ကျပြီးမှ ရောက်သည်။ မြတ်နိုးမေတို့၊ စန္ဒာရဲလှတို့၊ လဲ့လဲ့ဝင်းခင်တို့ အကုန်လုံး စုံနေကြပြီ။

"မိန်းမ ဒီနေ့ ဘာလို့ နောက်ကျတာတုန်း"

"မေမေ ဘုရားရှိခိုးတာ ကြာနေလို့ဟ"

"သြော်...။ နင် ဘုရားရှိခိုးတာ မဟုတ်ဘူးပေါ့"

"ငါလည်း ရှိခိုးတာပေါ့။ ဒါပေမဲ့ ငါတို့က တိုတိုတုတ်တုတ်ပဲ"

"သြော်...ဒါဖြင့် နင့်အမေက ရှည်ရှည်လျားလျားကို ကြိုက်ပြီး နင်က တိုတိုတုတ်တုတ်ကို ကြိုက်တယ်ပေါ့"

"နင်တို့ပါးစပ်တွေကလေ၊ အရမ်းယုတ်ပတ်တာပဲ"

ပြောပြောဆိုဆို ကြာဖြူက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။ ထုံးစံအတိုင်း ကော်ဖီမစ်ကို နို့မထည့်ခိုင်းဘဲ မှာသည်။ အားလုံးက သူမကို စောင့်ကြည့်နေကြသည်။ ပြီးမှ လဲ့လဲ့ဝင်းခင်က...

"ကဲ...ထားပါတော့ဟယ်။ နင်က ဘုရားကို လိုတိုရှင်း ရှိခိုး





တယ် ဆိုပါစို့"

"အင်း..."

"ဘယ်လိုများ ရှိခိုးလဲ။ ဦးသုံးကြိမ် ပုဆိန်ပေါက်ချလိုက်တာလား"

"မိန်းကလေးပဲ...ဟဲ့။ အဲဒီလိုတော့ ဘယ်ရမလဲ"

"ဒါဖြင့် ဘယ်လိုရှိခိုးလဲ"

"နည်းနည်းတော့ ရွတ်ရ ဖတ်ရသေးတာပေါ့"

"အေးလေ...ဘာတွေကို ရွတ်ဖတ်သလဲလို့ သိချင်တာ။ နည်းကောင်းလေးဆိုရင် ငါတို့လည်း ယူထားရအောင်"

"ဘာမှ မထူးဆန်းပါဘူးဟယ်...။ အရှင်ဘုရား တပည့်တော်မရဲ့ ဘဝမှာ $E=mc^2$ ကို အသုံးမများပါရစေနဲ့...လို့။ ဒါပဲပေါ့"

"ဟင်...နင် ဘုရားရှိခိုးတာကလည်း တစ်မျိုးကြီးပါလား"

"သြော်... $E=mc^2$ ကို အသုံးများလို့ အနုမြူဗုံးဖြစ်သွားတာပဲဟာ။ ငါ ဘာကိုဆိုလိုတယ်ဆိုတာ ဘုရားသိပါတယ်။ နင်တို့ မသိလို့ အရေးမကြီးပါဘူး"

"အေး...ထားပါတော့။ အဲဒါမျိုး နင် ဘုန်းကြီးကို သွားလျှောက်ရင်ကော ရမလား"

"ခေတ်မီတဲ့ ဘုန်းကြီးဆို ရပါတယ်"

အမှန်တကယ်လည်း ကြာဖြူက ပြောအားရှိသည်။ သူမတို့အိမ်မှာ ကိုးကွယ်သော ဆရာတော်က ခေတ်ပညာအလွန်တတ်ပြီး နိုင်ငံစုံလှည့်လာခဲ့သူလည်း ဖြစ်သည်။ သူမက ပြန်လည်ဖောက်သည်ချရ၏။ အကြောင်းအရာလေး တစ်ခုတည်းကိုပါ။

"တစ်ခါ ဘုန်းဘုန်းဆီမှာ ငါသွားပြီးတရားနာတော့ ဘုန်းဘုန်းက အင်္ဂလိပ်ဟာသတစ်ပုဒ်ကို ရွတ်ပြတယ်။ ပြီး...ဘာသာပြန်ပြတယ်။ ဆရာမက ကျောင်းသူကလေးမလေးကို မေးတဲ့ ဟာသပါ"

"ဘာတဲ့တုန်း"

"သြော်...သမီး လူကြီးဖြစ်လာရင် ဘာလုပ်မလဲ...တဲ့။

အမျိုးသမီးကြီးတစ်ယောက်ဖြစ်လာရင် အရွယ်ရောက်လာရင်ပေါ့ဟယ်''

''အဲဒီတော့ ကလေးမက ဘယ်လိုပြန်ဖြေသလဲ''

''စိတ်လျှော့မယ်…တဲ့''

အားလုံး ကြောင်သွားပြီးမှ ဝိုင်းရယ်ကြ၏။

''ဟဲ့…အဲဒါလည်း ဟုတ်တာပဲ''

သို့သော်လည်း မျက်မှောင်ကြုတ်နေသူက မြတ်နိုးမေ ဖြစ်၏။

''နေပါဦး…။ အဲဒီဟာသနဲ့ တရား ဘာဆိုင်လို့တုန်း''

''အဲဒါကြောင့် ငါတို့ဆရာတော်က ခေတ်မီတယ်လို့ ပြောတာ ပေါ့''

''နားမလည်တော့ဘူး။ ရှင်းစမ်းပါဦးဟာ''

''ဒီလိုလေဟာ…။ ကလေးဘဝဆိုတာက ဖြူစင်တယ်ဟ။ အသက်ကြီးလာလေလေ လူတွေက အမှားများလာလေလေ၊ အကုသိုလ် များလာလေလေ၊ လောဘ ဒေါသ မောဟ များလာလေလေပဲ။ အဲဒီ မကောင်းတဲ့ စိတ်နေစိတ်ထား ဝန်စည်စလယ်တွေကို လျှော့ချရမယ် လို့ ဆက်ဟောတယ်''

''သြော်…ဒါတော့လည်း ဟုတ်သားပဲ''

အားလုံး ဘဝင်ကျသွားကြသည်။ ထို့နောက်မှာတော့ စကားစ ပြတ်သွားကြ၏။ စားပွဲပေါ်မှာရှိသည့် လက်ကမ်းကဗျာစာအုပ်လေး တစ်အုပ်ကို ကြာဖြူက ဆွဲယူကောက်ကိုင်ကြည့်လိုက်သောကြောင့် ဖြစ်၏။ ကဗျာဝါသနာပါသူ ကျောင်းသားသုံးယောက် စုရေးထားသော စာအုပ်ဖြစ်သည်။

''ကဗျာစာအုပ်နာမည်ကလည်းဟယ်…''

အားလုံးက ဝိုင်းရယ်ကြ၏။

''အေး…ဟုတ်တယ်။ ငါတို့လည်း အဲဒါကိုပဲ ပြောနေတာ''

ကဗျာစာအုပ်အမည်က '၁၆ နှစ်အောက် ကောင်မလေးများ မဖတ်ရ'…တဲ့။ ဘာစာအုပ်လိုလို၊ ညာစာအုပ်လိုလို။ ဟိုဟိုဒီဒီ လှန် လှောရင်း…





''ဒီကဗျာစာအုပ်က ဘယ်သူ့ စာအုပ်တုန်း''

''ဘယ်သူ့စာအုပ်မှ မဟုတ်ဘူး''

''ငှားထားတာလား''

''အဲဒါလည်း မဟုတ်ဘူး''

''ဒါဖြင့် ဘာတုန်းဟ''

''သုံးယောက် စုပေါင်း စပ်ပေါင်း ဝယ်ထားတာ''

''ဟင်…ငါနဲ့ ခတ္တာတောင် မသိလိုက်ပါလား''

သူငယ်ချင်းငါးယောက်အုပ်စုထဲမှာ သူတို့သုံးယောက်က အစု ရှယ်ယာနှင့် ဝယ်ထားရသောစာအုပ်ဆို၍ ကြာဖြူ အံ့သြနေမိသည်။

''အမယ်လေး…။ ရှင်နဲ့ ခတ္တာ ရှယ်ယာထပ်ဝင်ချင်တယ် ဆိုလည်း မတားပါဘူးရှင်။ ကျုပ်တို့သုံးယောက်ကိုသာ ပိုက်ဆံပြန်ခွဲ ပေးကြ''

''ကဗျာတွေက ကောင်းလို့လား''

''သေသေချာချာတောင် ဖတ်မကြည့်ရသေးပါဘူး။ အတင်း သာရောင်းလို့ မဝယ်ချင်ဘဲ ဝယ်ထားရတာ''

''ဘယ်တုန်းကလဲ''

''နှင်းမလာခင်လေးကပဲ''

ကြာဖြူက နောက်ဆုံးစာမျက်နှာမှ ကဗျာကို ဖတ်ကြည့်လိုက် သည်။ ကဗျာအမည်က 'ရည်းစားစာ'တဲ့။ နှလုံးသားရေးရာ ခွင့်တိုင်စာ ပေါ့။

စာရွက်ပေါ်မှာပဲ နင့်ကို ချစ်ရနဲ့တော့
ငါ့ဘဝ မင်းကုန်တာပဲ ဘဝဖက်တင်လိုက်မယ်။

မပျံသန်းနိုင်တဲ့ ငှက်လို့ပြောတိုင်း
ပင်တွင်းငှက်ကို ပြေးမြင်ရင်
နင့်ကို ငါ မခေါ်ချင်ဘူး။

ကျောင်းတုပ်ကြီးဖတ်ဖို့ ရေးတဲ့စာ မဟုတ်လို့
ကျောင်းသွားဖော်လေး ဖတ်စေချင်တာ
ငါ့စေတနာပါ။

နင့်နှလုံးသားကို နင် ဖုန်းခေါ်ပါ
ပြီးမှ ငါ့ကို စာပြန်ပါ။ ။

ကဗျာဆရာ၏ အမည်ကလည်း ထောင့်မကျိုး။ 'လုလင်ပိုင်စိုး' တဲ့။

"သူက နင်တို့ကို ရည်းစားစာပေးသလို ဖြစ်နေတာပေါ့"

"ငါတို့ကိုမှ မဟုတ်ဘူးဟ့ တစ်ကျောင်းလုံးကို လှည့်ရောင်းနေတာ။ တစ်ကျောင်းလုံးက မိန်းကလေးတွေကို ရည်းစားစာလှည့်ပေးနေသလိုပဲ။ အဲဒါကိုများ ပိုက်ဆံပေးပြီး အချိန်မီ ရှယ်ယာဝင်ချင်တဲ့ မိန်းကလေးက ရှိသေး"

ကြာဖြူ အောင့်သက်သက်ဖြစ်သွားသည်။ ခတ္တာရောက်လာ၍ လေးယောက်စပ်ဝယ်ထားသော စာအုပ်မှန်းသိလျှင် သူမကပါ ဘုမသိ ဘမသိ ရှယ်ယာဝင်ချင်ဦးမည်။

ထိုအကြောင်းကို စကားမဆက်တော့ဘဲ ကြာဖြူက မှတ်မှတ်ရရ နိုင်ငံခြားပြန်ဆရာသမား၏ ဆုံးမသြဝါဒများကို သူမတို့ထံ ပြန်လည်





ပြောကြားရသည်။ ခေါင်းညိတ်လိုက်၊ မျက်လုံးပြူးလိုက်၊ တခွိခွိရယ်လိုက်နှင့် စန္ဒာရဲလှတို့သုံးယောက်လည်း အံ့ချီးခမန်း ခံစားနေကြရ၏။

"ဟဲ့...အဲဒီဆရာက ဘယ်လိုဖြစ်နေတာတုန်း"

"မသိဘူးလေဟယ်..."

"နင်ကလည်း ဆတ်ဆတ်ဆော့ဆော့"

"ငါကလည်း ထူးထူးချွန်ချွန်ဖြစ်ချင်တာကိုးဟ။ လူဆိုတာက တော့ အမြင့်ဆုံးရောက်အောင် တက်ရမှာပဲ"

"ဟုတ်တယ်...။ လူဆိုတာ အမြင့်ဆုံးရောက်အောင် တက်ရမှာပဲ"

ထို ထောက်ခံသံနှင့်အတူ ထမင်းဘူးလေးကိုင်ကာ ခတ္တာရောက်လာသည်။ ကြာဖြူက ပြုံးမူပြုံးရာနှင့်...

"အေး...ဟုတ်တယ် ခတ္တာရယ်...ဒီမိန်းမတွေကို ပြောပြလိုက်စမ်းပါဦး"

ခတ္တာက ခုံတစ်လုံးဆွဲယူထိုင်ရင်း...

"ကြာဖြူပြောတာ မှန်တယ်။ လူဆိုတာ အမြင့်ဆုံးရောက်အောင် တက်ရမယ်"

"အမယ်လေးတော်...ဘာဖြစ်လို့တုန်း"

"ဒါမှ အကျနာမှာပေါ့ဟဲ့"

အားလုံး ရယ်ဖြစ်ကြသည်။ ကြာဖြူက အရယ်တစ်ဝက်နှင့် ခတ္တာကို 'စိတ်ပုတ်မ'ဟု လှမ်းဆဲ၏။

"ရှင်တို့ ဘာတွေပြောနေကြတာလဲ"

မြတ်နိုးမေကပဲ စိတ်ရှည်လက်ရှည်ဖြင့် ကြာဖြူတွေ့ဆုံခဲ့သော 'ထူးဆန်းထွေလာ ထိုဆရာ'အကြောင်းကို ပြန်လည်ပြောပြလိုက်သည်။ ခတ္တာက ရယ်ဟဟဖြင့် နားထောင်နေသော်လည်း တစ်ချက်တစ်ချက်မှာ မျက်မှောင်ကြုတ်ကြုတ်သွား၏။

"ဟုတ်လို့လားဟယ်..."

ထိုစကားကို ကြာဖြူ မခံနိုင်ချေ။

“ငါက မဟုတ်ဘဲ ပြောပါ့မလားဟဲ့”

“မဟုတ်သေးဘူး ထင်တယ်”

“ဟုတ်ပါတယ်ဆို…။ ငါ အပိုပြောတာ တစ်လုံးမှ မပါဘူး”

“ငါ့ကို လူပုံစံ ပြောပြပါဦး”

“ငါတို့နဲ့ အသက်သိပ်မကွာလှဘူးဟ။ ရုပ်ရည်ကလည်း သားသားနားနားပါပဲ။ ဆံပင်ကလည်း လူငယ်ဆန်ဆန်ပဲ။ မျက်မှန်တွေဘာတွေလည်း တပ်မထားဘူး”

“ဟာ…ဒါဆိုရင် လွဲနေပြီ”

“ဘာလွဲတာလဲ”

ထိုအချိန်မှာပဲ ကင်တင်းထဲသို့ ဆရာ/မတစ်အုပ်စု ဝင်လာသည်။ ထိုအထဲမှ နဖူးပြောင်ပြောင်၊ မျက်မှန်ကိုင်းထူထူနှင့် အသက်လေးဆယ်နီးပါး လူရွယ်ကြီးတစ်ယောက်ကို ခတ္တာက လက်ညှိုးညွှန်ပြသည်။

“နင်တွေ့ခဲ့တာ အဲဒီဆရာလား”

“မဟုတ်ဘူးဟဲ့။ ဟိုဆရာက ငယ်ငယ်ချောချောလေး”

“အဲဒါကြောင့် လွဲနေပြီလို့ ပြောတာ။ နင်တွေ့ချင်တဲ့ ဒေါက်တာကြယ်စင်ဆိုတာ အဲဒါပဲ”

“ဟောတော့”

ဆရာအုပ်စုက သူမတို့၏ အနီးစားပွဲတွင် ဝင်ထိုင်သည်ဖြစ်သောကြောင့် စကားရှိန်ကို သပ်လိုက်ကြသည်။ ခတ္တာ၏မျက်လုံးက စားပွဲပေါ်မှ ကဗျာစာအုပ်လေးထံ ရောက်သွား၏။

ယူတော့မည်…လှမ်းယူတော့မည်…ယူပြီ။ သူမတို့ကို မော့ကြည့်သည်…မေးတော့မည်…မေးပြီ။ မကျေမနပ်ဖြစ်သည်။ သူမပါ ရှယ်ယာ ဝင်တော့မည်…ဝင်တော့မည်…ဝင်ပြီ…ဝင်လိုက်ပြီ…။

သွားပြီ…။

ထိုအချိန်မှာ ပိုင်စိုးတို့အုပ်စုက ကဗျာစာအုပ်များကို အတင်းအဓမ္မ လိုက်ရောင်းနေဆဲဖြစ်၏။

ပိုင်စိုးက ပညာရှိပုံစံ ဖမ်းထားသည်။ ကျော်လွင်ဦးက ကျောက်





သင်ပုန်းနှင့် ကျောက်တံကို ဗေဒင်ဆရာလို ကိုင်ထားပြီး သာမြတ်ကျော်က လက်အိတ်အရှည်ကြီးနှစ်ဖက် စွပ်ထားကာ မှော်ဆရာဟန်ဆောင်နေသည်။

တက္ကသိုလ်စာကြည့်တိုက်ရှေ့မှာ ကျောင်းသူတစ်စုနှင့်အတိုးပိုင်စိုးက…

“ရဲဘော်တို့ ရပ်မယ်”

“ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး”

ကျော်လွင်ဦးနှင့် သာမြတ်ကျော်တို့ကပါ ထိုကျောင်းသူများရှေ့မှာ ပိတ်လျက် ပိုင်စိုး၏ တစ်ဖက်တစ်ချက်စီမှာ လက်ပိုက်ခြံရံပြီး ရပ်လိုက်ကြ၏။

“ကဲ…ဘယ်သူ့ကို ရောင်းသင့်သလဲဆိုတာ တွက်စမ်း”

ကျော်လွင်ဦးက ကျောက်သင်ပုန်းပေါ်မှာ ကျောက်တံနှင့် ဟိုခြစ်သည်ခြစ် ခြစ်ရင်း…

“သင်းမြမြစိုးလို့ ထွက်ပါတယ် ဂိုဏ်းချုပ်ကြီး”

“ကောင်းပြီ”

“ဟော့…သင်းမြ၊ သင်းမြ”

“ဘာလဲ”

သင်းမြမြစိုးကလည်း ဘောက်ဆတ်ဆတ်ပြန်ထူး၏။ ဒီလိုပါပဲ။ သင်းမြမြစိုးက သူတို့ကို ဘယ်တုန်းကမှ အယုံအကြည်ရှိသည်မဟုတ်။ သူတို့နှင့် တစ်တန်းတည်း အတူတက်သောသူ ဖြစ်သည်။ မလှပါ။ အာလူးနှစ်လုံးကို ဆင့်ထောင်ထားသော ကိုယ်နေဟန်ထားရှိသည်။ ကဗျာစာအုပ်ဝယ်လိုက်လျှင်တော့ လှကောင်း လှသွားမည်။

“နင့်မှာ ပိုက်ဆံပါသလား”

“ဘာလုပ်မလို့လဲ”

“အေးလေ…မပါရင်လည်း နေပါစေတော့”

“ဘာလို့ မပါရမှာလဲ”

“ဩော်…ဒါဖြင့်ရင် စာအုပ်စာပေ လူ့မိတ်ဆွေဆိုတာကိုလည်း

နင် ကြားဖူးမှာပေါ့''

''နင်တို့ဟာက ဘာတွေတုန်းဟ''

''ထင်သားပဲ...။ အဲဒါကြောင့် အစတည်းက ပိုက်ဆံမရှိရင် မရှိဘူးလို့ ပြောတာမဟုတ်ဘူး''

''ပိုက်ဆံက ရှိတယ်''

''ဒါဖြင့် စာအုပ်စာပေ လူ့မိတ်ဆွေဆိုတာကို မသိတာလား''

''အဲဒါကိုလည်း သိတယ်။ နင်တို့ကိုလည်း သိတယ်။ အဲဒါကြောင့် သွားတော့မယ်''

''သင်းမြ။ ဒီကောင်တွေကို အဖက်လုပ်ပြီး ပြောမနေနဲ့။ သွားစရာရှိတာ ဆက်သွားမယ်။ လာ...''

မာလာဦးကပါ ဘေးက ဝင်ပြောသည်။ သူမတို့တစ်အုပ်လုံး သူတို့သုံးယောက်ကို ကွေ့ရှောင်၍ ထွက်သွားရန် ပြင်သည်။

''ဟဲ့...သင်းမြ၊ သင်းမြ နေစမ်းပါဦး။ ကဗျာစာအုပ် ဝယ်သွားစမ်းပါဦး''

''ကဗျာစာအုပ်ကို ငါက ဘာလုပ်ရမှာတုန်း။ ငယ်ငယ်တုန်းက 'က'ရင်တောင် ကဗျာလွတ်ပဲ 'က'တယ်''

''ဟင်...နင်က ကတယ်''

''အင်း...ငယ်ငယ်က ကတယ်။ ဘာဖြစ်လဲ''

''ဒီပုံကြီးက...''

''နင် ဒီပုံကြီးဆိုတာ ထည့်မပြောနဲ့။ ငယ်ငယ်က ဒီပုံမဟုတ်ဘူး''

''ဒါပေါ့ဟာ...အဲဒါကို ငါပြောတာပေါ့။ လူဆိုတာ ပြောင်းလဲနေတတ်တာပဲ။ ငယ်ငယ်တုန်းက နင် ကဗျာမသုံးဘဲ နေလို့ရပေမဲ့ အခုတော့ ကဗျာသုံးရတော့မယ်။ ရော့...ကြိုတုန်းဝယ်သွား၊ တစ်အုပ်မှ ၁၅၀/–တည်း''

''ဟာ...မဝယ်ချင်ပါဘူး။ ရှုပ်ရှုပ်ယှက်ယှက်''

ပိုင်စိုးတို့ ဘယ်လိုပြောပြော မရချေ။ သူမတို့က ခါးခါးသီးသီး





ငြင်းဆန်၏။ အတန်ကြာ ကြွက်စိကြွက်စိဖြစ်နေပြီးနောက် ကျော်လွင်ဦးက...

''ဂိုဏ်းချုပ်ကြီး''

''ပြော...''

''ဒီအုပ်စု သိပ်မစွံဘူး''

''အေးလေ...သူတို့မှာ ပိုက်ဆံလည်း မရှိဘူး''

''ဘာ...''

တစ်ချိန်လုံး ဝင်မပြောဘဲနေသော နေခြည်နွယ်၏ လျှာသည် အာခေါင်နှင့် ထိတွေ့ကာ နှုတ်ခမ်း ဖွင့်ချည်ပိတ်ချည်ဖြစ်ပြီး အောက်ပါစကားလုံးများ ထွက်လာ၏။

''သူတို့ကို အရေးလုပ်မနေပါနဲ့ဟာ...။ ကိုယ့်လမ်း ကိုယ်လျှောက်ကြရတာ...''

ထိုစကားကို သင်းမြတို့က လက်ခံသော်လည်း ပိုင်စိုးက လက်မခံချေ။

''နေခြည်''

''ဘာလဲ''

''နင်က 'ဘူး'လေးရာ 'နိုး'(NO)ဆင့်ချင်တဲ့ သဘောလား''

''ဟာ...တော်...ပိုင်စိုးရယ်။ နင့် ငါ ကြောက်လွန်းလို့။ လာ...သွားမယ်...သွားမယ်''

''ဘယ်...ဒီတိုင်းသွားလို့ ရမလဲ။ နင်တို့က ငါတို့ရဲ့ အနုပညာကို စော်ကားတယ်။ အနုပညာဆိုတာ ငွေနဲ့ တန်ဖိုးဖြတ်လို့ရတာ မဟုတ်ဘူး''

''ဒါနဲ့များ ၁၅၀/–ဆို''

''တော်...တန်...တိတ်''

ထိုသို့ပြောပြီး ပိုင်စိုးက မှော်ဆရာပုံသဏ္ဍာန်ပြင်ဆင်ထားသော သာမြတ်ကျော်ဘက်သို့ လှည့်ကာ...

''သာမြတ်ကျော်''

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"သူတို့ကို အမိန့်ချမယ်"

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး"

"သင်းမြမြစိုးဟာ အနုပညာကို စော်ကားပြီး သံခင်းတမန်ခင်း ဆက်ဆံမှုကိုပါ လစ်လျူရှုတဲ့အတွက်ကြောင့်..."

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး"

"မင်း ပြည်သူ့တရားရှင်ဇာတ်ကားထဲက မူလပထမပေါင်ချိန်ကြီးကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့...သိပါတယ် ဂိုဏ်းချုပ်ကြီး။ မည်းမည်း၀၀ နဖူးမှာ ဖွင့်ထားတဲ့ ထီးကလေးနဲ့လေ...။ ကိုင်းမပါဘူး"

"အေး...ဟုတ်ပြီ။ မနက်ဖြန် မိုးလင်း အိပ်ရာက ထချိန်ကစပြီး သင်းမြမြစိုးဟာ မိန်းမတန်မဲ့ ပေါင်ချိန်ကြီးပုံစံ ဖြစ်နေပလေ့စေ"

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် ဖန်တီးလိုက်ပါ့မယ်"

"ဘေးကနေပြီး ဝင် ကက်ကက်လန်တဲ့ နေခြည်နွယ်ဟာ အတန်းထဲမှာ ဆရာ တစ်ခွန်းပြောပြီးတိုင်း ပြောပြီးတိုင်းမှာ 'ဝယ်' 'ဝေ'လို့ ထထ အော်ပလေ့စေ"

"ဟုတ်ကဲ့ပါ...။ ကျွန်တော် ဖန်တီးလိုက်ပါ့မယ်"

"မင်း ရော်နယ်ဒိုကို သိသလား"

"ဟုတ်ကဲ့။ ကမ္ဘာကျော် ဘောလုံးသမားပါ"

"အေး...။ ဝင်ပြီး နှုတ်ဆတ်ဆော့တဲ့ မာလာဦးရဲ့ ရှေ့သွားနှစ်ချောင်းဟာ ရော်နယ်ဒိုရဲ့ ရှေ့သွားနှစ်ချောင်းနဲ့ ထပ်တူဖြစ်ပစေ"

"ဖြစ်ရပါစေ့မယ် ဂိုဏ်းချုပ်ကြီး"

ထို့နောက် သူတို့သုံးယောက်သည် မောမောပန်းပန်းနှင့် စာကြည့်တိုက်ဝန်းထဲမှ ခုံတန်းများတွင် ဝင်ထိုင်ပြီး၊ ရရှိခဲ့သမျှ ဝင်ငွေများကို ရေတွက်ကြ၏။ အခုတောင် အတော်မြတ်နေပြီ။ ဉာဏ်ပူဇော်ခ လား၊ မသထာကြေးလားတော့ မသိချေ။

သူတို့ ထိုကဲ့သို့ ထိုင်နေစဉ်မှာပဲ ရှေ့မှ ဖြတ်သွားသည့်





ကြာဖြူတို့အုပ်စုက...

"ဟယ်...ဟိုခလယ်က လူက ငါ့ရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ သမားတု သမားယောင်ကြီးပေါ့"

"ဘာရယ်..."

"ဟိုနေ့က ငါတွေ့ခဲ့တဲ့ ဆရာဆိုတာ သူပေါ့"

"ဩော်...ပိုင်စိုးကို ပြောတာကိုး။ ခစ် သူက..."

■

(၃)

ထိုနေ့သည် ပိုင်စိုးအတွက် အတော်စိတ်ရှုပ်ရသောနေ့ဖြစ်သည်။ တိရိစ္ဆာန်ဆိတ်ပင်လျှင် အတော်ရှုပ်သည်။ အမွေးတွေရော၊ အမြီးတွေရော၊ မုတ်ဆိတ်တွေရော၊ ချိုတွေရော။ လူ့စိတ် ရှုပ်ပြီဆိုလျှင်တော့ ပြောမနေနှင့်တော့။

မိုးလင်းလင်းချင်းမှာ ပိုင်စိုးက ကျောင်းသွားဖို့ ပြင်သည်။ မေမေက ကြားဖြတ်ခိုင်းလာတာ တစ်ခုရှိသည်။

"သား ကျောင်းသွားတော့မလို့လား"

"ဟုတ်ကဲ့"

"နည်းနည်းစောသေးတယ် သား"

"ဘာလဲ...ငါ့သားလေး စာသင်ဖို့ ဝီရိယကောင်းတယ်ဆိုပြီး မုန့်ဖိုး ပိုပေးမလို့လား"

"ကွယ်...မင်းကို ပေးပြီးသားပဲ"

"အနိစ္စသဘောကို ငွေမှာ ပိုတွေ့ရတယ် မေမေရဲ့။ မမြဲဘူး။ အနိစ္စရဲ့နောက်မှ ဒုက္ခဆိုတာကပ်ပါလာတတ်တာလည်း မေမေ သိတာပဲ"

"ညာတာပါတေးနဲ့ စကားရှည်မနေနဲ့ သား။ မင်းကို မေမေ





ခိုင်းစရာ တစ်ခုရှိလို့"

"ဟင်...ဘာခိုင်းမှာလဲ"

"မင်း အန်တီလုတို့အိမ်ကို ခဏဝင်လိုက်စမ်းပါကွယ်"

"ကျွန်တော့်အန်တီလု မဟုတ်ပါဘူး။ မေမေ့အန်တီလုပါ"

ထိုစကားကိုလည်း အကြောက်အကန် ငြင်းထားရသေးသည်။ အန်တီလုဆိုသည်က မေမေ့မိတ်ဆွေတစ်ဦးဖြစ်သည်။ လည်လည်ဝယ်ဝယ်နိုင်လှသည့် ပွဲစားတစ်ဦးဖြစ်ပြီး ငွေမက်လွန်းလှသဖြင့် ပိုင်စိုးက ကြည့်မရချေ။

သို့သော်လည်း အန်တီလုက ပိုင်စိုးကို ကြည့်လို့ရ၏။ ပြဿနာ အနည်းငယ်ရှိလာသည်။ အန်တီလုဆိုသော ဒေါ်လှဝင်းသည် မုဆိုးမ တစ်ဦးဖြစ်၏။ သူ့မှာ မတင်ဝင်းဆိုသော သမီးတစ်ယောက်ရှိသည်။ ပိုင်စိုးနှင့် သူ့ဘာသာ တစ်ဖက်သတ် သဘောတူနေသည်။

မတင်ဝင်းသည် သာမန်ရွက်ကြမ်းရည်ကျိုရုပ်ရည်သာ ရှိသည်။ နာမည်အတိုင်း တင်ကလည်း ဝင်းမနေပါ။ သို့သော်လည်း ဒီအမေ၏ သမီးဖြစ်သောကြောင့် သွက်လက်ချက်ချာသည်။ ပိုင်စိုးကတော့ ပြောင်ပြောင်နောက်နောက်သာ နေချင်နေမည်၊ မိန်းမကိစ္စကို သိပ်စိတ်မဝင်စားလှ။ (စိတ်ဝင်စားသည့်အချိန်ရောက်လျှင်ပင် မတင်ဝင်းကို စဉ်းစားမည်မဟုတ်)

ဒေါ်လှဝင်းက ပွဲစားပီပီ သူ့ကို ပါးဆွဲ၍ ရိုက်မည်ကြံသလိုသာ ခံစားရသည်။

"အဲဒီအိမ်ကို ဘယ်အချိန် ဝင်ရမှာတုန်း"

"အခုစောစောစီးစီးသာ တစ်ခါတည်း ဝင်လိုက်ပါကွယ်"

"အာ..."

ပိုင်စိုး ကသိကအောက်ဖြစ်သွားသည်။ တစ်ဆက်တည်း စဉ်းစားမိ၏။ ကျောင်းမသွားမီ လှည့်ဝင်လိုက်တာ ကောင်းတော့ကောင်းသည်။ ကျောင်းသွားစရာရှိသေးသည်ဟူသော အကြောင်းပြချက်ဖြင့် တစ်ခါတည်း ပြန်လှည့်ထွက်လို့ရသည်။ တခြားအချိန်မှာဆိုလျှင် သူတို့ ဆွဲထားကြ

ဦးမည်။

"အဲဒီအိမ်ကို ဘာဝင်ပြောပေးရမှာတုန်း"

"လက်ဆောင်ပစ္စည်း ဝင်ပေးဖို့ပါ သားရယ်"

"လက်ဆောင်ပစ္စည်း…။ ဘယ်သူပေးတာတုန်း"

"ဟဲ့…အိမ်က ပေးတာပေါ့။ နင့်အမေ ငါက ပေးတာ"

"ဟင်…ဘာကိစ္စ ပေးရတာတုန်း"

"ဒီနေ့ မင်း အန်တီလှ မွေးနေ့လေ။ မေမေက သွေးပေါင်ပြန်တက်နေလို့ မလာနိုင်ဘူးလို့။ မင်းပဲ လက်ဆောင်ပစ္စည်းတွေ ဝင်ပေးလိုက်ပါ"

"ပြီးရော…ပြီးရော။ ဒါထက် သူက ဘယ်နှနှစ် ပြည့်တာတုန်း။ မင်းသမီးတွေ၊ မော်ဒယ်လ်ဂဲလ်တွေလိုပဲ အသက်ကို မပြောဘူး မဟုတ်လား"

"အို…ပြောမှာပေါ့ကွယ်၊ ညာစရာမှ မဟုတ်တာ။ ဖယောင်းတိုင်တွေ ဘာတွေ ထွန်းပြီး မီးမှုတ်ရဦးမှာ"

"ထားပါတော့။ သူ့အသက်ကို စိတ်မဝင်စားပါဘူး။ ပေးပေးလက်ဆောင်ပစ္စည်းဆိုတာ…"

မေမေက လက်ဆောင်ပစ္စည်းထုပ် ပေးသည်။ အားပါးပါးများမှများ။

"မေမေ့ လက်ဆောင်ပစ္စည်းတွေက မနည်းပါလားဗျာ"

"မင်း အန်တီလှအကြောင်းလည်း မင်းသိသားပဲကွယ်။ ဒီမွေးနေ့ပွဲဆိုတာကလည်း လက်ဆောင်လိုချင်လို့ လုပ်တာပဲ။ အားနာရမယ့်သူတွေ မဟုတ်လို့ သူက မေမေ့ကို ဗြောင်တောင် ပြောသေးတယ်"

"ဘယ်လိုပြောတာတုန်း"

"လက်ဆောင်တွေ အများကြီး ယူလာရမယ်…တဲ့"

အန်တီလှတို့အိမ်က ပိုင်စိုးတို့အိမ်နှင့် မဝေးလှပါ။ နီးလည်း မနီးပါ။ သို့သော် ကျောင်းကားစောင့်ရမည့်ဆုံရပ်ဆီ ပိုင်စိုးသွားရမည့် လမ်းပေါ်၌ တည်ရှိနေသည်။ ထိုပစ္စည်းများကို မနိုင်မနင်းသယ်ရင်း





ပိုင်စိုး အိမ်မှ ထွက်ခဲ့ရ၏။

ပိုင်စိုး၏ မိဘများက အိမ်ဆောက်ပစ္စည်းရောင်းဝယ်သူများ ဖြစ်ကြ၏။ ပွဲစားဖြစ်သူ အန်တီလှနှင့် မကင်းရာမကင်းကြောင်း ဆက်ဆံနေရသည်လည်း ရှိ၏။ သူတို့၏ တစ်ထပ်တိုက်ပုလေးရှေ့သို့ရောက်သောအခါ ပိုင်စိုးမှာ ပွေ့ပိုက်ထားရသော လက်ဆောင်ပစ္စည်းများစွာနှင့် မနိုင်မနင်း။

စောသေး၍ ထင်သည်။ မွေးနေ့ရှင်ကြီးက သူ့အိမ်တံခါးကိုပင် မဖွင့်သေး။ သို့သော် ပွင့်လာအောင် ပိုင်စိုး ဖန်တီးလိုက်သည်။

"ဟယ်…မောင်ပိုင်စိုး"

အလှပြင်လျက်တန်းလန်း တစ်ပိုင်းတစ်စပုံနှင့် အန်တီလှ ပြေးထွက်လာသည်။ လက်ဆောင်ပစ္စည်းများကို ကြည့်ပြီး မျက်နှာက ပြုံးချိုနေသည်။

"အစောကြီးရှိသေးတယ် သားရဲ့။ ဒီမှာ မင်းညီမ မတင်ဝင်းတောင်…"

"နေကောင်းတယ် မဟုတ်လား။ ကျွန်တော် သိတယ်။ သယ်ထားရတာ မနိုင်တော့ဘူး၊ ဒီမှာ လက်ဆောင်ပစ္စည်းတွေကို ယူပါဦး"

"အေးအေး"

အန်တီလှက ပြုံးချိုနေသောမျက်နှာနှင့် လက်ဆောင်ပစ္စည်းတွေကို ဆွဲယူ၏။ အကုန်လုံးပြီးသွားမှ ပိုင်စိုးက လက်အံသေနေသမျှကို အညောင်းဆန့်ရင်း ခါချရသည်။

"အေးကွယ်…မင်းညီမ မတင်ဝင်းကလည်း…"

"အန်တီမွေးနေ့ကို ကူရင်း သူကလည်း မအားဘူး မဟုတ်လား။ ကျွန်တော် သိတယ်၊ ကျွန်တော် သိတယ်"

"မမထားက မလာတော့ဘူးလား"

မေမေ့အမည်က ဒေါ်ထားထားဦး ဖြစ်သည်။ အသက်ချင်း မတိမ်းမယိမ်းဖြစ်သော်လည်း အန်တီလှက မေမေ့ကို မမထားဟု ခေါ်သည်။

"မေမေ သွေးပေါင်ချိန်တွေ တက်နေလို့။ စိတ်မရှိပါနဲ့လည်း ပြောခိုင်းလိုက်တယ်"

"မရှိပါဘူးကွယ်...မရှိပါဘူး။ ဒီလို သဘောထားရမယ့်လူတွေလား။ မင်းညီမ မတင်ဝင်းလည်းကွယ်..."

"သိတယ်...သိတယ်။ သူက သွေးဆေးမှန်မှန်စားတယ် မဟုတ်လား"

"အင်း...အဲ...ကဲ အထဲဝင်ဦးလေ သားရယ်။ အဝမှာ မတ်တပ်ကြီး"

"မဝင်တော့ဘူး အန်တီ၊ ကျောင်းသွားရဦးမှာ"

"ဟုတ်လား။ သြော်...အေးအေး။ လက်ဖက်ရည်လေးတောင် သောက်မသွားတော့ဘူးလားကွယ်"

တစ်ဆက်တည်းမှာ အိမ်ထဲသို့လှည့်၍ သမီးတော်ကို အော်ခေါ် သေး၏။

"သမီးရေ တင်တင်"

"နေ...နေ...အန်တီ ရတယ်၊ ကျွန်တော် သွားတော့မယ်၊ ကျောင်းချိန်နီးနေပြီ"

"ကဲ...ဒါဖြင့်လည်း သဘောရှင်၊ သဘော။ ဒို့ထက် နေပါဦး မောင်ပိုင်စိုးရဲ့"

"ခင်ဗျာ ဘာပြောမလို့လဲ အန်တီ"

"မောင်ပိုင်စိုးက လက်ဆောင်ပစ္စည်းတွေ သယ်လာရတာ လက်နှစ်ဖက်လုံး မအားဘူး မဟုတ်လား"

"ဟာ...ဒီလောက်အများကြီး သယ်လာရတာ ဘယ်လက်အား ပါ့မလဲ အန်တီရယ်"

"အေး...အန်တီလည်း အဲဒါပဲ သိချင်နေတာ။ ဘဲလ်ကို ဘယ်သူလာနှိပ်ပေးလဲ"

"ဟင့်အင်း...ဘယ်သူမှ နှိပ်မပေးပါဘူး"

"ဟင်...ဒါဖြင့် ဘယ်လိုနှိပ်လဲ။ သြော်...ပခုံးစောင်းနဲ့ တိုက်နှိပ်





တယ် ထင်တယ်"

"မဟုတ်ဘူး အန်တီ။ ကျွန်တော် ခြေထောက်မြှောက်ပြီး ခြေမနဲ့ နှိပ်လိုက်တာ"

"ဟော..."

အန်တီလှ၏မျက်နှာ မည်းခနဲ ဖြစ်သွားသည်။ သွားတော့မယ် ဟု နှုတ်ဆက်ကာ ပိုင်စိုးလည်း တချိုးတည်း လှည့်ထွက်လာခဲ့တော့၏။ ကျောင်းကားက သီသီကလေး ကပ်လွတ်သွားသည်။ ကိုယ့်အစီအစဉ်နှင့် ကိုယ်ပဲ ချီတက်ရတော့၏။

ကျောင်းကိုရောက်တော့ ပထမအချိန်မမီ။ ကင်တင်းဘက် လျှောက်ကြည့်တော့လည်း ကိုယ့်အဖွဲ့ထဲက ဘယ်သူမှ မရှိ၊ တစ်ယောက် တည်းပဲ ငေါင်စင်းစင်းနှင့် ထိုင်နေလိုက်သည်။

ခွေးခြေနှင့် မထိုင်ချင်၊ အစတည်းက ကိုယ့်ခြေထောက်နှင့်ကိုယ် ရပ်ချင်သူဖြစ်၏။ ခွေးခြေထောက်ပေါ် ဘာကြောင့် ဝင်ထိုင်ရမည်နည်း။ ကုလားမဟုတ်သော်လည်း ကုလားထိုင်မှာ ဝင်ထိုင်ခဲ့သည်။

"ဟာ..."

မျှော်လင့်မထားပါဘဲ ကုလားမ မဟုတ်သော ကြာဖြူကလည်း သူ့ရှေ့ကုလားထိုင်မှာ ဝင်ထိုင်နေသည်။ ဟိုဟိုဒီဒီငေးရင်း မျက်နှာ ပြန်အလှည့်မှာ ကျကျနနထိုင်နေပြီးသားဖြစ်သော ကြာဖြူကို ဖြုန်းခနဲ တွေ့လိုက်ရခြင်းဖြစ်၍ လန့်ပင်သွားသည်။

"ဆရာ အနှောင့်အယှက်ဖြစ်သွားလား မသိဘူး"

"မဖြစ်...မဖြစ်ပါဘူး"

ပြောမယ့်သာ ပြောရသည်။ အမှန်တော့ စိတ်အနှောင့်အယှက် နည်းနည်းဖြစ်သွားသည်။ ဒီကောင်မလေးက ကိုယ့်ကို တကယ့်ဆရာဟု ထင်နေလျှင် သိပ်မနိုင်။ တစ်ခါတလေ ကြုံ၍ နောက်လိုက်ရခြင်းက အကြောင်းမဟုတ်။ တောက်လျှောက်ကြီးဖြစ်နေလျှင် သိပ်မကောင်း။

"သမီး ဆရာ့ကို မေးစရာလေး နည်းနည်းရှိလို့"

လုပ်ပြန်ပြီ။ မျက်နှာကို ရှုံ့မဲ့မသွားအောင် ထိန်းချုပ်ရင်း...

"မေးလေ…၊ ဘာမေးမလို့လဲ"

"သြော်…ဆရာက ဟိုတစ်နေ့က ဒါရိုက်တာမိုက်တီးအကြောင်း ပါ ထည့်ပြောသွားလို့ပါ"

"အင်း…ဘာဖြစ်လို့တုန်းကွဲ့"

"မင်းသားစိန်မြင့် နာမည်ကြီးခဲ့တဲ့ ခေတ်ဟောင်းကားတစ်ကား နာမည် ပြောပြပါလား။ အဖေတစ်ခု သားတစ်ခု မဟုတ်ဘူးလေ။ တခြားကားပေါ့"

"အင်း…အဲ…"

မျက်ခုံးအတွန့်ချိုးပြီး ပိုင်စိုး အတော်စဉ်းစားယူရသည်။ ပြီးမှ

"အေးကွဲ့…နန်းတစ်လိမ်၊ ပန်းတစ်လိမ်ကလည်း နာမည်ကြီး တာပဲ"

"ဆရာ ကြည့်ဖူးသလား"

"မကြည့်ဖူးပါဘူးကွယ်။ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြား ဖူးတာပါ"

"ရုပ်ရှင်ကားနာမည်မှာ 'လိမ်'တွေ ပါနေတော့ 'လူလိမ်' အကြောင်း ဖြစ်မှာပေါ့နော်"

"အေး…ဟုတ်တယ်ကွဲ့"

"ဘယ်သူ့ဝတ္ထုဇာတ်လမ်းလဲ ဆရာ"

"ဆရာကြီးဦးပြုံးချိုရေးတဲ့ နေလိမ်နည်းဆိုတဲ့ စာအုပ်ထဲက ဇာတ်ကွက်တစ်ကွက်ကို ပြန်ရိုက်ထားတာတဲ့"

"သြော်…သြော်။ ဆရာ လူလိမ်တွေအကြောင်းကိုကော လေ့လာဖူးလားဟင်"

"ဒီလိုပါပဲ"

"နည်းနည်းပါးပါး ပြောပြပါဦး ဆရာရဲ့၊ ဟိုတစ်နေ့ကလိုပေါ့။ ဥပမာလေးပေးပြီး…"

"ဥပမာပေးရရင် ဟို…ကွယ်"

"ပြောပါ ဆရာ"





ဒီကနေ့မှာ ပိုင်စိုးက လူငယ်ဆန်ဆန် ဝတ်စားလာခြင်းဖြစ်၏။ တီရှပ်နှင့်၊ ဘောင်းဘီနှင့်။ လက်မှာကလည်း Hand Chain တွေနှင့်။ မည်သို့မှ ဆရာပုံ မပေါက်။ ထုံးစံအတိုင်း ကြာဖြူကလည်း ပဝါမကူဘဲ နှင့်ကို လုနေသည်။

"ကမ္ဘာကျော် သိပ္ပံပညာရှင် အမွှာညီအစ်ကိုနှစ်ယောက် ရှိခဲ့ ဘူးတယ်။ သိပ်…ပြောင်တတ်၊ နောက်တတ်တယ်"

"ဟုတ်ကဲ့"

"တစ်နေ့မှာ အစ်ကိုလုပ်တဲ့သူက ဆံပင်ညှပ်ဆိုင်သွားပြီး မုတ်ဆိတ်ရိတ်တယ်။ သူ့မုတ်ဆိတ်တွေဟာ ညှပ်ပြီးရင် မိနစ်နှစ်ဆယ် အတွင်း နဂိုအတိုင်း ပြန်ရှည်လာတတ်လို့ စိတ်ညစ်နေရတယ်တဲ့"

"ဟုတ်ကဲ့"

"အဲဒီတော့ ဆံပင်ညှပ်သမားက ပြန်ပြောတယ်။ သူ ရိတ်ပေး လိုက်လို့ အဲဒီလိုပြန်ရှည်လာရင် ပြန်လာခဲ့၊ အလကားပြန်ရိတ်ပေး မယ်…တဲ့။ ပြောအားရှိတာပေါ့ကွယ်၊ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စကိုး…။ ယုံစရာမှ မရှိဘဲ"

"ဟုတ်ကဲ့"

"အစ်ကို ပြန်ထွက်လာပြီး မိနစ်နှစ်ဆယ်အတွင်းမှာ ညီက သွားပြန်ရိတ်တယ်။ ကျုပ်မပြောဘူးလား၊ ပြန်ရှည်လာပြီ…ဘာညာနဲ့ ပေါ့"

"သြော်…သြော်"

"အဲဒီမှာ ဆံပင်ညှပ်ဆရာကလည်း တအံ့တသြနဲ့ ညီဖြစ်သူကို အလကားရိတ်ပေးလိုက်ရတယ်။ သူ့စကားနဲ့သူ မိသွားတာကိုး…"

"ဟုတ်ကဲ့"

"အဲဒါမျိုးဆို အမှန်တော့ ညီအစ်ကိုနှစ်ယောက် ပေါင်းလိမ်တာပဲ ကွဲ့။ ဒါပေမဲ့ မုန်းစရာမကောင်းဘူး၊ ချစ်စရာကောင်းတယ်"

"သြော်…သြော် လိမ်တာတောင်မှ ချစ်စရာကောင်းတယ်ဆိုတာ ရှိလားဆရာ"

"ရှိတယ်လေ…။ ခု ပြောပြခဲ့တဲ့ ဥပမာလိုမျိုးတွေပေါ့"

"ထားပါတော့…။ ဒါ့ထက် ဆရာ လိမ္မော်ရည်သောက်မလား"

"ဟင်…ဒီမှာ လက်ဖက်ရည်သောက်နေတယ်လေ"

"လိမ္မော်ရည်လည်း သောက်လိုက်ပါဦး ဆရာရယ်…။ ကျွန်မ မှာပေးမယ်"

ကြာဖြူက ပိုင်စိုးအတွက် လိမ္မော်ရည်တစ်ပုလင်းကို မရမက မှာပေး၏။ ပြီး…ပိုင်စိုးရှေ့သို့ မုန့်ထုပ်တစ်ထုပ် ချပေးသည်။ ဆိုင်မှ မုန့် မဟုတ်။ သူ တစ်သီးတစ်သန့်ယူလာသော မုန့်ဖြစ်သည်။

ပိုင်စိုးက…

"အဲဒါ ဘာလဲ"

"ဆရာ လိမ္မော်ရည်နဲ့ တွဲစားဖို့လေ"

"ဘာလဲ…လို့"

"မုန့်ကြိုးလိမ်"

"ဟင်…"

"မုန့်ကြိုးလိမ်"

ပိုင်စိုးက မျက်မှောင်ကြုတ်ကြည့်တော့လည်း ကြာဖြူက မျက်နှာသေလေးနှင့်ပဲ ဖြေ၏။ ပိုင်စိုးရင်ထဲမှာတော့ မြိုင်ရာဇာတွတ်ပီလို ဒီနေ့ ကံမကောင်းပါလားဟု တွေးနေမိသည်။ နဝေတိမ်တောင်လည်း ဖြစ်နေမိ၏။

ကြာဖြူက…

"ဆရာ T.V မှာ လာသွားဘူးတဲ့ အထူးရဲကွန်မန်ဒိုဆိုတဲ့ ကားကို ကြည့်ဖြစ်လား။ အမျိုးသမီးတွေချည်းပဲလေ…"

"အင်း…ကြည့်ဖူးတယ်"

"အဲဒီက ခေါင်းဆောင်မင်းသမီးက အရမ်းတော်တယ်နော်"

"အင်း…ဟုတ်တယ်…ကောင်းတယ်၊ ဆရာလည်း ကြိုက် တယ်။ ဘာတဲ့…သူ့နာမည်။ ဩော်…ဝမ်လိမ်…ဝမ်လိမ်"

"သိတယ်လေ…ဆရာကြိုက်မယ်ဆိုတာ သိနေတယ်။ 'လိမ်' ပါတာကိုး"

အကင်းပါးလှသော ပိုင်စိုးက နည်းနည်းတော့ ရိပ်မိနေပြီ ဖြစ်၏။

"ဆရာ အာလိမ်ငါးဆင့်ဘုရား ရောက်ဖူးလား"

"ငယ်ငယ်ကတော့ ရောက်ဖူးတယ်"

"ကြောင်လိမ်လှေခါးလေးတွေနဲ့ တက်သွားရတယ်ဆို"

"ဟုတ်တယ် ထင်တယ်"

"အဲဒီဘုရားကို သွားချင်ရင်ကော မြွေလိမ်မြွေကောက်လမ်းတွေ အတိုင်း သွားရလားဟင်"

"မဟုတ်ဘူး ထင်တယ်။ ကောင်းကောင်းတော့ မမှတ်မိတော့ ဘူး"

"ကလိမ်စေ့ငြမ်းဆင်ဆိုတဲ့ စကားကို သမီး ကြားဖူးတာ ကြာပြီ၊ ဒါပေမဲ့ ကလိမ်စေ့ဆိုတာကို သမီး မသိဘူး။ ကလိမ်ပင်က သီးတဲ့ ကလိမ်ရဲ့အစေ့လား…။ ဘယ်လိုပုံစံ ရှိလဲဟင်"

"အဲဒါက… သမီး Botany က ဆရာတစ်ယောက်ယောက် ကို သွားမေးရင် ကောင်းမယ်ထင်တယ်။ ဒါမှမဟုတ် မြန်မာစာက ဆရာတစ်ယောက်ယောက်ပေါ့"

"မဟုတ်ဘူး…။ သမီးက ဆရာ့ကိုပဲ မေးချင်တာ"

ပိုင်စိုး၏မျက်နှာက ပြုံးပြုံးကြီးဖြစ်လာသည်။ ကြာဖြူကို ရွှန်းရွှန်း စားစားဟူသည့် ဘာမှန်းမသိသော အကြည့်မျိုးကြီးနှင့် ကြည့်၏။ ရန်တွေ့ပစ်လိုက်မယ်၊ ဒေါက်ဖြုတ်ပစ်လိုက်မယ်ဟူသော အတွေးနှင့် လာသော ကြာဖြူပင် ရှိုးတိုးရှန့်းတန့် ဖြစ်သွားရသေးသည်။

ပိုင်စိုးက…

"အဆိုတစ်ခုရှိတယ်…။ ကိစ္စတစ်ရပ်ဟာ ပုံစံမမှန်ဘဲနဲ့ ပထမ အကြိမ် ဖြစ်ပေါ်ကြုံကြိုက်လာရရင် မတော်တဆတဲ့၊ ဒုတိယအကြိမ်ဆိုရင် တိုက်ဆိုင်တာတဲ့။ တတိယအကြိမ်ဆိုရင်တော့ ရန်သူ့လက်ချက်တဲ့။ ခင်ဗျားက ကျွန်တော့်ကို လူလိမ်လို့ ထင်နေတာကိုး။ ခင်ဗျားဘာသာ

လူမှားတာပါ။ ကျွန်တော် ဘာမှ မလိမ်ခဲ့ပါဘူး''

ကြာဖြူ ထောင်းခနဲ ဒေါသထွက်သွား၏။

''ဘာပဲပြောပြော အယောင်ဆောင်တာကလည်း လိမ်တာပဲ၊ ဖိုးတွမ်တီးပဲ၊ ပုဒ်မ ၄၂၀ ရှင့်''

ပိုင်စိုးက ထိုင်ရာမှ ထ၏။

''ကဲ...မကြာဖြူ၊ အဲဒါဆိုရင်လည်း အဲဒီ ၄၂၀ ကို အရင်ယူထားနှင့်။ ကျန်တဲ့ ၁၀၈၀ ကို ပုတီးဆယ်ပတ်စိပ်ပြီးမှ ပေးမယ်''

ကြာဖြူ 'အမ်း'သွားသည်။ '၁၀၈' လုံးပုတီးကို ဆယ်ပတ်စိပ်လျှင် '၁၀၈၀'ဆိုတာကတော့ ဟုတ်သည်ပေါ့။ နောက်မှ အတွေးပေါက်လာသည်။ ၁၀၈၀ နှင့် ၄၂၀ ကို ပေါင်းကြည့်တော့...၁၅၀၀။ ဟင်...ဒါဆိုရင် ဒင်းက...ဒင်းက။

ပိုင်စိုးက မရှိတော့။ အဝေးကြီးရောက်သွားပြီ။

■





(၄)

''မိန်းမတွေ ဘာလုပ်နေကြတာလဲ''

လဲ့လဲ့ဝင်းခင်တို့ တစ်အုပ်စုလုံးက စာတစ်စောင်ကို သည်းကြီးမဲကြီးဖတ်ပြီး တသောသောရယ်နေကြ၍ ဖြစ်သည်။

''ဪ...လာ လာ အတော်ပဲ မကြာဖြူ၊ ရှင့်စာပါ''

ကြာဖြူက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း...

''ငါ့စာ...ဟုတ်လား''

''ဟုတ်တယ်ရှင်''

''ဘာစာလဲ''

''ဘာစာရှိရမလဲ ရည်းစားစာပေါ့''

''ဘယ်သူပေးတာလဲ''

''စိတ်ပညာနောက်ဆုံးနှစ်က ဟိုကျောင်းသားကြီးလေ''

''ဪ...ကိုငြိမ်းအေးလား''

''အေးအေး...ဟုတ်တယ်၊ လျှောက်လွှာနံပါတ် ဘယ်လောက်လဲတော့ မသိဘူး။ နင်က နင့်လူ နင်တော့ မှတ်မိသားပဲ''

မြတ်နိုးမေကလည်း ကြားက ဝင်အုပ်သည်။

“သူ့ရဲ့ ပင်တိုင်ဖောက်သည်ကြီးကိုးဟ”

“ကောင်မစုတ်။ အဲဒါ ဘာစကားလဲ”

ကြာဖြူက ကော်ဖီမစ်ကို မှာမြဲအတိုင်း ‘နို့မထည့်နဲ့’ဟု ပြောကာ မှာ၏။ စာကို စိတ်ဝင်စားဟန်မပြ။ သက်သက်မဲ့ အိုက်တင်ခံခြင်းကော့ မဟုတ်ချေ။ ရည်းစားစာဆိုတာက ကြာဖြူ့အတွက် ဖတ်ရတာ များ၍ပွန်း လို့ မျက်လုံးတွေပင် ဝေနေပြီ။

စားပွဲပေါ်မှာရှိသော စာအိတ်ကလေးကိုတော့ မိန်းမမျက်စေ့နှင့် ကြည့်ပြီး အတော်လှသည်ဟု စိတ်ထဲမှ ကြိတ်၍ မှတ်ချက်ချလိုက်သည်။

“ကြာဖြူ နင်က မဖတ်ဘူးလား”

“ဟင့်အင်း...မဖတ်တော့ပါဘူး”

“ဖတ်တော့ ဖတ်ကြည့်ဦးလေဟာ”

“ဟာ...ဒီ မီးခြစ်ကျောက်ကြီးစာကို မဖတ်ချင်ပါဘူး”

စာပိုင်ရှင် ကိုငြိမ်းအေးဆိုသည်က ကြာဖြူတို့လို နောက်ဆုံးနှစ် ကျောင်းသားဖြစ်သော်လည်း အသက်တော်တော်ကြီးနေပြီ ဖြစ်၏။ ‘တက္ကသိုလ်တင်မှာမကဘဲ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ မှာပါ တဖုံးဖုံးကျလာဟန်ရှိသည်။

ကြာဖြူ့ကို စာရေးရာ၌ ‘မီးရေ...’၊ ‘ကလေးလေးရေ...’ စသဖြင့် သုံးတတ်သည်။ ကြာဖြူကလည်း ဘယ်လိုမှ ခံစား၍ မရ။ ပထမဆုံးပေးသောစာ၌...

‘မီးကို ချစ်ရမှာ ကြောက်တယ်’ဟု ထည့်ရေးထား၏။

ထို့ကြောင့် ကြာဖြူက သူ့ကို ‘မီးခြစ်ကျောက်’ဟု အမည်ပေး ထားသည်။

“ဒီစာကိုတော့ နင် ဖတ်သင့်တယ်”

“ဘာဖြစ်လို့လဲ”

“ဖတ်ကြည့်ရင် သဘောပေါက်သွားမှာပေါ့ဟာ”

ကော်ဖီမစ်ကို အရင်ကုန်အောင်သောက်ပြီးမှ စာကို ဖတ်ရန် လှမ်းယူလိုက်သည်။ စာဖတ်ပြီးမှ သောက်လျှင် နင်နေမှာစိုး၍ ဖြစ်၏။





ဖတ်ရင်းနှင့် မျက်မှောင်ကြုတ်နေမိသည်။ သူ့မျက်နှာ အရိပ်အခြေကို စောင့်ကြည့်နေသော ကျန်လူများက ဝိုင်းရယ်ကြ၏။

ကိုငြိမ်းအေးကလည်း ရည်းစားစာကို အဆန်းထွင်၍ ရေးထား သည်။ ဗျည်းအက္ခရာများကို မင်အရောင်တစ်မျိုး၊ အောက်ကမြင့်၊ သေးသေးတင်၊ ဝစ္စနှစ်လုံးပေါက် စသည်များကိုလည်း မင်အရောင် တစ်မျိုးဖြင့် ရေးထားဟန်ရှိသည်။ စာကို ဖတ်ရတာ ကုလားကား ကြည့်ရသလို ဖြစ်နေသည်။

ထို့အပြင် သူသုံးသော မင်အရောင်များက ပုံမှန်မင်အရောင်များ မဟုတ်။ ပြာလဲ့လဲ့အရောင်၊ စိမ်းနုနုရောင် စသည်တို့ဖြစ်သည်။ ဖြစ်ချင် တော့ အောက်ကမြင့်၊ သေးသေးတင်၊ ဝစ္စနှစ်လုံးပေါက်တို့က စာထဲမှာ ပါမလာ။ ဘာအရောင်ဖြင့် ရေးသဖြင့် မှိန်ဖျော့ပျောက်ကွယ်သွားသည် မသိ။

စာကို ဖတ်ရတာ ကြာဖြူ နားမလည်နိုင်အောင် ဖြစ်နေသည်။

“ဖတ်ရတာ ခေါင်းရှုပ်တယ်ဟာ...မဖတ်တော့ဘူး”

“ကဲ...ပေးပေး၊ ငါတို့ ဖတ်ပြမယ်”

ပြောပြောဆိုဆို ခတ္တာက ကြာဖြူ့လက်ထဲမှ စာကို ဖျတ်ခနဲ ဆွဲယူသည်။ ထို့နောက် မြတ်နိုးမေအား...

“ကဲ...ဒေါ်မေ”

“ပြော...”

“ငါက တစ်ကြောင်းချင်း ရွတ်ပြမယ်။ တစ်ကြောင်းချင်း နင်က ဘာသာပြန်ပေးလိုက်။ ဟုတ်လား”

“အိုကေ”

ထို့နောက် ခတ္တာက စာကို အော်ဖတ်၏။ မြတ်နိုးမေက ဖြစ်နိုင်ချေရှိသော မူလစာကြောင်းကို ပြန်ရွတ်ပေးသည်။

“ကိုယ်ရဲ ကလေလေရေ...”

“ကိုယ့်ရဲ့ ကလေးလေးရေ...”

“လွမ်လွန်လွန်လို စာရေလိုက်တယ် ကလေလေရေ...”

“လွမ်းလွန်လွန်းလို့ စာရေးလိုက်တယ် ကလေးလေးရေ…”

“လွမ်ရတဲ့ညတွေ ကြာလှပေါ်လာ”

“လွမ်းရတဲ့ညတွေ ကြာလှပေါ့လား”

“အောင်အည်ခစာရင် အလွမ်သမာ ဖြစ်သွာပါရောလာ”

“အောင့်အည်းခံစားရင်း အလွမ်းသမား ဖြစ်သွားပါရောလား”

“ကလေလေ သိပါမလာလို စဥ်စာကြည်မိတယ်”

“ကလေးလေး သိပ့်ါမလားလို့ စဥ်းစားကြည့်မိတယ်”

“အင်…တကယ်တော ကလေလေရယ်…”

“အင်း…တကယ်တော့ ကလေးလေးရယ်…”

“တော်ကြပါတော့ တော်ကြပါတော့”

ဝါးခနဲ ဝိုင်းရယ်ကြပြန်သည်။ ကြာဖြူလည်း လိုက်ရယ်မိ၏။ ရယ်သံများ အဆုံးကျမှ စန္ဒာရဲလှက…

“နှင်…ဟို ပိုင်စိုးဆိုတဲ့ လူနဲ့ကော တွေ့သေးလား”

“မတွေ့ဘူး”

“နှင့်လူက ကျောင်းမှန်မှန်တက်ပုံလည်း မရပါဘူးဟာ”

“ဘာ…နှင့်လူလဲ”

ထိုသို့ တစ်ယောက်တစ်ပေါက် ထွေရာလေးပါးပြောကြရင်း ကျောင်းစာများအထိ စကားလမ်းကြောင်း ပြောင်းသွားသည်။ လဲ့လဲ့ဝင်းခင်၏ နယ်မှ အသိတကျွမ်းတချို့ ကားကလေးဖြင့် ကျောင်းထဲ ဝင်လာကာ လူကြုံပစ္စည်းများ လာပေးသဖြင့် စကားစ ပြတ်သွားကြသည်။

လဲ့လဲ့ဝင်းခင်၏ ညီမဝမ်းကွဲတစ်ယောက်ပါ ပါလာသဖြင့် အားလုံးက ထသွားပြီး နှုတ်ဆက်ကြသည်။ လဲ့လဲ့ဝင်းခင်ကလည်း တစ်ယောက်ချင်းစီနှင့် မိတ်ဆက်ပေးနေသည်။ စားပွဲမှာ ကြာဖြူ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

“ကလေးလေး”

အနားမှ ကပ်ပေါ်လာသော အသံကြောင့် ကြာဖြူ လန့်သွားသည်။ လှည့်ကြည့်လိုက်တော့ ကိုငြိမ်းအေး။ ဘယ်အချိန်တည်းက





ချောင်းနေသည် မသိ။ ဘယ်သူမှ မရှိချိန်ကျမှ ရောက်လာသည်။

ကြာဖြူက အလေးဂရုမထားသလို မျက်နှာအမူအရာနှင့်…

“သြော်…ကိုငြိမ်အေပါလာ”

“ကိုငြိမ်းအေးပါ ကလေးလေးရဲ့။ ကလေးလေးကို ပြောချင်တာလေးတွေ ရှိလို့”

“မပြောနဲ့တော မပြောနဲ့တော”

“ဟင်…”

ကိုငြိမ်းအေးမျက်နှာ ဖြစ်ပျက်သွားပုံကို စာနှင့်ရေးပြ၍ မရချေ။ မျက်လုံးပြူးပြီး ကြာဖြူ့ကို ကြည့်၏။

“ကိုယ်ထိုင်မယ်နော်…။ စကားနည်းနည်း ပြောမလို့”

ကြာဖြူက ခေါင်းခါပြလိုက်သည်။

“ဘာဖြစ်လို့လဲ ကလေးလေးရယ်”

“အတန်မမိမှာ စိုတယ်”

“အတန်မမိမှာစိုတယ်…ဟုတ်လား”

“ဟုတ်တယ်”

မထိုင်နဲ့ဆို၍ မထိုင်သော်လည်း ကိုငြိမ်းအေးက သူပြောချင်တာတွေကို အားမနာလျှာမကျိုး ဖွင့်ပြောရန် ပြင်၏။ ကြာဖြူက ခတ္တာတို့ဆီ မေးဆတ်ပြပြီး…

“ဟိုမှာ တွေလာ၊ သူငယ်ချင်တွေ လာပြီ”

ကိုငြိမ်းအေးက လိုက်ကြည့်၏။ အမှန်တကယ်လည်း ခတ္တာတို့အုပ်စုက စားပွဲဆီ ပြန်လျှောက်လာကြပြီဖြစ်သည်။ ကြဖြူက ကိုငြိမ်းအေးကို ထပ်မေးလိုက်၏။

“တွေလာ”

ကိုငြိမ်းအေးကလည်း ‘ယောင်’ပြီး…

“တွေတယ်”

“သွာတော…သွာတော”

“ဟင်…ဘာလဲ…သွာတော သွာတော”

"သွားတော့"

ကြာဖြူ ကြုံးအော်လိုက်တော့မှ ကိုငြိမ်းအေး ရှက်ရှက်ဖြင့် လစ်သွားသည်။ စားပွဲမှာ ဝင်ထိုင်ပြီးမှ စန္ဒာရဲလှက...

"မီးခြစ်ကျောက်ကြီး နင့်ကို ဘာလာပြောနေတာလဲ"

"မပြောရသေးဘူး၊ ပြန်သွားတယ်"

"အေး...။ နင် သူများတွေအပေါ် အဲဒီလို ကြပ်ကြပ်အနိုင်ယူ၊ ပိုင်စိုးနဲ့ကျ ခံလာရတယ် မဟုတ်လား"

ကြာဖြူ မခံချင်ဖြစ်သွားသည်။ တစ်စုံတစ်ရာကို ပြန်ပြောမည် ပြုပြီးမှ မပြောတော့ဘဲ နှုတ်ပြန်ပိတ်သွားသည်။ စားပွဲထိုးကိုခေါ်၍ ပိုက်ဆံရှင်းပေးပြီး...

"သွားမယ်၊ အတန်းမမီမှာ စိုးတယ်"

အားလုံးကလည်း ထိုင်ရာမှ ထပြီး...

"အေ...ဟုတ်တယ်။ အတန်းမမီမှာ စိုးတယ်"

တိုက်တိုက်ဆိုင်ဆိုင်ပင် သူမတို့၏ အသွားလမ်းမှာ မိန်းကလေး တစ်အုပ်နှင့် ရုတ်ရုတ် ရုတ်ရုတ်ဖြစ်နေသော ပိုင်စိုးတို့အုပ်စုကို တွေ့၏။ အနောက်အပြောင်သန်လှသော ပိုင်စိုးမှာလည်း သူ့ရှုး သူပတ်နေသည်။ သူ မကျူးလွန်သော ပြစ်မှုတစ်ခုအတွက် အစွပ်စွဲခံနေရခြင်းဖြစ်၏။

အမှုကတော့ သင်းမြမြစိုး၏ (ပိုင်စိုးအခေါ် 'အာလူးနှစ်လုံးဆင့်'၏) ထမင်းဘူးထဲမှ ထမင်းများ ပျောက်ဆုံးသွားရသည့်အမှု ဖြစ်သည်။ စကားမကျန်အောင်ပြောရလျှင် ထမင်းသာလျှင် ပျောက်သည်မဟုတ်၊ ဟင်းများပါ ပျောက်သွားခြင်း ဖြစ်သည်။

သင်းမြမြစိုးက သူ့ထမင်းသည် ပုသိမ်ကြွေနှင့် ချက်ထားခြင်း ဖြစ်ကြောင်း၊ ဆိတ်သားခါးပတ်၊ ငါးဘဲအိုးကပ်ကြော်နှင့် ကြက်အသည်း အမြစ်တို့ကို ဟင်းလျာအဖြစ် ထည့်ယူလာကြောင်း အော်ဟစ်ပြောဆို နေသည်။ မမြင်လိုက်ရသဖြင့် ဟုတ်မဟုတ်ကိုတော့ မည်သူမှ မပြော နိုင်ချေ။

ထမင်းစားမည်ဟူ၍ (အချိန်အခါမရောက်သေးမီ) ဗိုက်က





မနေနိုင်၍ 'သူမ' ဖွင့်လိုက်သောအခါ သဲ၊ ကျောက်စရစ်ခဲနှင့် မြက်များ သာ ထမင်းဘူးထဲ ဝင်ရောက်နေကြောင်း၊ ထိုသို့ လုပ်တတ်သည်မှာ အတန်းထဲတွင် ပိုင်စိုးတစ်ယောက်သာရှိကြောင်း မြည်တွန်တောက်တီး နေခြင်းဖြစ်သည်။

ပိုင်စိုးကလည်း အမှန်တကယ် သူ ကျူးလွန်သောပြစ်မှု မဟုတ်၍ အပြင်းအထန် ခုခံငြင်းဆိုနေရသည်။

"ဒီလိုထမင်းဘူးမျိုးကို ဒီလိုလဲဖို့ဆိုတာ နင့်အတွင်းလူထဲကပဲ ဖြစ်မှာပေါ့"

"ဘာ..."

မာလာဦးနှင့် နေခြည်နွယ်က မခံမရပ်နိုင်ဖြစ်ပြီး မာန်အပြည့် ဖြင့် ရှေ့သို့ ခြေတစ်လှမ်းတက်၏။ ပိုင်စိုးက နောက်သို့ ခြေတစ်လှမ်း ဆုတ်ပေးလိုက်ရသည်။ ကျော်လွင်ဦးနှင့် သာမြတ်ကျော်ကို လှည့်ကြည့် တော့ သူတို့ကလည်း ဇဝေဇဝါမျက်နှာတွေနှင့်။

ပိုင်စိုး နည်းနည်းဒေါပွသွားသည်။

"ငါ မဟုတ်ဘူး ဆိုနေကာမှ မင်းတို့ကပါ ငါ့ မယုံဘူးလား။ ဒီထမင်းဘူးကိုသာ ငါ ခိုးစားရင် မင်းတို့ပါ ငါနဲ့အတူ စားရမှာပေါ့"

ထိုအခါကျမှ ကျော်လွင်ဦးနှင့် သာမြတ်ကျော်တို့ကလည်း အသက်ဝင်လာသော စာခြောက်ရုပ်ကြီးတွေလို ခြေကားရား လက်ကား ရားနှင့်...

"ဟုတ်ပါတယ်ဟာ...။ ပိုင်စိုး ဘာလုပ်လုပ် ငါတို့ သိပါတယ်။ ခုဟာက ငါတို့လည်း မသိဘူး။ ပိုင်စိုးကလည်း မဟုတ်ဘူး ပြောနေ တယ်။ တရားခံက ဒိပြင်တစ်ယောက်ယောက် ဖြစ်မှာပါ"

"နင်တို့က ဘယ်သူ့ကို တရားခံလို့ စွပ်စွဲချင်တာတုန်း"

"ဟာ...အဲဒီလိုတော့ ဘယ်စွပ်စွဲရဲပါ့မလဲ"

ပိုင်စိုးက ကြားဖြတ်၍ ဝင်ပြော၏။

"နေ...နေ သာမြတ်ကျော်၊ တရားခံကို ငါ မှန်းမိပြီ"

"ဘယ်သူလဲ"

အားလုံးက ပိုင်းမေးလိုက်ကြခြင်းဖြစ်သည်။

"တရားခံက သူပဲ နေမှာပေ့ါ။ သူ့ခန္ဓာကိုယ်ကို ကြည့်ရင် သူ ဘယ်လောက်အစားငန်းမလဲဆိုတာ သိသာတယ်။ သူ့ဘာသာ မနေနိုင်လို့ အစောကြီး ကြိတ်ပြီးဖွင့်စားတယ်။ ပြီး...သူများခိုးစားသလို လုပ်တယ်။ ထမင်းစားချိန်ကျတော့ သူများတွေက အားနာလို့ ခွဲကျွေးတာကို သူ တဖြုန်ဖြုန်းစားဦးမယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေ့ါကွာ...။ သူ့ထမင်းကိုလည်း ဘယ်သူ့မှ မကျွေးရတော့ဘူး။ သူများထမင်းကိုလည်း စားရတယ်။ ဩော်...သင်းမြမြစိုး...သင်းမြမြစိုး။ နာမည်နဲ့ လိုက်ပါပေတယ်"

ဘာမှလည်း မဆိုင်ချေ။

သင်းမြမြစိုး ဒေါသအမျက်ချောင်းချောင်း ထွက်သွား၏။

"တော်"

"တော်ပါတယ်...တော်ပါတယ်။ သွားတော့မယ်။ ငါပြောတဲ့ နှစ်ချက်မှာ တစ်ချက်ချက်က အမှန်ဖြစ်မှာပါ။ နင့်ဘာသာ ခိုးစားတာဖြစ်၊ မဖြစ်ရင် နင့်အတွင်းလူက ခိုးစားတာပဲ"

မာလာဦးနှင့် နေခြည်နွယ်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း...

"ပိုင်စိုး...နင်နော်"

ထိုအချိန်မှာ ပိုင်စိုးက ကျော်လွင်ဦးနှင့် သာမြတ်ကျော်ကို ခေါ်ပြီး လှည့်ထွက်သွားပြီဖြစ်၏။ သူ မကြားတကြားပြောသွားသည်ကို သင်းမြမြစိုးတို့ကလည်း ကြားဖြစ်အောင် ကြားလိုက်သေးသည်။

"သင်းမြမြစိုးလို ထမင်းခဏခဏခိုးရင်တော့ နေခြည်နွယ်လို သေပြီကွယ်လို့ ပြောရတော့မှာပဲ။ မာလာဦးကတော့ မကြာပါဘူးကွာ"

"ဘာ...ပြော...တယ်"

ပိုင်စိုးတို့သုံးယောက်သား စူးစူးဝါးဝါး အသံပြုရင်း ထွက်ပြေးခဲ့ရတော့၏။

အမောအပမ်းဖြေရန် ခဏနားရုံရှိသေး...





"ဖြန်း"

ကျောကုန်းကို နောက်မှ ပုတ်လိုက်သောကြောင့် ပိုင်စိုး နောက်ကို ဆတ်ခနဲ လှည့်ကြည့်မိ၏။ ဆရာမတစ်ယောက်ယောက်လား၊ သင်းမြမြစိုးတို့ပဲလားဟု ထင်မိသော်လည်း မဟုတ်ချေ။

"အဲ..."

ကြာဖြူဖြစ်နေသည်။ ပိုင်စိုး ဘာပြောရမည်မသိ၊ ကြောင်တက်တက်နှင့် ကြည့်နေမိသည်။ ကြာဖြူက...

"ရှင့်နာမည်က လူလိမ်ပိုင်စိုးနော်"

"မဟုတ်ပါဘူး...ကျွန်တော့်နာမည်က လုလင်ပိုင်စိုးပါ။ ဒါပေမဲ့ အဲဒီနာမည်က တောက်ပလွန်းနေသလို ဖြစ်လို့ ကိုယ့်ဘာသာတောင် ထုတ်မသုံးတာ ကြာပါပြီ။ အားလုံးက ပိုင်စိုးလို့ပဲ ခေါ်ကြပါတယ်။ ကိုယ့်ကိုကိုယ်လည်း ပိုင်စိုးလို့ပဲ ခေါ်ပါတယ်"

"ဩော်...ဩော် မသိပါဘူး။ ကျွန်မက လူလိမ်ပိုင်စိုးလားလို့"

ပိုင်စိုးက နဖူးကြောရှုံ့လိုက်ရင်း...

"နေပါဦး...။ ခင်ဗျားကို ကျွန်တော် သိပါတယ်။ နှီးချောဖျာ၊ သပေါ့ဖျာ...မဟုတ်ပါဘူး။ ဖျာတော့ ဖျာပဲ...။ ဩော်...ကျူဖျာ၊ ကျူဖျာ"

"ကျွန်မနာမည် ကြာဖြူရှင့်"

"ဟုတ်တယ်...ဟုတ်တယ်။ ရွာမှာတည်းက ဘာဘုန်းကြီးက မှာလိုက်တယ်။ ကြာဖြူ့ကို တွေ့ရင် မင်း စောင့်ရှောက်လိုက်ပါတဲ့။ သူ့ညီမ စမာဆူကလည်း စမူဆာရောင်းပြီး ကြွေးပတ်လည်ဝိုင်းနေတယ်တဲ့၊ ကြာဖြူလေးကို မင်း ညှာတာပါကွာ...တဲ့။ သေသေချာချာကို သူကြီးရှေ့မှာ မှာလိုက်တာ"

"ကျွန်မကို ကြာဖြူလို့ အခေါ်များပေမဲ့ ကျွန်မနာမည် အပြည့်အစုံက ကြာဖြူပွင့်တဲ့ရှင့်"

"ဟုတ်ပြန်ပြီ...ပိုသေချာသွားတယ်။ အစ်ကိုက ဘာဘူပွင့်၊ ညီမက စမာဆူပွင့်လေ...။ ဟုတ်တယ် မဟုတ်လား"

''ရှင် ရူးသလို ပေါသလို လုပ်မနေနဲ့။ ပုတီးဆယ်ပတ် ပြည့်ပြီလား''

''အဟီး…တစ်ပတ်လောက်တော့ ရောက်ပြီ''

ကြာဖြူက သူ့ကို ဘာမှ ဆက်မပြောတော့ဘဲ သူငယ်ချင်းအုပ်စုဘက်သို့ လှည့်ကာ…

''ကဲ…လာ လာ သွားကြမယ်''

ကြာဖြူတို့အုပ်စုက သူ့လမ်းသူ ဆက်လျှောက်သွားကြ၏။ ကျော်လွင်ဦးနှင့် သာမြတ်ကျော်ကလည်း ဘယ်ရောက်သွားသည် မသိ၊ မရှိကြတော့ချေ။ ထိုအခါကျမှ ပိုင်စိုး သတိရ၏။ ယခုတက်ရမည့် အချိန်သည် အရေးကြီးသောအချိန်ဖြစ်သည်။ အလွတ်ခံ၍ မဖြစ်။

အခန်းထဲသို့ ပြန်သွားရမည်။ ဆရာရောက်နေပြီလား မသိ။ ဆရာ မရောက်သေးလျှင် သင်းမြမြစိုးတို့၏အန္တရာယ်ကို ကြောက်ရသေးသည်။

တက်ဖြားခြေလှမ်းနှင့် လိုအပ်လျှင် 'ညတ်ချွာဖျား'ဟု အော်ရန် အသင့်ပြင်ရင်း ကိုယ့်စာသင်ခန်းကိုယ် ပြန်လည်ချင်းနင်းဝင်ရောက်ရ၏။ ဆရာက မရောက်သေး။ တော်ပါသေးသည်။ သို့သော်လည်း သင်းမြမြစိုးတို့အုပ်စုက သူ့အနားကို ဝုန်းခနဲ ရောက်လာသည်။

''ဟာ…နင်တို့နော်''

အခန်းထဲသို့ လှည့်ပတ်ကြည့်မိတော့ ကျော်လွင်ဦးနှင့် သာမြတ်ကျော်ကို ထောင့်ခုံမှာ ကုတ်ကုတ်ကလေး ထိုင်နေတာကို တွေ့ရ၏။ အံ့သြဖွယ်ရာကောင်းသည်က သင်းမြမြစိုးတို့ သုံးယောက်လုံး နောက်ပြန်ဆုတ်သွားကြခြင်းဖြစ်သည်။

သင်းမြမြစိုးက…

''အင်းလေ…နင့်ဘာသာနင် ဝန်ခံရင် ပြီးတာပဲ''

''ဘာလဲ…ဘာကို ဝန်ခံရမှာလဲ''

''အဲဒီလို နင် အမြင်မှန်ရပါစေလို့ ငါတို့ ဆုတောင်းပါတယ်''

သင်းမြမြစိုးက (အမှန်တကယ် ခိုးစားမိသည်ဆိုလျှင်ပင်) စားမိ





သောထမင်းနှင့် မတန်အောင် ဆုံးမသြဝါဒ ပေးသွားသေး၏။ ဘယ်သူခိုးမှ သည်းခံနိုင်မည် မဟုတ်ချေ။

ကျောင်းချိန်ပြီး၍ အိမ်အပြန်မှာတော့ ကျောင်းကားကို မီသည်။ အားလုံးက သူ့ကို ပြုံးစိစိနှင့် ဆက်ဆံကြ၍ ထမင်းသူခိုးအဖြစ် စာရင်းထိုးလိုက်ကြပြီလားဟုပင် စိတ်ညစ်ရသေးသည်။

အိမ်သို့ လမ်းလျှောက်ပြီးအသွား သူမတို့၏ အိမ်ရှေ့မှာပင် မျက်ရည်အရွဲသားဖြစ်နေသော အန်တီလှကို မြင်လိုက်၏။ ပိုင်စိုးရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။

''အန်တီလှ''

''ဟင်…သား ပိုင်စိုး''

''အန်တီလှ ငိုနေတာလား''

''မငိုပါဘူးကွယ်''

ပြောရင်းတန်းလန်း မျက်ရည်တွေက ကျလာပြန်သည်။

''ဘာဖြစ်လို့လဲ အန်တီလှ''

''ဦးအောင်ကိုလေ…ဦးအောင်ကိုပေါ့။ အရောင်းအဝယ်လုပ်ထားတဲ့ သူ့ပစ္စည်းတစ်ခုနဲ့ပတ်သက်ပြီး အန်တီ့ကို လူလိမ်လို့ စွပ်စွဲတယ်။ အန်တီတို့မှာက မိန်းမသားနှစ်ယောက်တည်း ရှိတာပါကွယ်။ မိန်းမသားတန်မဲ့နဲ့ ပွဲစားလောကထဲမှာ အန်တီက စီးပွားဝင်ရှာနေရတာပါ။ ဘယ်သူ့ကိုမှ ကလိန်ကကျစ် မလုပ်ဖူးပါဘူး''

''ဟုတ်တယ်လေ…။ အဲဒါတော့ ကျွန်တော်တို့လည်း သိနေတာပဲ၊ ပွဲစားတွေထဲမှာ လူလိမ်တွေရှိသလို သစ္စာသမာဓိရှိတဲ့လူတွေလည်း အများကြီးပါပဲ''

''ဒါပေမဲ့ သူက အန်တီ့ကို…အဟင့်…ရှုတ်…ရှုတ်…လူလိမ်လို့ ပြောသွားတယ်။ အဟင့်…ရှုတ်…ရှုတ်''

''ဩော်…အန်တီရယ်၊ ဦးအောင်ကိုကလည်း အထင်လွဲတုန်းခဏပါ။ တစ်နေ့ သူ အန်တီ့ကို နားလည်သွားမှာပါ။ အန်တီဟာ လူလိမ် မဟုတ်ဘူးဆိုတာကို သူ ရှင်းရှင်းလင်းလင်း သိသွားမှာပါ။

ဖေဖေနဲ့ မေမေက တစ်ဆင့်လည်း ကျွန်တော် ပြောခိုင်းလိုက်ပါ့မယ်။ အန်တီဟာ လူလိမ်မဟုတ်ကြောင်း ပြတ်ပြတ်သားသားပေါ့"

"ကျေးဇူးပါပဲ သားရယ်"

'မင်းညီမ မတင်ဝင်းအကြောင်း' စကားမရောက်ခင် ပိုင်စိုး လှည့်ပြန်ခဲ့၏။ မျက်ရည်တွေနဲ့ ငေးကြည့်ကျန်ရင်း ပွဲစားဒေါ်လုဝင်း၏ မျက်လုံးတို့က ငိုရန် မေ့သွားသည်။ ပိုင်စိုး၏ ကျောပြင်မှာက စာရွက်ကြီး ကပ်ထားသည်။

'ကျွန်တော်လူလိမ်ပါခင်ဗျာ' ...တဲ့။

■





(၅)

ကျော်လွင်ဦးနှင့် မာလာဦးတို့ စကားကောင်းနေကြသည်။ စကားက ကောင်းသည်ဆို၍ လူများက မကောင်းဟု မဆိုလိုပါ။ ကောင်းလျှင်လည်း ကောင်းကြပါလိမ့်မည်။ အမှန်တော့ သူတို့သည် ရင်းနှီးကျွမ်းဝင်နေကြသည့် တစ်ခန်းတည်းသား ကျောင်းသူ ကျောင်းသားများသာ ဖြစ်ကြပါသည်။

မာလာဦးက ကျော်လွင်ဦးကို သိလိုသော ကိစ္စတစ်ရပ်အတွက် မေးမြန်းနေခြင်းဖြစ်သည်။ စပ်စုခြင်း မဟုတ်ပါ။ လူကနေသော်လည်း လျှာကမနေသဖြင့် သူ့ခမျာ မေးရခြင်းဖြစ်ပါသည်။

"ကျော်လွင်ဦး"

"ဟေ..."

"အာကာထွန်းတို့အဖေက ဘာဖြစ်လို့တုန်း"

"ဟဲ့...ဘာဖြစ်ရမှာတုန်း"

"ဟိုလေ...ရာဇဝတ်မှုတွေများ မကင်းရာမကင်းကြောင်း လုပ်ထားခဲ့တာ ရှိလို့လား"

"ဟ...မပြောတတ်ဘူးလေ။ ဒါပေမဲ့ ရှိမယ် မထင်ပါဘူး။

နင့်ကို ဘယ်သူက ဘာပြောလို့လဲ''

''နေစမ်းပါဦးဟာ...။ ငါမေးတာကိုသာ ဖြေစမ်းပါ''

''ဖြေပြီးပြီလေ...။ ဒီထက်ပိုပြီး ဘာပြောရမှာလဲ''

''ဟိုတစ်နေ့က ပိုင်စိုးက အခန်းထဲမှာ ပြောနေလို့ဟဲ့''

''ပိုင်စိုး...ဟုတ်လား''

''အေး''

''လုပ်ပြန်ပြီ ဒီကောင်၊ ဘာပြောလို့တုန်း''

''အာကာထွန်းတို့အဖေက ထောင်ထဲမှာပဲ ပင်စင်ယူရမှာပဲ...တဲ့၊ ထောင်ထဲမှာပဲ သေမှာပဲတဲ့''

''သြော်...အေး...အဲဒါတော့ ဟုတ်ရင် ဟုတ်မယ်''

''ဟင်...ဒါဆို''

''နေဦးလေ...ငါပြောတာကို နားထောင်ပါဦး။ ပိုင်စိုးပြောတာလည်း မှန်နိုင်ပါတယ်။ အာကာထွန်းတို့အဖေက ထောင်မှူးလေဟဲ့''

မာလာဦးက လေပူကြီး မှုတ်ထုတ်၏။

''သြော်...အဲဒီလိုကြီးလား''

''အေး...အဲဒီလိုကြီး''

''အဲဒါကို ဟိုကောင်ပိုင်စိုး ပြောတာက အာကာထွန်းတို့ အဖေကပဲ ကျွန်းကျနေသလိုလို...၊ ရာဇဝင်လူသတ်သမားကြီးလိုလို''

''ဟာ...ဒီကောင့်အကြောင်း နင်လည်း သိသားနဲ့''

မာလာဦးက မဲ့ပြုံးနှင့် ပြန်ထွက်သွား၏။ ထိုအချိန်မှာ နေခြည်နွယ်ကလည်း သာမြတ်ကျော်ကို ချဉ်းကပ်ကာ ကိစ္စတစ်ခု မေးမြန်းနေ၏။

''သာမြတ်ကျော်''

''ပြော...''

''ဟိုနေ့က အခန်းထဲမှာ ပိုင်စိုးပြောနေတာ ဟုတ်လား''

''ဘာတုန်း''

''အင်းလျားကန်ထဲမှာ လူတစ်ယောက် တစ်နာရီလောက် ငါး





တွတ်ခံရပြီး သေသွားတယ်ဆို''

''မဟုတ်ပါဘူး။ အဲ...ဟုတ်တော့ ဟုတ်တယ်''

''ဘာလဲဟဲ့ နင့်စကားက''

''အဲဒီလူ သေတာလည်း ဟုတ်တယ်၊ တစ်နာရီလောက် ငါးတွတ်ခံရတာလည်း ဟုတ်တယ်''

''ဟယ်...ငါးတွတ်တာ လူသေနိုင်တယ်...။ ဟုတ်လား''

''နင်ကလည်း အလိုက်တာဟာ...။ ဘယ်သူက ဒီအတိုင်း ငါးတွတ်ခံမှာတုန်း။ ရေထဲမှာ နစ်ပြီး သေနေလို့ ငါးက တွတ်တာပေါ့။ ငါးတွတ်လို့ သေတာတော့ ဘယ်ဟုတ်မလဲ။ ရေနစ်ပြီး သေတာပေါ့။ မတွေးမိဘူးလား''

''ဟာ...အဲဒီပိုင်စိုးဆိုတဲ့ ကောင်ဟာလေ''

''ဘာလဲ''

''သူ့ကို သူများက လူလိမ်လို့ ပြောတာတောင် နည်းသေး''

''အောင်မာ...ကိုယ့်ဘာသာကိုယ် အတာလည်း ထည့်စဉ်းစားဦး''

ထိုအချိန်မှာပဲဖြစ်၏။

ပိုင်စိုးက ခုံတန်းလျားတစ်ခုမှာ ထိုင်နေသည်။ ကဗျာအတွေး၊ စာအတွေးတို့နှင့် ဟိုဟိုဒီဒီငေးနေခြင်းဖြစ်သည်။ သူနှင့် မလှမ်းမကမ်းမှာ ကျောင်းသူတစ်အုပ် ထိုင်နေတာကို တွေ့သည်။ ကိုယ့်အတွေးနှင့် ကိုယ်ဖြစ်၍ သေသေချာချာ သတိမထားမိ၊ ထိုကျောင်းသူအုပ်စုကလည်း ပိုင်စိုးကို သတိထားမိပုံမပေါ်။

သူတို့အုပ်စု ထထွက်တော့မှ လက်ခနဲ တစ်စုံတစ်ရာပြုတ်ကျသွားသည်ကို ပိုင်စိုး သတိထားလိုက်မိသည်။ တစ်ဆက်တည်းမှာပဲ ထိုပစ္စည်းပြုတ်ကျခဲ့သူ မိန်းကလေးသည် ကြာဖြူဖြစ်နေသည်ကိုလည်း သတိထားလိုက်မိသည်။

လှမ်းအော်ပြော၍လည်းမကောင်း။ ကြာဖြူတို့အုပ်စုက ခပ်သုတ်သုတ် ထွက်ခွာသွားကြခြင်းဖြစ်၏။ အန္တရာယ်ကို ပြိုင်တူကြီး မလွယ်နိုင်

ဖြစ်ကုန်ကြသည် ထင်၏။ ပိုင်စိုး သွားကြည့်ပြီး ကောက်ယူလိုက်တော့ ရင်ထိုးတစ်ခုဖြစ်နေသည်ကို တွေ့ရသည်။ ရွှေအစစ်နှင့်လုပ်ထားသော ရင်ထိုးဖြစ်၍ တန်ဖိုးကြီးမည်ဟု ယူဆရသည်။

မလှမ်းမကမ်းမှ ကင်တင်းသို့ သွားထိုင်ကာ ဒင်းကလေးတို့ ပြန်လာရင် လာဦးမည်ဟူသော အတွေးနှင့် ပိုင်စိုး စောင့်နေလိုက်သည်။

မကြာပါ၊ ပြန်ရောက်လာသည်။ သို့သော် အခြားသူများ မပါ။ ကြာဖြူတစ်ယောက်တည်း။ (လူခွဲ၍ ရှာကြသည် ထင်သည်) ကြာဖြူက သူမတို့ စောစောက ထိုင်သွားသောနေရာတွင် သည်းကြီးမည်းကြီး ငုံ့ရှာနေသည်။

ပိုင်စိုး လက်ဖက်ရည်ကို တစ်ငုံချင်းသောက်ရင်း မသိမသာ လှမ်းအကဲခတ်နေရ၏။ ကြာဖြူ ရှာမတွေ့ချေ။ သူ့ပစ္စည်းက ကိုယ့်လက်ထဲ ရောက်နေသဖြင့် သူရှာတွေ့စရာအကြောင်းလည်း မရှိ။

''ဟိုအစ်မကြီး ဘာလိုက်ရှာနေလဲ မသိဘူး''

နံဘေးမှ ထွက်လာသောအသံကြောင့် လှည့်ကြည့်သောအခါ စားပွဲထိုးကလေးကို တွေ့ရ၏။

''ဩော်...အေး...မင်းလာဦး၊ မင်းလာဦး''

''ဘာလဲ အစ်ကို''

''ဟိုမှာ ပစ္စည်းလိုက်ရှာနေတဲ့ အမျိုးသမီးကို မင်း တွေ့တယ် မဟုတ်လား''

''တွေ့တယ်လေ...။ ကျွန်တော်လည်း ခု အဲဒါပဲ ပြောနေတာ''

''အေး...အေး...သွားပေးလိုက်စမ်းပါကွာ''

ပိုင်စိုးက ပိုက်ဆံအိတ်ကို ထုတ်ပြီး အနုစ်နုစ်အလလက သေသေချာချာသိမ်းထားရသော ငါးပြားစေ့ကလေးကို ထုတ်ပေးလိုက်၏။

''အဲဒီလောက် ရှာမနေနဲ့၊ ယူသွားလို့''

''ဟာ...အစ်ကိုကလည်း၊ အားနာစရာကြီး''

''သွားမှာ သွားစမ်းပါကွာ''





စားပွဲထိုးလေးက အင်တင်တင်နှင့် ထွက်သွား၏။ ပိုက်ဆံ ငါးပြား သွားပေးသည်။ ရင်ထိုးရှာမတွေ့၍ စိတ်ညစ်ရသည့်အထဲ ကြာဖြူ အတော် ဒေါကန်သွား၏။

''ဒီငါးပြားကို ငါက ဘာလုပ်ရမှာလဲ''

''မရှာနဲ့တော့တဲ့...။ ဟိုအစ်ကိုကြီးက ပေးခိုင်းလိုက်တာ''

''ဘယ်အစ်ကိုကြီးလဲ''

''ဟိုအစ်ကိုကြီး''

သူမသည် ကြာဖြူဖြစ်ပါသည်။ ဟိုအစ်ကိုကြီးရဲ့ မခင်နှင်းဆီ မဟုတ်ပါ။ ထို့ကြောင့် ပိုင်စိုးထံ ဒေါကြီးမောကြီးနှင့်လျှောက်သွားလိုက်၏။ ပိုင်စိုးက သူမကို ဘေးတိုက်ထိုင်ပြီး မသိချင်ယောင်ဆောင်နေသည်။

''ဟေ့လူ''

''ညတ်ချွာဖြား''

ပိုင်စိုးက လန့်သွားဟန်ပြုသည်။ ပြီးမှ...

''ဩော်...မကြာဖြူကိုး။ နေကန်းတယ်နော်''

''မကန်းဘူး''

''အလို...ဘာဖြစ်လို့ပါလိမ့်''

''ရှင် မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့''

''မနှောင့်ယှက်ပါဘူး၊ ကူညီပါတယ်၊ ငါးပြားတောင် ပေးလိုက်သေးတယ်''

''ရှင်နော်''

''နေပါဦး။ အေးအေးဆေးဆေး ထိုင်ပါဦး။ ခင်ဗျား ဘာ ပျောက်တာလဲ''

''ဘာပျောက်ပျောက် ရှင့်အပူ မပါဘူး''

ထိုသို့ ပြောလိုက်သော်လည်း စိတ်မောပြီး ညောင်းညာနေသော ကြာဖြူက ကုလားထိုင်မှာ ဝင်ထိုင်သည်။

''ဘာပျောက်တာလဲဆို...။ ခင်ဗျားပြောမှ ကျွန်တော် ကူညီလို့ ရမှာပေါ့''

''စိတ်ရှုပ်ရတဲ့ထဲ၊ ရှင် ဟိုမေး ဒီမေး လုပ်နေတာတွေကို ခဏရပ်ထားရင် ကောင်းမယ်''

သူတို့၏ နံဘေးဝိုင်းတွင် ဆရာနှစ်ယောက် ထိုင်နေ၏။ သူတို့၏ပြောစကားများအရ တစ်ယောက်က ရာထူးတက်ပြီး ကျန်တစ်ယောက်ကို လိုက်လံကျွေးမွေးခြင်း ဖြစ်ပုံရသည်။

ပိုင်စိုးက သုခမိန်ကြီးတစ်ပါးလို ခေါင်းတဆတ်ဆတ်ညိတ်ကာ

''ခင်ဗျား မပြောလည်း ကျွန်တော် သိပါပြီ''

''ဘာသိတာလဲ''

''ခင်ဗျားပျောက်တဲ့ ပစ္စည်းကိုပေါ့''

''အောင်မာ...ပြောစမ်းပါဦး။ ဘာလဲ''

''ဒီလိုရှိတယ်''

''ရှင် လုပ်လာပြန်ပြီနော်''

''အကောင်းပြောမလို့ပါဗျ''

''ဒါဖြင့် ပြော''

ပိုင်စိုးက မေးစေ့ကို လက်ဖြင့်ပွတ်ရင်း တွေးတွေးဆဆဟန်ဖြင့်

''အယူတော်မင်္ဂလာအရ ကောက်မယ်ဆိုရင် ရှင်နော်...ဆိုပြီး ခင်ဗျားက ဝင်ထိုင်တယ်။ အဲဒီမှာ ရကောက်နဲ့ ထဆင်ထူးနဲ့ ပါလာတယ်။ ပြီး...ကျွန်တော် မေးနေတာတွေကို ရပ်ထားလို့ ပြောတယ်။ အဲဒါလည်း ရကောက်နဲ့ ထဆင်ထူးပဲ။ ဟိုဘက်က ဆရာတွေကလည်း ရာထူးအကြောင်း ပြောနေကြတယ်။ ဒါကြောင့် ခင်ဗျားပျောက်တာ ရင်ထိုးဖြစ်ရမယ်''

ကြာဖြူ ဆတ်ခနဲ ဖြစ်သွား၏။

''ရှင်သိတယ် ဟုတ်လား။ ရှင်ကောက်ရထားတာ မဟုတ်လား''

''ဟဲ...ဟဲ...ဟဲ''

''ပြန်ပေးပါရှင်''

''ဟဲ...ဟဲ...ဟဲ''

''အဲဒါ ကျွန်မ ဆယ်တန်းအောင်တုန်းက အဘွားက အမှတ်





တရပေးထားတဲ့ ပစ္စည်းရှင့်။ အဲဒါကြောင့် ပြန်ပေးပါ''

''ဟဲ...ဟဲ...ဟဲ''

''အာ...ရှင်နော်''

ကြာဖြူ အတော်ဒေါပွလာသည်ကို တွေ့မှ ပိုင်စိုးက ပြုံးစိစိနှင့် ရင်ထိုးကို ထုတ်ပေးလိုက်၏။

''သနားလို့ ပြန်ပေးတာနော်''

''ဟုတ်ပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်''

ရင်ထိုးရပြီးသည်နှင့် ကြာဖြူက ချာခနဲ လှည့်ထွက်သွား၏။

''အောင်မာ...။ ဟေ့...ဟေ့ နေပါဦး''

''ဘာလဲ''

''ပြန်ပေး''

''ဟင်...ရှင်ပဲ ခုပေးလိုက်တဲ့ကိစ္စကို ဘာကိစ္စ ပြန်ပေးရမှာတုန်း''

''ရင်ထိုးကို ပြောနေတာ မဟုတ်ဘူး''

''ဒါဖြင့် ဘာလဲ''

''ငါးပြား''

''ဟင်...''

''ခုနက ခင်ဗျားကို ကျွန်တော်ပေးလိုက်တဲ့ ငါးပြားစေ့လေ။ ပြန်ပေး''

''အဲ...''

ကြာဖြူ ကြက်သေ သေသွားသည်။

''ဟို...ဟို...ဟိုလေ မရှိတော့ဘူး''

''ဟာဗျာ...ဒီနားနဲ့ဒီနားကြားမှာ ခင်ဗျား အဲဒီငါးပြားနဲ့ ဘာတွေ သုံးပစ်လိုက်တုန်း''

''အောင်မာ...ရှင့်ငါးပြားက ဘာသုံးလို့ရမှာလဲ။ ရှင် မမြင်ဘူးလား။ စားပွဲထိုးလေးလာပေးကတည်းက ကျွန်မ စိတ်တိုပြီး အဲဒီငါးပြားကို လွှင့်ပစ်လိုက်တာ''

“အာ…မရဘူး သွားပြန်ရှာ”

“ဒါတော့ ရှင် သက်သက်ညစ်တာပဲ”

“ညစ်တာမဟုတ်ဘူး၊ အဲဒီငါးပြားက ကျွန်တော် သူငယ်တန်းအောင်တုန်းက ကျွန်တော့်အဘိုးက မုန့်ဖိုးပေးထားတာ။ အမှတ်တရ ပစ္စည်းဗျ။ Sentimental value ရှိတယ်”

ကြာဖြူက ပိုင်စိုးကို ခပ်စူးစူးကြည့်၏။ ပိုင်စိုးကလည်း ရယ်ချင်စိတ်ကို မျိုသိပ်ကာ ခပ်တည်တည်ပြန်ကြည့်ပေးလိုက်သည်။ ကြာဖြူက စိတ်လျှော့လိုက်ဟန်ဖြင့် သက်ပြင်းတစ်ချက်ချရင်း…

“ကဲ…ပြီးရော ပြီးရော”

ထို့နောက် သူမ လွှင့်ပစ်လိုက်သည့်နေရာဘက်သို့သွားကာ ယခုမှ ငါးပြားစေ့ကို သည်းကြီးမည်းကြီး ရှာနေရတော့၏။ လူကြား၍ပင် မကောင်း။ မလှမ်းမကမ်းမှ ဖြတ်သွားသော ကျောင်းသားအချို့က မကြားတကြား နောက်သွား၏။

“တွေ့ရင်တော့ မုန့်ကြာစေ့ဝယ်စားပစ်မယ်။ ဟင်း…”

ကြာဖြူ့အတွက် အတော်ကို အောင့်သက်သက်ဖြစ်ရလေသည်။ ထိုငါးပြားစေ့ကလည်း ဘယ်လိုမှ ရှာမတွေ့။ အမှန်တော့ ပိုင်စိုးက သက်သက်ညစ်ခြင်းဖြစ်သည်။ ထိုငါးပြားစေ့ကို စားပွဲထိုးလေးက ပြန်ကောက်လာပြီးဖြစ်ကြောင်း သူ တွေ့ထားပြီးဖြစ်သည်။

ကြာဖြူကလည်း အပြောမခံချင်သဖြင့် မတွေ့ တွေ့အောင် ရှာပါသည်။ သို့သော် ဘယ်လိုရှာရှာ မတွေ့။ မတွေ့ပါ။

အတန်ကြာမှ မျက်နှာခပ်ပုပ်ပုပ်နှင့်…

“မတွေ့ဘူးရှင့်။ အဲဒီငါးပြား ကျွန်မ ရှင့်ကို အစားပြန်ပေးမယ်”

“ဟာ…မလိုချင်ပါဘူး။ ခင်ဗျာပေးတဲ့ ငါးပြားက ကျွန်တော့် အဘိုးပေးတဲ့ ငါးပြားမှ မဟုတ်တာ”

“ဒါ…ရှင် သက်သက်ကပ်နေတာပါ”

“မကပ်ဘူး။ ကပ်တဲ့အလုပ်ကို စိတ်မဝင်စားဘူး။ ကျောက်သင်ပုန်းမှာ စာကပ်တာတို့ သူများကျောကုန်းမှာ စာကပ်တာတို့ အဲဒါမျိုး





ကျွန်တော် ဝါသနာမပါဘူး”

ထိုစကားကြားတော့ ကြာဖြူ့မျက်နှာ မချိုမချဉ်ဖြစ်သွားသည်။

“ထားလိုက်ပါတော့ရှင်။ ကျွန်မ သွားတော့မယ်”

“နေဦးလေ…။ ကိစ္စက မပြီးပြတ်သေးဘူး။ ခုကိစ္စက ခင်ဗျားကို ကျွန်တော် တရားစွဲလို့ ရတယ်နော်”

“ဟင်…ငါးပြားတည်းနဲ့များ”

“ဘယ်နှပြားဖြစ်ဖြစ်လေ…။ နိုင်ငံတော်က တရားဝင်ထုတ်ထားတဲ့ ပိုက်ဆံကို ခင်ဗျားက လွှင့်ပစ်တယ်။ ခင်ဗျားကို ရဲစခန်းမှာ အမှုဖွင့်လို့ရတယ်။ သိလား…”

ကြာဖြူ စိတ်ညစ်သွားသည်။ သို့သော် ပိုင်စိုး စိတ်ပြောင်းသွားအောင် ရှုးသလို ပေါသလိုနှင့် ဟိုစကား ဒီစကားတွေ လျှောက်ပြောနေလိုက်သည်။ သူမ ပြောသမျှကို ပိုင်စိုးကလည်း ခပ်ပြုံးပြုံးအမူအရာနှင့် နားထောင်နေပါသည်။

သို့သော် နောက်ဆုံးကျတော့လည်း ပိုင်စိုးက ဒီဘူတာမှ ရထားမထွက်သေးဘဲ ဖြစ်နေ၏။

“ဘာပဲပြောပြော ကျွန်တော် မကျေနပ်ဘူးဗျာ”

“ကဲ…ရှင် ဒါဖြင့် ကျွန်မ ဘယ်လိုလုပ်ပေးရမလဲ။ ပြော…”

“ကျွန်တော် လူလိမ်မဟုတ်ကြောင်း ခင်ဗျားဘာသာ တာဝန်ယူ ဖြေရှင်းပေးပါ”

“ကဲ…ဒါဖြင့် ထ။ လာ…”

“ဘယ်ကိုသွားမှာလဲ”

“ဘယ်ကိုဖြစ်ဖြစ်ပေါ့။ ရှင် လိုက်မှာသာ လိုက်ခဲ့ပါ”

ပိုင်စိုးက လက်ဖက်ရည်ဖိုးရှင်းပြီး ကြာဖြူ့နောက် လိုက်ခဲ့ရ၏။ စားပွဲထိုးလေးကိုတော့ ကြာဖြူ မသိအောင် မျက်လုံးမှိတ်ပြခဲ့ရသည်။

အဓိပတိလမ်းမပေါ်ကို ရောက်သွားကြသည်။ ကျောင်းသူ ကျောင်းသား အများအပြား သွားလာနေကြ၏။ မျက်နှာချင်းဆိုင်မှ လျှောက်လာသော ကျောင်းသားတစ်ယောက်ကို ကြာဖြူက…

"ဟော့…ဟော့"

ထိုကျောင်းသားက နားမလည်သောမျက်နှာနှင့်…

"ကျွန်တော့်ကို ခေါ်တာလား"

"အင်း…ဟုတ်တယ်"

ကြာဖြူက ပိုင်စိုးကို လက်ညှိုးညွှန်ပြပြီး…

"သူ့ကို သိလား"

"အဲ…ဟို…ခင်ဗျားတို့နှစ်ယောက်လုံးကို ကျွန်တော် မသိဘူး ခင်ဗျ"

"ကိစ္စမရှိပါဘူး။ သူ့နာမည်က ပိုင်စိုးတဲ့"

"ဩော်…အင်း…ဟုတ်ကဲ့"

"သူကလေ…လူလိမ်မဟုတ်ဘူး။ သိလား…"

"ဗျာ…"

"သူက လူလိမ်မဟုတ်ဘူးလို့။ မှတ်ထားနော်"

"ဟုတ်…ဟုတ်ကဲ့"

ပိုင်စိုး အတော်ချောက်ချားသွားသည်။ ထိုကျောင်းသားထွက်အသွားမှာ ကျောင်းသူတစ်စုက ပိုင်စိုးတို့နံဘေးမှ ဖြတ်ကျော်သွား၏။

"မမ မမ"

ကြာဖြူက အရှက်မရှိ လိုက်ခေါ်ပြန်သည်။

"ဟင်…ဘာလဲ ညီမလေး"

ထိုကျောင်းသူအားလုံးက သူတို့နှစ်ယောက်ကို အကဲခတ်သလိုကြည့်၏။ ကြာဖြူက စောစောကလိုပဲကို လက်ညှိုးညွှန်ကာ…

"မမတို့ သူ့ကို သိလား"

"ရေးတေးတေးပဲ"

"သူကလေ…လူလိမ်မဟုတ်ဘူး မမရဲ့"

"ဩော်…လူလိမ်မဟုတ်ဘူးလား"

ထိုကျောင်းသူများက စိတ်ပေါက်သွားကြပုံရသည်။ မိန်းကလေးအချင်းချင်း ရိုင်းပင်းကာ ကြာဖြူ့ဘက်မှနေပြီး ပိုင်စိုးကို ဝိုင်းနွှာကြ၏။





"ဩော်…သူက လူလိမ်မဟုတ်ဘူးကိုး"

"ဟုတ်တယ် မမ။ သူ လူလိမ် မဟုတ်ပါဘူး"

"ဟုတ်သာမဟုတ်တယ် တစ်ထေရာတည်းပဲနော်"

"ဘာဗျ"

ပိုင်စိုး ဒေါပွသွားသည်။

ဒုက္ခတော့ တွေ့ပြီဟုလည်း စဉ်းစားမိ၏။ ထိုကျောင်းသူများက မျက်နှာချင်းဆိုင်မှ လျှောက်လာသော ကျောင်းသူအုပ်ကို လှမ်းပြောပြန်သည်။

"ဟော့…ဒီမှာ သူက လူလိမ်မဟုတ်ဘူးတဲ့"

ထိုကျောင်းသူများကလည်း…

"ဟုတ်လား…။ ဘယ်သူက ပြောတာလဲ"

"ညီမလေး…သူ လူလိမ်မဟုတ်ဘူးဆိုတာ ဘယ်သူက ပြောတာလဲ"

ကြာဖြူ့ဘက် လှည့်မေး၏။

"သူပဲပြောတာ"

"ဩော်…ဟော့ သူကပဲ ပြောတာတဲ့ဟဲ့"

"အေးအေး…မှတ်ထားလိုက်မယ်နော်"

ပိုင်စိုး လှလှကြီး ခံနေရသည်။ ကြာဖြူနှင့် အမြန်ဆုံး လူချင်းခွဲပြီး ကိုယ့်သူငယ်ချင်းတွေဆီ တချိုးတည်း လစ်ထွက်လာခဲ့ရတော့၏။

ရှေ့ရောက်တော့ ကျော်လွင်ဦးနှင့် သာမြတ်ကျော်ကို ထုံးစံအတိုင်း ယောက်ျားအကျီ၊ ယောက်ျားလုံချည်များနှင့် တွေ့ရ၏။

ဆရာ မရောက်သေးသဖြင့် ပိုင်စိုးက သူနှင့်ကြာဖြူအကြောင်း ပြောပြသည်။

"နေပါဦးကွ။ သူက သူ့ရင်ထိုး ပြန်ပေးတာတောင် မင်းကို ကျေးဇူးတင်ဖော်မရဘူးလား"

"မရပါဘူးကွာ…။ သူ့ဘာသာ မန္တန်ရွတ်လို့ ရတာတဲ့။ ပျောက်နေတဲ့ပစ္စည်းကို လိုက်ရှာရင် 'ပလ္လင်ပေါ်က ပုလွေလေး၊ လင်း

လင်းလက်လက်ပြေး'ဆိုတဲ့ မန္တန်ကို ရွတ်ရတယ်တဲ့။ ဗုဒ္ဓဟူးနံနဲ့ ကြာသပတေးနံတွေကို ကက်ကင်း ရိုက်ထားတာပေါ့ကွာ''

''ပစ္စည်းက မင်းလက်ထဲ ရောက်နေတာပဲ''

''အေး...အဲဒါကြောင့် သူ ဂါထာပြောင်းရွတ်တယ်တဲ့''

''လေးလိမ်လာပူ၊ လေးလိမ်လာပူတဲ့။ အဲဒါကြောင့် ငါက ပြန်ပေးတာတဲ့''

ပြောရင်းတန်းလန်း ပိုင်စိုး တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရလိုက်၏။ စိတ်ထဲမှ ကြိတ်၍ ရေရွတ်လိုက်မိသည်။

''ဩော်...သူပြောတုန်းက ငါ သတိမထားမိဘူး။ 'လေးလိမ်လာပူ'ဆိုတာ 'လူလိမ်လာပေး'လို့ ပြောတာကိုး...။ ငါ့ကို ထပ်တွယ်သွားတာကိုး''

ကျော်လွင်ဦးနှင့် သာမြတ်ကျော်က ထိုသို့ တွေးမိပုံ မပေါ်ပါ။ ရှက်သဖြင့် ပိုင်စိုးလည်း ထုတ်မပြောတော့ချေ။

''တစ်သက်လုံး သူများမျက်နုံမွေးပေါ် စကိတ်စီးလာတဲ့ကောင်၊ ခုတော့ ခံရပြီ မဟုတ်လား''

''စောင့်ကြည့်ပါဦးကွာ...ငါ့ဘက်က သိပ်မနစ်နာပါဘူး''

ဤနေရာတွင် ပိုင်စိုး၏ စကားက မှန်လေသည်။ ကျောင်းသူ ကျောင်းသား တော်တော်များများက သူတို့နှစ်ယောက်ကို စိတ်ကောက် နေသော စုံတွဲဟု သတ်မှတ်သွားကြ၍ဖြစ်သည်။

**ဝက်မှုတ်တစ်ခက်ထဲကို လျှောဆင်းကြည့်လိုက်တယ်။**

**တချို့ကဗျာတွေက နတ်ပြည်မှာ**

**တချို့ကဗျာတွေက ငရဲပြည်မှာ။**

**ကြော် ဘဲဒီနေ့မှာမှပဲ မိုးနှင်းတွေက ဝေလိုက်တာ။ ။**

■





(၆–က)

''ကဲ...မကြာဖြူ ဘယ်လိုလုပ်ကြမတုန်း''

''ဘယ်လိုလုပ်ရမှာလဲ''

''ဟဲ့...အဲဒါ ငါတို့က နင့်ကို မေးနေတာလေ''

''အာ...မပြောတတ်ဘူးဟာ''

''နင့်ကိုယ်နင် လည်လှ လည်လှနဲ့ ယောင်းမနဲ့ ယပ်ခတ်နေလို့ လေမရဘူး။ သိလား...''

လဲ့လဲ့ဝင်းခင်၏ ကရုဏာဒေါသပါသောစကားကို ချက်ချင်းမှာ သူမ ဘာမှ မတုံ့ပြန်မိချေ။ အတန်ကြာမှ...

''အမှန်တော့ ငါက သူ့ကို ချိုးလိုက်တာဟ''

''အင်း...ဆက်ပြောပါဦး''

''ရလာဒ်က တစ်မျိုးကြီးဖြစ်သွားတယ်''

''နင်နဲ့ သူနဲ့က စိတ်ကောက်နေကြတဲ့ သမီးရည်းစားတွေ ဆိုပါတော့''

မြတ်နိုးမေ၏စကားကို ကြာဖြူ ဒေါကန်သွားသည်။

''အဲဒါကို ထပ်ခါ ထပ်ခါ မပြောနဲ့ဟာ''

ခတ္တာက ဝင်ပြော၏။

“မပြောချင်လို့လည်း မရဘူး ဒေါ်ကြာဖြူပွင့်ရေ…။ ရှင်တို့ရဲ့ သတင်းက တက္ကသိုလ်နယ်မြေထဲမှာ ဟိုးလေးတကျော် ဖြစ်နေပြီ။ ကိုငြိမ်းအေးတောင် အရက်တွေမူးပြီး လမ်းမှာတွေ့သမျှဓာတ်တိုင် ခေါင်းနဲ့ ဝင်ဝင်ဆောင့်နေတယ်…ဆိုပဲ”

“မဟုတ်ဘူးဟ”

“မဟုတ်ဘူးဆိုတာ မဟုတ်ဘူး၊ ဟုတ်တယ်”

ကြာဖြူလည်း ဘယ်လိုရှင်းလင်းပြရမည်မှန်းမသိအောင် စိတ်ရှုပ်သွားသည်။ မြေပြင်ကို ရီရီဝေဝေငေးစိုက်ကြည့်ရင်း…

“လူတွေကလည်း စကားကို ကားလွန်းပါတယ်ဟာ”

စန္ဒာရဲလှက ဝင်ပြော၏။

“ဟဲ့…စလိုက်တာနဲ့ ကားသွားလို့ စ ကား…လို့ ခေါ်တာ။ အဲဒီထဲမှာ အပြောခံရသူဖြစ်အောင် နင့်ဟာနင် လုပ်ခဲ့တာလေ”

“မဟုတ်ဘူး။ ငါပြောပြီးပါကောလား…။ ငါက သူ့ကို ချီးတာ”

“အေး…ဒါပေမဲ့ သူက ဘာမှမဖြစ်ဘူးလေ။ နင်က ကျိုးသွားပြီ”

“ဘာ…ဘာကျိုးတာလဲ”

“အဲ…အို…ဟိုဒင်း။ မဟုတ်တရုတ် မတွေးနဲ့လေ။ ငါက စကားအရ ပြောတာ”

“ပြောစမ်းပါဦး၊ ရှင်းစမ်းပါဦး”

“နင်ကသာ ပိုင်စိုး လူလိမ်မဟုတ်ကြောင်း လူတကာကို လိုက်ပြောပြီး ပိုင်စိုးကို ချွတ်နိုင်တယ် ထင်တာ။ နင်က ရှေ့က ပြောနေတုန်း ပိုင်စိုးက နောက်က ဘာလုပ်ပြနေလဲဆိုတာ နင်သိလို့လား”

ထိုစကားကိုတော့ ကြာဖြူ အမှန်တကယ် အံ့သြသွားသည်။

“ဟင်…သူက နောက်က ဘာလုပ်ပြလို့တုန်း”





“သူ့ရဲ့ ညာဘက်လက်နှစ်ချောင်းကို ပူးပြတယ်။ နင်နဲ့ သူနဲ့ဟာ သမီးရည်းစားတွေပါပေါ့။ နောက်ပြီး နင့်ရဲ့နှာခေါင်းကို လက်ညှိုးထိုးပြပြီး သူ့ရဲ့ ညာလက်ညှိုးကို ကွေးပြတယ်။ နင်က နှာကောက်နေတယ်ပေါ့။ နင် သူ့ကို စိတ်ကောက်နေတယ်ပေါ့။ အဲဒါကြောင့် အားလုံးက နင်တို့ကို စိတ်ကောက်နေတဲ့ သမီးရည်းစားစုံတွဲလို့ သတ်မှတ်ပြီး လိုက်လျောညီထွေ ဆက်ဆံပေးသွားတာ”

“ဘာ…”

“ဟုတ်တယ်…။ နင်ကသာ အဲဒီလူတွေနဲ့ပေါင်းပြီး ပိုင်စိုးကို ဒေါက်ဖြုတ်လို့ရတယ် ထင်နေတာ။ အမှန်တကယ်ကျ သူနဲ့ အဲဒီလူတွေနဲ့ ပေါင်းမိပြီး နင်က ဒေါက်ပြုတ်သွားတာ”

“တောက်…”

“ဟဲ့…မိန်းကလေးက တက်မခေါက်ရဘူးလေ”

“မဟုတ်ဘူး။ ဒီကောင် လူပါးဝလွန်းအားကြီးတယ်”

“စိတ်လျှော့ ကလေးမ စိတ်လျှော့။ အဖြစ်မှန်ကို မိုးနတ်မင်းကြီး သိမှာပါ”

တလျှောက်လုံး ငြိမ်နေသည့် လဲ့လဲ့ဝင်းခင်က စကားဝိုင်းထဲသို့ ဝင်လာသည်။

“နေပါဦး ကြာဖြူရဲ့”

“ဘာလဲ”

“သူက နင့်ကို ချစ်များနေလားဟင်”

“နင်က ဘာလုပ်မလို့လဲ”

“သြော်…ငါ့ရဲ့ လှပတဲ့အိပ်မက်ကလေးတွေဟာ ကဝေ လက်သည်းတွေနဲ့ ကုတ်ခြစ်မှုနောက်ကိုလိုက်ပြီး မြင်းခွာသံတချို့ရဲ့အောက်မှာ မျက်ရည်ဖြိုင်ဖြိုင် ရွာရတော့မှာပေါ့ဟယ်”

“အရေးထဲ”

ကြာဖြူ ပြစ်ပြစ်နှစ်နှစ်ဆဲပစ်လိုက်သည်။ အတန်ကြာသည်အထိ မှုန်ကုတ်နေမိသည်။

"ပိုင်စိုးကို ငါ မကျေနပ်ဘူး"

"ဟုတ်တယ်။ ငါတို့လည်း မကျေနပ်ဘူး"

ကြာဖြူ အားတက်သွားသည်။

"အေး...ဟုတ်ပြီ၊ ပြောပါဦး...နင်တို့က ဘာကို မကျေနပ်တာ တုန်း"

"ငါတို့ကိုကျတော့ မကြိုက်လို့"

"အယ်..."

■





(၆–၁)

ပိုင်စိုးမှာလည်း ရတက်ပွေနေရသည်။ (ရတက်ဖြစ်ပါသည်။ ခနစ်တက်မဟုတ်ပါ။ ရကောက်ကို ရေးလျှင် ဝတ်ဆံ ပါရပါသည်။ ဂငယ်(ဂ)ကိုရေးလျှင် ဝတ်ဆံမပါရပါ။ 'ရကောက်ဝတ်ဆံပါမှမှန်၊ 'ဂ'မှန်က မပါရ'ဟု ဆရာသမားများက သွန်သင်ကြပါသည်။ ထိုသို့မဟုတ်လျှင် အဓိပ္ပာယ် လွဲချော်သွားနိုင်ပါသည်။ 'ရှင် ကျွန်မကို ရိတိတိမလုပ်နဲ့ ဟူသောစကားက ရှင် ကျွန်မကို ခနစ်ကျပ်တိတိ မလုပ်နဲ့'ဟူသော အဓိပ္ပာယ် ရောက်သွားနိုင်ပါသည်။ သူက တစ်ဆယ်ထုတ်ပေးလျှင် ခက်နေလိမ့်မည်)

ကျော်လွင်ဦးနှင့် သာမြတ်ကျော်က...

"ကဲ...ပိုင်စိုး"

"ဘာလဲ"

"မင်းဟာက နောက်နေတာလား၊ အတည်လား"

"ဘာကို ပြောနေတာတုန်း"

"ကြာဖြူ့ကို မင်းက တကယ်ချစ်တာလား၊ နောက်ကောင်း လို့ နောက်နေတာလား"

"နှစ်ခုစလုံးပဲကွာ"

"ဟင်…ဒါဆိုရင် မင်း ကြာဖြူကို တကယ်ချစ်တယ်ပေါ့"

"အေး…နောက်ရင်း နောက်ရင်း တကယ်ချစ်သွားတယ်"

"ဟင်…မင်း…သေချာလို့လား။ တကယ်ချစ်တာလား"

"အာ…ကြာဖြူလို မိန်းကလေးကိုမှ မချစ်ရင် ငါ ဘယ်သူ့ကို သွားချစ်ရမှာတုန်း"

သူ့စကားကို ကျော်လွင်ဦးနှင့် သာမြတ်ကျော်က မယုံကြည်ကြ။ သူတို့ချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ပြီးမှ သူတို့နှစ်ယောက်ပေါင်းပြီး ပိုင်စိုးကို ကြည့်ကြသည်။

ပိုင်စိုးက ပခုံးတွန့်ပြီး…

"မျက်စိလေးလုံးဟာ မျက်စိနှစ်လုံးကို နိုင်တယ်တဲ့"

"ဒါပေါ့ကွာ…။ နှစ်ယောက်တစ်ယောက်ဖြစ်နေပြီဆိုကတည်းက စဉ်းစားပေါ့"

"မင်းတို့က တော်တော်ဗဟုသုတနည်းတဲ့ကောင်တွေပဲ"

"ဟင်…မင်းဟာက ဘာမှလည်း မဆိုင်ပါလား"

"နှစ်ယောက်တစ်ယောက်ဖြစ်တာကို ပြောတာ မဟုတ်ဘူးကွ"

"မင်းဟာက ပြောရင်း ပိုရှုပ်လာပြန်ပြီ"

"ဒီစကားပုံထဲမှာပါတဲ့ မျက်လုံးလေးလုံးဆိုတာက ကိုယ်ဝန် ဆောင်မိန်းမကို ပြောတာ"

"ကိုယ်ဝန်ဆောင်မိန်းမက ဘယ်သူ့များ အနိုင်ကျင့်လို့တုန်း"

"မဟုတ်ဘူးလေကွာ…။ မင်းတို့ စဉ်းစားကြည့်။ ကိုယ်ဝန် ဆောင်မိန်းမဆိုရင် တခြားလူအကုန်လုံးက ညှာရတယ် မဟုတ်လား။ ဘတ်(စ)ကားပေါ် ဗိုက်ကြီးသည်တက်လာရင်တောင် ကိုယ်က မနေနိုင် ဘဲ ထိုင်ရာက ထပေးရတယ် မဟုတ်လား"

"အေး…ဟုတ်တယ်။ ဒါတော့ ဟုတ်တယ်"

"ငါလည်း အဲဒါကို ပြောတာပေါ့"

"နေပါဦး။ အဲဒီဗိုက်ကြီးသည်နဲ့ ငါတို့နဲ့က ဘာဆိုင်လို့တုန်း"





"မသိဘူးလေ…။ မင်းတို့နှစ်ယောက်ကလည်း မျက်စိလေးလုံး ရှိနေလို့ ဆိုင်မလားဆိုပြီး ပြောလိုက်တာ"

"ခွီးထဲမှပဲ…။ ဒီအချိန်ရောက်တာတောင် မင်းက ရူးသလို ပေါသလို လုပ်နေတယ်"

"ငါက ဘာမှမလုပ်ဘူး။ မင်းတို့သာ ကြက်ဖကြီးလို ကောင် တွေ"

သူတို့ အငြင်းအခုန်ဖြစ်နေကြသည်က ပိုင်စိုး၏ အိပ်ခန်းအတွင်း မှာ ဖြစ်သည်။ ကျောင်းအားရက်မှာ ထိုသကောင့်သားနှစ်ယောက်က ပိုင်စိုးအိမ်သို့ ရောက်လာကြခြင်းဖြစ်သည်။ အသံလုံသော အခန်းဖြစ်၍ လွတ်လွတ်လပ်လပ်ပင် အော်ကြီးဟစ်ကျယ် ငြင်းခုန်နေကြသည်။

"ဘာ…ကြက်ဖလဲ"

"ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်လေ။ မင်းတို့က ကြက်ဖ တွေလိုပဲ။ သူများကိုသာ အော်အော်နှိုးတယ်၊ ကိုယ်ကျ အိပ်ရာက မထဘူး"

"အမ်"

"အဲ…"

နှစ်ကောင်လုံး အရှိုက်ထိသွားသည်။ ပိုင်စိုးပြောမည်ဆိုလည်း ပြောစရာ။ သူတို့နှစ်ယောက်စလုံးမှာလည်း ရည်းစားမရှိ၊ ဘာလုပ်နေကြ မှန်းလည်း မသိ။ နောက်ဆုံးနှစ်သာ ရောက်နေပြီ၊ တစ်ယောက်မှ မစွံ။

သာမြတ်ကျော်က…

"ထားပါ…။ စကားတွေ ဘေးချော်ကုန်ပြီ။ အခု ကြာဖြူနဲ့ ကိစ္စကို မင်း ဘယ်လိုဆက်လုပ်ရှားမလဲ"

"ရည်းစားစကား ပြောရတော့မှာပေါ့ကွာ"

"ရပါလိမ့်မယ် အားကြီးကြီး"

"ဘာဖြစ်လို့လဲ"

"ဟိုက မင်းကို လူလိမ်လို့ သတ်မှတ်ထားတာ။ မင်း ဘာပြော

ပြော ယုံမှာ မဟုတ်ဘူး''

ထိုစကားကြောင့် ပိုင်စိုး ငိုင်သွားသည်။ ပြီးမှ...

''နေပါဦး။ မင်းတို့ကို ငါ မေးပါဦးမယ်''

''မေး...''

''လူလိမ်တစ်ယောက်က သူ့ကိုယ်သူ ကျွန်တော် လူလိမ်ပါလို့ ပြောရင် မင်းတို့ ယုံမလား မယုံဘူးလား''

ထိုနှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြန်သည်။ ပြီးနောက် နှစ်ယောက်ပေါင်းပြီး ပိုင်စိုးကို ကြည့်ပြန်သည်။ ပိုင်စိုးက ခေါင်းငုံ့မျက်နှာလွှဲ၍ လက်တစ်ဖက်မြှောက်ပြကာ 'စိတ်ပျက်သည်' ဟူသော အမူအရာကို လုပ်သည်။

ကျော်လွင်ဦးနှင့် သာမြတ်ကျော်လည်း ဘာဆက်ပြောရမလဲ မသိအောင် ဖြစ်သွားသည်။ အတန်ကြာမှ သာမြတ်ကျော်က...

''ငါ့အနေနဲ့ကတော့ မင်း သတိကြီးကြီးထားရမယ်လို့ ထင်တာပဲ''

''နေစမ်းပါဦးဟာ...။ ငါ့ဟာငါတောင် ဘာလုပ်ရမှန်း မသိဘူး မင်းတို့က တမျောင့်။ တစ်ယောက်မှလည်း ရှည်းစားမထားဘူးဘဲနဲ့''

''မင်းဟာကလည်း မဆီမဆိုင်ကွာ...။ ညောင်ဦးကမ်းပါးပြိုတာနဲ့ စမွါနဂိုရ်က နွားမ ပေါင်ကျိုးတာနဲ့ ဘာမှမဆိုင်ဘူး''

''သြော်...အဲဒီလိုပြောလို့ ရမလား။ Chaos သီအိုရီကို မင်းတို့ မလေ့လာဖူးဘူးလား။ Functional, dependened ဆိုတာကိုရော မလေ့လာဖူးဘူးလား''

''ပြောင်ပြောင်ပဲ ပြောမယ်ဟေ့၊ တစ်ခုမှ မသိဘူး''

''အေး...အဲဒါဆို ငါကလည်း ပြောင်ပြောင်ပဲပြောမယ်။ ဗိုက်က သူ့ဘာသာသူ နာတာနဲ့ စအိုက ဘာကြောင့် အပေါက်ဖွင့်ပေးရတာ တုန်း''

''ဟော...''

ပိုင်စိုးက ဖိပြော၏။





''ခြေထောက်က သူ့ဘာသာ ခွေးချေးနင်းလာတာကို ဘာလို့ နှာခေါင်းက ဝင်နံပေးရတာတုန်း''

''အဲ...''

အစကတည်းက ပိုင်စိုးကို မကျော်လွှားနိုင်သူများပီပီ ယခုလည်း သူတို့ ဘာဆက်ပြောရမည်မှန်း မသိ။ အတန်ကြာမှ ကျော်လွင်ဦးက

''ကဲ...ထားပါတော့။ အခု မင်းပြောချင်တဲ့လိုရင်းက ဘာတုန်း''

''ဟီး...ဟီး...ငါ ကြာဖြူ့ကို ချစ်တယ်ကွာ''

■

(၆–၇)

ကြာဖြူမှာလည်း ပြဿနာတွေကို ဆင့်ကဲဆင့်ကဲ ကြုံတွေ့နေရသည်။ အိမ်မှာ ဖေဖေနှင့် မေမေက တမျောင့်။ အဘိုးက တမျောင့်။

အဘိုးက အသက်ကြီးပြီ။ မြန်မာအဂ္ဂိရတ်ပညာရှင်ကြီး တစ်ယောက်ဖြစ်၍ ဟိုပြာကိုလျက်၊ ဒီပြာကိုလျက်လုပ်ရင်း ကျန်းမာသယောင်ရှိသော်လည်း ယခုအချိန်တွင်တော့ အသက်(၉၀)နားနီးပြီဖြစ်၍ သူငယ်ပြန်သလိုပင် ဖြစ်နေပြီ။

''မိဖြူ''

''ရှင်''

အိမ်မှ လူကြီးများက ကြာဖြူ့ကို မိဖြူဟုသာ ခေါ်ကြသည်။

''နင် အခုကြည့်နေတာ ဘာကားလဲ''

ဗီဒီယိုကြည့်နေချိန်မှာ လာမေးခြင်းဖြစ်သည်။

''မင်းမော်ကွန်းကားလေ…။ ရယ်ရတယ် အဘိုးရဲ့''

''မင်းမော်…။ မင်းမော်ဆိုတာ ငါသိပါတယ်၊ ကဗျာဆရာလေ။ တက္ကသိုလ်မင်းမော်တဲ့၊ ဘာလဲ သူက ခု ဗီဒီယိုမင်းသား လုပ်နေလို့လား''

''ဟာ…အဘိုးကလည်း ပြောတာကို သေချာနားမထောင်ဘူး။





မင်းမော်ကွန်း၊ မင်းမော်ကွန်း''

''သူနဲ့တော့ ငါမသိဘူး''

ကြာဖြူ စိတ်ညစ်နေမိသည်။ ကြည့်လက်စ ဗီဒီယိုကပင် ဘယ်ရောက်၍ ဘယ်ပေါက်နေပြီ မသိ။ အဘိုးကို လှည့်၍ ဖြေရှင်းနေရသည်နှင့်ပင် ကောင်းခန်းတွေ လွတ်နေပြီ။

''ဘိုးက ဘာလုပ်မလို့တုန်း''

''ဘိုး ဗီဒီယိုကြည့်မလို့''

''ဒါဖြင့် ကြည့်လေ''

''မဟုတ်ဘူး။ ဘိုး ဒီကားမျိုး မကြည့်ချင်ဘူး''

''ဘယ်လိုကားမျိုး ကြည့်ချင်တာတုန်း''

''ဒိုင်းဒိုင်းကား''

ကြာဖြူ ဒုတိယမ္ပိ စိတ်ညစ်သွားသည်။

''အာ…ဒိုင်းဒိုင်းကားက ခုမရှိဘူး ဘိုးရဲ့။ ဘိုးကြည့်ချင်ရင် မနက်ဖြန်ကျမှ အဲဒီသေနတ်ပစ်ကားတွေ သမီး ငှားလာပေးမယ်နော်''

''မဟုတ်ဘူး။ အခုကြည့်ချင်တယ်''

''ဩော်…ဘိုးကလည်း ပြောမရဆိုမရနဲ့။ ကဲ…ဒိုင်းဒိုင်းဒိုင်း''

ကြာဖြူက အဘိုးကို သေနတ်နှင့် ပစ်ဟန်ပြုလိုက်သည်။ ထိုအချိန်မှာပဲ…

''ဒီမြေးအဘိုး ဘာဖြစ်နေကြတာလဲ''

အသံနှင့်အတူ ဖေဖေနှင့်မေမေတို့ အိမ်ရှေ့ ထွက်လာသည်။ ကြာဖြူက…

''ဘိုး သူတို့ကိုပါ ပစ်လိုက်ရမလား''

အဘိုးက ဖေဖေနှင့် မေမေကို လှည့်ကြည့်ပြီး…

''ဒါ ငါ့သမီးနဲ့ ငါ့သားမက် မဟုတ်လား''

''ဟုတ်တယ်လေ…''

''ဩော်…အေး အေး။ ဘယ်က လှည့်လာကြတာတုန်း''

အမှန်တော့ တစ်အိမ်တည်းနေခြင်းဖြစ်သည်။

အဘိုးက သတိမကောင်းတော့ဘဲ ထိုသို့ပင် ကြောင်တောင်တောင် ဖြစ်နေသည်။ ဖေဖေမေမေတို့အခန်းနှင့် အဘိုးအခန်းကဖြင့် ကပ်လျက်။ ဖေဖေနှင့် မေမေက သက်ပြင်းချပြီး…

"မိဖြူ"

"ရှင်"

"ဟိုတလောက ပြောထားတဲ့ကိစ္စကို စဉ်းစားပြီးပြီလား"

"ဘာကိစ္စတုန်း မေမေရဲ့"

"မောင်တင်ဝင်းနဲ့ ကြောင်းလမ်းထားတဲ့ ကိစ္စကိုလေ"

"ဟာ…စဉ်းစားစရာကို မလိုဘူး။ အရှင်းကြီးခံစားလို့ မရပါဘူးလို့ ပြောနေတယ်"

"နင်က ဘာကိစ္စ ဒီလောက်ငြင်းနေတာတုန်း"

"အိုး…ယောက်ျားကြီးတန်မဲ့နဲ့ နာမည်ကိုက မောင်တင်ဝင်းတဲ့"

ဖေဖေက ဝင်ပြောသည်။

"ဟင်…အဲဒါ ဘာဖြစ်လို့လဲ သမီးရဲ့"

"ကြိုက်ပါဘူး"

"ကဲ…အဲဒါဆို သူက နာမည်ပြောင်းပေးမယ်ဆိုရင်ကော"

"အို…နာမည်ပြောင်းပေးလည်း မကြိုက်ပါဘူး"

သူတို့ပြောသည့် မောင်တင်ဝင်းဆိုသူက အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်း၊ အသားက ညိုမွဲမွဲ၊ မျက်လုံးက ပြူးပြူးဝင်းဝင်းကြီးဖြစ်၏။

ကြာဖြူက ကြက်သီးထဟန်ဖြင့်…

"ပုံစံကိုက ငါးရှဉ့်ခြောက်စပ်နဲ့ တူတယ်"

"ဟဲ့ ငါးရှဉ့်ခြောက်စပ်က အကောင်မှမဟုတ်တော့ဘဲ။ ဟင်းပဲ"

"ဟာ…မသိဘူး။ သမီးကတော့ သူ့မြင်ရင် ငါးရှဉ့်ခြောက်စပ်ကိုပဲ ပြေးပြေးမြင်နေတယ်"

ဒီကြားထဲ အဘိုးက…

"မိဖြူ"

"ရှင်"





"ဒိုင်းဒိုင်းကား"

"နက်ဖြန်မှ ရမယ်"

တစ်ဆက်တည်းမှာ ဖေဖေနှင့် မေမေဘက်သို့လှည့်၍…

"အဲဒီ မောင်တင်ဝင်းဆိုတဲ့ လူကြီးကို ပြောလိုက်၊ ဘယ်တော့မှ မရဘူးလို့"

မေမေက စိတ်မရှည်သော မျက်နှာသွင်ပြင်နှင့်…

"နင်က ဘာငြင်းစရာရှိလို့လဲ။ မောင်တင်ဝင်းဆိုရင်…"

"သိတယ်…သိတယ်။ အဲကွန်းတွေ၊ ရေခဲသေတ္တာတွေ၊ အရောင်းအဝယ်လုပ်ပြီး ကြီးပွားနေတဲ့လူကြီး မဟုတ်လား"

"ဟုတ်တယ်။ အဲဒီလို လာဘ်မြင်တတ်ပြီး သွက်သွက်[illegible] လက် ချက်ချက်ချာချာရှိတဲ့ ယောက်ျားတစ်ယောက်ကို ဒီခေတ်ကြီးထဲမှာ လွယ်လွယ်နဲ့တောင် ရှာမရဘူး။ မောင်တင်ဝင်းဟာဆိုရင်…"

"သိတယ်…သိတယ်။ သမီးကို ချစ်လွန်းလို့ အစစအရာရာ သည်းခံမယ့် ယောက်ျားမျိုးဖြစ်တယ် မဟုတ်လား"

"အဲဒါတွေကို နားလည်ရက်သားနဲ့ ဘာကိစ္စ ပေပြီး ငြင်းချင်နေရတာတုန်း။ မိဘတွေကိုလည်း သနားဦး။ ကြားထဲက နားပူလှပြီ။ မောင်တင်ဝင်းဟာဆိုရင်…"

"သိတယ်…သိတယ်။ သမီးကို တိုက်တစ်လုံး ကားတစ်စီး တင်တောင်းမယ်၊ လက်ထပ်ပြီးလို့ရှိရင် ဘန်ကောက်ကို တစ်လ ဟန်းနီးမွန်း ထွက်မယ်။ ဒါတွေပဲ မဟုတ်လား"

စကားဆက်မပြောနိုင်တော့ဘဲ မေမေ 'အမ်း'သွား၏။ ဖေဖေ့ကို အဓိပ္ပာယ်ပါပါ လှည့်ကြည့်၏။ ဖေဖေက မျက်မှန်ကို ပြင်တပ်လိုက်ရင်း

"သမီး မိဖြူ"

"ရှင်…"

ထိုအချိန်မှာပဲ အဘိုးက…

"ဟော့ကောင်"

သူ့သားမက်ကို လှမ်းခေါ်ခြင်းဖြစ်သည်။ သူ့သားမက်ဆိုသည်မှာ

ကြာဖြူအဖေဖြစ်သည်။ ကြာဖြူကို ဆုံးမလုဆဲဆဲမှာ ဖေဖေ အရှိန်ပျက်သွားသည်။ ကုတ်ကုတ်ကလေး ဖြစ်သွားပြီး...

''ဗျာ...အဖေ''

''ငါ ဒိုင်းဒိုင်းကား ကြည့်မလို့''

မနက်ဖြန်မှ ကြည့်ပါဟု အားလုံးက ချော့မော့ပြီး ဝိုင်းပြောကြရသည်။ အဘိုး ငြိမ်သွားတော့မှ ဖေဖေက တစ်စခန်း ထပြန်သည်။

''မောင်တင်ဝင်းကို ဒီလောက်ငြင်းနေတာ သမီးမှာ ချစ်သူရှိလို့လား''

''ဟာ...ဖေဖေကလည်း ဘာတွေလာပြောနေမှန်း မသိဘူး''

ကြာဖြူ ထိုနေရာမှ ခွာကာ ဘောက်ဆတ် ဘောက်ဆတ်နှင့် ကိုယ့်အခန်းထဲကိုယ်ဝင်ကာ တံခါးကို တစ်ခါတည်း ပိတ်လိုက်တော့၏။

ခုတင်ပေါ်ပစ်လှဲပြီး ပိုင်စိုး၏ စာကို ထပ်ဖတ်မိသည်။

ကြာဖြူရေ...

ကရင်စကားပုံတစ်ခုအတိုင်းပြောရရင် 'သစ်မြှသီလည်း နင်မေ့လိုက်နဲ့၊ ဝါးမြှသီလည်း နင်မေ့လိုက်နဲ့၊ စပါးငှက်ကိုသာ မြဲမြဲဆုပ်...တဲ့'။ ကိုယ့်ကို စပါးငှက်လေးလို သဘောထားပါ။ သူတစ်ပါးရဲ့ စကားတွေကို နားမထောင်ပါနဲ့။ ကြာဖြူ့ကို ကိုယ် အရမ်းချစ်နေမိပြီ။ ပလောင်စကားပုံတစ်ခုအတိုင်း 'လှကင်ယင်ယာ ပြတာကကြီးကြီး' ဖြစ်နေပြီ။ ကိုယ့်ကို စဉ်းစားပေးပါ။ ပလောင်စကားပုံ တစ်ခုအတိုင်း ထပ်ပြောရရင် ကြာဖြူရယ် 'လုံးလုံးတွေ့တိုင်း မငုံပါနဲ့'။ ကိုယ်ကတော့ ဘယ်သူတွေ ဘာထင်ထင် ဒီစာကို စွန့်စားပြီး ရေးလိုက်ပြီ။ ကိုယ့်နှလုံးသားလေးက အန္တရာယ်ကို မလွယ်နိုင်တော့ဘူးလေ။

လုလင်ပိုင်စိုး





(၇)

ကင်တင်းမှာ သူငယ်ချင်းတွေစုံပြီး အတော်ကြာမှ 'ပိုင်စိုး'က ရောက်လာသည်။ ခေတ်အဆက်ဆက်က လှပခဲ့သော တက္ကသိုလ်မြေသည် မိုးမြူတွေထဲမှာ ယနေ့ထက်တိုင် လှပဆဲ။ သူတို့စားပွဲသည် ပိုင်စိုးလျှောက်လာသည်ကို အိပ်မက်ထဲမှာလို အနေးမြင် မြင်နေရ၏။

ခုံတစ်လုံးဆွဲပြီး စားပွဲမှာ ဝင်ထိုင်သော ပိုင်စိုးကို သာမြတ်ကျော်က ဆူသလို ပြော၏။

''မင်းကွာ...မိုးမြူတွေ ကျနေတာကို''

''အဲဒါ ဘာဖြစ်လဲ''

''ထီးမကိုင်ချင်ရင်တောင် ဦးထုပ်လေးတော့ ဆောင်းထားဖို့ကောင်းတာပေါ့''

''ဦးထုပ်ဆောင်းရအောင် ငါက ကတုံးမှ မဟုတ်ဘဲ။ တက္ကသိုလ်ကျောင်းသားကွ၊ ဘုန်းကြီးလူထွက် မဟုတ်ဘူး''

ပိုင်စိုးက ထိုအတိုင်းပင် ခွတီးခွကျနိုင်၏။ ကျောင်းစာ မတော်သော်လည်း အပြင်စာ အလွန်ဖတ်၏။ သမိုင်းအဓိက ယူထားသော်လည်း သမိုင်းအကြောင်းမှလွဲလျှင် အကုန်မေးလို့ရ၏။

''မင်းတို့က ဘာလဲ။ ကျောင်းစာ ဆွေးနွေးနေတာလား''

''မဟုတ်ဘူးကွ။ ဒီတစ်ခါ ငါတို့ ဆွေးနွေးနေတဲ့ Subject က တစ်မျိုး''

''ထူးထူးခြားခြားပါလား…။ ဘာအကြောင်းပြောနေတာလဲ''

''ကောင်မလေးတွေအကြောင်းပေါ့ကွာ…။ ဟဲ…ဟဲ''

ထိုစကားကို ကျော်လွင်ဦးက စပ်ဖြဲဖြဲနှင့် ဝင်ပြောခြင်းဖြစ်သည်။

ကျော်လွင်ဦးကပင် ဆက်၍…

''မိန်းကလေးတွေရဲ့ မာယာတွေ၊ အလှအပတွေအကြောင်းကို ပြောနေတာပါကွာ''

''မိန်းမမာယာ သဲကိုးဖြာတွေ ဘာတွေ လုပ်မနေကြတော့နဲ့ ဟေ့ကောင်တွေ။ မိန်းမမာယာ ဘယ်နှစ်ပါးဆိုလဲ၊ အဲဒါလည်း ရှိသေးတယ်။ အရေးအတွက် အတိအကျတော့ ငါလည်း မေ့သွားပြီ''

သာမြတ်ကျော်က…

''လုပ်ပါဦး၊ မင်းလည်း ဝင်ဆွေးနွေးစမ်းပါဦး''

''ဘာလဲကွာ…မင်းတို့ကလည်း ဒီကိစ္စများ ရေးကြီးခွင်ကျယ် လုပ်လို့''

''မင်း အမြင်လေးလည်း ကြားချင်လို့ပါကွာ''

ပိုင်စိုးက မျက်နှာတည်တည်နှင့်ပင် လက်ဖက်ရည်ကို မော့သောက်၏။ အတော်ကြာသည်အထိ ဘာမှ မပြော။ နောက်မှ…

''မိန်းကလေးတစ်ယောက်ရဲ့ လှုပ်ရှားမှုကို အကဲခတ်မယ်ဆိုရင် သူ့ရဲ့ Tempo နဲ့ Timing ကို သတိထားတတ်ရမယ်ကွ''

သာမြတ်ကျော်က သောက်လက်စ လက်ဖက်ရည်ပင် နင်သွားရသလို ဖြစ်ကာ…

''မင်းစကားက အဆန်းပါလား''

''ငါက ဘယ်တုန်းက ရိုးတာတွေ ပြောဖူးလို့လဲ''

''အေး…ရှင်းစမ်းပါဦးကွာ''

''Tempo ဆိုတာကတော့ သူ့လှုပ်ရှားမှုရဲ့ အနှေးအမြန်ပေါ့





ကွာ…။ Timing ဆိုတာကတော့ Tempo ကတစ်ဆင့် ဖြစ်လာတဲ့ Rhythmic flow ပေါ့။ အဆင်ပြေညီညွတ်မှုပေါ့''

''ဒီလောက်လေးနဲ့တော့ မရှင်းဘူးကွ။ ဆက်ပြောစမ်းပါဦး''

ကျော်လွင်ဦးက တောင်းဆို၏။

''ဥပမာကွာ…မိန်းကလေးတစ်ယောက်ကို ချစ်ကြောင်း၊ ကြိုက်ကြောင်း ပြောပြီး အဖြေတောင်းထားမယ် ဆိုပါစို့၊ အဲဒီ မိန်းကလေးက မင်းတို့ကို Tempo လေးမျိုးနဲ့ တုံ့ပြန်လိမ့်မယ်''

ဘယ် သူကောင်းသမီးကိုများ ရည်းစားစကားပြောထားဖူးလို့လဲ မသိ။ တက်ကြွသွားကြသည်။

''အေး…ငါတို့ကလည်း အဲဒါမျိုးကြားချင်တာ။ ဆက်ပြောစမ်းပါဦးကွာ။ လန်ဒန်နောက်တစ်ပွဲ ပေးပါဗျို့''

ပိုင်စိုးက သူ့နှာခေါင်းကို လက်နှင့်ပွတ်လိုက်ရင်း ချက်ချင်း မပြောဘဲ သူတို့တွေ မရိုးမရွဖြစ်အောင် တမင်လုပ်နေသေး၏။ ပြီးမှ…

''နံပါတ်တစ် Tempo က Progress Tempo လို့ ခေါ်တယ်။ မင်းတို့ကို အစီအစဉ်တကျ ပြန်ဆက်ဆံလိမ့်မယ်။ ဆုတ်တဲ့ အခါ ဆုတ်ပေးမယ်၊ တက်တဲ့အခါ တက်ပေးမယ်၊ တင်းတဲ့အခါ တင်းပေးမယ်၊ လျှော့တဲ့အခါ လျှော့ပေးမယ်''

''အေး…ဟုတ်ပြီ။ ဆက်ပြောစမ်းပါဦး''

''နံပါတ်နှစ် Tempo က Opposing Tempo လို့ ခေါ်တယ်။ ဆန့်ကျင်ဘက်လုပ်ပြတာပေါ့ကွာ…။ ချစ်လျက်နဲ့ မချစ်ချင်ဟန် ဆောင်တာတို့၊ စိတ်မကောက်ဘဲ စိတ်ကောက်ချင်ယောင်ဆောင်တာတို့၊ အဲဒါမျိုးပေါ့''

''နံပါတ်သုံး Tempo ကကောကွာ''

''ထပ်ခါထပ်ခါ လုပ်ပြတာမျိုးပေါ့ကွာ။ ဆံပင်ကလေးကို ခဏ ခဏ သပ်တင်ပြတာတို့၊ ချိန်းထားပြီး တမင်တကာ ခဏခဏ နောက်ကျပြီးမှ လာတာတို့၊ အဲဒါမျိုးကို ဆိုလိုတယ်''

''ဟုတ်ပြီ…။ နောက်ဆုံး Tempo တစ်ခုပဲ ကျန်တော့

တယ်''

''နောက်ဆုံး နံပါတ်လေး Tempo က Tense Tempo လို့ ခေါ်တယ်''

''ရှင်းပြဦးလေ''

''ရိုးရိုးလေးပါပဲ...။ အချိန်ဆွဲထားတာမျိုးပေါ့''

''သြော်...ဟုတ်ပြီ...ဟုတ်ပြီ''

ကျော်လွင်ဦးနှင့် သာမြတ်ကျော် ခေါင်းတညိတ်ညိတ်ဖြစ်နေကြသည်။ ခေါင်းရှိ၍ ခေါင်းချည်း ညိတ်နေရခြင်းဖြစ်၏။ အမြီးရှိလျှင် အမြီးပါ နှံ့နေကြမလား မသိ။

စားပွဲထိုးလာချပေးသော စီးကရက်ပွဲထဲမှာ လန်ဒန် လေးလိပ်ပါသည်။ Tempo ပြောပြခ တစ်ခုလျှင် တစ်လိပ်နှုန်းနှင့် လေးလိပ်လုံးကို ပိုင်စိုးက သိမ်းလိုက်၏။ ဒါမျိုးကျတော့ အားလုံးက ကြည်ဖြူကြလေသည်။

စကားဝိုင်းက ခေတ္တငြိမ်သက်သွား၏။ မိုးမြူတွေက အတန်ငယ် ပါးလျားစပြုပြီ။ စကားလမ်းကြောင်းက အကြောင်းအရာသစ်နှင့် ပြန်စသည်။

''ဟိုကောင် အာကာထွန်း တစ်ကောင်လည်း ကျောင်းမလာတာတောင် သုံးရက်လောက် ရှိပြီ''

ကျော်လွင်ဦး၏ စကားကို ပိုင်စိုးကပဲ ပြန်ဖြေသည်။

''ဒီကောင် စိတ်ပူပြီး ချမ်းသာတော့မယ်ကွ''

''ဘယ်လို ဘယ်လို''

ပိုင်စိုး၏ စကားကို အားလုံး နားရှုပ်သွားကြသည်။ ပိုင်စိုးက စီးကရက်ကို တစ်ချက်ရှိုက်ဖွာလိုက်ပြီး...

''သူ မွေးထားတဲ့ ဆိတ်မကြီး ဗိုက်ပူလို့ ချမ်းသာတော့မယ်လို့ ပြောတာ။ ဆိတ်သားပေါက်လေးတွေလည်း ရမယ်၊ ဆိတ်နို့လည်း ရမယ်လေ...။ ဒီကောင် ချမ်းသာတော့မယ်''

စကားဝိုင်းက ရယ်ရယ်မောမောနှင့်ပင် ဟိုရောက်ဒီရောက်





ပြောရင်းက အဆုံးသတ်သွားသည်။ အတန်းတက်ရန်အတွက် သုံးယောက်သား ကင်တင်းမှ ထထွက်ခဲ့ကြ၏။

အခြားဝိုင်းတစ်ခုမှာ ကျောင်းသူတစ်စု အချိန်အခါမဟုတ် ထမင်းဘူး ဖွင့်စားနေကြ၏။ သူတို့ကိုကြည့်ပြီး ပိုင်စိုး မျက်မှောင်ကြုတ်သွားသည်။ ထိုဝိုင်းနံဘေးမှအဖြတ် ပိုင်စိုးက စ၍ သံချပ်တိုင်၏။

ကျန်သော သုံးကောင်ကလည်း အတိုင်အဖောက်ညီသည်။

''ဝက်သားတုံးကြီး ဒူးခေါင်းလောက်''

''သူများစားတာ တွေ့ဖူးပါတယ်''

''ဝက်သားတုံးကြီး ဒူးခေါင်းလောက်''

''သူများစားတာ တွေ့ဖူးပါတယ်''

''ဝက်သားတုံးကြီး ဒူးခေါင်းလောက်''

''သူများစားတာ တွေ့ဖူးပါတယ်''

ကြာဖြူနှင့် သူနှင့် သမီးရည်းစားဖြစ်နေကြပြီဟူသော သတင်းတွေ ပျံ့နှံ့ဖြစ်ပေါ်လာပြီးသည့်နောက်မှာ ကျော်လွင်ဦးနှင့် သာမြတ်ကျော်တို့ကပါ အချစ်ရေး အချစ်ရာကို စိတ်ဝင်စားလာပြီး (စိတ်တင်မက လူပါ ဝင်စားရင် ကောင်းမည်ဟု ထပ်ဆင့်စိတ်ကူးယဉ်မိကြကာ) မရိုးမရွ ဖြစ်နေကြခြင်းပင်။

အခြေအနေအရ ပိုင်စိုးကိုပဲ မြင်ပြင်းကပ်ကပ်နှင့် ဆရာတင်နေရသည်။ ပိုင်စိုးကလည်း ကြုံရာ ပေါက်ကရစကားတွေကို ပြောသည်။ ထိုသို့ သူတစ်ပါးကို နောက်ပြောင်ချောက်ချခဲ့လေသမျှ ကျောင်းဆင်းချိန်ကျမှ ဝဋ်လည်သလို ဖြစ်ရလေတော့သည်။

ကျော်လွင်ဦး၊ သာမြတ်ကျော်တို့နှင့် လူစုခွဲပြီး ကျောင်းကား ရှိရာသို့အသွား လမ်းမှာ ကျောင်းသားကြီးတစ်ယောက်က သူ့ကို လက်လှမ်းတား၏။ ငွေကြေးချမ်းသာပုံရသော လူငယ်တစ်ယောက်ဖြစ်ပြီး ဥပဓိရုပ်က ဗုံလုံသီးကြော်ချက်နှင့် တူလေသည်။

မချိပြုံးကို ချိန့်နဲ့ပြုံးပြလာရင်း ပိုင်စိုးကို...

''ညီလေး''

''ခင်ဗျာ''

''အိမ်ပြန်တော့မလို့လား''

''ဟုတ်ကဲ့''

''အစ်ကိုနဲ့ တစ်နေရာရာ ခဏလိုက်ခဲ့ပါလား''

''အာ...ကျွန်တော်က ထမင်းဘူးလည်း ထည့်လာတာ မဟုတ်ဘူးဗျ။ ပိုက်ဆံကလည်း အိမ်ကပေးလိုက်ရင် သုံးနာရီအတွင်း ကုန်တယ်။ ခု...ဗိုက်ဆာနေပြီ''

''တစ်ဆိုင်ဆိုင်မှာ ကိုယ်ကျွေးမှာပေါ့''

''ဂယ်လား''

''ဂယ်...''

''တကယ်လား''ဟု မေးပြီး ''တကယ်''ဟု ဖြေခြင်းဖြစ်သည်။

''ဘယ်ဆိုင်သွားမလဲ''

''အေးအေးဆေးဆေးစကားပြောလို့ရတဲ့ တစ်ဆိုင်ဆိုင်ပေါ့ကွာ''

''အဲကွန်း ပါမှနော်''

''အေးပါကွ''

''ဘယ်လိုသွားကြမလဲ''

''ကိုယ့်မှာ ကားပါတယ်''

''အဆင်ပြေတာပေါ့ဗျာ''

ထို ကားအကောင်းစားကြီးကို စီးပြီး ထိုသော ကျောင်းသားအကောင်းစားကြီးနှင့် စားသောက်ဆိုင်အကောင်းစားတစ်ခုဆီသို့ ပိုင်စိုးရောက်ရှိသွားလေသည်။

စားစရာများကို မှာပြီးသည့်နောက် ထိုလူက...

''ဘီယာချမလား''

''အဲ...''

ပိုင်စိုးက တွေဝေနေသဖြင့် ထိုလူကပဲ...

''လုပ်ပါကွ။ ဟေ့...တို့ဝိုင်းကို စည်ဘီယာတစ်ဂျားချ''

စားပွဲထိုးက ဖန်ကန်တော့ခွက်အကြီးကြီးနဲ့ ဘီယာများ လာချ





သွားသည်။ ထိုလူက သူ့ခွက်ထဲကိုကော ပိုင်စိုးခွက်ထဲကိုပါ ငှဲ့ထည့်သည်။ ပြီး...

''မင်း ကိုယ့်ကို သိလား''

''ဟင့်အင်း...''

''ဒါဖြင့် ကိုယ်ခေါ်တာ ဘာလို့ လိုက်လာတာတုန်း''

''အစ်ကိုကြီးကို တွေ့တွေ့ချင်း ဗိုက်ဆာလာလို့''

''ဟ...ဘာဆိုင်လို့လဲကွ''

ပိုင်စိုး ရယ်နေလိုက်သည်။ ဖုံလုံသီးကြော်ချက်အကြောင်းတော့ ထုတ်မပြောတော့ပါ။

''ကိုယ့်နာမည်က ငြိမ်းအေးတဲ့။ ဂျင်မီငြိမ်းအေး''

''လူပျိုကြီးပေါ့နော်''

''အိမ်ထောင်မရှိသေးတဲ့ လူလွတ်တစ်ယောက်လို့ ပြောပါကွာ''

''အင်း...ဟုတ်ပါပြီ။ အစ်ကိုကြီးပြောမယ်ဆိုတာက ဘာကိစ္စတုန်း''

''ဖြည်းဖြည်းပေါ့ကွာ။ ကဲ...သောက်ပါဦး''

ပိုင်စိုးလည်း သူနှင့်အတူ လိုက်သောက်ရ၏။ ထိုအချိန်မှာပဲ စားစရာများက တစ်ခုပြီးတစ်ခု ရောက်လာသည်။ ကိုငြိမ်းအေးကို ကြည့်ရတာ တော်တော်သောက်နိုင်ပုံရသည်။ စားသောက်ဖွယ်ဟင်းလျာများကို အမြည်းလုပ်ပြီး နှစ်ခွက်မြောက် သောက်ဖြစ်ကြ၏။ ဘီယာတစ်ဂျားကလည်း ကုန်လုကုန်ခင်...

''ထပ်ချရအောင်၊ ထပ်မှာလိုက်မယ်''

''တော်ပြီ...တစ်ယောက်နှစ်ခွက် သောက်ပြီးပြီပဲ။ ထမင်းနည်းနည်းစားမယ်ဗျာ။ ပြီးရင်...ပြောစရာရှိတာ ဆက်ပြောကြတာပေါ့''

''သောက်ပါဦးကွ''

''တော်ပြီလေ...ဒီလောက်ဆို လုံလောက်ပါပြီ။ စကားပြောကောင်းရုံ သောက်ကြတာပဲ ကောင်းပါတယ်''

ပြီး...ပိုင်စိုးက ဆက်ရွတ်လိုက်၏။

"ကောဝ တစ်ခွက်သောက်လျှင်ကား သုညံ့ဆိတ်ငြိမ်၏။ ဒွိယော နှစ်ခွက်သောက်လျှင်ကား သူရ ရဲရင့်၏။ တြိယော သုံးခွက်သောက်လျှင်ကား သုနခေါ ခွေးဖြစ်လေသတည်းတဲ့။ ကျွန်တော်တို့ အချိန်မီ ရပ်လိုက်ကြရအောင်"

သူ့စကားကြောင့် ကိုငြိမ်းအေး ဘာမှ မစားဘဲနှင့် နင်သလို ဖြစ်သွားသည်။

"မင်းဟာကလည်းကွာ..."

ထို့နောက်မှ စိတ်လျှော့လိုက်သည့်ဟန်နှင့်...

"ကဲ...စားစား၊ ပြီးမှပဲ ဆက်ပြောမယ်"

ပိုင်စိုးလည်း ဆာဆာနှင့် ထိုအစ်ကို၏မျက်နှာကို မကြည့်တော့ဘဲ ရှေ့မျက်နှာ နောက်မထားကာ ရှေ့မျက်နှာကို ရှေ့မှာပဲထားပြီး စားပစ်လိုက်သည်။

ကျွေးတုန်းကကျွေးပြီး အခုမှ ဂျင်မီငြိမ်းအေးက သူ့ကို မသထာသလို ကြည့်နေသည်။ ဟင်းခွက်များကို သူနှိုက်မည်ကြံလိုက်တိုင်း ပိုင်စိုးကချည်း ဦးအောင်နှိုက်နေသောကြောင့်ဖြစ်၏။

လေပူကြီးမှုတ်ထုတ်ကာ ဘာကိုမှ ဟုတ်တိပတ်တိမစားတော့ဘဲ ကုလားထိုင်မှာ ကျောမှီပြီး ရှိုရှိုကလေး ထိုင်နေလိုက်တော့၏။

ပိုင်စိုးက စားသောက်အပြီးမှာ နှုတ်ခမ်းပါးနားသပ်လျက် အစ်ကိုကြီးဂျင်မီငြိမ်းအေးကို အံ့သြသလိုကြည့်ပြီး...

"အစ်ကိုကြီးက ဘာဖြစ်လို့ ကျူးကျူးကလေး ဖြစ်နေတာလဲ"

ကိုငြိမ်းအေး ဆတ်ခနဲ ခါးဆန့်သွားပြီး...

"ကုတ်ကုတ်ကလေးလို့ ပြောစမ်းပါကွာ...။ မင်းကလည်း ဘယ့်နှယ် ကျူးကျူးကလေးလဲ"

"ထားပါတော့။ ကဲ...ပြော ဘာပြောမှာလဲ။ ပြောလို့ရပြီ"

ဂျင်မီငြိမ်းအေးက စောစောက မှုတ်ထုတ်ထားသော လေကို အစားပြန်ယူသည့်သဘောဖြင့် ပင့်သက်ကြီးပြန်ရှိုက်သည်။ ပြီးမှ...

"မင်းနဲ့ ကြာဖြူနဲ့က ဘာတွေလဲ"





"နောက်ဆုံးနှစ် ကျောင်းသူကျောင်းသားတွေလေ"

"မင်းတို့အခြေအနေက ဘယ်လိုလဲ"

"နှစ်ယောက်စလုံး ကျန်းမာရေးကောင်းပါတယ်"

"မင်းတို့ချင်း ကြိုက်နေကြပြီလား"

"အစ်ကိုကြီးကလည်းဗျာ..."

"ဘာလဲ"

"အစ်ကိုကြီးက ဘယ်လိုကြားထားလို့တုန်း"

"ကြားထားတဲ့အတိုင်း အခု မင်းကို 'ဒဲ့'မေးလိုက်တာလေ"

"အစ်ကိုကြီးက လည်မလိုနဲ့ အတော်အတာပဲ။ အစ်ကိုကြီး နာမည်မှာ ဂျင်မီဆိုတဲ့စာလုံး ပါလာတော့ ဂျင်ကိုတောင် မီရင်တော်တော်လည်မှာပဲလို့ စဉ်းစားနေတာ"

"အေးလေ...ငါ အတယ်လို့ပဲ ထားလိုက်ပါတော့"

ဂျင်မီငြိမ်းအေးတစ်ယောက် အတော်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သူ့ပုံစံက လေဖြတ်ထားသော သဘော်ကြီး ရေကျချိန်မှာ ကမ်းကပ်၍ မရသလို ဖြစ်နေသည်။ သူ့ဘာသာ တစ်ကိုယ်တည်း ရေရွတ်သေး၏။

"သြော်...ငြိမ်းအေး ငြိမ်းအေး။ နောက်ဆုံးကျတော့လည်း အသည်းကွဲရတာပါပဲလား"

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့"

"ဘာမှ မဖြစ်ပါဘူး၊ လောကကြီးကို စိတ်နာနေတာ"

"အင်းလေ...အဲဒါ ဘာဖြစ်လို့လဲ လို့"

"ငါ့မှာဖြင့် ကြိုးစားလိုက်ရတာ...။ ပြီးတော့လည်း သူ့အချစ်ကို မရလိုက်ဘူး။ နောက်မှ ဝင်လာပြီး မင်းက ဖြတ်အုပ်သွားတယ်။ အပင်ပန်းခံပြီး ဝါးရတော့ 'သွား'၊ အရသာခံပြီး လိပ်ယူသွားတာက 'လျှာ'။ လောကကြီးက မကောင်းပါဘူးကွာ"

"အစ်ကိုကြီးပြောပုံအရဆိုရင် ကျွန်တော်တို့နှစ်ယောက်က လျှာနဲ့ သွား ဖြစ်နေတာပေါ့"

"အေး…"

"အဲဒီလိုတော့ မလုပ်ပါနဲ့ အစ်ကိုကြီးရယ်…။ လင်နဲ့မယား လျှာနဲ့သွားတဲ့။ အစ်ကိုကြီးနဲ့ ကျွန်တော် လင်မယားလို ဖြစ်နေဦးမယ်။ တခြားဥပမာ ပြောင်းပြောဗျာ"

"အေး…မင်းနဲ့ငါက သွားနဲ့သွားချင်း ဆိုပါစို့"

"ဟုတ်ကဲ့"

"မင်းက အပေါ်သွား၊ ငါက အောက်သွားကွာ။ အဲဒီလို ဖြစ်နေပြီ"

"ဩော်…ကျွန်တော်က အထက်စီးရောက်နေတယ်ဆိုတဲ့ သဘောလား"

"မဟုတ်ဘူးဟေ့။ တကယ့်တကယ်ကျတော့ အစာဝါးရင် အောက်သွားကပဲ အဓိကဝါးရတာ။ အထက်သွားက ဖော်လိုလိုက်နေတာ"

သူပြောမှပဲ ပိုင်စိုး သတိထားမိ၏။ အတော် ကပ်သီးကပ်သပ် နိုင်သည့် ဂျင်မီငြိမ်းအေးပဲ။

ပန်းကန်ထဲမှာရှိနေသေးသည့် ပြောင်းဖူးကြော်ကို တစ်စွန်းခပ်ယူ ဝါးစားပြီး ဟုတ်မဟုတ် စမ်းသပ်ကြည့်ရသေး၏။ ပြီးမှ…

"အင်…ဟုတ်တော့ ဟုတ်တယ် အစ်ကိုကြီး။ အပေါ်သွားက ဖော်လိုလိုက်နေတာပဲ။ ဒါပေမဲ့ ဖော်လိုလိုက်နိုင်တယ်ဆိုတာကလည်း ပညာနော်။ အလိုက်အထိုက် ဆက်ဆံပြီး ကိုယ်ဖြစ်ချင်တာကို ရအောင် လုပ်တယ်ဆိုတာ အတော်တန်ဖိုးကြီးတဲ့ Flexable life style ပဲ"

"ပြောအားရှိတော့ ပြောထားပေါ့ကွာ"

အတန်ကြာသည်အထိ မည်သည့်စကားကိုမှ ဆက်မပြောတော့ဘဲ ဂျင်မီငြိမ်းအေး ငြိမ်သက်သွားသည်။ ပိုင်စိုးကတော့ တစ်ဖြုနှစ်ဖြု မကဘဲ သုံးဖြုလေးဖြုထိ စားသောက်ထားသဖြင့် အဆီရစ်နေသည်။

"တောက်"





"အစ်ကိုကြီး ဘာဖြစ်လို့တုန်း"

"မွေးကတည်းက ပါလာတဲ့ နားရွက်ထက် နောက်မှပေါက်တဲ့ ချိုက ပိုရှည်သွားတာကို ခံပြင်းလို့ဟေ့"

ဟင်း…သူ့ကိုယ်သူ ကျွဲလိုလို ဆိတ်လိုလိုနဲ့။ ပိုင်စိုးလည်း ဘာမှ ဆက်မပြောတော့။ မျက်နှာကို မော့ပြီး သွားကြားထိုးနေလိုက်သည်။ ဂျင်မီငြိမ်းအေးကို ဘယ်လိုအားပေးရမည်မှန်းလည်း မသိ။

ကြာဖြူကို ကြိုက်နေကြတာက အများကြီး။ ကျန်သူတွေလည်း ကသောင်းကနင်းခံစားနေကြရတော့မည်။ အကြော်လည်းဆုံး၊ ဉာဏ်လည်း တုံး၊ အမြီးလည်းပြတ်၊ အီးလည်းထွက် ဆိုတာမျိုး ဖြစ်နေကြရော့မည်။

"ကဲ…မင်း ပြန်ရင် ပြန်ကွာ"

"ဟင်…အစ်ကိုကြီးကကော"

"ငါ ဒီမှာပဲ ဆက်ထိုင်နေဦးမယ်"

"ကျွန်တော့်ကို ပြန်လိုက်မပို့တော့ဘူးလား"

"ကိုယ့်ဘာသာ ဘတ်(စ)ကားစီးပြန်ပေါ့ကွ"

"ဟိုလေ…အစ်ကိုကြီး ကြိုက်ချင်ရင်တော့ ကျွန်တော့်အသိထဲမှာ မတင်ဝင်းဆိုတာ ရှိတယ်"

"ဟာ…သွားစမ်းပါကွာ၊ ဘာတွေလာပြောနေမှန်း မသိဘူး"

"ဒါဖြင့် ကျွန်တော် သွားတော့မယ်နော်၊ အစ်ကိုကြီး တာ့တာ"

ဆိုင်အပြင်ရောက်မှ ပိုင်စိုးလည်း 'ဟင်း' ချရတော့၏။ (မှတ်ချက်။ ဆိုင်ထဲမှာတော့ ဟင်းကို မချတမ်း ကိုင်ထားပါသည်) သူ့ကို ဂျင်မီငြိမ်းအေးမှန်း သိသားပဲ။ မိတ်ဆက်ပေးသူမရှိလို့ မသိဘူး ပြောလိုက်တာ။

စိတ်ရှုပ်ရှုပ်နှင့် ဂျင်မီငြိမ်းအေးညွှန်ကြားသည့်အတိုင်းပင် ဘတ်(စ) ကားစီးပြီး ပြန်လာခဲ့လိုက်၏။ ဘတ်(စ်)ကားပေါ်မှာ မိန်းကလေးတွေ တော်တော်များများပါလာသည်။ ထို့ကြောင့်ပဲလား မသိ။ နှာဘူး တော်တော်များများကိုလည်း တွေ့ရသည်။

BU = ဘူး

BUS = ဘုစ် = ဘူးများ

ဘတ်(စ)ကားကြီးကတော့ နာမည်နှင့်လိုက်အောင် နှာဘူးများကို ဖော်ထုတ်ပေးလေသည်။

အိမ်ကိုရောက်ခါနီး လမ်းထိပ်မှာ ဦးအောင်ကိုကို တွေ့ရသည်။ ဘာလုပ်နေမှန်းမသိလောက်အောင်ပင် အလုပ်စုံသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ အရွယ်နှင့်မလိုက်အောင် လူငယ်ဆန်ဆန် ဝတ်စားဆင်ယင်ထား၏။ ဂျင်းဝတ်စုံနှင့် ဝပ်ကင်းရှူးနှင့်။ ပြီး…အဆိပြန်မျက်နှာကြီးနှင့်။

''ဗျို့ ဦးအောင်ကို''

''ဩော်…အေး…ပိုင်စိုး''

''သိနေတယ်နော်…သိနေတယ်''

ဦးအောင်ကို ရှုံးရှုံးရှဲရှဲဖြစ်သွားသည်။

''ဘာလဲကွ။ မင်းက ဘာကို သိတာလဲ''

''ကျွန်တော် သိထားတယ်ဆိုရင် ပြီးတာပဲပေါ့ဗျာ…''

''အေးလေ…မင်းက ဘာကို သိတာလဲလို့''

''အင်း…ကျွန်တော် သိထားတာက ဦးအောင်ကိုရဲ့ လျှို့ဝှက်ချက်များ ဖြစ်နေမလားတော့ မသိဘူး''

''အေး…ဘာလဲဆို''

''သွားလိုက်ဦးမယ်ဗျာ''

ဘာသိလဲဆိုတော့ ပိုင်စိုး ဘာမှ မသိချေ။ သက်သက်မဲ့လျှောက်ပြောနေခြင်းဖြစ်၏။ ဦးအောင်ကို မချိတင်ကဲဖြစ်ပြီး ကျန်နေခဲ့လေသည်။

■





(၈)

''နှင့်ရည်းစားစာက ဘယ်လိုရည်းစားစာကြီးတုန်းဟ''

''အေးလေ…ဟုတ်ပါရဲ့''

ကြာဖြူက ပိုင်စိုးပေးထားသော ရည်းစားစာကို သူငယ်ချင်းအုပ်စုအား ဤနေ့မှ ထုတ်ပြလိုက်ခြင်းဖြစ်၏။ မျှော်လင့်ထားသည့်အတိုင်း ဝေဖန်သံတွေက ကြွေပန်းကန်ကျကွဲသလို ချွင်ခနဲ၊ ခွမ်းခနဲ ပေါ်ထွက်လာသည်။

''တော်တော်…မထော်မနန်းနိုင်တဲ့ ရည်းစားစာပဲ''

''အေးလေ…ရေးထားတဲ့စာက တိုတိုလေး။ဒါတောင် တစ်လုံးမှ ထောင့်မကျိုးဘူး''

''အဲဒီ ပိုင်စိုးဆိုတဲ့ ကောင်ကလေ…။ သူ့အကျင့်ကို သိထားလို့သာ တော်တော့တယ်။ နို့မို့သာဆို တို့အုပ်စုနဲ့ ပြဿနာအကြီးအကျယ်ပဲ''

''လက်ရေးကတော့ အပျံစားပဲဟ''

ကြာဖြူက ဘာမှ ဝင်မပြော။ တစ်ယောက်တစ်ပေါက်ပြောနေသော ခတ္တာတို့ကိုသာ အကဲခတ်သလို ကြည့်နေသည်။ မြတ်နိုးမေက

''ကြာဖြူ''

''ဟင်''

''သူ့နှလုံးသားက အန္တရာယ်ကို မလွယ်နိုင်လို့ ဒီစာကို အီအီးပါချလိုက်တာပေါ့နော်''

အားလုံးက ဝိုင်းရယ်ကြသည်။ ကြာဖြူကတော့ မဲ့ပြုံးမျှသာ ပြုံးဖြစ်၏။

''ဟဲ့...ကြာဖြူ။ တစ်ခုခု ပြောစမ်းပါဦးဟ''

''ဘာကို ပြောရမှာလဲ''

''နင် သူ့ကို ဘယ်လိုသဘောထားလဲ''

နှုတ်က ဘာမှမပြောဘဲ ကြာဖြူ ခေါင်းကိုသာ ခါယမ်းပြလေသည်။

''အဲဒါထက် အရေးကြီးတဲ့ပြဿနာကို ငါစဉ်းစားနေတာ''

''ဘာလဲ''

ကြာဖြူ၏စကားကို အားလုံးက စိတ်ဝင်တစားဖြစ်သွားကြသည်။ ကြာဖြူက မပွင့်တပွင့်နှင့်...

''နင်တို့ကို ငါ ပြောပြဖူးသားပဲ။ သူ့ရဲ့ ငါးပြားစေ့ကိစ္စလေ''

''ဟာ...နင်ကလည်း အဲဒါလေးကိုများ ခေါင်းထဲထည့်လို့''

''မဟုတ်ဘူးဟ။ ဒီကောင်က လွယ်တဲ့ကောင် မဟုတ်ဘူး။ တော်ကြာ လူကြားသူကြားမှာ သူ့အကြွေး ငါးပြား ပြန်ပေးပါဆိုပြီး တောင်းရင် ခက်နေမယ်''

''အေး...အဲဒါလည်း ဟုတ်သားပဲ''

ကြာဖြူနှင့်အတူ သူမတို့ပါ ခေါင်းစားသွားကြသည်။ လဲ့လဲ့ဝင်းခင်က...

''ဒီလိုလုပ်ဟာ...။ နင် သူ့ကို တစ်ကျပ်ပေးလိုက်။ ၉၅ပြား ပြန်အမ်းလို့ ပြောလိုက်''

''မရဘူးဟ။ သူက အဲဒီငါးပြားစေ့က သူ့ဘကြီး ဆုချထားတဲ့ ငါးပြားစေ့တဲ့။ အဲဒါကြောင့် အဲဒီငါးပြားစေ့ကို ပြန်လိုချင်တာတဲ့''





''အဲဒါများ ယုံလို့''

''ယုံတော့ မယုံဘူးပေါ့ဟာ။ တမင်ညစ်မှန်းတော့ သိသားပဲ။ တစ်ချိန်လုံး ဆက်ညစ်နေမှာကို စိုးတာ''

''အင်း...ဒါဆို တခြားငါးပြားစေ့ကို အစားထိုးပေးရင်ကော''

''သူ့ငါးပြားစေ့မှာ အမှတ်အသားတစ်ခုခုပါနေရင် ခက်ဦးမယ်ဟ''

''နင် တွေ့လိုက်လို့လား''

''ဘယ်ကလာ...သေချာတောင် မကြည့်မိပါဘူး။ ဆွဲယူလွှင့်ပစ်လိုက်တာပဲ''

''ဘယ်နားမှာ လွှင့်ပစ်လိုက်တာလဲ''

''ဒီနားမှာပဲလေ''

ရင်ထိုးကျူကျူနှိုက်ခဲ့သော နေရာလေးမှာပဲ သူတို့ ထိုင်နေကြခြင်းဖြစ်၏။

''ငါးပြားစေ့ကိုတော့ ဘယ်သူမှ မကောက်လောက်ပါဘူး။ ရှာကြည့်ရင် တွေ့နိုင်သေးတယ်''

''အေး...ငါလည်း အဲဒီလို စိတ်ကူးမိတယ်''

''ဒါဖြင့်ရင် ရှာမယ်လေ...။ ငါတို့ပါ ကူရှာပေးမယ်''

''မဟုတ်ဘူး။ အတန်းချိန်နီးနေပြီ။ နင်တို့ သွားနှင့်ကြ။ ငါ့ဟာ ငါ တစ်ယောက်တည်း လိုက်ရှာကြည့်မယ်။ အားလုံးက ဝိုင်းရှာနေကြရင်လည်း ဘေးအမြင်မှာ ကြီးကျယ်တဲ့ကိစ္စ ဖြစ်နေဦးမယ်''

အားလုံးက စဉ်းစားဟန်ပြုပြီးမှ ခေါင်းညိတ်ကြ၏။

''အေး...ဒါဆိုလည်း ပြီးရော။ ငါတို့ သွားနှင့်မယ်''

သူမတို့ ထွက်သွားမှပဲ ကြာဖြူ ထိုအသပြာငါးပြားကို သဲကြီးမဲကြီး ပုံရှာနေမိတော့ပြန်၏။ အတော်ကြာအောင် ရှာသော်လည်း မတွေ့။ စေ့စေ့စပ်စပ်ကို ရှာခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ကိုပင် ဂရုမထားမိတော့။ ထိုအချိန်မှာပဲ...

''အစ်မ ဘာရှာနေတာလဲ''

လှည့်ကြည့်လိုက်တော့ ကင်တင်းမှ စားပွဲထိုးလေး။

“သြော်…အေး။ ဟိုနေ့က နင်လာပေးတဲ့ ငါးပြားစေ့လေ။ ငါ လွှင့်ပစ်လိုက်တာ၊ အဲဒါကို ပြန်ရှာနေတာ”

“သြော်…အဲဒါဆိုရင် မရှာနဲ့တော့ အစ်မ။ ဟိုအစ်ကိုကြီး ပြန်ယူသွားပြီ”

“ဟင်…ဟုတ်လား။ နင်ကိုယ်တိုင် မြင်လိုက်လို့လား”

“အစ်မ လွှင့်ပစ်သွားကတည်းက ကျွန်တော်က အဲဒီ ငါးပြားစေ့ကို ပြန်ကောက်ထားလိုက်တာလေ။ အစ်မတို့ စကားပြောနေတော့ ကျွန်တော်လည်း အနှောင့်အယှက်ဖြစ်မှာစိုးလို့ လာမပေးတာ”

“သြော်…အဲဒါကို နင်က သူ့ကို ပေးလိုက်တယ်ပေါ့”

“ဟုတ်ကဲ့။ ကျွန်တော် ပြန်ကောက်ထားကတည်းက သူက မြင်နေတဲ့ဟာကို…။ နောက်နေ့ကျတော့ ပြန်လာယူသွားတယ်။ ကျွန်တော့်ကိုတောင် မုန့်ဖိုး ပေးသွားသေးတယ်”

“သြော်…အေးအေး။ ဝမ်းသာလိုက်တာဟာ…။ ကိစ္စတစ်ခု ပြီးသွားတာပေါ့။ ဒါနဲ့ နင့်နာမည် ဘယ်လိုခေါ်လဲ”

“အာလူး”

“အေးအေး…ကျေးဇူးပဲ အာလူးရယ်။ နင့်ကို သူက မုန့်ဖိုး ဘယ်လောက်ပေးသွားလဲ”

“ငါးဆယ်”

ကြာဖြူက နှာခေါင်းရှုံ့လိုက်ရင်း…

“ငါကလည်း ပေးခဲ့ပါတယ်။ ရော့…ငါးရာ”

“အားဟား…ပွတာပဲ”

ကြာဖြူ ဝမ်းသာအားရဖြင့် စာသင်ဆောင်ဘက် သွားရန် ခြေလှမ်းပြင်သည်။ အာလူးကတော့ သူ့ဆိုင်သို့ တချိုးတည်းပြေးတော့ သည်။ ပြီးမှ ပိုင်စိုးပေးထားသော ရည်းစားစာကို သတိရပြီး အိတ်ထဲမှ ထုတ်ယူလုံးချေကာ မြေပေါ်သို့ ဒေါသတကြီး ပစ်ပေါက်ခဲ့၏။

စာသင်ချိန်တစ်ချိန်ပြီးသွားမှ သူငယ်ချင်းမ အုပ်စုကို စိတ်ပေါ့ပေါ့





ပါးပါးနှင့် ပြန်လည်ပြောပြရ၏။

“တော်သေးတာပေါ့ဟာ…”

ခတ္တာ၏ စကားကို စန္ဒာရဲလှက ဘဝင်မကျသောမျက်နှာနှင့် ကန့်ကွက်၏။

“မတော်သေးဘူးဟ”

“ဘာလို့ မတော်တာလဲ”

“ရည်းစားစာကို လုံးချေပြီး အဲဒီနားမှာ ပစ်ချခဲ့တယ်ဆို”

“အေး…”

“ငနောက်တစ်ကောင်ကောင်က တွေ့သွားပြီး ဖွင့်ဖတ်ရင် အရှက်ကွဲမယ်နော်။ တော်ကြာ ဘလက်ဘုတ်မှာ သွားကပ်ထားဦးမယ်။ ဒီရည်းစားစာကြီးက တော်ရုံတန်ရုံရည်းစားစာလည်း မဟုတ်ဘူး။ ပေါက်တတ်ကရ ရည်းစားစာ”

“အဲ”

ကြာဖြူ မျက်လုံးဝိုင်းသွားသည်၊ ကျန်သူများလည်း ပြာပြာသလဲ ဖြစ်သွားသည်။

“ဒါဆို သွားပြန်ယူဦးမှ ဖြစ်မှာပေါ့”

“ပြန်ယူလာစရာ မလိုပါဘူး။ အဲဒီမှာပဲ အစိပ်စိပ်အမွှာမွှာ ဆွဲဖြဲလိုက်လည်း ရပါတယ်။ ဘယ်သူကမှ ဆက်စပ်ပြီး ပြန်ဖတ်လို့ မရအောင် အစိပ်စိပ်အမွှာမွှာ ဖြဲပစ်လိုက်”

“စာကိုလည်း တစ်ချက်ပြန်ကြည့်လိုက်ဦး။ နင့်နာမည်နဲ့ ဒီကောင့် နာမည်ပါတဲ့ နေရာတွေကို ဖတ်မရအောင် သေချာဖြဲပစ်လိုက်”

စိတ်ရှုတ်ထွေးစွာဖြင့် ထိုနေရာသို့ ကြာဖြူ ပြန်လာရပြန်သည်။ စန္ဒာရဲလှ၏ စကားကြောင့် ထိုစာကို သူတစ်ပါးတွေ့သွားမည်ကိုလည်း စိုးရိမ်နေမိသည်။

“ဟောတော့”

အမှန်တကယ်ပင် စာက မရှိတော့ချေ။ လေတိုက်လို့ လွင့်သွား တာများလား။ ဖြတ်လျှောက်သွားတဲ့ သူတစ်ယောက်ရဲ့ ခြေထောက်နဲ့

တိုက်မိပြီး ဘေးဘီကိုများ ရောက်သွားလား၊ အဲဒီလိုဖြစ်ရင်တော့ တော်ပါသေးရဲ့။ နို့မို့ဆိုရင်...

ထိုအချိန်မှာပဲ...

''အစ်မ ဘာရှာနေပြန်တာလဲ''

လှည့်ကြည့်လိုက်တော့ စားပွဲထိုးလေး အာလူး။

''ခုနကဟာ...ငါ ဒီနားမှာ စာရွက်အဝါလေးတစ်ရွက်ကို လုံးထွေးလွှင့်ပစ်ခဲ့တယ်။ အဲဒါ ခု မရှိတော့လို့''

''ဩော်...အဲဒါ ဟိုအစ်ကိုကြီး ယူသွားပြီ အစ်မရဲ့''

''ဘယ်အစ်ကိုကြီးလဲ''

''အဟီး...ဟို...အစ်မ စိတ်ကောက်နေကျ အစ်ကိုကြီးလေ။ ခပ်ချောချောလေ''

''ရှင်းအောင်ပြောစမ်းပါ၊ ငါးပြားစေ့ယူသွားတဲ့ လူလား''

''ဟုတ်ကဲ့''

''အဲဒီစာရွက်ကို သူ ရသွားတာ နင်ကိုယ်တိုင် တွေ့လိုက်လို့လား''

''ဟုတ်ကဲ့''

''ဩော်...ဒါဖြင့် သူ့ဆီ ပါသွားပြီပေါ့''

''မဟုတ်ဘူး။ ကျွန်တော့်ကို ပေးသွားတယ်။ အစ်မလာရင် ပြန်ပေးလိုက်တဲ့''

''အေး...ပေးပေး...ပေးစမ်း''

အာလူးက သူ့အင်္ကျီအိတ်ထဲမှာ ထည့်ယူလာသော စက္ကူအားလုံးကို ထုတ်ပေးသည်။ ကြာဖြူက ကပျာကယာဆွဲယူလိုက်ရင်း

''ရပြီ...ရပြီ...နင်သွားတော့''

''ဟုတ်ကဲ့''

အာလူး ထွက်သွားတော့မှ ကြေမွနေသော စက္ကူလုံးကြီးကို ပြန်ဖြန့်ကာ လက်လွတ်စပယ်ဆွဲဖြဲရန် ပြင်လိုက်မိသေး၏။ နောက်မှ သူငယ်ချင်းတွေ၏ အမှာစကားကို အမှတ်ရပြီး စာကို ဖတ်ကာ သူ့





နာမည် ကိုယ့်နာမည်ပါသည့် နေရာကို ရှာကြည့်လိုက်၏။

''ဟင်...''

ပထမစာအယောင်ဆောင်ထားသော ဒုတိယစာဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် တစ်ခါတည်းဆွဲဖြဲပစ်မည်ဟု စိတ်ကူးမိသော်လည်း စာထဲမှာ နာမည်တွေကို လိုက်ရှာရင်း စာကိုပါ ဖတ်မိသလိုဖြစ်သွားကာ ဖြဲပစ်မည့် လက်တို့ တွန့်သွားရ၏။

''ဘာလဲဟာ...''

ဒုတိယစာက ပထမစာထက်ပင် ဆိုးနေသေးသည်။ မဖြဲတော့ဘဲ လွယ်အိတ်ထဲထိုးထည့်ကာ စာသင်ခန်းဘက် ပြန်လျှောက်လာခဲ့သည်။ ထိုစာကို သူငယ်ချင်းများအား ပြပြီး တိုင်ပင်ဦးမှ ဖြစ်တော့မည်။

သို့သော်လည်း အခန်းထဲရောက်တော့ သင်နေသော ကျောင်းစာများအပေါ်တွင် အာရုံရောက်ပြီး ထိုကိစ္စကို မေ့မေ့လျော့လျော့ပင် ဖြစ်သွားသည်။

''အဆင်ပြေလား''

''အင်း...''

ထိုမျှသာပြောဖြစ်ကြပြီး ကျောင်းဆင်းတော့ ကိုယ့်အိမ်ကိုယ်ပြန်ခဲ့ကြတော့၏။

အိမ်ရောက်တော့ အိမ်မှလူတွေ ပြာယိပြာယာဖြစ်နေကြတာကို တွေ့ရသည်။ ဖေဖေကတော့ မရှိ။

''မေမေတို့ ဘာဖြစ်နေကြတာလဲ''

''အေး...သမီး ကြာဖြူလာတာ အတော်ပဲ၊ လိုက်ရှာပါဦးကွယ်''

''ဘာကိုလဲ မေမေရဲ့''

''သမီး အဘိုးလေ...၊ ဘယ်ရောက်သွားမှန်း မသိဘူး''

''ဟင်...''

ကြာဖြူလည်း ရင်ထဲမှာ ဒိုင်းခနဲဖြစ်သွားသည်။ အဘိုးကို အိမ်ထဲမှ အိမ်ပြင်သို့ ပေးထွက်သည်မဟုတ်။ တုန်ယင်ချိနဲ့ပြီး သူငယ်ပြန်သလို ဖြစ်နေသောကြောင့် တစ်ယောက်မဟုတ် တစ်ယောက် အမြဲတမ်း

စောင့်ကြည့်ပြီး သူ ကစားသလို လိုက်ကစားပေးနေရလေ့ရှိသည်။

''ဘယ်ဘက်ကို ထွက်သွားတာတုန်း''

''မသိဘူး။ ဘယ်သူမှ မမြင်လိုက်ဘူး''

''စောင့်ကြည့်မနေကြဘူးလား။ ခက်တာပဲ...။ ဟဲ့ နော်မူ၊ ဘာဘရာ''

အိမ်ဖော်မလေးများကို အော်ခေါ်တော့ မေမေက...

''မရှိဘူး၊ သူတို့လည်း လိုက်ရှာကြတယ်''

''အဘိုးထွက်သွားတာ ဘယ်လောက်ကြာပြီမှန်းလည်း မသိကြဘူးပေါ့''

''အဲ...အဲဒါကတော့ မှန်းလို့ရတယ်။ မကြာသေးဘူး။ မေမေက မီးဖိုချောင်ထဲမှာ နော်မူနဲ့ ချက်ပြုတ်နေတာ။ နင့်အဘိုးနားမှာ ဘာဘရာ ရှိတယ်။ ဆေးသောက်ချိန်ရောက်လို့ ဆေးထဖျော်တုန်းမှာ နင့်အဘိုး တိတ်တိတ်ထွက်သွားတာ''

ကြာဖြူက ကြမ်းပြင်ကို မမှိတ်မသုန်ကြည့်ရင်း စဉ်းစားနေ၏။ ပြီးမှ...

''သူ ဘာပူဆာတာ ကြားမိလဲ''

''ကားအရုပ်...တဲ့''

''သူ့မှာ ကားအရုပ်တွေ အများကြီးဟာကို''

''အေး...အခုဟာက ဥသြဆွဲသံမြည်တဲ့ ကားတဲ့။ အဲဒါကို ဝယ်ပေးတဲ့၊ ငါလည်း မအားတာနဲ့ နောက်နေ့မှ ယူလို့ ပြောလိုက်တယ်။ မကျေနပ်ဘူး''

''အဲဒါဆို အရုပ်ရောင်းတဲ့ဆိုင်ဘက်ကို သွားတာဖြစ်မယ်။ ကဲ သမီးလိုက်သွားလိုက်ဦးမယ်''

''အေးအေး...သမီး မြန်မြန်လိုက်နော်''

''ဟုတ်''

ကြာဖြူ အိမ်အပြင်သို့ ခပ်သွက်သွက်ထွက်ခဲ့၏။ ကြာဖြူတို့ နေသည်က ကားအသွားအလာ ရှုပ်ထွေးလှသော မြို့လယ်ခေါင်မှာဖြစ်၍





အဘိုးအတွက် အန္တရာယ်ကြီးလှသည်။ တစ်ခါကလည်း ထိုသို့ပင် ထွက်သွားဖူးသည်။ ပလက်ဖောင်းကျောက်ပြားမှ အပေါက်ထဲ ခြေကျွံကျပြီး အရိုးအက်သွားဖူးသည်။

အရုပ်ဆိုင်တွေ၊ အရုပ်ရောင်းသော စတိုးဆိုင်တွေကလည်း လက်ညှိုးထိုး၍ပင် မလွဲ။ ဒီနားတဝိုက်တွင် ပုံ့ကျဲနေသည်။ အဘိုး ဘယ်ဆိုင်ကို သွားသလဲ။

တစ်ဆိုင်ပြီးတစ်ဆိုင် လိုက်ရှာ၏။ မတွေ့မိ။

''ဒုက္ခပါပဲ''

ရင်ထဲမှာ မောလာသည်။ ကျောင်းမှ ပြန်ရောက်ကာစဖြစ်၍ လူကလည်း မောနေသည်။ ယာဉ်တွေ ကားတွေကလည်း ရှုပ်ယှက်ခတ်နေ၏။ အရေးထဲမှာ မီးပွိုင့်ကလည်း ပျက်နေသည်။ ယာဉ်ထိန်းရဲက လည်း ရောက်မလာသေး။

ပလက်ဖောင်းပေါ်မှာရပ်ပြီး ကျိုးကန်းတောင်းမှောက် မျက်လုံးများနှင့် ဟိုဟိုဒီဒီ မျှော်ကြည့်ရှာဖွေနေမိစဉ်မှာပဲ...

''အစ်မ''

လှည့်ကြည့်လိုက်တော့ စားပွဲထိုးလေး အာလူး။ လက်ထဲမှာ လည်း အထုပ်အပိုးတွေနှင့်။ သူမကို သွားဖြဲရယ်ပြပြီး...

''အစ်မ ဘာရှာနေပြန်ပြီလဲ''

ဒင်းကလေးကတော့ ကြာဖြူ့ကို ရှာပဲရှာနိုင်လွန်းတဲ့ မိန်းမဟု ထင်ရော့မည်။

''နင်က ဘယ်လိုလုပ် ဒီရောက်နေတာတုန်း''

''ဆိုင်အတွက် ပစ္စည်းတွေ လာဝယ်တာလေ''

''အေး...ခါးကိုင်းကိုင်း ဆံပင်ဖြူဖြူ အဘိုးကြီးတစ်ယောက်ကို တွေ့မိသလား။ တောင်ဝှေးနဲ့လေ...။ တုံချိ တုံချိနဲ့ လမ်းလျှောက်ရင်း လည်း စကားတွေ ပြောနေတတ်တယ်''

''အင်း...တွေ့တယ်''

''ဟုတ်လား။ ဘယ်မှာ တွေ့ခဲ့တာလဲ''

"ဟိုးဘက်က စတိုးဆိုင်ကြီးမှာ...။ 'ကိန္နရီ'ဆိုတဲ့ စတိုးဆိုင်လေ"

"ဟာ...ဟုတ်လား"

သူမ ထွက်လာရာနှင့် ဆန့်ကျင်ဖက် ဖြစ်နေသည်။ ဒရောသောပါး လိုက်သွားရန် ပြင်သည်။

"အစ်မ လိုက်မသွားနဲ့တော့လေ"

"ဘာဖြစ်လို့လဲ"

"ဟိုအစ်ကိုကြီး ခေါ်သွားပြီ"

"ဘယ်အစ်ကိုကြီးလဲ"

"အစ်မရည်းစားလေ အစ်မရယ်...။ ဟို...ငါးပြား ငါးပြား"

"ဟင်...သူက ဘယ်လိုလုပ် ရောက်လာတာလဲ။ ဘယ်ကို ခေါ်သွားတာလဲ"

"အစ်မတို့အိမ်ကို ပြန်ပို့ပေးတာ ထင်တယ်"

"နင်ကိုယ်တိုင် မြင်လို့လား"

"အင်း...ပြန်ပို့ပေးမယ်ထင်တယ်။ အဲဒီအဘိုးကြီးက အစ်မအဖေလား"

"အဘိုးဟဲ့"

"အင်း...စတိုးဆိုင်ထဲမှာ သူ ရန်ဖြစ်နေတာ။ ကျွန်တော်လည်း အိုဗာတင်းတွေ၊ ကော်ဖီမစ်တွေဝယ်ရင်း ဟိုအစ်ကိုကြီးနဲ့ တွေ့လို့ ရပ်စကားပြောနေတာ"

"သူကရော ဘာလုပ်တာတုန်း"

"သူက ဘောလ်ပင်တွေ၊ ဆော့ပ်ပင်တွေ လာဝယ်တာ။ ကျောင်းကနေ တန်းလာတာ။ ဒါပြီးရင် ရုပ်ရှင်ဝင်ကြည့်မလို့တဲ့"

"နေပါဦး...ငါ့အဘိုးက ဆိုင်ထဲမှာ ဘယ်သူနဲ့ ရန်ဖြစ်နေတာလဲ"

"ကောင်တာက အရောင်းစာရေးမတွေနဲ့ပေါ့။ အစ်မ အဘိုးက အရုပ်တွေ အများကြီးဝယ်တယ်။ မြေးအတွက် နေမှာပေါ့"





"ဘာ...သေနာလေး။ ငါက အရုပ်နဲ့ ဆော့ရမယ့်အရွယ်လား"

"မဟုတ်ဘူးလေ...။ မြေးမဟုတ်ရင် မြစ်ဖြစ်မှာပေါ့"

"ငါ လင်တောင် မယူရသေးဘူးဟဲ့။ ကဲ...ထားစမ်းပါ၊ ဘယ်လိုရန်ဖြစ်ကြသလဲ ပြောစမ်းပါဦး"

"အစ်မရဲ့အဘိုးက အရုပ်တွေလည်း ယူသေးတယ်။ ပြီး...ပိုက်ဆံမှ မပေးတာ။ ဂျယ်လီဝယ်စားလိုက်တာ ကုန်သွားပြီတဲ့"

"သြော်...အဲဒီတော့ စာရေးမတွေက အရုပ်ကို ဘယ်ပေးမလဲ၊ အဲဒီလိုနဲ့ ရန်ဖြစ်ကြတာပေါ့။ ဟုတ်လား..."

"အင်း...ဟုတ်တယ်။ ဒါပေမဲ့ နောက်မှ ရန်ဖြစ်တာ။ ပထမတော့ သူ့ကို အရုပ်တွေ မပေးလိုက်လို့ဆိုပြီး အစ်မအဘိုးက အော်ငိုတယ်"

"ဘာ...အော်ငိုတယ် ဟုတ်လား"

"ဟုတ်တယ်...။ အဲဒါကြောင့် ကျွန်တော်နဲ့ ဟိုအစ်ကိုကြီးလည်း စကားပြောတာကို ရပ်ပြီး လှည့်ကြည့်ကြတာ"

ဒုက္ခပါပဲ။

"ဒါဖြင့် နင့် ဟိုအစ်ကိုကြီးက ငါ့အဘိုးကို ခွဲထုတ်သွားတယ်ဆိုပါတော့"

"ဖြန်ဖြေပြီး ခွဲထုတ်ပေးရတာပေါ့။ အစ်ကိုကြီးတောင် အိတ်ထဲက ရုပ်ရှင်ကြည့်မယ့် ပိုက်ဆံလေး ထွက်သွားသေးတယ်။ အစ်မရဲ့အဘိုးကို အရုပ်တစ်ရုပ်ဝယ်ပေးပြီးမှ ချော့ခေါ်သွားရတာ။ အစ်မအဘိုးကို သူ ပြန်လိုက်ပို့ပေးမယ်လို့ ပြောနေတာ ကြားတယ်"

"သူက ငါ့အဘိုးမှန်း သိလို့လား"

"သိပုံမပေါ်ဘူး။ ဘယ်ကအရူးကြီးလဲ မသိဘူးလို့ ပြောတယ်"

"ဘာ...အရူးကြီး ဟုတ်လား"

"ဟုတ်ကဲ့...။ အစ်မအဘိုးကလည်း သူ့အိမ်သူ မှတ်မိတယ်လို့ ပြောတယ်လေ။ အဲဒါကို ပြန်လိုက်ပို့ပေးတယ်။ အစ်မရဲ့ အဘိုးကလည်း စိတ်သာမနှံ့တယ် သူ့အိမ်တော့ သူမှတ်မိသားနော်"

"ဘာ စိတ်မန္တာလဲ။ ငါ့အဘိုးက အရူးမဟုတ်ဘူးဟဲ့"

"ဒါဖြင့် ဘာဖြစ်တာလဲ"

သူငယ်ပြန်တာဟု ပြောမိမလိုဖြစ်ပြီးမှ…

"သူက တစ်ခါတစ်ခါ အဲဒီလိုပဲ။ ကဲ…ကဲ နင်လည်း သွားစရာရှိတာ သွားတော့။ ငါလည်း အိမ်ကို ပြန်ပြေးလိုက်ဦးမယ်"

"ဟုတ်…ဟုတ်ကဲ့"

အာလူးပြောသွားတာက အမှန်တွေချည်းပဲဖြစ်သည်။ ကြာဖြူ အိမ်ပြန်ရောက်တော့ အဘိုးက ပြန်ရောက်နေပြီ။ မေမေ ဖုန်းဆက်ခေါ် လိုက်သဖြင့် ဖေဖေကလည်း ကွန်ပျူတာဆိုင်ကို တပည့်တွေနှင့်လွှဲပြီး အိမ်ပြန်ရောက်နေသည်။

ကြာဖြူက စိတ်တိုတိုနှင့်…

"ဘယ်လျှောက်သွားပြီး၊ ဘာတွေ လျှောက်လုပ်နေတာလဲ။ သူများတွေနဲ့လည်း ရန်ဖြစ်ခဲ့တယ်ဆို"

ဖေဖေက ဝင်တားၤ၏။

"သမီးရယ်…ထိုင်စမ်းပါဦး။ အော်ဟစ်နေတာပဲ။ တော်သေးတယ်။ ဒီမှာ…ဒီသူငယ် ပြန်လိုက်ပို့လို့"

ပိုင်စိုးက သူမကို ကျောခိုင်းထိုင်နေခြင်းဖြစ်သည်။ ဖေဖေက ထိုင်ခိုင်းနေသဖြင့် ဖေဖေ့နံဘေးမှာ ဝင်ထိုင်လိုက်ရသည်။

"ဟင်…"

ပိုင်စိုး အံ့အားသင့်သွားပုံ ရသည်။ အနေအထားကို သဘောပေါက်သွားသလို ရှိပြီး…

"ဒါ ကြာဖြူတို့ အိမ်လား"

"ဟုတ်တယ်"

ဖေဖေနှင့်မေမေက အံ့သြသွားကြသည်။

"ဟင်…သမီးတို့ချင်း သိနေလား"

ပိုင်စိုးက ဝင်ဖြေ၏။

"ဟုတ်ကဲ့…။ ကျောင်းမှာ ဆုံဆုံနေတာပဲ။ သိပါတယ်"





"သြော်…အေး ကောင်းတာပေါ့ကွယ်"

ကြာဖြူက…

"ဖေဖေ"

"ဟေ…"

"သမီးလည်း ပင်ပန်းနေပြီ၊ ရေမိုးချိုး အဝတ်အစားလဲလိုက်ဦးမယ်"

"အေးအေး"

"နောက်ပြီး အဘိုးယူလာတဲ့အရုပ်ကို ပိုင်စိုးက ပိုက်ဆံစိုက်ပေးခဲ့တာတဲ့။ ပြန်ပေးလိုက်ဦး"

"အေးအေး…ပေးရမှာပေါ့"

"အာ…နေပါစေဦး။ ရပါတယ်"

"ဦးတို့လည်း သားနာမည်ကိုတောင် မမေးမိဘူး။ မောင်ပိုင်စိုး ဟုတ်လား"

မေမေက ဝင်မေးသည်။

"မိဘတွေကကော ဘာလုပ်ကြသတုန်းကွဲ့"

သူတို့တွေ စကားပြောရင်း ကျန်ရစ်ခဲ့ကြသည်။ ရေမိုးချိုး အဝတ်အစားလဲပြီး ကြာဖြူက အခန်းထဲ ဝင်လှဲနေလိုက်၏။ အတော်ကြီးကြာမှ ပိုင်စိုး ပြန်သွားသည်။ သူ ဘယ်လိုများ စည်းရုံးသိမ်းသွင်းသွားသည်မသိ။ ဖေဖေနှင့် မေမေက သူ့ကို အတော်သဘောကျသွားကြသည်။ တဖွဖွပြောပြီး ကျန်ရစ်ခဲ့သည်။

ညအိပ်ရာဝင်ခါနီးတော့ သူ့စာကို ပြန်ထုတ်ဖတ်မိ၏။

ကြာဖြူရေ...

ကြာဖြူ့အပေါ်ထားတဲ့ ကိုယ့်အချစ်တရားတွေက ကြီးမားလွန်းတော့ စာတစ်စောင်တည်းနဲ့ မလောက်ဘူးကွယ်။ နောက်တစ်စောင် ထပ်ရေးတာပေါ့။ 'ဂဏန်းကြီးတော့ နေ့အရောက်ရတာပေါ့လေ။ 'ကြောန်မလန်လို့ ကြောန်မပန်း' ရတာပေါ့။ 'တဝိ–တဂိလောပ်' ပြောတာ မဟုတ်ပါဘူး။ ကိုယ့်မှာ လွမ်းဖျားလွမ်းနာ ကျနေပြီ။ 'လိပ်ပြာ လူမသိ' ဆိုတာမျိုးပေါ့ကွယ်။ ကိုယ်နဲ့ ကြာဖြူနဲ့ 'ဗိုင်ဒေါက်နဲ့ဗိုင်သား' ဖြစ်ခဲ့တယ်။ ကြာဖြူ့ကို ချစ်နေသူတွေက အများကြီး။ 'ဘူးထပ်ရှင် ဘားတပ်ရှင်ပဲ'။ ဒါပေမဲ့ အခု တို့ရောက်လာပြီ။ 'ရွှေလှေလာပြီ၊ ဆားလှေထွက်ပေါ့နော်'။ ဘာပဲပြောပြော ကိုယ်ယုံကြည်တယ်။ 'လှေနံသိ တနေ့တွေ့မယ်'။

လှိုင်ပိုင်စိုး

■





(၉)

ကံကောင်းထောက်မစွာ လဲ့လဲ့ဝင်းခင်က ထိုစာကို ဘာသာပြန်ပေးနိုင်လေသည်။ သူရောက်မလာခင်အချိန်ထိ သူငယ်ချင်းအားလုံး ခေါင်းချင်းဆိုင်ပြီး ထိုစာထဲမှာ ပက်လက်မျောနေကြရသည်။

''နင်တို့ ဘာတွေ အကြံထုတ်နေကြတာတုန်း''

''ဒီမှာဟေ့...ပိုင်စိုးရဲ့ ရည်းစားစာကို အဓိပ္ပာယ်ဖော်နေတာ''

''သူက ပဟေဠိတွေ ဝှက်ထားလို့လား''

''မဝှက်ပါဘူးဟယ်''

''ဒါဖြင့်''

''ဩော်...ပိုင်စိုးလေ ပိုင်စိုး''

လဲ့လဲ့ဝင်းခင်က စာကို ဆွဲယူပြီး ကြည့်သည်။ အားလုံးက

''ဖတ်ရင်တော့ နင်လည်း ခေါင်းစားသွားမှာပဲ။ ပျူအက္ခရာလိုလို၊ ပြဟ္မီအက္ခရာလိုလိုတွေ ထည့်ရေးထားတယ်''

စာကို ဖတ်ရင်း လဲ့လဲ့ဝင်းခင်က ပြုံးနေ၏။ ပြည့်ဝသော အပြုံးမဟုတ်။ မစို့မပို့အပြုံးဖြစ်၏။

''ဒါ...ထားဝယ်စကားတွေ ထည့်ရေးထားတာဟဲ့''

"ဟင်...အဲဒါဆို နင် ဖတ်တတ်မှာပေါ့"

"အေး"

လဲ့လဲ့ဝင်းခင်က ထားဝယ်မှ ရောက်လာသူဖြစ်သည်။ သို့သော်လည်း ရန်ကုန်မှာ အနေကြာနေပြီဖြစ်၍ ထားဝယ်သံလည်း မဝဲတော့ချေ။

"ကဲ...နင်တို့ကို ငါက ဒီစာကို ဘာသာပြန်ပေးရမှာလား"

"သိပ်ကောင်းတာပေါ့ဟာ...။ ဒဝီးမ"

တစ်ခါတစ်ခါ ထားဝယ်မဖြစ်သော လဲ့လဲ့ဝင်းခင်ကို သူတို့က 'ဒဝီးမ'ဟု ခေါ်တတ်၏။

"ကဲကဲ...ဒါဖြင့်လည်း နားထောင်ကြ"

ပြီး လဲ့လဲ့ဝင်းခင်က ဟိတ်ဟန်ထုတ်ပြီး ချောင်းဟန့်နေသေး၏။

"အဟမ်း...အဟမ်း"

ထို့ကြောင့် ကျန်သူများက ဤအတိုင်း ကြည့်နေကြမည်ဟု မထင်ပါနှင့်။

"အဟွတ်...အဟွတ်"

"ဟတ်ချိုး"

"ဟတ်ချီး"

"အေ...အေ့"

သံစုံ မြည်သွားကြသည်။ လဲ့လဲ့ဝင်းခင် ဘာမှ ဆက်မလုပ်ရဲတော့ဘဲ စာကိုပဲ တန်းဖတ်ပြရတော့၏။

"ကြာဖြူရေ...ကြာဖြူ့ပေါ်ထားတဲ့ ကိုယ့်အချစ်တရားတွေက ကြီးမားလွန်းတော့ စာတစ်စောင်တည်းနဲ့ မလောက်ဘူးကွယ်။ နောက်တစ်စောင် ထပ်ရေးရတာပေါ့။ ဂဏန်းကြီးတော့ နှစ်ခါလျှောက်ရတာပေါ့လေ..."

"ဟေ..."

"ဘာလဲ"





"ဂဏန်းက ကြီးတာနဲ့ ဘာကိစ္စ နှစ်ခါလျှောက်ရတာတုန်း"

"မသိဘူးလေ...။ ငါက ဂဏန်းမှ မဟုတ်တာ"

"အေး...ငါလည်း စဉ်းစားနေတာ။ ဂဏန်းကို အအို၊ အပျို ငါမခွဲတတ်ဘူး"

"ဟာ...တော်ကြပါဟာ။ ငါ စာဆက်ဖတ်ရမှာလား"

"ဖတ်ဖတ် ဘာတွေလာဦးမလဲ မသိဘူး"

"လင်လိုချင်တဲ့ ကြောင်မက ပင်ပန်းရတာပေါ့...တဲ့"

"ဘာ"

ကြာဖြူ ဆတ်ခနဲဖြစ်သွားသည်။

"နင့်ကို ပြောတာမဟုတ်ဘူး။ သူ့ကိုယ်သူ ပြောတာ"

"သူက ကြောင်မ မို့လို့လား"

"နင်ကကော ကြောင်မ မို့လို့လား"

"အေးလေ..."

"ဟုတ်သားပဲ...။ ဆက်ဖတ်၊ ဆက်ဖတ်"

လဲ့လဲ့ဝင်းခင်၏ စာဖတ်သံက ဆက်ထွက်လာသည်။

"တစ်စိပ်ကို တစ်အိတ်လုပ်ပြောတာ မဟုတ်ပါဘူးတဲ့။ သူ့မှာ လွမ်းဖျားလွမ်းနာ ကျနေပြီ။ လိပ်ပိန်တာ လူမသိဘူးဆိုတာမျိုးပေါ့တဲ့"

စန္ဒာရဲလှက တစ်မှောင့်။

"လိပ်ပိန်တာ ဘာလို့ လူမသိတာလဲ"

"ဟဲ့...အခွံကြီးကွယ်နေတာကိုးဟဲ့။ သူ အထဲမှ ပိန်နေတာ ဘယ်လိုလုပ် လူသိမှာလဲ"

"အေး...ဟုတ်သားပဲ။ သူ့ဘဝကလည်း သနားစရာကြီးနော်"

"နင်က လိပ်ကို သနားတာလား၊ ပိုင်စိုးကို သနားတာလား"

ကြာဖြူက မနေနိုင်သဖြင့် ဝင်ဟန့်ရ၏။

"စာကို ဆုံးအောင် အရင်ဆုံးနားထောင်လိုက်ကြမယ်ဟာ"

"အေး...အေး...အေး"

လဲ့လဲ့ဝင်းခင်က…

''စာက သိပ်တောင် မကျန်တော့ပါဘူးဟာ''

''အေးပါ…ဖတ်ပါဦး''

''ကိုယ်နဲ့ ကြာဖြူနဲ့ မဒမပင်ရဲ့ အခေါက်နဲ့ အသားလို စေးကပ်နေချင်တယ်…တဲ့။ ကြာဖြူ့ကို ချစ်နေသူတွေက အများကြီး။ သခွားပင်ကလည်း မြင့်တက်ချင်၊ စပါးပင်ကလည်း မြင့်တက်ချင် ဖြစ်နေကြတာ။ ဒါပေမဲ့ အခု တို့ ရောက်လာပြီ။ ရွှေလေ့လာရင် ငပိလေ့ဆားလေ့က ထွက်ပေးရမှာပဲ။ ဘာပဲပြောပြော ယုံကြည်တယ်။ လေ့နဲ့ဆိပ်ကမ်း တစ်နေ့တွေ့မယ်''

ရည်းစားစာဖတ်ပြီးတော့ ကြာဖြူမှအပ သူမတို့အားလုံး ရယ်ပွဲဖွဲ့ကြ၏။ လဲ့လဲ့ဝင်းခင်ကလည်း အစောပိုင်းမှာ စာဖတ်ပြနေရသဖြင့် ရယ်ချင်တာကို ကောင်းကောင်းမရယ်ရ။ အမှန်တော့ စာဖတ်ရင်း ရယ်နေလည်း ရသည်ပဲ ဖြစ်သည်။ အခုမှ အတိုးချရယ်နေတော့ ကြာဖြူ အမြင်ကတ်သည်။

''လဲ့လဲ့နော်…။ နင် သိပ်မဟုတ်ဘူး''

''ဟ…ဘာလဲဟ။ သူ့စာကိုလည်း ဘာသာပြန်ရသေးတယ်။ ဟီး…ဟီး အဲဒါဆိုလည်း မရယ်တော့ဘူး။ ဟဲ…ဟဲ''

''မိန်းမက မျက်နှာကို အပိုးမကျိုးဘူး''

ထိုအချိန်မှာ ခတ္တာက မြတ်နိုးမေနှင့် မျက်လုံးချင်း အချက်ပြပြီး ကြာဖြူ့ကို မေးလာသည်။

''ကြာဖြူ''

''ပြော''

''နင် ပိုင်စိုးကို ဘယ်လိုသဘောထားလဲ''

''နင်က သိချင်လို့လား''

''အေး''

''ဘာလို့ သိချင်တာလဲ''

''သြော်…ဒါကတော့ဟယ်။ နင် ပြန်မချစ်နိုင်ဘူးဆိုလည်း





ငါက ပြန်ချစ်ပေးလိုက်ရုံပေါ့''

''နင်နော်''

''ဟော…ကြည့်ကြည့်''

ကြာဖြူလည်း ကိုယ့်ဘာသာကိုယ်၊ အူကြောင်ကြောင်/ဇဝေဇဝါ/နဝေတိမ်တောင် ဖြစ်သွားသည်။ ပြီးမှ ရှက်သွားပြီး…

''မဟုတ်ဘူး။ ငါပြောတာက နင်တို့ ထင်သလို မဟုတ်ဘူး''

''လက်ပူးလက်ကြပ်မိနေမှတော့ မငြင်းနဲ့တော့ဟာ''

''ဘာ လက်ပူးလက်ကြပ်လဲ။ ငါ့လက်က ပူးလည်း မပူးဘူး၊ ကြပ်လည်း ကြပ်မနေဘူး။ ခုနက စကားက ငါ့အဓိပ္ပာယ်နဲ့ငါ။ သူနဲ့ပတ်သက်ပြီး ငါ့ကို နင်တို့ စတာမကြိုက်လို့ နင်တို့ကို အော်တာ၊ ဒါပဲ''

''ကဲ…အဲဒါဆို ငါတို့ နင့်ကို မေးမယ်''

''ဘာလဲ''

''နင် ပိုင်စိုးကို ရင်မခုန်ဘူးလား''

ထိုသို့ ယတိပြတ်မေးလိုက်သူမှာ မြတ်နိုးမေ ဖြစ်၏။ ကြာဖြူက မျက်ခုံးအတွန့်ချိုးသွားသည်။ တဆက်တည်းမှာပင် မျက်လုံးပြူးသွားပြီး…

''ဟဲ့…မြတ်နိုး''

''ဘာတုန်း''

''နင့်လွယ်အိတ်ထဲကို ကင်းလိပ်ချော ဝင်သွားတယ်''

''ဟေ…''

''သစ်ပင်ပေါ်က ပြုတ်ကျလာတာ ဖြစ်မှာပေါ့။ ငါလည်း ခုမှမြင်တယ်။ နင့်လွယ်အိတ်ထဲ ဝင်သွားမှ မြင်လိုက်တာ''

''ဟယ်…''

အားလုံးက ဝုန်းခနဲ ထရပ်ကြသည်။ မြတ်နိုးမေ၏ လွယ်အိတ်ကိုလည်း မထိရဲ မတို့ရဲဖြစ်နေကြပြီး ခပ်ဝေးဝေး ဆုတ်နေကြသည်။ ဒီကြားထဲမှာ ငြင်းကြရသေးသည်။

"ကင်းလိပ်ချောမဟုတ်ဘူး၊ ကင်းလိပ်လျှောပါ"

"ဟဲ့…ကင်းလိပ်လျှောလို့ ရေးတာ ငါ တစ်ခါမှ မတွေ့ဖူးဘူး။ ကင်းလိပ်ချောလို့ပဲ ရေးတာ"

ခတ္တာနှင့်စန္ဒာရဲလှတို့ ငြင်းခုန်နေတုန်း ကြာဖြူက…

"အယ်…ထွက်လာပြီ ထွက်လာပြီ"

"အား…အမေ့"

အကုန်လုံး ထခုန်ကြသည်။ အမှန်စင်စစ် မြတ်နိုးမေ၏ လွယ်အိတ်ထဲမှ မည်သည့်ကင်းလိပ်ချောမှ ထွက်မလာပါ။ အားလုံးက ကြာဖြူ့ကို ပြန်လှည့်အကြည့်…

"အလကား…ငါ နင်တို့ကို သက်သက်နောက်တာ"

"အာ…"

အကုန်လုံး ရှုံးရှုံးရှဲ့ရှဲ့ဖြစ်သွားကြ၏။ (ဤနေရာတွင် ဤ မိန်းကလေးများ၏ ရှုံးရှုံးရှဲ့ရှဲ့ဖြစ်မှုမှာ ဒေါသထွက်ခြင်းကို ဆိုလိုသည်သာ ဖြစ်သည်။ တလွဲအဓိပ္ပာယ် မကောက်ကြပါနှင့်)

ကြာဖြူက…

"အခု အဲဒီလွယ်အိတ်ထဲကို ကင်းလိပ်ချောဝင်သွားတယ်ဆိုတော့ နင်တို့ ရင်မခုန်ဘူးလား"

"အဲ…"

နှုတ်မှ ထုတ်မပြောသော်လည်း သူတို့အားလုံး ဝန်ခံမိသလို ဖြစ်နေသည်။ ကြာဖြူက သူတို့အားလုံးကို ပြုံးစိစိကြည့်ကာ…

"ကဲကဲ…အားလုံး ကိုယ့်ခုံပေါ်ကိုယ် ပြန်ထိုင်လို့ရပါပြီ။ ခု မြတ်နိုးမေရဲ့ မေးခွန်းကို ဖြေမယ်"

အားလုံး ထိုင်ကနန်းကျမှ ကြာဖြူက စကားကို ဆက်၏။

"ပိုင်စိုးအပေါ် ငါ ရင်ခုန်တယ်လို့ ငါ ဝန်ခံတယ်။ ဒါပေမဲ့ ချစ်လို့ ရင်ခုန်တာ မဟုတ်ဘူး။ ခုနကလို လွယ်အိတ်ထဲ ကင်းလိပ်ချောဝင်လို့ ရင်ခုန်တာမျိုးပဲ"

စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားသည်။ သို့သော်လည်း





ဘာမှ မကြာလိုက်ပါ။ ခတ္တာက…

"ဟဲ့…ဟဲ့ ဟိုမှာလာနေပြီ"

"ဘယ်သူလဲ"

"ပိုင်စိုး"

အဟုတ်ပဲဖြစ်သည်။ ပိုင်စိုးက ကင်တင်းထဲ ဝင်လာသည်။ အနားရောက်မှ သူတို့ကို မြင်သည်။ ခြေလှမ်းတွေ ရပ်သွားသည်။ ကြာဖြူနှင့်ပင် မျက်လုံးချင်းလား၊ ဘာချင်းလား ဆုံလိုက်သေးသည်။ ပြီးမှ သူ့ခန္ဓာကိုယ်တစ်ခုလုံးကို တောင့်တောင့်ကြီးလုပ်ကာ ကြာဖြူတို့ ဝိုင်းအနီးမှ ကပ်ထွက်သွား၏။

စီးကရက်လာဝယ်ခြင်း ဖြစ်သည်။ စီးကရက်ဝယ်နေချိန်မှာ အကောင်း။ ကြာဖြူတို့ ဝိုင်းဘေးမှ ပြန်ဖြတ်ချိန်မှာ တောင့်တောင့်ကြီး လုပ်သွားပြန်သည်။ စက်ရုပ်ကြီး မောင်ပြုံးချို လမ်းလျှောက်သလိုမျိုး ဖြစ်၏။ မျက်စိရှေ့မှာ သူပျောက်သွားပြီးမှ စန္ဒာရဲလှက…

"ဟဲ့…တို့ဘေးနားရောက်ရင် ဘယ်လိုကြီး ဖြစ်နေတာလဲ"

မြတ်နိုးမေကလည်း…

"အေးလေ…တောင့်တောင့်ကြီး။ တို့ဝိုင်းနားရောက်မှ တမင် လုပ်တာ။ ဘာလဲ မသိဘူး"

(ဖြေချင်သောသူက ဖြေလိုက်သည်)

"ကြာဖြူက သူ့ကို လူလိမ်လို့ ပြောထားတာကိုး"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့။ သူ လူလိမ်မဟုတ်ပါဘူး၊ လူဖြောင့်ပါဆိုတာ သိရအောင် တောင့်တောင့်ကြီး လျှောက်ပြသွားတာ"

ထိုအခါကျမှ အားလုံး ဝိုင်းရယ်ဖြစ်ကြသည်။ ရယ်သည့်အထဲမှာ ကြာဖြူလည်း ပါသည်။

မည်သို့ပင်ဖြစ်စေ ကြာဖြူသည် ပိုင်စိုး၏ စက်ကွင်းထဲမှ ရုန်းဖယ်၍ မရလောက်အောင် ဖြစ်နေသည်။ သူမ အိမ်ပြန်ရောက်သော အချိန်တွင် ပိုင်စိုးက အရင်ရောက်နေသည်ကို အံ့သြဖွယ်ရာ ကြုံတွေ့

ရ၏။ ပိုင်စိုးက ဖေဖေ၊ မေမေတို့နှင့် အရမ်းခင်နေသည်။ ထို့ထက်ပိုသည်ကတော့ အဘိုးက ပိုင်စိုးကို အရမ်းချစ်နေခြင်းပင်ဖြစ်သည်။

''အဘိုး ကျွန်တော့်ကို ချစ်လား''

''ချစ်တယ်''

''ဘယ်လောက်အထိ ချစ်လဲ''

''အများကြီး''

အဘိုးက လက်နှစ်ဘက်မြှောက်ပြီး ဖြေ၏။

''အဘိုးရဲ့မြေးကရော ကျွန်တော့်ကို ချစ်လား''

''ချစ်တယ်''

''ဘယ်လောက်အထိ ချစ်လဲ''

''အများကြီး''

''ဘာ...''

ကြာဖြူ ဒေါသတကြီး ဝင်ရောက်သွားချိန်မှာ အဘိုးက မျက်လုံးလေး ကလည်ကလည်နှင့် ရှိနေ၏။ ပိုင်စိုးကလည်း အဘိုးပုံစံလိုက်ကာ မျက်လုံးလေး ကလည်ကလည် လုပ်နေသည်။ ကြာဖြူ ဘာဆက်ပြောရမည်မှန်း မသိချေ။ ခြေဆောင့်ကာ ထွက်လာခဲ့တော့၏။

ခဏကြာလျှင် ဖေဖေနှင့် မေမေ အိမ်သို့ တစ်ခေါက်ပြန်လာဦးတော့မည်။ ပိုင်စိုးက အဘိုးကို သင်္ချာပုစ္ဆာများတွက်ပြပြီး စည်းရုံးရေးဆင်းနေသည်။ အဘိုးကလည်း ထိုအထဲတွင် ပျော်ဝင်နေ၏။ သူတွက်ပြသော သင်္ချာပြဿနာများမှာလည်း စိတ်ဝင်စားစရာကောင်းနေသည်။

ကြာဖြူကိုယ်တိုင်ပင်လျှင် အဝတ်အစားလဲနေရင်းက မသိမသာ နားစွင့်နေရတော့၏။ (ထိုလေ့ကျင့်မှုများကို စကားအရ ပြန်လည်ဖော်ပြမည်ဆိုလျှင် ရှည်လျားနေမည်ဖြစ်သောကြောင့်၊ တိုက်ရိုက်ဖော်ပြလိုက်ပါသည်။ ဤကား စကားချပ်။☺)





142857 x 2 = 285714

142857 x 3 = 428571

142857 x 4 = 571428

142857 x 5 = 714285

142857 x 6 = 857142

and then

142857 x 9 = 999999

3 x 37 = 111

6 x 37 = 222

9 x 37 = 333

12 x 37 = 444

15 x 37 = 555

18 x 37 = 666

21 x 37 = 777

24 x 37 = 888

27 x 37 = 999

33 x 3367 = 111111

66 x 3367 = 222222

99 x 3367 = 333333

132 x 3367 = 444444

165 x 3367 = 555555

198 x 3367 = 666666

231 x 3367 = 777777

264 x 3367 = 888888

297 x 336 = 999999

12345679 x 9 = 111111111
12345679 x 18 = 222222222
12345679 x 27 = 333333333
etc:-

မီးပျက်သွားသဖြင့် ကြာဖြူ အပြင်ထွက်လာတော့ ပိုင်စိုးနှင့် စကားပြောစရာဖြစ်လာ၏။ အဘိုးက အိပ်ပျော်နေပြီ။ ပိုင်စိုးက ချော့သိပ်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ တစိမ်းယောက်ျားလေး တစ်ယောက်နှင့် သူကဲ့သို့ မိန်းကလေးတစ်ဦးတည်း အတူနေရသည့်ကိစ္စသည် စိတ်မသန့်ဖွယ်ရာ ဖြစ်နေသည်။

ထိုအချက်ကို ဖိနင်းကာ သူမက ပိုင်စိုးကို နင်းကန်ပြောမည်ဟု ကြံလိုက်သော်လည်း…

''ဘိုင့်ဘိုင်''

ပိုင်စိုးက သူမကို ဖိနပ်စီးပြီး နှုတ်ဆက်နေပြီဖြစ်သည်။

''ဩော်…ရှင် ပြန်တော့မယ်ပေါ့''

''ပြန်ရမှာပေါ့ဗျာ…။ ဒီနေ့မနက် ကျိုးက သိပ်မသာဘူး''

''အေး…အဲဒါဆိုလည်း ညှော်သည်လာမလုပ်နဲ့''

''မလုပ်ပါဘူး။ အန်ကယ်လ်ကော ဘယ်သွားတုန်း''

''ဖေဖေက ဆိုင်မှာ''

''အန်တီကော ဘယ်သွားတုန်း''

''မေမေက ရှော့ပင်ထွက်တယ်''

''အိမ်ဖော်တွေကကော''

''နက်ဖြန်ခါ အုန်းထမင်းချက်စားဖို့ သူတို့ အုန်းသီးခြစ်နေတယ်''

''ဩော်…အဲဒါဆို အဆင်ပြေသားပဲ''

''ဘာအဆင်ပြေတာလဲ''





''ဒီ…ကျွန်တော့် ရည်းစားစာလေးကို လက်ခံလိုက်ပါနော်''

ကြာဖြူ အူကြောင်ကြောင်/ဇဝေဇဝါ/နဝေတိမ်တောင်ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ပိုင်စိုးပေးနေသည်က ရည်းစားစာမဟုတ်ဘဲ ကြက်ဥတစ်လုံး ဖြစ်နေသောကြောင့် ဖြစ်သည်။

''အဲဒါ ဘာလဲ''

''ရည်းစားစာလေ…''

''ကျွန်မ မေးနေတာ ဒါကြီးက ဘာလဲ''

''ကြက်ဥလေ…''

''အေးလေ…အဲဒီကြက်ဥက ဘာလဲ''

''ရည်းစားစာလေ''

''ရှင် ကျွန်မကို မစော်ကားနဲ့နော်''

''မစော်ကားပါဘူး။ ဒီကြက်ဥက ရည်းစားစာအစစ်။ အာ… တိမ်လိုက်တာ''

''ဘာတိမ်တာလဲ''

''ကျွန်တော် ဘယ်လိုဆက်ပွားရမလဲ မသိတော့ဘူး။ လောလောဆယ် ဒီကြက်ဥ ယူထားလိုက်တော့''

လက်ထဲကို အတင်းထိုးထည့်ပေးကာ ပိုင်စိုး ပြန်သွားသည်။ ကြာဖြူ အူကြောင်ကြောင်/ဇဝေဇဝါ/နဝေတိမ်တောင်နှင့် ကျန်ရစ်ခဲ့ရသည်။

''ဘာလဲ''

''ဘာလဲ''

''ဘာလဲ''

ဘာမှ မလဲပါ။ အမှန်ပြောရလျှင် လဲသွားတာက…

■

## (၁၀)

"အဲဒါက ဘာအဓိပ္ပာယ်တုန်းဟ"

"ငါလည်း ဘယ်သိမလဲ"

"ငါ့အထင်ပြောရရင်..."

"ပြော..."

ဟုတ်တိပတ်တိစကားစပြီးမှ ခတ္တာက မျက်လုံးပြူးကြီးနှင့် ငြိမ်နေသည်။ ကြာဖြူက စိတ်မဝင်စားသယောင်ပြုပြီး လစ်လျူရှုထားနိုင်သော်လည်း စန္ဒာရဲလှနှင့် မြတ်နိုးမေတို့က စိတ်မရှည်။

"ပြောမှာဖြင့် ပြောလေဟာ...နင်ကလည်း"

ခတ္တာက စားပွဲပေါ်မှာ တင်ထားသည့် ကြက်ဥကို ဆွဲယူကိုင်ကြည့်ပြီး ခေါင်းခါယမ်းလျက်...

"ကြက်ဥပေါ်မှာ စာရေးထားတာတော့ မဟုတ်လောက်ဘူးထင်တယ်"

"ဟုတ်မှတော့ နင် တွေ့မှာပေါ့ဟဲ့"

"မဟုတ်သေးဘူးလေဟာ...။ ဒီအတိုင်း ဖတ်လို့မရဘဲ မျက်လှည့်နည်းသုံးပြီး ရေးထားတာမျိုးကို ပြောတာ"





"အင်း...အဲဒီလို မထင်ဘူး ဟုတ်လား"

"အေး"

"ဘာဖြစ်လို့လဲ"

"ကြက်ဥက ကျကွဲသွားနိုင်တယ်။ ပုပ်လည်း ပုပ်သွားနိုင်တယ်။ ကြက်ဥပေါ်မှာတော့ ရေးမှာ မဟုတ်ဘူး။ တော်တော်လည်း ခက်လိမ့်မယ်"

"အဲဒါဆိုရင် နင်က ဘယ်လိုထင်လို့လဲ"

"အဓိပ္ပာယ်တစ်ခုခုနဲ့ ပေးတာလို့ ထင်တယ်"

"ဘာအဓိပ္ပာယ်တုန်း"

"ငါလည်း မပြောတတ်ဘူးလေဟာ...။ စဉ်းစားနေတာပဲ"

"ပိုင်စိုးကတော့ တကယ်ပြဿနာရှာတယ်နော်"

"အေးလေ..."

ပြောမည့်သာ ပြောရသည်။ သူမတို့ တစ်အုပ်စုလုံး ပိုင်စိုးကို ခင်မင်စိတ်ဝင်နေကြပြီဖြစ်သည်။

"ဟဲ့ ဟဲ့ ကြာဖြူ"

"ဘာလဲ"

"ဟိုဘက်မှာ...ဟိုဘက်မှာ ကိုငြိမ်းအေး"

ကိုငြိမ်းအေးက ညင်းသိုးသိုးဖြင့် အသည်းကွဲသမားပုံစံလုပ်ထားသည်။ ခေါင်းစုတ်ဖွားနှင့် ဆေးလိပ်တွေ ဖိသောက်ပြီး ကြာဖြူ သနားအောင် လုပ်ပြနေသည်။ သူတစ်ယောက်တည်း မဟုတ်။ သူ့နံဘေးမှာ ကြာဖြူ့ကို လှမ်းလှမ်းကြည့်ပြီး ရီဝေဝေသက်ပြင်းကြီးတွေ မှုတ်ချနေသူက ကိုတင်ကိုအောင်။

သူတို့နှစ်ယောက်က သူငယ်ချင်းတွေဖြစ်၏။ ကြာဖြူ့ကို အပြိုင်လိုက်ပိုးကြသူများလည်း ဖြစ်၏။ ကိုငြိမ်းအေးက အတန်ငယ်သွက်ပြီး ကိုတင်ကိုအောင်က အုံ့ပုန်းဆန်သည်။

သူက ကြာဖြူ့ကို အဝေးမှပဲ လွမ်းလွမ်းဆွတ်ဆွတ် လှမ်းကြည့်နေတတ်သည်။ အကယ်၍ ကြာဖြူ့ကိုသာ ရုံသွင်းပြလျှင် လက်မှတ်

အားလုံးကို သူတစ်ယောက်တည်း ဝယ်ကြည့်လိမ့်မည်ထင်သည်။ (ပိုက်ဆံရှိလျှင်)

သူက ကျောင်းကို လာခဲ့သည်။ ဘုရားစောင်းတန်းတွင် 'ဟန်သစ်'ဟူသော အမည်နှင့် နိဗ္ဗာန်ကုန်ဆိုင်ဖွင့်ထားသည်။ နီးစပ်အောင် ချဉ်းကပ်ကြိုးစားခြင်းလည်း မရှိဘဲ သူ့ဘာသာ တစ်ဖက်သပ် အသည်းကွဲနေသည်။

ခု နှစ်ယောက်တွဲလာပုံကို ကြည့်ခြင်းအားဖြင့် ကိုငြိမ်းအေးက ပိုင်စိုးအကြောင်းကို ပြန်ဖောက်သည်ချလိုက်ပြီ ထင်သည်။

"အေး...ဟုတ်ပြီ"

ကြာဖြူက အကြံရလိုက်သလို ထိုင်ရာမှ ဖြူးဖြူးဖျတ်ဖျတ် ထ၏။ ကြက်ဥကို ကောက်ကိုင်ကာ ကိုငြိမ်းအေးနှင့် ကိုတင်ကိုအောင်တို့ ဝိုင်းသို့ လျှောက်သွားလိုက်သည်။

ကိုတင်ကိုအောင်က မျက်လုံးပြူးကြီးနှင့် ကြည့်၏။ ကိုငြိမ်းအေးက ခေါင်းငုံ့ပြီး ဆေးလိပ်ကိုသာ မဲဖွာနေသည်။ ကြာဖြူက ခွင့်တောင်း မနေဘဲ ခုံတစ်လုံးဆွဲထိုင်သည်။

"ဒီကြက်ဥကို ကြည့်ကြစမ်းပါ"

ကိုငြိမ်းအေးက ခေါင်းမော့လာပြီး ကြက်ဥကို မျက်မှောင်ကြုတ်ကာ ကြည့်၏။ ကိုတင်ကိုအောင်က ထစ်အထစ်အနှင့်...

"ဒါ...ဒါ ကြက်ဖင်ထဲက ထွက်တဲ့ဟာ"

ကြာဖြူ အောင့်သက်သက်ဖြစ်သွားသည်။

"မဟုတ်ဘူး။ ဒါ...ရည်းစားစာ၊ ရည်းစားစာ"

"ဘာ...ရည်းစားစာ ဟုတ်လား"

နှစ်ယောက်သား သူ့ထက်ငါဦးအောင် ကြက်ဥကို လုမ်းယူကြ၏။ ကြာဖြူက ကြက်ဥကို အလျင်အမြန် ပြန်သိမ်းလိုက်ပြီး ပျာပျာသလဲ ရှင်းပြရသေးသည်။

"ဒါ...ရည်းစားစာဆိုပေမဲ့ ရှင်တို့ကို ကျွန်မ ပေးတာ မဟုတ်ဘူး"





"မဟုတ်ဘူးလား"

"ဘာကိစ္စ ဟုတ်ရမှာတုန်း"

"ဒါ...ဒါဖြင့်"

"ဒါ ပိုင်စိုးက ကျွန်မကို ရည်းစားစာဆိုပြီး ပေးသွားတာ"

"အာ...ငကြောင်ပဲ"

"အဲဒါ...အဲဒါ ကြက်ဖင်က ထွက်တဲ့ဟာ"

ကိုတင်ကိုအောင်ကလည်း ဒီစကားပဲ ပြောတတ်သလို အထစ်အထစ်နှင့် ရေရွတ်ပြန်သည်။ ကြာဖြူက အမြင်ကပ်ကပ်နှင့်...

"ဒီဆေးလိပ်တိုကရော..."

"အဲဒါ...အဲဒါ ငြိမ်းအေးပါးစပ်ထဲက ထွက်တာ"

"ကဲကဲ...ထားလိုက်ပါတော့။ ကျွန်မ ရှင်တို့ကို ပေးစရာရှိလို့"

"ဘာလဲ"

တပြိုင်တည်း ပြန်မေးကြခြင်းဖြစ်သည်။ ထို့ကြောင့် တစ်သံတည်း ထွက်လာသည်။

"ဒီကြက်ဥက ရည်းစားစာဆိုတော့ ဘာအဓိပ္ပာယ်မျိုးလို့ ထင်လဲ"

"မသိဘူးလေ..."

"ရှင်တို့များ သိမလားလို့ လာမေးတာ"

နှစ်ယောက်လုံး တွေတွေငေးငေး ဖြစ်သွားကြ၏။ အတန်ကြာမှ ကိုငြိမ်းအေးက...

"သူက တခြားဘာပြောသွားသေးလဲ"

"ရည်းစားစာလို့ပဲ ပြောသွားတယ်"

"နောက်တာနေမှာပါ"

"မဟုတ်ဘူး။ တစ်ခုခုတော့ တစ်ခုခုပဲလို့ ကျွန်မ ထင်တယ်"

ကိုငြိမ်းအေးက ကြက်ဥကို ဆွဲယူကြည့်သည်။

"ကြက်ဥက အစိမ်းပဲ။ ပြုတ်ထားတာတော့ မဟုတ်ဘူး"

"အဲဒါတော့ ကျွန်မလည်း သိတာပေါ့ရှင်"

''အရင်ကကော ဘာဥ ပေးဖူးသေးလဲ''

''ဘာ...''

''မဟုတ်ဘူးလေ။ ဟိုဒင်း...ဟိုဟာ''

ကိုတင်ကိုအောင်က သက်ပြင်းကြီးမှုတ်ချကာ...

''အဲဒီ ရည်းစားစာကို အရမ်းဖတ်ချင်လို့လား''

''ဟုတ်တယ်။ ကျွန်မက အရမ်းနန့်တာ''

''သြော်...''

ထိုသို့ကျတော့လည်း ကြာဖြူက မခံနိုင်ချေ။

''ဘာ 'သြော်'...လဲ''

''မသြော်ပါဘူး။ စဉ်းစားနေတာ''

''အင်း...ဒါဖြင့်လည်း စဉ်းစား''

ခဏငြိမ်သက်သွားကြပြီးနောက်မှ ကိုငြိမ်းအေးက...

''ကြက်ဥ ကျွအက်...ကျွအက်။ ကြက်မဖင်ဆိုရင် ကြင်မက်ဖ''

''အသံတိတ် စဉ်းစားစမ်းပါ''

ကိုငြိမ်းအေး ခေါင်းပြန်ငုံ့သွားသည်။ ကိုတင်ကိုအောင်က သက်ပြင်းကြီး မှုတ်ထုတ်ပြီး...

''ပေါက်ပြီ ပေါက်ပြီ''

ကြာဖြူ အားတက်သွားသည်။ သို့သော်...

''ဘာလဲ...ဒီကြက်ဥကို ကြက်မက ပေါက်တယ်လို့ ပြောမလို့လား''

ကိုငြိမ်းအေးက ဝင်ပြောပြန်သည်။

''ကြက်မပေါက်ဆို ကြောက်မက်ပ''

''လာပြန်ပြီ''

ကိုငြိမ်းအေးကို ဟန့်ပြီး ကိုတင်ကိုအောင်ကို ထပ်မေးရသည်။

''ကဲ...တွေးမိတာရှိရင် ပြောပါဦး''

ကိုတင်ကိုအောင်က...





''ဒီကြက်ဥမှာ အစရှိလား''

''မရှိဘူးလေ...။ ကြက်ဥအစ ရှာမရတဲ့''

''အဆုံးကော ရှိလား''

''မရှိဘူးလေ''

''အင်း...ဒီကြက်ဥလိုပဲ သူက ကြာဖြူ့ကို အဆုံးအစမရှိ ချစ်ပါတယ်လို့ ပြောလိုက်တာ''

''သြော်...ဟုတ်ပြီ''

ကိုငြိမ်းအေးက သူတို့နှစ်ယောက်ဘေးမှာ အငေးသား နားထောင်နေသည်။ ကြာဖြူက ကြက်ဥကို ပြန်ယူပြီး သူတို့ရှေ့မှ လှည့်အထွက် ကိုငြိမ်းအေးကို စကားဖြင့် ပက်သွားသေးသည်။

''ကြက်ဖကြီးနဲ့ညား၊ ကြားဖကြီးနဲ့ညက်''

လဲ့လဲ့ဝင်းခင်တို့ဆီကို ပြန်ရောက်တော့ အားလုံးက စိတ်ဝင်တစား ဝိုင်းမေးကြသည်။

''ဘာတဲ့လဲ''

''သြော်...ဒီကြက်ဥလိုပဲ၊ သူက ငါ့ကို အဆုံးအစမရှိ ချစ်တာပါတဲ့''

''အဲဒါဆိုရင်တော့ဟာ...''

''ဘာလဲ''

''အဲဒီလို အဆုံးအစမရှိ ချစ်တာမျိုးကတော့ ကြက်ဥမှ မဟုတ်ပါဘူး၊ ဘာဥနဲ့မဆို ရတာပဲ''

''ကဲ...တော်ပြီ တော်ပြီ၊ ဒီကိစ္စကို ဒီမှာပဲ ဖြတ်မယ်။ အတန်းတက်မယ်''

သို့သော် ဟိုဝင်ဒီဝင်ဖြစ်နေကြ၍ အတန်းထဲကို တော်တော်နှင့် မရောက်။ ကြာဖြူအပါအဝင် အားလုံးက ပိုင်စိုးကို တွေ့မလားဟူသော အတွေးနှင့် ဟိုဘက်ဒီဘက်ကို မျက်လုံးကစားကြည့်နေသေးသည်။

အတန်းထဲရောက်ပြီး ထိုင်နေကျနေရာကို ကြာဖြူဝင်တော့...

''ဟော...''

ခုံပေါ်မှာ ကြက်ဥနှစ်လုံး။

စန္ဒာရဲ့လှုက…

''ကြာဖြူ…။ ဒါက ဘယ်လိုဖြစ်တာလဲ''

''ပေါက်တယ် ပေါက်တယ်''

''ဘာပေါက်တာလဲ''

''တစ်လုံးက ကိုငြိမ်းအေး၊ တစ်လုံးက ကိုတင်ကိုအောင်လေ''

ပိုင်စိုး ကျောင်းလာပုံ မရ။ ကျောင်းမှာ မတွေ့။ ဘယ်တွေ့မည်လဲ၊ ဒင်းက ကြာဖြူတို့အိမ်ကို ရောက်နေသည်။ ဖေဖေကလည်း ဆိုင်ကို မသွားဘဲ အိမ်မှာပဲရှိနေ၏။ ဖေဖေရော မေမေရော ပိုင်စိုးနှင့် အဘိုးဆော့နေသည်ကို ထိုင်ကြည့်ပြီး ပြုံးနေကြသည်။

အဘိုးက သေနတ်ကို တဒိုင်းဒိုင်းပစ်လိုက်၊ လှောင်အိမ်လေးထဲမှ ငှက်ရုပ်ကလေး တကျိုကျိုအော်သည်ကို သဘောကျပြီး ရယ်လိုက်နှင့် ပျော်ရွှင်နေသည်။

''ဟင်း…''

ကြာဖြူ မျက်နှာရှုံ့မဲ့ပြီး အိမ်ထဲသို့ ခြေဆောင့်ဝင်သွားလိုက်သည်။

''သမီး ဘာဖြစ်လာတာလဲ''

''ဘာမှ မဖြစ်ပါဘူး။ ကျောင်းမတက်ဘဲ သူများအိမ် လျှောက်လည်နေတဲ့သူကို ကြည့်မရလို့''

''သိပ်တော်သွားမှာစိုးလို့ မတက်တာဟေ့။ မတက်တစ်ရက် တက်တစ်ရက်နဲ့တောင် အတော်တော်နေတာ''

ကြာဖြူ သူ့ကို ခွန်းတုံ့ပြန်မနေတော့။ အပြင်လည်း ပြန်မထွက်ချင်သဖြင့် ကိုယ့်အခန်းထဲမှာပဲ လှဲနေလိုက်သည်။ ခဏကြာတော့ အဘိုးအသံကို မကြားရတော့။ အိပ်သွားပြီ ထင်သည်။

ပိုင်စိုးနှင့် မေမေတို့၏ စကားပြောသံကိုသာ ကြားနေရ၏။

''မောင်ပိုင်စိုးမှာ အဘိုးအဘွားတွေ ရှိသေးလား''

''ဟင့်အင်း…။ သူတို့ အသက်မရှိကြတော့တာ ကြာပြီ ဦးရဲ့''





"မောင်ပိုင်စိုးက အဘိုး၊ အဘွားကို ချစ်တတ်ပုံ ရတယ်"

"ဒီလိုပဲ…။ အဘိုးတို့ အဘွားတို့ရှိတုန်းက ကျွန်တော်နဲ့ ဆော့နေတာပဲ"

"မောင်ပိုင်စိုးအဘိုးကရော သူငယ်ပြန်နေတာလား။ ဟုတ်လား"

"ဟာ…ကျွန်တော့်အဘိုးက အကောင်းကြီးပါ"

ကြားနေရသည့် ကြာဖြူ ဒေါပွသွားသည်။ သူ့အဘိုးက အကောင်းကြီးဆိုတော့ ကိုယ့်အဘိုးက အရူးကြီးလို ဖြစ်နေသည်။

"မောင်ပိုင်စိုးက ဒီက အဘိုးနဲ့တောင် ဒီလောက်တည့်နေတာပဲ"

ပိုင်စိုးက ဘာမှ ပြန်မပြောဘဲ တဟဲဟဲရယ်နေသည်။

"အေးကွယ်…ကုသိုလ်ရပါတယ်။ မောင်ပိုင်စိုး အဘိုးဖြစ်တဲ့အခါကျရင်လည်း မောင်ပိုင်စိုးမြေးတွေက ဒီလိုပဲ ချစ်ကြမှာပေါ့"

"မက်တွိန်းရေးတဲ့ စာတစ်ပုဒ်ရှိတယ်။ လူတစ်ယောက်က သူကိုယ်တိုင် သူ့အဘိုး ပြန်ဖြစ်နေတာလေ"

"ဘယ်လို ဘယ်လို"

ဖေဖေနှင့် မေမေသာမဟုတ်၊ ခိုးနားထောင်နေသော ကြာဖြူပါ ခေါင်းရှုပ်သွားသည်။

"ဒီလိုလေ…"

ထို့နောက် ပိုင်စိုးက ကျကျနန ဆွေမျိုးစပ်ပြသည်။

"အရွယ်ရောက်နေတဲ့ သမီးတစ်ယောက်ရှိတဲ့မုဆိုးမတစ်ယောက်ကို ကျွန်တော်က လက်ထပ်လိုက်တယ် ဆိုပါစို့"

"ဟုတ်ပြီ"

"ကျွန်တော့်အဖေက ကျွန်တော့်ရဲ့ မယားပါသမီးနဲ့ ကြိုက်သွားကြပြီး လက်ထပ်လိုက်ပြန်တယ်"

"အဲ…"

"အဲဒီတော့ သေချာမှတ်နော်။ ကျွန်တော့် 'အဖေ'က ကျွန်တော့် 'သားမက်'ဖြစ်သွားတယ်။ ကျွန်တော့်ရဲ့ မယားပါသမီးကလည်း ကျွန်တော့်

အမေ ဖြစ်သွားပြန်ရော''

''ဟေ…အေး…ဟုတ်တယ်နော်။ သူက မင်းအဖေရဲ့ မိန်းမ ဖြစ်သွားတာကိုး''

ဖေဖေက သဘောပေါက်စွာ ဝင်ပြော၏။

''ဆက်ပြောမယ်နော်။ ကျွန်တော့်ဇနီးက သားတစ်ယောက် မွေးတယ်။ အဲဒီတော့ ကျွန်တော့်သားဟာ အဖေရဲ့ ယောက်ဖ ဖြစ်သွားပြီ။ နောက်တစ်ခါ ကျွန်တော့်သားကပဲ ကျွန်တော့်ဦးလေး ဖြစ်နေပြန်ရော''

''ဟေ…''

ဖေဖေ စိတ်ညစ်သွားသည်။ ပိုင်စိုးက ဆက်ပြော၏။

''ဒီလိုလေ…ဦးရဲ့။ ကျွန်တော့်သားက ကျွန်တော့်မိထွေးနဲ့ဆို အမေတူ အဖေကွဲ မောင်နှမတော်နေတာကိုး။ ဒါကြောင့် အဖေနဲ့ဆို အဲဒီသားက ယောက်ဖ၊ ကျွန်တော်နဲ့ဆို ဦးလေး ပြန်တော်နေတယ်။ ဒီထိ ရှင်းတယ်နော်''

''အေး…ရှင်းတယ်ကွ။ ဆက်ပါဦး''

''အဲဒီမှာ ကျွန်တော့်အဖေရဲ့ မိန်းမကလည်း သားတစ်ယောက် မွေးတယ်။ မိထွေးက မွေးတာဆိုတော့ ကျွန်တော်နဲ့ အဖေတူ အမေကွဲ ညီတော်တယ်''

''အင်း''

''အဲ…တပြိုင်တည်းမှာပဲ ကျွန်တော့်ရဲ့ မယားပါသမီးက မွေးတာ ဖြစ်တဲ့အတွက် ကျွန်တော့်မြေးလည်း တော်နေတယ်''

''အင်း…ဟုတ်သားပဲ''

''အဲ…နောက်တစ်ခါ ပြောရဦးမယ်ဆိုရင် ကျွန်တော့်မိန်းမဟာ ကျွန်တော့်ရဲ့အဘွား ဖြစ်နေပြန်တယ်။ ကျွန်တော့်မိထွေးရဲ့ အမေကိုး''

''ဒါလည်း ဟုတ်တာပဲ''

''ဒီတော့ ကျွန်တော်ဟာ ကျွန်တော့်မိန်းမရဲ့ လင်ယောက်ျား လည်းဖြစ်၊ မြေးလည်း ဖြစ်နေတယ်။ နောက်ပြီး အဲဒီမိန်းမယူထားတဲ့





လင်ယောက်ျားဟာ ကျွန်တော့်ရဲ့ အဘိုးပေါ့။ အဲဒီမိန်းမယူထားတာက ကျွန်တော်ပဲဆိုတော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့အဘိုး ဖြစ်နေတော့တာပေါ့''

သူ့စကားအဆုံးမှာ ဖေဖေနှင့် မေမေက တဟားဟား အော်ရယ်သည်။

''ကပ်သီးကပ်သပ် တော်တော်ရေးတတ်တာပဲ။ ဒါကြောင့်လည်း ကမ္ဘာကျော်တာကိုး…''

''ဟုတ်တယ် ဦးရဲ့။ အရမ်းတော်တဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့။ ကပ်သီးကပ်သပ်ရေးတတ်ရုံတင် မဟုတ်ဘူး၊ သူ့ဘာသာဖြစ်လိုက်ရင်လည်း ကပ်သီးကပ်သပ်တွေချည်းပဲ''

''ပြောပါဦးကွဲ့''

''တစ်ခါက သူ ဖယောင်းရုပ်တုတွေထားတဲ့ ပြတိုက်ကို သွားကြည့်တယ်လေ''

''အေး''

''ဖယောင်းရုပ်တုတွေက နာမည်ကျော်အနုပညာရှင်တွေ၊ ခေါင်းဆောင်ကြီးတွေရဲ့ ပုံတူကို သက်ရှိလူနဲ့မခြား ထုထားတာဆိုတော့ အရမ်းအသက်ပါတယ်''

''အေး…အဲဒီပြတိုက်ကို ကြားဖူးတယ်၊ မဒပ်တူးဆိုးဆိုလားပဲ''

''ဟုတ်ပါတယ်။ အဲဒီမှာ မတ်တွိန်းက ပြတိုက်ထဲက ဖယောင်းရုပ်တုတွေကို လိုက်ကြည့်ရင်း တစ်နေရာရောက်တော့ ဖယောင်းရုပ်တုတစ်ခုဟာ အသက်ပါလွန်းတာမို့ အတော်လေးကြာအောင် စူးစိုက်ကြည့်နေမိတယ်တဲ့''

''အင်း…ဟုတ်ပြီ၊ ဆက်ပါဦး''

''ဘယ်လောက်ကြာအောင်ကြည့်နေလဲ မသိဘူး၊ တစ်ယောက်က ခါးကို လာတို့လို့ မတ်တွိန်းက လန့်ပြီး လှည့်ကြည့်လိုက်တော့ သူ့လိုပဲ လန့်သွားတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ရတယ်။ အမျိုးသမီးက…

"အမယ်လေး...တကယ့်လူပါလား။ ကျွန်မက ဖယောင်းရုပ်တုကြီး ထင်လို့။ တောင်းပန်ပါတယ်"ဆိုပြီး ထွက်သွားတော့တယ်တဲ့"

မေမေက ခပ်တိုးတိုးရယ်၏။ ဖေဖေကတော့ ပြုံးနေသည် ထင်သည်။ ကြာဖြူ မလုံမလဲဖြစ်သွားသည်။ စိတ်မလုံမလဲဖြစ်သွားခြင်းကို ဆိုလိုသည်။ သူမက မွေ့ယာပေါ်မှာ အရုပ်ကြီးတွေ ဘေးထားပြီး အိပ်နေခြင်းဖြစ်၏။ အရုပ်အောက်မေ့လို့ တကယ့်ကြာဖြူကြီးပါလား ဆိုပြီး ပိုင်စိုးက ခါးလာတို့မှာကို တွေးပြီး အသည်းယားသွားသည်။

"သမီးရေ...အိပ်နေလား"

"ဟုတ်ကဲ့"

"အိပ်ပျော်နေပြီလား"

"ဟုတ်ကဲ့...အိပ်ပျော်နေပြီ"

"နိုးလို့မရတော့ဘူးလား"

"မရတော့ဘူး"

"ဒီမှာ မောင်ပိုင်စိုးက ပြန်တော့မလို့တဲ့"

"ပြန်ပစေပေါ့"

"မောင်ပိုင်စိုးရေ...ပြန်ပစေတဲ့"

"ဟုတ်ကဲ့...ဟုတ်ကဲ့။ မနေတော့ဘူးလို့"

ဖေဖေနှင့်မေမေ ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြုံးကြီးလုပ်ရင်း ကျန်ရစ်ခဲ့မှာ သေချာသည်။ ပိုင်စိုးဘက်ကလည်း စည်းရုံးရေးတွေ သိပ်ကောင်းနေသည်။ ပြောမနာ ဆိုမနာ ရင်းနှီးနေပြီး ဖေဖေတို့၏ ယုံကြည်မှုကိုလည်း အပြည့်အဝ ရနေတော့သည်။

သူမကတော့ ပိုင်စိုးကို လူလိမ်လို့ပဲ မြင်သည်။





နတ်သမီးပုံပြင်လေး ပြောပြပါ
ဘာပဲပြောပြော ကြားချင်လို့ပါ။

နတ်သမီးပုံပြင်လေး ပြောပြပါ။
ဘာပဲပြောပြော မြင်ချင်လို့ပါ။

နတ်သမီးပုံပြင်လေး ပြောပြပါ
ဘာမှမရှိဘူးဆိုပေမဲ့ တစ်ခုခုများရှိမလားလို့ပါ။

■

(၁၁)

ထို့နောက်ပိုင်းမှာ ပိုင်စိုးက အိမ်သို့ ချောင်းပေါက်အောင် လာသည်။ ခြောက်ပေါင်းပြီး ပြန်သွားသည်။ အဘိုးကို…

"အဘိုး ခုတလော ထမင်းစားရင် ကောင်းကောင်းမစားဘူး ဆို"

"အေး"

"ထမင်းပန်းကန်ကို လက်နဲ့ ပုတ်ပုတ်ချတယ်ဆို"

"အေး"

"မကောင်းဘူး"

"အေး"

"အဲဒါကျတော့ သိလား"

"သိတာပေါ့"

"ဒါဖြင့် ဘာလို့လုပ်လဲ"

"ငါက ထမင်းမှ မစားချင်တာ"

"ဒါဖြင့် ပြောလိုက်လေ…ဘာစားချင်လဲဆိုတာ၊ အိမ်ကလူတွေ လုပ်ပေးမှာပေါ့"





"ပြောသားပဲ…။ လုပ်မှ လုပ်မပေးဘဲ"

"ကဲ…ထားတော့ ကျွန်တော် လုပ်ပေးမယ်။ ပြော… ဘာတုန်း"

အဘိုးက တကယ့်ကလေးသူငယ်တစ်ယောက်လိုပင် ဟိုဟာ သည်ဟာ ပူဆာနေတော့သည်။ ပိုင်စိုးလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရတော့၏။

ဖေဖေနှင့်မေမေကလည်း အလှူတစ်ခုသို့ သွားသည်မှာ ပြန် မရောက်သေး။ ပိုင်စိုးကလည်း ဤအိမ်ကို အိမ်သားတစ်ယောက်လိုပင် ဝင်ထွက်သွားလာခွင့် ရှိနေသည်။ နေ့အားဖြင့်ဆိုလျှင်လည်း ကျောင်းအား သည့် တနင်္ဂနွေ။

ခုချိန်မှာ သူနှင့် ပိုင်စိုးက မတည့်ဘဲနှင့် ရင်းနှီးနေသည်။ ခင်ဗျားတွေ၊ ကျွန်တော်တွေ၊ ရှင်တွေ၊ ကျွန်မတွေ လုပ်မနေကြတော့။ နင်တွေငါတွေ ဖြစ်ကုန်ပြီ။ သူမ၏ သူငယ်ချင်းအုပ်စုများကိုလည်း ပိုင်စိုးက မည်သို့မည်ပုံ လိုက်လျောဆက်ဆံထားသည်မသိ။ ကျောင်းမှာဆို လျှင်လည်း ပိုင်စိုးနှင့် သူငယ်ချင်းမတွေက တဟီးဟီးတဟဲဟဲဖြစ်နေကြ သည်။

သူ့သူငယ်ချင်းမတွေက ပိုင်စိုးကို လူမှုရေးအရဆက်ဆံရုံပင် မဟုတ်။ ခင်ခင်မင်မင်သံယောဇဉ်ရှိရှိကို ဆက်ဆံနေကြခြင်းဖြစ်သည်။ ကြာဖြူ ဘာမှမပြောသာ။ နေစရာမြေကတော့ ကျဉ်းလာသလို ခံစားရ သည်။

"အဘိုး အဲဒီလိုတွေကြပ်ကြပ်လုပ်၊ အဘိုးကို သရဲကိုက်လိမ့် မယ်"

"သရဲ…ဟုတ်လား"

"ဟုတ်တယ်။ မကြောက်ဘူးလား"

"ကြောက်တယ်။ သရဲမှာ သွားရှိလို့လား"

"ရှိတာပေါ့။ အဘိုးမှာသာ သွားမရှိတာ၊ သရဲမှာ သွားရှိတယ်။ ကိုက်လိမ့်မယ်"

“ငါက ပြန်ကိုက်လို့မရရင် ငါ ရှုံးမှာပေါ့”

“ဒါပေါ့…။ အဲဒီလိုဖြစ်မှာကြောက်ရင် ကျုန်တဲ့သူတွေပြောတာကို နားထောင်ရတယ်။ အဘိုးဆိုတာ သားတွေ မြေးတွေ ပြောတာကို နားထောင်ရတယ်”

ထိုအချိန်မှာပဲ သပ်သပ်ရပ်ရပ်ဝတ်စားဆင်ယင်ပြီး ဆံပင်မှာ ခေါင်းလိမ်းဆီလိမ်းထားသော လူတစ်ယောက် အိမ်ထဲ ဝင်လာသည်။ ပိုင်စိုးက ဦးစွာတွေ့သဖြင့်…

“ကြာဖြူ”

“ဘာလဲ”

“ဟိုမှာ ဧည့်သည်”

လှည့်ကြည့်ပြီး ကြာဖြူ့မျက်နှာ တစ်မျိုးဖြစ်သွားသည်။ သူမ ကိုယ်သူမ အလွန်နှမြောနေသည့်မျက်နှာမျိုးနှင့် ပြုံးကာ…

“သြော်…ကိုတင်ဝင်း”

“အင်း…ဟုတ်တယ်။ ဦးဦးတို့ ဒေါ်ဒေါ်တို့ရော…”

“မရှိကြဘူးလေ…။ အလှူသွားကြတယ်”

ထိုစဉ်မှာပဲ…

“နော်မူ၊ ဘာဘာရာ”

အိမ်ဖော်မလေးများကို လှမ်းခေါ်ခြင်းဖြစ်သည်။ ကြာဖြူခေါ်ခြင်းတော့ မဟုတ်။ ပိုင်စိုးခေါ်ခြင်း ဖြစ်သည်။ အိမ်ဖော်မလေးတွေက ချက်ချင်းပြေးထွက်လာကြသည်။

“သွား…အဘိုးကို အိပ်ခန်းထဲ ခေါ်သွားတော့”

“ဟုတ်ကဲ့”

“တစ်ယောက်က အိမ်အလုပ်လုပ်မယ်ဆိုရင် တစ်ယောက်က အဘိုးနားမှာ ကြည့်နေ။ အိပ်ချင်တယ်ဆိုရင်လည်း သိပ်လိုက်”

“ဟုတ်ကဲ့”

“သူ ရေချိုးသောက်ချင်တယ်ဆိုရင် နည်းနည်းမှတ်ပြီးမှ တိုက်နော်”





“ဟုတ်ကဲ့”

“အေး…သွားတော့။ တစ်ယောက်က ဧည့်သည်အတွက် အအေးတစ်ခွက် အရင်လာချပေး”

“ဟုတ်”

ပြီးမှ ကိုတင်ဝင်းဘက်လှည့်ကာ…

“ဘယ့်နှယ် ဧည့်သည်က မတ်တပ်ကြီး။ ထိုင်လေ…”

ပိုင်စိုးက နာမည်နှင့်လိုက်အောင် ပိုင်စိုးပိုင်နင်း နိုင်လှသည်။ ကိုတင်ဝင်းက ပြုံးမလို တည်မလို မျက်နှာနှင့် ခုံမှာ ဝင်ထိုင်၏။ ကိုတင်ဝင်း၏ စိတ်ထဲမှာ ခိုးလိုးခုလုဖြစ်နေမှာကို ကြာဖြူရိပ်မိသည်။

သူက ဤအိမ်သို့ အဝင်အထွက်ရှိခဲ့သည်မှာ ကြာပြီ။ ပိုင်စိုးကို တစ်ခါမှ မမြင်ဖူး။ နာမည်ပင် မကြားဖူး။ ခုကျမှ ဘယ်ကနေ ဘွားခနဲ ပေါက်လာသည်မသိ။ ဤမိသားစုနှင့် ရင်းနှီးကျွမ်းဝင်ပုံရတာကလည်း သိသာသည်။ လိုတာထက်ပင် နည်းနည်းပိုနေသေးသလို ခံစားရသည်။

ကြာဖြူလည်း စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ ရှောင်ဝါးဝါးဖြစ်နေလေသည်။ ကိုတင်ဝင်းက

“ကြာဖြူ”

“ရှင်”

“ကိုယ်တို့ကို မိတ်ဆက်ပေးဦးလေ”

ကြာဖြူလည်း မနေသာတော့သဖြင့်…

“ပိုင်စိုး”

“ဟေ…”

“ဒါက ကိုတင်ဝင်းတဲ့”

အမှန်တော့ ထိုနာမည်ကို ခုနကတည်းက ပိုင်စိုးကြားပြီးသား ဖြစ်ပါသည်။ သို့သော် လူမှုရေးအရ မကြားခဲ့သယောင် ဟန်ဆောင်ပြီး ထိုနာမည်သုံးလုံးစလုံးကို အစမှ ပြန်နားထောင်လိုက်ရပြန်၏။

“သြော်…ဦးတို့ ဒေါ်ဒေါ်တို့ ပြောပြနေတဲ့ မောင်တင်ဝင်းဆိုတာလား”

ကိုတင်ဝင်းက ဘာမှပြန်မပြောရသေးခင် ပိုင်စိုးကပဲ ဆက်ပြောသည်။

"ကျွန်တော်လည်း အစ်ကိုကြီး မောင်တင်ဝင်းကို တွေ့ချင်နေတာ"

ပိုင်စိုးကတော့ လုပ်ချလိုက်ပြန်ပြီ။ အစ်ကိုကြီး မောင်တင်ဝင်းတဲ့။

"အဟင်း"

ကိုတင်ဝင်းက မချိပြုံး ပြုံးရင်း ခေါင်းညိတ်ပြသည်။

"ကျွန်တော့်နာမည် ပိုင်စိုးပါ။ ကျောင်းမှာ ကြာဖြူနဲ့ တစ်နှစ်တည်းပါပဲ"

"ဩော်...ဩော်"

အိမ်ဖော်မလေးတစ်ယောက်က အအေးခွက် လာချသည်။ တပြိုင်နက်တည်းဆိုသလိုပဲ...

"ကလင်...ကလင်...ကလင်"

တယ်လီဖုန်း မြည်လာသည်။ ကြာဖြူက ကိုင်၏။

"ဟဲလို"

ပိုင်စိုးကပဲ ကိုတင်ဝင်းကို ညွှန်ခံပြန်သည်။

"သောက် အစ်ကိုကြီး သောက်"

"အင်း...ရတယ်"

"ဟဲ့...ပိုင်စိုး"

"ဘာလဲ"

"နင့်ဖုန်း"

"ဩော်...အေး ဟုတ်တယ်။ ငါ ဒီဖုန်းနံပါတ်မှာရှိမယ်ဆိုပြီး အိမ်ကို မှာခဲ့တယ်။ ဟိုဘက်က ဆက်တာ ဘယ်သူလဲ"

ကြာဖြူက ကိုတင်ဝင်းကို အားနာသလို တစ်ချက်ကြည့်ရင်း ခပ်တိုးတိုးဖြေသည်။

"မတင်ဝင်း...တဲ့"





ကိုတင်ဝင်း၏မျက်နှာ မဲခနဲဖြစ်သွားသည်။ ပိုင်စိုးလည်း မျက်မှောင်ကြုတ်သွားပြီး ဖုန်းထကိုင်သည်။

"ဟဲလို"

"... ... ..."

"ဟုတ်ပါတယ်...ပိုင်စိုးပါ"

"... ... ..."

ပိုင်စိုး ဖုန်းပြောနေတုန်း ကိုတင်ဝင်းကလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ သူ့လုပ်ရှားမှုကို စတင်၏။

"ကိုယ် ကြာဖြူ့ကို ပြောစရာရှိလို့"

ထိုအချိန်မှာပဲ ပိုင်စိုး ဖုန်းပြောသံက ထွက်လာသည်။

"ပြောစရာရှိရင် ပြောလေ မတင်ဝင်း"

ကိုတင်ဝင်း တွန့်ခနဲဖြစ်သွားပြီး ပိုင်စိုးကို လှည့်ကြည့်၏။ ပိုင်စိုးက သူတို့ကို ကျောပေးပြီး သူ့ဖုန်းသူ အမှန်အကန်ပြောနေခြင်းဖြစ်၏။

ကိုတင်ဝင်းက ပင့်သက်တစ်ချက်ရှိုက်ပြီး ကြာဖြူ့နံဘေးကပ်လျက်ခုံသို့ ပြောင်းထိုင်ရန် ပြင်သည်။ ပိုင်စိုးအသံကလည်း တပြိုင်တည်းဆိုသလို ထွက်လာပြန်၏။

"ဟာ...အဲဒီလိုတော့ မလုပ်နဲ့လေ မတင်ဝင်း"

ကိုတင်ဝင်း ယောင်ကန်းကန်းဖြင့် မူလခုံမှာပဲ ပြန်ထိုင်လိုက်သည်။

"မှန်တယ် မှန်တယ် မတင်ဝင်း။ လူဆိုတာ ကိုယ့်နေရာနဲ့ကိုယ် နေရတာပေါ့"

ကြာဖြူလည်း ငိုရမလို ရယ်ရမလို ဖြစ်လာတော့သည်။

"ကြာဖြူ"

"ရှင်"

"ကိုယ်နဲ့ ဦးတို့ ဒေါ်ဒေါ်တို့ စီစဉ်ထားတဲ့ကိစ္စလေး။ ဟို...ကိုယ်နဲ့ ကြာဖြူ့ ကိစ္စလေး..."

“မလုပ်နဲ့ မတင်ဝင်း။ အဲဒီအစီအစဉ်ကို ဖျက်လိုက်တော့”

“ဟို…ကိုယ်တို့ ပြောပြီးဆိုပြီးကြတာလည်း ကြာပြီလေ”

“ပြောပြီးဆိုပြီးသားဆိုပေမဲ့ မတင်ဝင်းရယ်…တရားဝင်မှ မဟုတ်သေးဘဲ”

နံရံကသာ မွေ့ယာနှင့်လုပ်ထားသည်ဆိုလျှင် ကိုတင်ဝင်း ခေါင်းနှင့် ပြေးပြေးဆောင့်မိမည်ဖြစ်၏။ သက်ပြင်းမှုတ်ထုတ်ပြီး ကုလားထိုင်မှာ ကျောမှီချလိုက်သည်။ စိတ်ပျက်လက်ပျက်ဖြစ်သွားဟန်က မျက်နှာမှာ ဖုံးမရ ဖိမရ။

“ဟုတ်ကဲ့ ဟုတ်ကဲ့ မတင်ဝင်း။ ဒါဖြင့် ဒါပဲနော်”

လဲသေလိုက်ပေ့။ ကိုတင်ဝင်း စိတ်ထဲမှာ ကြိတ်ဆဲနေမိသည်၊ ကုလားထိုင်မှာ ပြန်ဝင်ထိုင်သော ပိုင်စိုးကို စူးစူးကြည့်လျက်…

“ညီလေး။ အဲ…နာမည်က မောင်ပိုင်စိုးနော်”

“ဟုတ်ပါတယ် အစ်ကိုကြီး မောင်တင်ဝင်း”

“အေး…ကိုယ်နဲ့ ကြာဖြူနဲ့ နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောချင်လို့ကွာ”

“ဩော်…ကျွန်တော်က ရှောင်ပေးရမှာလား။ ရတယ်…ရတယ်။ ရှောင်ပေးမယ်”

ပိုင်စိုးက ထိုင်ရာမှ ထရန် ပြင်သည်။ သို့သော် ရှောင်ပေး၍ မရလိုက်။

“အထဲမှာ မနေဘူး၊ အပြင်ပြန်ထွက်မယ်”

အသံဗြဲကြီးနဲ့အတူ အဘိုးက ညှော်ခန်းသို့ ပြန်ထွက်လာ၏။ သူ့နောက်မှာ အိမ်ဖော်မလေးနှစ်ယောက်ကလည်း တန်းလန်းတန်းလန်း ပါလာသည်။ ပိုင်စိုးက…

“ဟာ…အဘိုး အထဲမှာ အေးအေးဆေးဆေးနေလေ”

“မနေဘူး။ အပြင်မှာပဲ နေမယ်”

“ဘာလုပ်မလို့လဲ အဘိုးရဲ့။ ခုနကပဲ ဆော့ပြီးပြီ”

“မဟုတ်ဘူး။ ငါ သမိန်အောင်စက်ကို လာစောင့်တာ”





“ဘယ်က သမိန်အောင်စက်တုန်း”

ကြာဖြူက ကြားမှ ဝင်ပြောရသည်။

“ဒါ သူ့သားမက်ကို ခေါ်တာ”

“သူ့သားမက်ဆိုတော့ ဦးပေါ့။ နင့်အဖေပေါ့”

“အင်း…”

“နင့်အဖေနာမည်က ဦးအောင်စိန်ပဲ”

“အေးလေ…သူ့သားမက်ကိုး”

ပိုင်စိုး မျက်တောင်ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားရသည်၊ ချက်ချင်း ဆိုသလိုပဲ သူ အဖြေရလိုက်ပါသည်။

“ဩော်…သမိန်အောင်စက်ဆိုတာ သားမက်အောင်စိန်ကိုး။ အဘိုးကလည်း အလာကြီးပဲ”

အဘိုးကတော့ ကိုတင်ဝင်းကိုလည်း ဂရုမစိုက်ချေ။ ညှော်ခန်းမှာ ဆောင့်ကြောင်ထိုင်ပြီး ပါးစပ်မှ ပြောချင်ရာပြောနေသည်။

“သမိန်အောင်စက်လည်း မလာသေးဘူး၊ သမိန်အောင်စက်လည်း မလာသေးဘူး၊ နောက်ကျလိုက်တာ”

“ဩော်…လာမှာပေါ့ အဘိုးရယ်”

ပိုင်စိုးက နံဘေးမှ ထိုင်ချော့နေ၏။ ကိုတင်ဝင်းလည်း ကုလားထိုင်နောက်ကျောကို ယခုထက်ပို၍ ထပ်မှီ၍ မရတော့ပြီဖြစ်သောကြောင့်

“ကြာဖြူ”

“ရှင်”

“မထူးတော့ပါဘူး၊ ကိုယ်ပြန်လိုက်ဦးမယ်”

“ဟုတ်”

“ဦးနဲ့ ဒေါ်ဒေါ်ကို ကိုယ် ဒီကိစ္စအတွက် လာသွားကြောင်း ပြောလိုက်ပေါ့”

“ဟုတ်”

ဘယ်သူ့ကိုမှ လှည့်မကြည့်တော့ဘဲ ကိုတင်ဝင်း ချာခနဲ လှည့်ထွက်သွားသည်။ ပိုင်စိုးက အဘိုးကိုတစ်လှည့်၊ ကိုတင်ဝင်းကိုတစ်လှည့်

ကြည့်ရင်း စိတ်ထဲမှ ကြိတ်ရေရွတ်မိသည်။

"အင်း...မြင်းသားမက်တင်ဝေးတော့ သွားပြီ"

ကိုတင်ဝင်း ကံဆိုးခြင်းဖြစ်သည်။ သူသွားပြီး ဘာမှမကြာခင်မှာပဲ ကြာဖြူ့အဖေနှင့်အမေက ပြန်ရောက်လာသည်။ ပိုင်စိုးလည်း ခဏအကြာမှာ နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့လိုက်သည်။

နောက်နေ့ ကျောင်းမှာ ဆုံကြတော့ ထိုအကြောင်းအရာများကို ကြာဖြူနှင့် ပြန်လည် စကားမစပ်ဖြစ်ပါ။ ကိုယ့်ဘာသာ နားလည်မှု ရှိစွာ နေကြ၏။ သို့သော်လည်း ပြဿနာကတော့ ဖြစ်ဖြစ်အောင် ဖြစ်လိုက်သေးသည်။ ကြာဖြူတို့အိမ်က ပြန်သွားသည့်ညက ပိုင်စိုး အပြင်းအထန် နားကိုက်သည်။ နားအူသည့်ဝေဒနာသည် အတော်အခံရဆိုး၏။ ရဲကားလား၊ ဆေးရုံကားလားမသိ။ နားထဲသို့ အဆက်မပြတ် မောင်းဝင်နေသည်။

ရေချိုးစဉ်က နားထဲသို့ ရေဝင်သွား၍ ဖြစ်နိုင်သည်။ ခါတိုင်းလည်း ဖြစ်တတ်သည်ပဲ၊ ခုမှ ဘယ်လိုဖြစ်သည်မသိ။ ပိုင်စိုးက နားထဲသို့ တမင်တကာ ရေလောင်းချခြင်း မဟုတ်ပါ။ ရေတွေက သူ့ဘာသာ ဆီလို အပေါက်ရှာပြီး နားပေါက်ထဲ ဝင်သွားခြင်းဖြစ်သည်။ ရဲကားနှင့် ဆေးရုံကားအပြင် မီးသတ်ကားနှင့် အမှိုက်ကားတို့ပါ လိုက်ဝင်လာသည်။ ဥသြဆွဲသံများ၊ ခေါင်းလောင်းခေါက်သံများနှင့် နားထဲမှာ ကိုက်ခဲဆူညံနေတော့၏။

ပိုင်စိုး၏ အကျင့်က နေမကောင်းလျှင် ကျောင်းသွားတတ်၏။ အားလုံးက သနားအောင်ဖြစ်၏။ နောက်ပြီး ကျောင်းပျက်ရက်တွေကလည်း သူ့မှာ အတော်များနေသည်။ ထို့ထက် ထိုပိုသော နောက်ဆုံးကို ပြောရလျှင်တော့ ကြာဖြူနှင့်လည်း တွေ့ချင်သည်။ အထက်မှာ ပြောခဲ့သည့်အတိုင်း တွေ့ကြတော့လည်း အဆင်မပြေ။

အတန်းချိန်အချို့ပြီးမှ ကျော်လွင်ဦးနှင့် သာမြတ်ကျော်တို့ ရှိသည်ဆိုသော ကင်တင်းသို့ လိုက်သွားခဲ့ခြင်းဖြစ်သည်။ ဝေဒနာခံစားနေရသော မျက်နှာအမူအရာနှင့်ဖြစ်၍ ကျော်လွင်ဦးက...





"ဟေ့ကောင် မင်း ဘာဖြစ်လာတာလဲ"

နားအူနေသဖြင့် ကျော်လွင်ဦး ဘာပြောသည်ဆိုသည်ကို ပိုင်စိုး ကောင်းကောင်းမကြားပါ။ အမှန်တော့ စောစောက ဆရာ ဆရာမတွေ စာသင်တာကိုလည်း ဘာမှ မကြား။ သို့သော် အကင်းပါးသော ပိုင်စိုးက သင်သော အကြောင်းအရာတွေကို ရိပ်စားမိပါသည်။ ရှေ့မှာ ထိုင်သော သင်းမြမြစိုးထံမှ မျှော်မျှော်ကြည့်ပြီး လိုက်ကူးထည့်လိုက်သည်။

ကျော်လွင်ဦးကို လက်ကာပြပြီး...

"လက်ဖက်ရည် ကျဆိမ့်တစ်ခွက်"

ပြီး...ဘာမှ ဆက်မပြောဖြစ်၊ လူကလည်း အီစလံဝေနေသည်။ ထိုအချိန်မှာပဲ တစ်ဖက်ဝိုင်းမှာ ထိုင်နေသော ကြာဖြူတို့အုပ်စုကို ဖဲချပ်ပွတ်ကြည့်သလို တဖြည်းဖြည်း မြင်လိုက်ရ၏။ ကြာဖြူကလည်း မျက်နှာ မသာမယာ ဖြစ်နေ၏။

ဘာဖြစ်လို့များပါလိမ့်...။ သူတို့မိသားစု၏ ညဥ့်ဦးယံဆွေးနွေးချက်တွေ အဆင်မပြေကြ၍လား။ ကြာဖြူနှင့် ကိုတင်ဝင်းကို အတင်းအဓမ္မ ပေးစားကြတော့မည်လား။ သူ့ဘက်ကတော့ ရှင်းသည်။ မတင်ဝင်းကို လုံးဝမယူ။

ကိုတင်ဝင်းနှင့် မတင်ဝင်းကို ပေးစားလိုက်လျှင် ကောင်းမည်လား။ နေ့တူ နာမ်တူထပ်၍ မြတ်ရမည်ဆိုလျှင် သူတို့ထက်မြတ်မည့်စုံတွဲ မရှိတော့။

ကြာဖြူ့အမူအရာတွေက ပုံစံမမှန်။ မြတ်နိုးမေက ကြာဖြူ့ကို တစ်စုံတစ်ရာ လှမ်းပြော၏။

"ဘာ..."

ကြာဖြူက နားရွက်တစ်ဖက်ကို လက်ဝါးလေးနှင့်ကာပြီး ခေါင်းတိုးနားထောင်သည်။

"အေး...အေး"

ကြာဖြူပြောသည်က ကျယ်လွန်း၍ဖြစ်သည်။ စောင့်နားထောင်နေသည့် မြတ်နိုးမေ၏ မျက်နှာက ရှုံ့မဲ့သွားသည်။ ခတ္တာကလည်း

ဘာပြောသည် မသိ။

ကြာဖြူကတော့ ခုနက ပုံစံအတိုင်း နားတစ်ဖက်ကို လက်ဝါးလေးနှင့်ကာပြီး နားထောင်သည်။ တီးတိုးစကားတစ်ခွန်းကို အစွမ်းကုန် နားစွင့်ထောင်နေသည့် ပုံမျိုးဖြစ်၏။

ထို့နောက်...

''အေးအေး...ဟုတ်တယ်၊ ဟုတ်တယ်''

အော်ကြီးဟစ်ကျယ် ဖြေလိုက်ပြန်ပုံ ရသည်။ ခဏ္တာလည်း မျက်နှာရှုံ့မဲ့သွားပြန်သည်။ ဘာဖြစ်နေကြမှန်းမသိ။ သူတို့ထံမှ မျက်နှာပြန်အလွှဲ သာမြတ်ကျော်က...

''ဟော့ကောင် ပိုင်စိုး''

ပိုင်စိုးက နားရွက်တစ်ဖက်ကို လက်ဝါးနှင့်ကာလိုက်ရင်း...

''ဟေ...''

အော်ကြီးဟစ်ကျယ် ဖြေလိုက်မိပုံရသည်။ သာမြတ်ကျော်၏ မျက်နှာက ရှုံ့မဲ့သွားသည်။

''မင်း ဘာဖြစ်နေတာလဲ''

''ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး''

''ဟ...တိုးတိုးပြောပါကွာ''

''ဟာ...အဲဒါဆို မင်း ကျယ်ကျယ်ပြော။ မင်း ကျယ်ကျယ်ပြော''

''ဟာ...တိုးတိုးပြောပါဆို။ မင်း ဘာဖြစ်နေတာလဲ''

''ဟေ...''

''မင်း ဘာဖြစ်နေတာလဲလို့''

''နားကိုက်နေလို့ နားကိုက်နေလို့''

သာမြတ်ကျော်က တစ်ခုခုပြောမည်လုပ်ပြီးမှ မပြောဘဲ ရပ်သွားသည်။ သူ့ကိုယ်သူလည်း ကိုယ်ရှိန်သပ်လိုက်သလို ဖြစ်နေသည်။ မသက်မသာ၍ နောက်ဘက်ကို လှည့်ကြည့်လိုက်တော့ ဒေါသမျက်ဝန်းတွေနှင့် သူ့ကို စိုက်ကြည့်နေသော ကြာဖြူ။





''ဟဲ့ ပိုင်စိုး''

နားကို လက်ဝါးနှင့် ကာစွင့်ထားလျက်ကပဲ...

''ဟေ...''

''နင် ဘာလုပ်တာလဲ''

''နားကိုက်လို့''

ကြာဖြူက လက်ဝါးတစ်ဖက်ကို နားနှင့် စွင့်ကာထားရင်း အဲ...မဟုတ်ပါဘူး၊ ရှုပ်ကုန်ပြီ။ နားတစ်ဖက်ကို လက်ဝါးနှင့် စွင့်ကာထားရင်း...

''ဘာ...''

''နားကိုက်လို့''

''နင် သက်သက်လိုက်ပြောင်နေတာ မဟုတ်လား''

ပိုင်စိုးက နားတစ်ဖက်ကို လက်ဝါးနှင့် စွင့်ကာထားရင်း...

''ဘာ...''

''နင် သက်သက်ပြောနေတာ မဟုတ်လား''

''မဟုတ်ဘူး၊ တကယ်ဖြစ်နေတာ''

''ဘာ...''

''မဟုတ်ဘူး၊ တကယ်ဖြစ်နေတာ''

''နင့်အကြောင်း ငါသိတယ်နော်''

''ဘာ...''

''နင့်အကြောင်း ငါသိတယ်''

သူတို့တွေ လက်ဝါးဖြင့် နားတစ်ဖက်စီကိုကာရင်း အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေကြသည်ကို ဘေးလူတွေက မပြုံးဘဲ မနေနိုင်ကြတော့။ ကြာတော့ ကြာဖြူလည်း ရှက်သွားပြီး မြေကြီးကို ဖနောင့်နှင့် တဘုန်းဘုန်းပေါက်ကာ ပြန်လှည့်ထွက်သွား၏။

ကျော်လွင်ဦးက...

''ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ။ ကြာဖြူက နားကိုက်နေလို့။ အတန်းပြီးရင် ဆေးခန်းတန်းသွားမလို့''

"ဘာ..."

နှစ်ခါ နှစ်ခါ ပြန်ပြောနေရသည်။ သဘောပေါက်သွားသည့် အချိန်မှာ ပိုင်စိုးက...

"အဲဒါ အချစ် အချစ်"

"ဘာ..."

ထိုသို့ အော်လိုက်သည်က ခပ်လှမ်းလှမ်းရောက်နေပြီဖြစ်သော ကြာဖြူ။ ပိုင်စိုးက ဆတ်ခနဲ လှည့်ကြည့်ပြီး...

"အဲဒါ အချစ်လို့"

"ဘာပြောတယ်"

ပိုင်စိုးက မကြား၍ ပြန်မေးရပြန်သည်။

"ဘာ..."

ကျန်သူများက ကြာဖြူကို ဆွဲခေါ်သွားကြတော့၏။ အားလုံးက ရယ်ချင်နေကြသည်။

ငါ့ရဲ့ ကံတူအကျိုးပေးကလေးရေ...

တို့နှစ်ယောက် ဆုံစည်းချင်တယ်။

မင်းအဘိုးကိုတော့ ခေါ်မလာနဲ့ပေါ့ကွယ်။

■





(၁၂)

ဖတ်မပြောချင်လို့
သက်ပျော့တဲ့ စိတ်ထားကို၊

ဘေးတပြောက်
သွေးပေါက်ပင်လယ်ထွန်းစေတော့
တစ်ခွန်း မေ မကပါဘူး၊
ရွှေမောင် မသာမရယ်ကြောင့်
ဒေါ်သလျှပ်ပို။

မတကွယ် ငါ၊ ဟယ်၊ တဲ့ ရယ်နဲ့
ရွာကျယ်ကျယ် ရွာလည်လှည့်တာပ
ဘာကျယ်မဲ့ သတ္တာန်ကို၊
ဖြိုမယ်လို့ စိတ်ထား၊
မကြောက်တန်းသာပ
တစ်လှမ်းငြေမရွှေ့ပါဘူး
သေနေ့မြန်မြန်ဖော်လို့
ရှင်ပျော်ပျော်တွန့်စိတ်ပေပ
နင့်ဥစ္စာဘာမှမရယ်နဲ့
ငါ့မသာမြေမကျခင်
ပေါင်းရအောင်လား။ ■

ကြာဖြူနှင့်စန္ဒာရဲလှကလည်း ရောက်မလာသေး။ ခင်တ္တာမြတ်နိုးမေနှင့်၊ လဲ့လဲ့ဝင်းခင်တို့ သုံးယောက်သား ထိုကဗျာကို ဖတ်ရင်း ဒေါမာန်ပွားနေကြရ၏။

ထိုကဗျာကို လာပေးသူကတော့ အထူးပြောစရာမလိုတော့သည့် ပိုင်စိုးပဲ ဖြစ်သည်။

''နင်တို့ တချိန်ချိန်မှာ အသုံးလိုရင် လိုမှာ။ ဒီကဗျာကို ယူထား''

ထိုသို့ပြောပြီး ပေးသွားတော့ သူမတို့လည်း ဘုမသိဘမသိ ယူထားလိုက်ကြသည်။ ပြီးမှ ဖတ်ကြည့်သောအခါ ခေတ်ဟောင်းဆန်သည့် ကဗျာတစ်ပုဒ်ဖြစ်ကြောင်း၊ အလင်္ကာအသုံးအနှုန်းတွေက ဟာသဖက်နွှယ်ပြီး အတန်ငယ်ကြမ်းတမ်းကြောင်း သူမတို့ ရိပ်စားမိကြ၏။

သို့သော်လည်း ကဗျာ၏ အဓိပ္ပာယ်ကိုကား သဘောမပေါက်လှချေ။ သူမတို့ ခေါင်းချင်းဆိုင်ပြီး စဉ်းစားနေကြတုန်းမှာပဲ…

''နင်တို့ ဘာလုပ်နေတာလဲ''

စကားသံနှင့်အတူ ကျော်လွင်ဦးနှင့် သာမြတ်ကျော်တို့ ရောက်လာ၏။ သူတို့နှင့်အတူ ကျောင်းသားတစ်ယောက် ပါလာသော်လည်း ပိုင်စိုး မဟုတ်ချေ။

''ဒီမှာလေ…နင်တို့ကောင် ပိုင်စိုး။ ငါတို့ကို ကဗျာတစ်ပုဒ်ပေးသွားတယ်။ တစ်ချိန်ချိန်မှာ အသုံးဝင်လိမ့်မယ်တဲ့။ အဲဒီကဗျာကို အဓိပ္ပာယ် မဖော်တတ်လို့''

''ပြစမ်း ငါတို့ ကြည့်မယ်''

ထိုသို့ အထက်စီးလေသံနှင့်ပြောပြီး ယူကြည့်သော်လည်း ကျော်လွင်ဦးနှင့် သာမြတ်ကျော်တို့ ဘာမှ နားမလည်။ အတူပါလာသော ကျောင်းသားကသာ…

''ဟား…ဟား…အဲဒါ ပိုင်စိုးက ခင်ဗျားတို့ကို ချောက်ချသွားတာဗျ''





သူမတို့ ပျာပျာသလဲ မေးဖြစ်ကြ၏။

''ဘာအဓိပ္ပာယ်လဲ''

''ဒီကဗျာက နောက်ခံဇာတ်လမ်း ရှိတယ်ဗျ''

''အင်း…အဲဒါဆို ပြောပြပါဦး''

''မိအေးနဲ့ ရွှေမောင်ဆိုတဲ့ လင်မယားနှစ်ယောက် ရှိတယ်ဗျာ''

''အင်း''

''တစ်နေ့မှာ စကားများတဲ့အခါကျတော့ မိအေးက ကိုရွှေမောင့်ကို တခြားမိန်းမတစ်ယောက်နဲ့ သမုတ်တယ်''

''အင်း…''

''အဲဒီမှာ ကိုရွှေမောင်က မခံမရပ်နိုင်ဖြစ်တော့ ကိုရွှေမောင်က မိအေးကို ရိုက်မောင်းပုတ်မောင်းလုပ်တယ်။ အမေကိုလည်း ထိခိုက်ပြီး ဆဲတယ်။ အဲဒါကို မိအေးက မခံနိုင်လို့ သူ့ခံစားချက်ကို ပြန်ရေးတဲ့ ကဗျာမျိုး''

''ဒါဖြင့် ဒီကဗျာကို ရေးတာက ဒေါ်မိအေးပေါ့''

''အဲဒီလိုတော့ မဟုတ်ဘူးပေါ့ဗျာ…။ ရေးတာတော့ ကဗျာဆရာက ရေးတာပေါ့''

''ကဗျာဆရာနာမည်က ဘယ်သူတုန်း''

''အဲဒါတော့ ကျွန်တော်လည်း မသိဘူး။ ဆရာကြီးမင်းနွယ်ရဲ့ စာအုပ်တစ်အုပ်ထဲမှာ ကျွန်တော် ဖတ်ဖူးထားတာ''

''နေပါဦး။ အဲဒါဆို ပိုင်စိုးဆိုလိုချင်တာက…''

''သူက ခင်ဗျားတို့ကို ချောက်ချသွားတာ။ ခင်ဗျားတို့ အိမ်ထောင်ကျပြီး အဲဒီလိုပြဿနာပေါ်ရင် ဒီလိုကဗျာ လိုမယ်လို့ ပြောသွားတာ''

''ကလိမ်ကကျစ်''

''ဗိုင်းနာကောင်''

''သေချင်းဆိုး''

ထိုသို့ပင် ပိုင်စိုး၏ အမည်ကွဲများကို သူမတို့ ရွတ်လိုက်

ဖတ်လိုက်ကြ၏။ အရေးထဲ ဟိုနှစ်ကောင်ကလည်း သူတို့ ခေါ်လာသည့် ကျောင်းသားကို ပွဲထုတ်နေသေး၏။

"သူ့နာမည်က အာကာထွန်းတဲ့။ ငါတို့ရဲ့ သူငယ်ချင်းပဲ။ ပိုင်စိုးနဲ့လည်း ခင်တယ်"

"ဟာ...ဒါဆိုရင် ရှင်လည်း ကောင်းမှာမဟုတ်ဘူး။ သွားတော့ သွားတော့"

"ဗျာ..."

ပါးစပ်အဟောင်းသားဖြစ်သွားသော အာကာထွန်းကို ကျော်လွှင်ဦးနှင့် သာမြတ်ကျော်က တဟားဟားအော်ရယ်ရင်း ဆွဲခေါ်သွားကြ၏။ သူမတို့ ငေါင်တောင်တောင်ကြီး ကျန်ရစ်ခဲ့ကြသည်။

"ကြာဖြူ မလာသေးပါလား"

"အေး...စန္ဒာလည်း ပျောက်နေတယ်"

"သူတို့နှစ်ယောက်ပေါင်းပြီး ဘာများ ခြေပုန်းခုတ်နေလဲ မသိဘူးဟဲ့"

"အေး...ဟုတ်တယ်။ ကျောင်းထဲမှာ ငါတို့ လိုက်ရှာကြည့်ရအောင်"

သူမတို့ စိတ်တူကိုယ်တူပင် ကင်တင်းမှ ထွက်လာပြီး ဟိုဟို ဒီဒီ လှည့်ပတ်ရှာဖွေမိကြ၏။

"ဟော..."

တစ်နေရာရောက်တော့ တွေ့ပါပြီ။ ကြာဖြူ။ သူ့ဘေးမှာ ရှိနေတာကတော့ စန္ဒာရဲ့လုမဟုတ်။ ပိုင်စိုး။ စကားတွတ်ထိုးနေကြခြင်း လည်းမဟုတ်။ ခြေဟန်လက်ဟန်ဖြင့် အပြင်းအထန် ရန်ဖြစ်နေကြသည်။

"ဟဲ့...သူတို့က ဘယ်လိုဖြစ်နေကြတာလဲ"

"ရန်ဖြစ်နေကြတာလေ"

ကြာဖြူက ခြေဟန်လက်ဟန်နှင့် ပြောလိုက်၊ ပိုင်စိုးက ခြေဟန် လက်ဟန်နှင့် ပြန်ပြောလိုက်။ ကြာဖြူက မျက်စောင်းထိုးလိုက်၊ ပိုင်စိုးက မျက်လုံးပြူးနှင့် ပြန်ကြည့်လိုက်။ သူတို့တာသာသူတို့တော့ ဟုတ်နေသည်။





နံဘေးမှ လူများကလည်း ပြုံးစိစိနှင့် ဖြတ်သွားကြသည်။ သူမတို့သုံးယောက် ရန်ပွဲအနားသို့ အပြေးရောက်သွားကာ...

"ဟဲ့ဟဲ့ ဘာဖြစ်နေကြတာတုန်းဟာ"

ပိုင်စိုးက လက်ဝါးကာပြပြီး လွယ်အိတ်ထဲမှ ဘောလ်ပင်နှင့် စာအုပ်ကို ထုတ်ကာ စာရေးပြ၏။

နင်တို့ ဘာဖြစ်လဲဆိုတာကို ငါမကြားဘူး။ ငါ မနေ့ကတည်းက နားတွေကိုက်နေလို့ ဗိန္ဒောဆရာကြီး ဦးတင်ရွှေဆီမှာ သွားပြလာရတယ်။ အဲဒီတုန်းကလည်း သူ ငါ့ကို ပြဿနာရှာတယ်။ သူကလည်း မသက်သာဘူး။ နားကိုက်တာ မပျောက်တဲ့အပြင် သွားပါ ကိုက်လာတယ်။ ပါးတစ်ခြမ်းလုံး ရောင်နေတာကို ကြည့်တော့။ အဲဒါ ငါ့ဘာသာ ကွမ်းယာဆိုင်မှာ ဆေးလိပ်ဝယ်နေတာကို လက်ဟန်ခြေဟန်နဲ့ ဝယ်ရကောင်းလားဆိုပြီးတော့ ကြာဖြူက ပြဿနာလာရှာနေတာ...။

"ဩော်..."

ပိုင်စိုး၏စာကို ဖတ်ပြီး သူမတို့ ခေါင်းတဆတ်ဆတ်ညိတ်မိကြ၏။ ဟုတ်တော့လည်း ဟုတ်သည်။ ပိုင်စိုး၏ ညာဘက်ပါးတစ်ခြမ်းလုံးက အတော်ရောင်နေသည်။

ကြာဖြူကလည်း အားကျမခံ စာရွက်စာတမ်း ထုတ်ရေးပြန်၏။

နင်တို့ ဘာဖြစ်လဲဆိုတာကို ငါမကြားဘူး။ ငါ မနေ့ကတည်းက နားတွေကိုက်နေလို့ အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ရွှေဆီမှာ သွားပြလာရတယ်။ အဲဒီတုန်းကလည်း သူ ငါ့ကို ပြဿနာရှာတယ်။ သူကလည်း မသက်သာဘူး။ နားကိုက်တာမပျောက်တဲ့အပြင် သွားပါ ကိုက်လာတယ်။ ပါးတစ်ခြမ်းလုံး ရောင်နေတာကို ကြည့်တော့။ အဲဒါ ငါ့ဘာသာ ဒီဘက်အဆေးဆိုင်မှာ လက်ဟန်ခြေဟန်နဲ့ တစ်ရှူးဝယ်တာကို ဒီကောင်က ဟိုဘက်ကွမ်းယာဆိုင်ကနေ လိုက်နှောက်တယ်...။

"ဩော်..."

ကြာဖြူ၏ စာကိုဖတ်ပြီး သူမတို့ ခေါင်းတဆတ်ဆတ်ညိတ်မိကြ၏။ ဟုတ်တော့လည်း ဟုတ်သည်။ ကြာဖြူ၏ ဘယ်ဘက်ပါးတစ်ခြမ်းလုံးက အတော်ရောင်နေသည်။

ပိုင်စိုးနှင့်ကြာဖြူက ဘယ်လိုလဲဟူသော သဘောမျိုးနှင့် သူမတို့

ကို မေးဆတ်ပြသည်။ ထို့နောက် ဘာဖြစ်ချင်လဲဟူသော အမူအရာမျိုးနှင့် သူတို့ချင်း မေးဆတ်ပြပြန်သည်။ ပြီး...လက်ဟန်ခြေဟန်နှင့် သူတို့ ရန်ဆက်ဖြစ်ကြပြန်၏။

"နေကြဦး၊ နေကြဦး"

လဲ့လဲ့ဝင်းခင်က ဝင်ပြီး စာချင်းလဲကာ သူတို့ကို ပေးဖတ်၏။ သို့သော် မရ၊ စာတွေကို ပစ်ချပြီး အသံမထွက်ဘဲ ဆက်ရန်ဖြစ်ကြပြန်သည်။

ခဏ္တက...

"ကဲ...ထားခဲ့လိုက်တော့ဟာ။ ကိုယ့်ဘာသာကိုယ် အတန်းသွားတက်တော့မယ်"

"ဟဲ့"

"အကောင်းပြောနေတာ။ ဖြန့်ဖြေရင် ပိုဆိုးနေလိမ့်မယ်။ သူတို့ဘာသာ မောရင် ရပ်သွားလိမ့်မယ်"

"အင်း...ဟုတ်တယ်။ သူတို့ကို အဲဒီလို ပညာပေးမှ ဖြစ်မယ်"

သူမတို့ လှည့်ထွက်လာခဲ့ကြသည်။ မထင်ထားသော အပြုအမူကြောင့် ပိုင်စိုးနှင့် ကြာဖြူက ရန်ဖြစ်တာရပ်သွားပြီး သူတို့ကို ငေးကြည့်နေကြသေးသည်။ ပြီးမှ တစ်ယောက်ကိုတစ်ယောက် လက်ညှိုးပြန်ထိုးပြီး ရန်ဆက်ဖြစ်လျက် ကျန်ခဲ့ကြသည်။

သူမတို့ တခစ်ခစ်ရယ်လျက် အတန်းထဲဝင်မည်အလုပ်မှာ...

"ကြာဖြူ့သူငယ်ချင်းတွေ မဟုတ်လား"

"ရှင်"

သူမတို့ ကြောင်တက်တက်ဖြစ်သွားကြသည်။ ကျောင်းသားဟုတ်ပုံမရသည့် သပ်ရပ်စွာဝတ်ဆင်ထားသော လုလင်ကြီးတစ်ယောက်က သူတို့ကို မားမားကြီးစောင့်နေသောကြောင့် ဖြစ်သည်။

"ညီမတို့ မမှတ်မိဘူးထင်တယ်။ တစ်ခါ ကိုယ် ကြာဖြူ့ကို ဒီကျောင်းထဲမှာ လာရှာတော့ ကင်တင်းမှာ တူတူထိုင်ဖြစ်ကြသေးတယ်လေ။ ကိုတင်ဝင်းကြီးလေ...ကိုတင်ဝင်းကြီး"





"သြော်..."

သူမတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ ထိုကိုတင်ဝင်းကြီးကိုလည်း ဘာလုပ်ရမည်မှန်း မသိ။ တော်ပါသေး၏။ ကိုတင်ဝင်းကြီးက သူ့ဘာသာ စကားဆက်ပြောသည်။

"ကိုယ် ညီမလေးတို့ကို တစ်ခုမေးချင်လို့"

"ဘာမေးမလို့လဲ"

"ကြာဖြူနဲ့ ပိုင်စိုးအခြေအနေက ဘယ်လိုတုန်း"

"ရှင်"

သူမတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပြန်သည်။ ဘယ်သိမှာလဲ။ သူမတို့လည်း မဝေခွဲတတ်ပါ။ ကြာဖြူနှင့် ပိုင်စိုးအခြေအနေက နားလည်ရခက်စရာတွေချည်း ဖြစ်နေသည်။ သူမတို့ နှုတ်ဆွံ့အနေသည်ကိုကြည့်ပြီး ကိုတင်ဝင်းကြီးက သက်ပြင်းတင်ဝင်းကြီးကို ချသည်။

"အေးလေ...ကိုယ် နားလည်ပါပြီ"

"ရှင်"

"ညီမလေးတို့နဲ့ မတွေ့ခင်ကတည်းက ကျောင်းထဲမှာ ပိုင်စိုးနဲ့ ကြာဖြူ့အကြောင်းကို သူများတွေ ပြောနေတာ ကိုယ်ကြားပြီးပါပြီ။ ဘယ်တတ်နိုင်မလဲလေ...။ ဒါထက် မေးချင်တာတစ်ခုရှိတယ်"

"ဟုတ်ကဲ့"

"အဲဒီပိုင်စိုးက ဘယ်လိုလူစားမျိုးလဲ"

"အင်..."

"အဲ..."

သူမတို့ အဖြေရကြပ်နေစဉ်မှာ ကျောဘက်မှ ဖြေသံသြသြကြီးထွက်လာ၏။

"အလကား ငပေါလေးပါဗျာ"

သူမတို့ လှည့်ကြည့်လိုက်တော့ နောက်ဘက်မှာ ကိုငြိမ်းအေးနှင့် ကိုတင်ကိုအောင်။ ကိုတင်ဝင်းကြီးက သူတို့ကို အကဲခတ်သလို တစ်ချက်

ကြည့်ပြီး သူမတို့ကိုပဲ ဆက်မေးသည်။

"ဟုတ်လား ညီမလေးတို့"

ခတ္တာက...

"အဲဒါတော့ ကျွန်မတို့ မသိဘူးရှင့်၊ ဒီကဗျာကတော့ မနက်က ကျွန်မတို့ကို သူပေးတဲ့ ကဗျာပဲ"

ကိုတင်ဝင်းကြီးက ကဗျာကို ဖတ်ပြီး မဲ့ပြုံးပြုံးသည်။ ထိုအချိန်မှာ ကိုငြိမ်းအေးနှင့် ကိုတင်ကိုအောင်တို့ကလည်း...

"ဒီကဗျာလေးကို ကြာဖြူ့ဆီ ပေးပေးပါ"

ခွဲတမ်းစနစ်ဖြင့် ညှိထားသလားမသိ။ တစ်ယောက်လျှင် စာရွက်တစ်ရွက်စီ လှမ်းပေးကြသည်။ စာရွက်အပြန့်လိုက်ကြီး ပေးခြင်းဖြစ်၍ ကဗျာတွေကို သူမတို့ကလည်း ဖတ်ရသည်။

တစ်ယောက်က...

**ပန်းဝယ်မှာပါ**

**ပန်းသည်မလာတော့  လှည့်ပြန်ခဲ့ရတယ်...။**

နောက်တစ်ယောက်က...

**မိတ်ဆွေဖြစ်တာက  သိပ်ချစ်လို့ပါ**

**မချစ်ဖြစ်တာက  မင်းကို  ချစ်မိတ် မက်မှာ  စိုးလို့ပါ...။**

ပိုင်စိုး၏ ခေတ်ဟောင်းကဗျာကိုဖတ်ရင်း သူတို့နှစ်ယောက်ကိုလည်း ကိုတင်ဝင်းကြီးက အကဲခတ်နေသည်သာဖြစ်၏။ သူတို့တွေ နှလုံးသားချင်း နားလည်သွားကြပုံလည်း ရသည်။

ကိုတင်ဝင်းကြီးက...

"ကဲ...ကိုယ်လည်း ဒီကဗျာကို နောက်ဆုံးအပိုဒ်မှာ နည်းနည်း ပြင်ရေးပေးခဲ့မယ်။ ကြာဖြူ့ကို ပေးလိုက်နော်"





ကိုတင်ဝင်းကြီးပေးသော ကဗျာက သိပ်အဆင်မပြေလှချေ။ မူရင်းက ကြမ်းသဖြင့် မိတ္တူကလည်း မချောမွေ့။

**မကြောက်တတ်နှင်းသာပ**

**တစ်လှမ်းမြေမရွှေ့ပါဘူး**

**သေနေ့  မြန်မြန်ဖော်လို့**

**ရှင်ဖျော်ဖျော်  တုန်စေပေပ**

**လူငဲ့  ငပိုင်ရိုးတို**

**ငါ့မသာမြေမတိုးခင်**

**နိုးပြေးပါလား။  ။**

သူမတို့ မျက်တောင်မခတ် ဖတ်နေသည်ကိုကြည့်ပြီး ကိုတင်ဝင်းက ခနဲ့ခနဲ့ကြည်ထည်ပြုံးကာ ကိုငြိမ်းအေးနှင့် ကိုတင်ကိုအောင်ကို...

"ဒီကဗျာအောက်မှာ ကျုပ် လက်မှတ်ထိုးထားတယ်၊ ခင်ဗျားတို့ လက်မှတ်ကိုပါ ဝင်ထိုးလိုက်ပါလား"

ဟိုနှစ်ယောက်က သူ့ကဗျာကို ဖတ်ကြည့်ကြပါသေးသည်။ လက်မခံဘဲ ခေါင်းခါသည်။ သူတို့က အချစ်သူရဲကောင်းကြီးများ ဖြစ်၏။ ကိုယ့်ကို ပြန်မချစ်နိုင်ရှုံမျှနှင့်တော့ မိန်းကလေးတစ်ယောက်ကို ထိုသို့ မှိုချိုးမျှစ်ချိုး မပြောနိုင်ပါ။

သူတို့သုံးယောက်လုံး ပြန်သွားကြမှ သူမတို့သုံးယောက်လည်း "ဟောဟဲ"သံ ထွက်လာရ၏။

"ဩော်...ကြာဖြူ ကြာဖြူ"

ထိုကဲ့သို့ ရေရွတ်ရုံရှိသေးသည်။ မေးငေါ့ပြီး လက်ဟန်ခြေဟန်နှင့် ဝင်လာသော ကြာဖြူ့ကိုတွေ့၍ သူမတို့ စိတ်ညစ်သွားရပြန်သည်။

"ဩော်...ဒုက္ခ...ဒုတ်"

ကြာဖြူက လက်ဟန်ခြေဟန်နှင့် မေးလာဦးမည်ကို ကြောက်၍ မြတ်နိုးမေ ပါးစပ်ကို အချိန်မီပြန်ပိတ်လိုက်သည်။ ခပ်တည်တည်နှင့်

အတန်းတက်ရန် ဝင်ထိုင်လိုက်ကြသော်လည်း ဆရာမ ရောက်မလာသဖြင့် ခဏ္တာက ကဗျာစာရွက်များကို ထိုးပေးလိုက်၏။

ကြာဖြူက ယူဖတ်သည်။ ကိုငြိမ်းအေးနှင့် ကိုတင်ကိုအောင်တို့၏ ကဗျာများကို မည်သို့မျှ မဝေဖန်သော်လည်း ကိုတင်ဝင်းကြီး၏ ကဗျာကိုဖတ်ပြီး ကြာဖြူ အတော်လေးတင်းသွားပုံ ရသည်။ ကဗျာစာရွက်ကို လက်သီးဆုတ်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်ကို တွေ့ရ၏။

ထို့ကြောင့် မြတ်နိုးမေက စာအုပ်တစ်အုပ်ကို ဖွင့်ကာ စာကောက်ရေးလိုက်၏။

နင် ဒေါသထွက်မနေနဲ့။ ခုချိန်မှာ နင် ပြတ်သားရတော့မယ်။

လဲ့လဲ့ဝင်းခင်ကလည်း...

ဟုတ်တယ်။ နင် ပြတ်သားမှဖြစ်မယ်။

ဟု ဝင်ရေးသဖြင့် ကြာဖြူက မျက်မှောင်ကြုတ်ကာ...

ဘာ ပြတ်သားရမှာလဲ...။

ဟု ပြန်ရေး၏။

နင် ပိုင်စိုးကို ချစ်မချစ် ပြတ်ပြတ်သားသား ဆုံးဖြတ်ရမှာ...။

ကြာဖြူက ပခုံးကို တွန့်လိုက်ရင်း ရေးပြန်သည်။

ငါ ဒီကောင့်ကို ဘယ်လိုမှ စဉ်းစားမရဘူး။

ခဏ္တာက...

စဉ်းစားတာက ဦးနှောက်ကိစ္စ၊ ခံစားလို့ရတာက နှလုံးသားကိစ္စ၊ နင် ပိုင်စိုးကို ခံစားလို့ ရတယ်မဟုတ်လား။

ကြာဖြူ ဘာမှ ပြန်မရေး။ မြတ်နိုးမေက ဆွဲယူရေး၏။

ခု ဟိုသုံးယောက်က ဒီလိုရေးသွားပြီ။ ဒီတော့ နင်ကလည်း ပိုင်စိုးပေါ်ထားတဲ့ နင့်ခံစားချက်ကို ပြတ်သားဖို့ လိုနေပြီ။

ကြာဖြူ ထိုစာကို ဆုံးအောင်ဖတ်ပြီး စိတ်ရှုပ်စွာ ခေါင်းခါလိုက်၏။ ဘာပြန်ရေးပြရမှန်းပင် မသိ။ ထိုစဉ်မှာပင် ကံကောင်းထောက်မစွာ မလာတော့ဘူးထင်နေသော ဆရာမ ရောက်လာသဖြင့် သူတို့





ရေးလက်စစာအုပ်ကို ပိတ်လိုက်ကြရသည်။

အတန်းပြီးတော့ ကြာဖြူ စိတ်ရှုပ်ထွေးစွာ အိမ်ကို တန်းပြန်ခဲ့ရသည်။ ဖေဖေနှင့်မေမေ့ကို ကြည့်ရတာလည်း တစ်မျိုးထူးနေသလို ခံစားရ၏။ သို့သော် ဘာမှမပြော။ (ပြောလို့မှ မကြားရတာဘဲ)

နောက်နှစ်ရက်ခန့်ကြာ၍ ကြာဖြူ့နား ပြန်ကောင်းလာသောအခါ... (သွားပါ ပြန်ကောင်းလာသည်)

"ကြာဖြူ"

"ရှင်...မေမေ"

"လာဦး သမီး"

"ဟုတ်ကဲ့"

"မောင်တင်ဝင်းက ကျောင်းကိုလာပြီး သမီးကို မဖွယ်မရာ ကဗျာတစ်ပုဒ် ပေးသွားတယ်ဆို"

"ရှင်...အဲ...အဲဒါ...မေမေတို့ ဘယ်လိုသိလဲ"

"သမီး သူငယ်ချင်းတွေပဲ ဖုန်းဆက်ပြောထားတာ"

"သြော်..."

ကြာဖြူ ဘာပြန်ပြောရမည်မသိ ဖြစ်သွားရသည်။

"မောင်တင်ဝင်း အဲဒီလိုလုပ်တာတော့ ဖေဖေက လက်မခံချင်ဘူး"

ဖေဖေက ခုမှ ဝင်ပြော၏။ လက်မခံချင်တော့လည်း လက်မခံရုံ ရှိသည်ပဲပေါ့။ သို့သော် ဖေဖေက...

"သမီးက မောင်ပိုင်စိုးနဲ့ ကြိုက်နေလား"

"ဟာ...ဖေဖေကလည်း"

"မဟုတ်ဘူး။ ကြိုက်နေလည်း ကန့်ကွက်စရာမရှိတဲ့အကြောင်းကို ပြောမလို့ပါ"

မေမေက ဝင်ပြော၏။ မေမေက ဝင်ပြော၍ ဖေဖေက ထွက်မသွားပါ။ ဆေးတံကြီးခဲလျက် ကြာဖြူ့ကို အကဲခတ်နေသည်။ မေမေက စကားကို စကားနှင့် ပြန်ဆက်သည်။

''မောင်တင်ဝင်းနဲ့ ခုလိုဖြစ်ကြပြီဆိုတော့ မောင်ပိုင်စိုးနဲ့တော့ မပြတ်စေချင်ဘူး''

ကြာဖြူက လက်မခံချင်။ ထို့ကြောင့်...

''သူနဲ့ သမီးက ချစ်သူတွေမဟုတ်ဘူး မေမေ''

ဖေဖေက ထိုစကားကြောင့် ပြုံးကာ...

''မဟုတ်တာလား မဟုတ်သေးတာလား...။ ဟုတ်လာစရာ အကြောင်းကော ရှိသလား''

''အဲ...ဟာ''

''မအဲနဲ့ မဟာနဲ့ သမီး။ မောင်တင်ဝင်းက ပြတ်သားသွားပြီ။ သမီး ပြတ်သားဖို့ပဲ လိုတယ်။ မောင်ပိုင်စိုးကို လက်ခံနိုင်လား စဉ်းစား။ ကိုယ့်ဂုဏ် ကိုယ့်သိက္ခာဆိုတာကိုလည်း ထည့်တွက်ရမယ် သမီး''

ကြာဖြူ ဘာမှ ပြန်မပြောမိ။ မိန်းကလေးမို့ ဂုဏ်သိက္ခာရှိလိုပါသည်။ ထင်မထားဘဲ ပိုင်စိုးက ဂုဏ်သိက္ခာကြီး ဖြစ်နေသည်။

ခဏနေတော့ မေမေနှင့် ဖေဖေ အခန်းထဲ ဝင်သွားတော့သည်။ ထိုအခါမှ ကြာဖြူ လျှောင်အိမ်ထဲကလွတ်သော ငှက်ပမာ ဝရန်တာဘက် ထွက်လာခဲ့သည်။

''ဟင်''

ဝရန်တာမှာက တစ်ယောက်တည်းထိုင်နေသော အဘိုးကို တွေ့လိုက်ရ၏။ အဘိုးကလည်း ခုမှ ဝရန်တာရောက်ပြီး ထိုင်ကာစ ရှိသေးပုံရသည်။ ကြာဖြူ့ကို ကြည့်ကာ...

''နင့်ကို လင်ပေးစားဖို့ ပြောနေကြတာ ကြားတယ်။ ဟုတ်သလား''

''ဟုတ်တယ်၊ ဟုတ်တယ်''

ကြာဖြူ စိတ်ညစ်ညစ်နှင့် ရွဲ့ဖြေလိုက်၏။ သူမကို ပိုးပန်းသူများစွာရှိနေကြောင်း သူငယ်ပြန်နေသည့် အဘိုးကလည်း သိထားသဖြင့်

''ဘယ်သူနဲ့လဲ''

''ပိုင်စိုးနဲ့''





''ပိုင်ရှိုးနဲ့...၊ ဟုတ်လား''

''ဟုတ်တယ် ဟုတ်တယ်''

''ပိုင်ရှိုးနဲ့ဆို သဘောတူတယ်''

''အာ...အဘိုးနဲ့ ဘာရှိုင်လဲ။ အင်းလေ...ရှိုင်တော့ ရှိုင်တာပေါ့''

အရေးထဲ အဘိုးက တမျှောင့်။ သို့သော် အဘိုးက သူ့ထုံးစံအတိုင်း ဒီမျှနှင့် ရပ်မသွားပါ။ ရပ်သွားပါက သမိန်အောင်စက်၏ ယောက္ခမ မပီမသမှာစိုး၍ ထင်သည်။

''ကောင်းတယ်...ကောင်းတယ်။ နင်နဲ့ ပိုင်ရှိုးနဲ့ကယူ၊ ကလေးရတော့ ချော့ဖို့ အဖော်ရတာပေါ့။ ကောင်းတယ်''

''အဲ...''

ကြာဖြူ ဘာပြန်ပြောရမှန်းမသိတော့သဖြင့်...

''မေမေရေ...''

အမေ့ကို အော်ခေါ်သော်လည်း မထူး။ အဘိုးကလည်း ဆက်ဂျီကျနေသည်။

''မခေါ်နဲ့။ နင့်အမေကို မခေါ်နဲ့''

''မခေါ်ရင် အဘိုး ဘာမှမပြောနဲ့''

''အေး...မပြောဘူး။ ပိုင်ရှိုးကို ခုယူ၊ ခုကလေးမွေးပေးရင် ဘာမှ မပြောဘူး''

''ဟာ...''

''ပိုင်ရှိုးနဲ့ ခုယူ၊ ခုကလေးမွေးပေး''

ကြာဖြူ့မေမေ ထွက်လာသဖြင့် ကြာဖြူ အခန်းထဲ ဝင်ပြေးခဲ့လိုက်သည်။ ထိုနေ့ညက ကြာဖြူ အတွေးတွေနှစ်နေသဖြင့် တော်တော်နှင့် အိပ်မပျော်ခဲ့ပါချေ။

အဲဒီခါတုန်းက
သူ့ကိုယ်သူ ကတ်ထူအင်္ကျီနဲ့ ပြန်ချုပ်တယ်
အဘိဓာန်နည်းနည်း လုပ်မလို့တဲ့ ။

မီးကရက်က ပြောတယ်
သူ့ကို နှုတ်ခမ်းဖျားမှာ တပ်ချင်တပ်ပါ
တံထွေးနဲ့ လာမကပ်ပါနဲ့...တဲ့ ။
(ဟုတ်တော့လည်း ဟုတ်ပါတယ်လေ)

ဖိနပ်က
လှေကားခြေရင်းမှာ ရပ်တယ်။
သူ့အမေက
အလှူအိမ်တွေဘက် မသွားဖို့ မှာလိုက်တယ်တဲ့ ။

တီ...တီ...တီ
နာရီက သူ့ကိုယ်သူ နှိုးစက်ပေးချင်လှပြီ။
မျက်မှန်ကနိုးပြီး မျက်လုံးက မနိုးဘူး
ဆိုးလိုက်တာ။

ဂေါက်သီးရိုက်တံကလည်း
မြေကြီးထဲမှာ သူ့ကို ချိတ်ထားလိုက်ပါ...တဲ့ ။
'ကျင်း' တွေကို နာခံရတာ 'ကျဉ်း' တယ်ဆိုပဲ။

ဆေးပုလင်းကို စားပွဲပေါ်တင်ထားလိုက်တော့
ဖော့ဆို့လို
ကျွန်တော့ကို လွတ်လပ်ခွင့်ပေးပါ။





အဲဒီမှာ
ခင်ဗျားအတွက် ခြေကြွ
လျှောက်ပြလိုက်ချင်းပါ
ခင်မြယဉ်သာ။ ။

■

ကြောင်နှစ်ကောင်စာအုပ်တိုက်

(၁၃)

နောက်တစ်နေ့ကျတော့ ကျောင်းမသွားခင် မနက်စောစောမှာ မြတ်နိုးမေတို့အုပ်စု ကြာဖြူ့အိမ်သို့ ရောက်ရှိလာကြသည်။ ကျောင်းသွားရန် လာခေါ်ကြခြင်းဖြစ်သည်။ ကြာဖြူကလည်း အသင့်ပြင်ပြီးသားဖြစ်နေ၍ သူမတို့နှင့်ပင် အတူထွက်လိုက်ခဲ့တော့သည်။

"စန္ဒာရော မပါဘူးလား"

"အေး…တို့အခု စန္ဒာ့ဆီ အရင်ဝင်ဦးမယ်လေ"

"နေပါဦး။ နင်တို့က ဘာစိတ်ကူးပေါက်လို့ ငါတို့ကို လာခေါ်တာလဲ"

ခဏ္တာက…

"နင့်ကို လူမမာ လာမေးတာပေ့ါဟာ။ ကျောင်းသုံးရက်ဆက် ပျက်ထားတာဆိုတော့ ဘာများဖြစ်နေပြန်ပြီလဲလို့"

"သြော်…အိမ်ကလူတစ်ယောက်ယောက်ကို ဖုန်းဆက်မေးလိုက်ရင် ရပါတယ်ဟဲ့"

"နင့်ကို တခြားပြောစရာလည်း ရှိလို့"

"ဟင်…ကျောင်းရောက်မှ ပြောရင်လည်း ရတာပဲ"





"နင် ကျောင်းပြန်မရောက်ခင် သိထားသင့်တဲ့ အချက်မို့လို့ ဟေ့"

"ဘာများပါလိမ့်"

ကြာဖြူ အမှန်တကယ်ကို အံ့သြသွားသည်။ ရင်ထဲမှာလည်း ထိတ်ခနဲဖြစ်သွားရ၏။ လဲ့လဲ့ဝင်းခင်က ဝင်ပြီး ပြောသည်။

"ဒီလိုဟာ…"

"အေး"

"စန္ဒာကလည်း ကျောင်းမတက်တာ လေးရက်ရှိပြီ"

"ဟင်…ဘာဖြစ်လို့လဲ"

"အဲဒါတော့ တို့လည်း မသိဘူးလေ။ ခု ရောက်မှ မေးကြည့်ရမယ်"

မြတ်နိုးမေက ကားမောင်းနေရင်း နောက်ကြည့်မှန်ထဲမှနေ ကြာဖြူ့ကို လှမ်းလှမ်းကြည့်သည်။ ဘာမှတော့ ဝင်မပြောချေ။ လဲ့လဲ့ဝင်းခင်က စကားကို ဆက်သည်။

"လိုရင်းကို ပြောရရင် ဒီကြားထဲမှာ ပိုင်စိုးကလည်း ကျောင်းသုံးရက်ဆက် မလာဘူး"

"အေး…အိမ်ကိုလည်း မလာဘူး"

"နင်နဲ့ ပိုင်စိုးနဲ့ ခိုးရာလိုက်သွားတယ်လို့ တချို့က ထင်နေကြတယ်"

"ဘာ…"

"အဲဒါကို စန္ဒာကပါ အဖော်လိုက်သွားတယ်ပေ့ါ"

"အောင်မာ…အောင်မာ"

"အဲဒီသတင်းကို ပိုင်စိုး လွှင့်တာတော့ မဟုတ်နိုင်ဘူး။ ပိုင်စိုးကလည်း နင့်လို ပါးကြီးရောင်နေလို့ သူ့ဘာသာ ကျောင်းမလာနိုင်တာဖြစ်မယ်"

"ဒါဖြင့်…"

"အားလုံးက သူတို့ဘာသာ ထင်မြင်ချက်ပေးနေကြတာ။ နင်နဲ့

ပိုင်စိုးနဲ့ နောက်ဆုံးနေ့က ကျောင်းမှာ ခြေဟန်လက်ဟန်သုံးပြီး ရန်ဖြစ်နေတာကလည်း ဘေးလူတွေ ဘာမှန်းမှ မသိဘဲ။ အဲဒီကိစ္စအတွက် ညှိနှိုင်းငြင်းခုန်နေကြတာ နေမှာပေါ့တဲ့''

''ဟာ...''

ကြာဖြူ ဘာပြန်ပြောရမှန်း မသိတော့ချေ။ မည်သူ့ကို စိတ်တိုရမည်မှန်းလည်း မသိတော့။ လေပူတစ်ချက်ကို 'ဟူး'ခနဲ မှုတ်ထုတ်လိုက်မိသည်။

အတန်ကြာမှ...

''အိမ်မှာ ဖေဖေနဲ့ မေမေကလည်း ကိုတင်ဝင်းကို သဘောမတွေ့ ဖြစ်သွားတယ်။ ပိုင်စိုးနဲ့ဆို ငြင်းစရာမရှိဘူးတဲ့''

''အဲဒါဆိုရင်လည်း ပြီးတာပဲ ကြာဖြူရယ်''

''ဘာပြီးတာလဲ''

''ပိုင်စိုးကိုပဲ ပြန်ကြိုက်လိုက်ပါတော့''

''ဟာ...ငါ သူ့ကို အယုံအကြည်မရှိဘူး''

''ပျော်တတ် နောက်တတ်တာတစ်ခုကလွဲရင် ပိုင်စိုးက ခင်စရာကောင်းပါတယ်''

''သူက ပျော်တတ်နောက်တတ်တာ မဟုတ်ဘူး။ လူတွေကို လိုက်လိမ်နေတာ''

''အဲဒီလိုတော့လည်း မဟုတ်ပါဘူးဟာ''

''အို...ဟုတ်ကို ဟုတ်တယ်''

''အင်း...နင်ကလည်း ခေါင်းမာနေတော့ ခက်တာပါပဲ''

''ဒီမယ် ငါ ရှင်းရှင်းပြောမယ်''

''ဘာလဲ''

''ပိုင်စိုးပြောသမျှ စကားတွေ အကုန်လုံးကို ဆန့်ကျင်ဘက် အဓိပ္ပာယ်ကောက်ရမယ်လို့ပဲ ငါ သဘောပေါက်တယ်''

''ဟယ်...နင်ကလည်း''

ကြာဖြူက နှုတ်ခမ်းကို တင်းတင်းစေ့ထားရာမှ ပြန်ပြောသည်။





''သူ ငါ့ကို ချစ်တယ်ဆိုတာလည်း ငါ မယုံဘူး။ ဆန့်ကျင်ဘက်ပဲ အဓိပ္ပာယ်ကောက်တယ်။ ဒါပဲ''

''ဘယ်လိုပဲဖြစ်ဖြစ်ဟာ ခုဟာက အခြေအနေတွေကိုလည်း နင်သိအောင် ငါတို့ ပြောပြပြီးပြီ။ သေသေချာချာစဉ်းစားပါဦး''

ထိုအချိန်မှာပဲ ကားကလေးက စန္ဒာရဲလှတို့အိမ်ရှေ့တွင် ထိုးရပ်သည်။ စကားကို မဆက်ဖြစ်ကြတော့ဘဲ လေးယောက်သား ကားထဲမှ ထွက်ကာ စန္ဒာရဲလှတို့အိမ်ထဲသို့ ဝင်ခဲ့ကြ၏။

စန္ဒာ့အမေက ဆီးကြိုနှုတ်ဆက်သည်။

''အဲ...သမီးတို့ လာကြ လာကြ''

တစ်ဆက်တည်းမှာပဲ အိမ်ခန်းထဲသို့ လှည့်ကာ...

''စန္ဒာရေ...ဒီမှာ နင့်သူငယ်ချင်းတွေ လိုက်လာကြပြီ''

ပြီး သူမတို့ကို...

''ထိုင်ကြဦးနော်...။ အန်တီ တစ်ခုခု သွားလုပ်လိုက်ဦးမယ်''

ပြီး...ဘာအဓိပ္ပာယ်မှန်းမသိသော အပြုံးမွဲမွဲတစ်ခုနှင့် ဟီးခနဲရယ်ပြသည်။

သူမတို့က ထိုင်စောင့်နေသော်လည်း အချိန်အတော်ကြာသည်အထိ စန္ဒာရဲလှတို့က ထွက်မလာပါ။ ဘယ်လိုလဲဟူသော မျက်လုံးမျိုးနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

ဖိုးဖိုးဇတ်ဇတ်နိုင်လှသော မြတ်နိုးမေက...

''ဟဲ့ စန္ဒာ ကြာလှချည်လား။ တော်ကြာ အကုန်လုံး ကျောင်းနောက်ကျကုန်မယ်''

တစ်ခုခု သွားလုပ်သည်ဆိုသော စန္ဒာတို့အမေက ဘာမှမလုပ်ဘဲ ပြန်လာပြီး...

''လာပါလိမ့်မယ် သမီးတို့ရဲ့၊ ခဏလေးစောင့်နော်''

''စန္ဒာ နေမကောင်းဘူးလား''

''ကောင်းပါတယ်''

''ဘာဖြစ်လို့ ကျောင်းမတက်တာတုန်း''

''ဟီးဟီး…။ ကောင်းပါတယ်''

''ရှင်''

''အဲ…ဟိုလေ။ အကြောင်းလေးတွေ ရှိလို့ပါ''

''ဘာများလဲ''

''သူ လာမှပဲ သမီးတို့ဘာသာ မေးကြည့်တော့ကွယ်''

ထိုသို့ပြောပြီး အခန်းထဲ ပြန်ဝင်သွား၏။ တစ်ခုခုသွားလုပ်ဦးမည် ထင်သည်။ မရေးမနှောင်းမှာပင် တိတ်ဆိတ်သောခြေသံဖြင့် မျက်လွှာချကာ ထွက်လာသော စန္ဒာရဲလှကို တွေ့လိုက်ကြရ၏။

''အင်…''

''အဲ…''

''ဟောတော့''

စန္ဒာရဲလှက မူဆလင်ဘာသာဝင် အမျိုးသမီးတစ်ယောက်လိုလို၊ တရုတ်သိုင်းကားထဲမှ ဓားမင်းသမီးလိုလို၊ မျက်နှာအောက်ပိုင်းကို ပဝါတစ်ခြမ်းစီးအုပ်လျက် ထွက်လာခြင်းဖြစ်သည်။ ပြီး…လွတ်နေသော ခုံတွင် အသာအယာဝင်ထိုင်ကာ မျက်ရည်များ ပေါက်ပေါက်ကျကာ ငိုလေတော့၏။

''ဟဲ့…ဟဲ့…ဘာဖြစ်တာလဲ''

''ဟုတ်သားပဲ စန္ဒာ။ ဘာဖြစ်တာလဲ''

''ဘာလို့ ငိုတာလဲ''

''မငိုနဲ့လေဟာ…။ ဘာဖြစ်လဲ အရင်ပြောပေါ့''

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကာမှ စန္ဒာရဲလှ၏ မျက်ရည်များက တာတမံကျိုးသလို ပေါက်ကျလာတော့သည်။ ငိုနေသော စန္ဒာရဲလှ၏ မျက်ခုံးမွေးများကသာ သာမန်ထက်ပို၍ ရှည်လျားလာသလို ထင်မိ၏။ တစ်ယောက်မျက်နှာ တစ်ယောက် နားမလည်သလို ကြည့်ရင်း…

''ဘာဖြစ်တာလဲဟ''

''အေးလေ…ပြောဦး''





''ဟင့်…ဟင့်…ပိုင်စိုးလေ၊ ပိုင်စိုးပေါ့''

''ဟေ…''

''ဟင်…''

အာမေဋိတ်သံများ အသီးသီးထွက်ကျလာကြကာ မျက်လုံးများ ပြူးသွားကြ၏။ ကြာဖြူက သည်းမခံနိုင်တော့သလိုနှင့် စန္ဒာရဲလှ၏ မျက်နှာပေါ်မှ ပဝါကို ဖြုတ်ချလိုက်သည်။

''အဲ…''

''ဟာ…''

''ဟောတော့…''

အားလုံး တအံ့တသြဖြစ်သွားကြပြန်သည်။ ကြာဖြူမှာတော့ ပဝါစကို ကိုင်ကာ ကြောင်ရပ်နေမိတော့သည်။ စန္ဒာရဲလှ၏ နှုတ်ခမ်းထက်တွင် နှုတ်ခမ်းမွေးများပေါက်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

''ဟဲ့…ဒါက ဘယ်လိုဖြစ်တာလဲ''

မြတ်နိုးမေက မေး၏။ စန္ဒာက မထူးတော့သောပုံနှင့်…

''အဲဒါ ပိုင်စိုးလေ''

''အေးပါ…ပိုင်စိုးနဲ့ နင့်နှုတ်ခမ်းမွေး၊ မျက်ခုံးမွေးတွေနဲ့ ဘာဆိုင်သလဲပဲ ပြောပါ''

ကြာဖြူက ဒေါသနှင့် ဝင်မေး၏။

''ငါက မျက်ခုံးမွေးထူချင်တယ်လို့ ပြောတာ။ အဲဒါကို ပိုင်စိုးက ယောကျ်ားဟိုမုန်းဆေး ထိုးတဲ့…။ ငါလည်း အဟုတ်ထင်ပြီး အကြံပေးတဲ့အတိုင်း ထိုးမိတာ… မျက်ခုံးမွေးတင်မကဘူး၊ နှုတ်ခမ်းမွေးပါ ပေါက်လာလို့''

''ဒုက္ခပါပဲ''

''အေးလေ''

''အဲဒါ နင် ဆရာဝန် မပြဘူးလား''

ခတ္တာက မေး၏။

"ပြတယ်။ ဆရာဝန်က ဆိုတာပေါ့။ အဲဒီလို ထိုးတာ မျက်ခုံး မွေးတင်မကဘူး တခြားမလိုအပ်တဲ့ အမွေးအမျှင်တွေပါ ပေါက်လာနိုင်၊ ရှည်လာနိုင်တယ်တဲ့"

"အေး...ဟုတ်တာပဲ။ အဲဒါ ဘယ်လိုလုပ်ကြမလဲ"

လဲ့လဲ့ဝင်းခင်က ထောက်ခံရင်း အဖြေကိုသိရန် မေးသည်။

"မသိသေးဘူး။ ခုထိတော့ ဖေဖေနဲ့ မေမေလည်း ဒီအတွက်ပဲ လိုက်မေးစမ်း ကြံဖန်နေကြရတယ်။ အဲဒါနဲ့ စိတ်ညစ်ပြီး ကျောင်း မတက်တာ"

စန္ဒာ့အဖြစ်က ရယ်ရခက်၊ ငိုရခက်။ ဒီလောက်မှ စဉ်းစားဉာဏ်နည်းရသလားဟုလည်း ကရုဏာဒေါသောနှင့် မပြောချင်။ ပိုင်စိုးကို ဒီလောက်ယုံရသလားဟု ပြောပြန်လျှင်လည်း တစ်မျိုးထင်ကြဦးမည်။

ကြာဖြူတို့အုပ်စု စန္ဒာရဲလှကို အားပေးကာ ကျောင်းသို့ ထွက်လာခဲ့လိုက်တော့သည်။ လမ်းတွင် ကြာဖြူက...

"ဒေါ်မြတ်နိုးမေ"

"ဟေ...ဘာလဲ"

"ငါ မပြောဘူးလား"

"ဘာလဲဟ"

"အဲဒီပိုင်စိုးက လူလိမ်ပါလို့"

မြတ်နိုးမေအပါအဝင် ကျန်သုံးယောက် ဘာပြောရမှန်းမသိ၍ ငြိမ်နေကြသည်။ ကြာဖြူကသာ ဆက်၍...

"သူ့စကားဆို အားလုံး ဆန့်ကျင်ဘက်ယူရမှာပဲ။ သွားယုံလို့ကတော့ စန္ဒာ့လိုပဲ ဒုက္ခတွေ့ကြမှာပဲ။ တွေ့တယ်မဟုတ်လား"

ကျောင်းသို့ရောက်သောအခါ သူမတို့အုပ်စု တညီတညွတ်တည်း အတန်းမတက်ဘဲ ပိုင်စိုးကို ရှာရန် သဘောတူကြသဖြင့် ကင်တင်းပင် မထိုင်ဘဲ ရှာပုံတော် ဖွင့်ကြတော့သည်။

တောင်ငူ၊ ဝိဇ္ဇာကင်တင်း၊ သိပ္ပံကင်တင်း၊ Eco ကင်တင်း စုံနေအောင် လျှောက်ရှာသော်လည်း ပိုင်စိုးနှင့် ဆင်ဆင်ကလေးတောင်





မတွေ့ရ။

"တော်ပြီဟာ...ပြန်ရအောင်။ ငါတို့ တောင်ငူမှာပဲ ထမင်း ပြန်စားကြမယ်"

လဲ့လဲ့ဝင်းခင်က မျက်နှာလေးရှုံ့မဲ့ကာ ဆို၏။ ဟုတ်ပါသည်။ အားလုံးလျှောက်ရလွန်း၍ ဝမ်းပင် ဟာနေကြပြီ။ သူမတို့ တောင်ငူဆောင်ဘက်ကို ရွေ့ဘို၊ ဒဂုံဆောင်ဘေးလမ်းမှအဖြတ်...

"ကြာဖြူ ကြာဖြူ"

နောက်ကနေ ကြာဖြူ့အမည်ကို ခေါ်လိုက်သော အသံစိမ်းကို ကြား၍ တပြိုင်တည်း လှည့်ကြည့်မိရာ...

"သြော်...အာကာထွန်း"

ပိုင်စိုးတို့ သူငယ်ချင်းဆိုသည့် အာကာထွန်း။

"အတော်ပဲ"

"အတော်ပဲ"

ဒါက ခတ္တာနှင့် အာကာထွန်းတို့၏ ပြိုင်တူထွက်ကျလာသော စကားသံ။ ကြာဖြူက စိတ်မရှည်တော့ဘဲ...

"ပိုင်စိုး ဘယ်မှာလဲ။ ပိုင်စိုးကို တွေ့လား"

"အာ...ကျွန်တော်ကလည်း သူ့ကို မေးမလို့၊ ကျွန်တော်လည်း လိုက်ရှာနေတာ။ ဘယ်မှာမှ မတွေ့ဘူး"

"ဟင်...ရှင်ကလည်း ရှာတယ်"

"ဟုတ်တယ်"

"ကိစ္စရှိလို့လား"

"ဟာ...ရှိပါပြီကောလား။ သိပ်ရှိတာပေါ့"

"အရေးကြီးလား"

"အင်း...ကြီးတယ်"

"ပြောပါဦး"

"ဟို...အဲ..."

အာကာထွန်းက မပြောချင်ပြောချင်ဖြစ်နေပုံရပြီးမှ ဆုံးဖြတ်ချက်

ကျသွားဟန်ဖြင့် မထူးတော့ပုံနှင့် ပြော၏။

"ဒီကောင်လေ ဒီကောင်"

"အင်း...ပြောပါဦး"

"ကျွန်တော့်မှာ ကြွက်နို့ပေါက်နေလို့ အဲဒါ သူ့ကို ဆေးနည်းတောင်းမိတာ ဒုက္ခကို ရောက်ရော"

တစ်အုပ်စုလုံး အာကာထွန်းကို ခြေဆုံးခေါင်းဆုံး အပြန်ပြန်အလှန်လှန် အစုန်အဆန် ကြည့်လိုက်မိကြသည်။ စန္ဒာရဲလှလို ဘယ်နေရာများ မှားနေလဲဟု...။ အာကာထွန်းပင် မနေတတ် မထိုင်တတ်ဖြစ်သွားရ၏။ ကြာဖြူက...

"ဆက်ပြောပါဦး"

"သူ့ဆေးနည်းက မုဆိုးမတစ်ယောက်ရဲ့ အိမ်ရှေ့ကို ဖြတ်လျှောက်ရမယ်၊ (၇)ရက်တဲ့...။ မာလကာပင်ရှိတဲ့ မုဆိုးမအိမ်ပေါ့။ အဲဒီက ပထမဆုံးသီးတဲ့ မာလကာသီးနဲ့ ကုရမှာတဲ့"

"ဒီတော့..."

"ခင်ဗျားတို့ဗျာ...စဉ်းစားကြည့်။ (၇)ရက်ဖြတ်လျှောက်ပါတယ်ဆိုကတည်းက ဟိုက မုဆိုးမက ရင်ခုန်နေပြီ"

"အဲ..."

"ဟဲ...ဟဲ..."

"ခစ်..."

"အဲဒါ အသီးလည်း ဝင်ခိုးရော လူမိတော့ ပြောစရာမရှိတော့ဘူး"

သူ့အဖြစ်ကလည်း စန္ဒာရဲလှလိုပင်။ စန္ဒာရဲလှထက်ပင် ဆိုးဦးမည်။ အာကာထွန်းက စကားကို ဆက်၏။

"အဲဒါဗျာ...ရပ်ကွက်လူကြီးတွေပါ ပါလာပြီး အတည်ယူနိုင်လားတွေ ဘာတွေ ဖြစ်လာရော။ ကျွန်တော် ဖြတ်ဖြတ်လျှောက်နေတာကိုလည်း တချို့က တွေ့ထား သိထားတာကိုး"

"အင်း...ဒုက္ခပါပဲ"





"ဘာဆက်ဖြစ်လဲ"

"ဘာဖြစ်ရမလဲ...။ အဲဒီ မုဆိုးမကပါ ကျွန်တော့်မိဘနဲ့ စကားပြောမယ်တွေ ဘာတွေဖြစ်လို့ မနည်းတောင်းပန်ထားရတယ်"

"ဒီတော့..."

"ပိုင်စိုးကို တွေ့အောင်ရှာမယ်လေ...။ သူ့ပြဿနာ သူရှင်းပေါ့"

"ဘယ်လိုရှင်းခိုင်းမှာလဲ"

"သူ့ကို အဲဒီမုဆိုးမနဲ့ ပေးစားပစ်လိုက်မယ်။ အေးရော..."

"ကောင်းတယ်"

ကြာဖြူက အာကာထွန်းကို...

"ဒါဆို ဒီလိုလုပ်"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်မတို့လည်း သူ့ကို ရှာနေတာ။ ရှင်တွေ့လည်း ကျွန်မတို့ကို အကြောင်းကြား၊ ကျွန်မတို့တွေ့လည်း ရှင့်ကို အကြောင်းကြားမယ်။ ကျွန်မတို့ တောင်ငူက အရှည်ကြီးဆိုင်မှာ ရှိမယ်"

"ကောင်းတယ်။ ကျွန်တော်က R.C ထဲမှာ ရှိမယ်"

သူတို့ လမ်းခွဲလိုက်ကြ၏။ တောင်ငူကင်တင်းသို့ ရောက်သောအခါ ကြာဖြူက...

"တွေ့တယ် မဟုတ်လား"

"အင်း...တွေ့တယ်"

"အေး...ကြပ်ကြပ်သတိထားကြ၊ ဒီကောင်က လူလိမ်။ လူတကာကို လိုက်လိမ်နေတာ။ ဒီကောင့်ကို ယုံရင် ဒုက္ခရောက်မှာပဲ"

ကြာဖြူ့အတွေးများက ပိုပြီး ခိုင်မာလာရတော့သည်။ ကျန်လူများမှာလည်း ဘာမှ ပြန်မပြောနိုင်။ နေရာအနှံ့လျှောက်ရှာသော်လည်း ပိုင်စိုးကို တော်တော်နှင့်မတွေ့။ ထိုစကားထဲမှာ တွေ့တော့တွေ့သည်ဟူသည့် အဓိပ္ပာယ်ပါသည်။

ဝင်၍ ရန်တွေ့ရန် မသင့်တော်သော အနေအထားဖြစ်နေသည်။

ဆရာတစ်ယောက်ဆီမှာ သူ လွတ်သွားသောစာများအတွက် ပြန်မေး နေခြင်းဖြစ်သည်။ ဘယ်အချိန်ပြန်သည် မသိ။ ကြာဖြူ အိမ်သို့ ပြန်တော့ သူက အိမ်မှာ ကြိုရောက်နေသည်။

"တချို့လူတွေကိုကျတော့ ကျွန်တော် နည်းနည်းမုန်းချင်တယ်"

"ဟေ...ဘာဖြစ်လို့လဲကွ"

ဖေဖေနှင့် ပိုင်စိုးတို့ ဘာတွေ စကားကောင်းနေကြသည်မသိ။ သူမ ပြန်ဝင်လာသည်ကိုတွေ့တော့ ဖေဖေက ဗီဒီယိုကားများထဲကလို "ပေါ...သမီးလေးတောင် ပြန်လာပြီကိုး"ဟု ပြောသည်။

သူမကတော့ ပိုင်စိုးကို အမြင်ကပ်သဖြင့် ဖေဖေ့ကိုသာ နှင်းကန်ပြုံးပြရင်း အခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။ အပြင်မှ ပိုင်စိုး ပြောသမျှတွေကို မကြားချင် နားဆင်လျက်သားတော့ ဖြစ်နေသည်။

"ကျွန်တော်လည်း တစ်ခါမှ မကြားဖူးပါဘူး ဦးရယ်...။ ဦးကတော့ သိချင် သိမှာပေါ့။ ကပ္ပါဒိုစီယာ...နိုင်ငံတဲ့"

"ဟင့်အင်း...ဦးလည်း မသိပါဘူး"

"BC-၁၁၁ ကတဲ့"

"ဟာ...ဒါဆို ဘယ်သိမတုန်းကွ"

"ဒါဆိုလည်း ထားလိုက်ပါတော့ ဦးရယ်...။ အဲဒီနိုင်ငံက ဘုရင်မဟာ သူ့ယောကျ်ား ဘုရင်ဖြစ်ဖို့အတွက် သူ့ရဲ့သား ခြောက် ယောက်ကို သတ်ခဲ့တယ်တဲ့"

"ဟေ..."

"ဒါပေမဲ့ (၆)ယောက်မြောက်သားကတော့ လွတ်သွားတယ်။ နောက်တော့ သူလည်း ဘုရင်ပြန်ဖြစ်လာတယ်။ သူ ဘိသိက်ခံတဲ့နေ့မှာ ပဲ သူ့အမေကို ပြန်သတ်လိုက်တယ်"

"အင်း...ကြားရတာ နားမချမ်းသာစရာကြီးပဲ။ နေပါဦး... မင်းက ဘယ်သူ့ကို မုန်းတာလဲ။ သားတွေကို ပြန်သတ်တဲ့ အမေကို မုန်းတာလား၊ အမေကို သတ်တဲ့ သားကို မုန်းတာလား"

"ကျွန်တော့်ကိုယ်ကျွန်တော် မုန်းတာ ဦး"





"ဟေ..."

"ဟုတ်တယ်...။ မဆီမဆိုင်တွေ လျှောက်ဖတ်ပြီး ကိုယ့် ဘာသာ ဟိုခံစား ဒီခံစားနဲ့။ ညတောင် အိပ်မပျော်ဖြစ်သွားတဲ့ ကျွန်တော့် ကိုယ်ကျွန်တော် မုန်းတာ"

ဖေဖေက တဟားဟားရယ်သည်။ ပိုင်စိုးက...

"မရယ်နဲ့ ဦးရဲ့။ ကျွန်တော်က သူများ လေလည်တာကို ကြားကနေ ဝင်အနေခက်နေတဲ့ ကောင်မျိုး"

"ဟေ..."

"ဟုတ်တယ်လေ ဦးရဲ့။ အတန်းထဲမှာ ဆရာကော စာသင် သားတွေကော ရှိနေတယ်။ ဘယ်သူက လေပုတ်လွှတ်လိုက်လည်း မသိဘူး။ ကိုယ့်မှာက အဲဒီအနံ့ကိုလည်း ရှူရသေး၊ ကိုယ့်ကို သူများတွေ က လှမ်းကြည့်ရင်လည်း မလုံမလဲဖြစ်ရသေး၊ ကိုယ်လို့ထင်မှာစိုးတာကိုး။ တော်တော်အနေခက်တဲ့ကိစ္စပဲ ဦးရဲ့"

ဖေဖေက တဟားဟား အော်ရယ်ပြန်သည်။ ကြာဖြူ စိတ်တို လာသဖြင့် အပြင်သို့ ပြန်ထွက်ပြီး...

"ဖေဖေ"

"ဘာလဲ သမီး"

"မေမေ့ကို မတွေ့ပါလား"

"ဟင်...မတွေ့ဘူးလား"

"ဟင့်အင်း မတွေ့ပါဘူး"

"ဈေးဆိုင်သွားတယ်လေကွယ်"

"ဖေဖေကလည်း ရှင်းရှင်းမပြောဘူး"

ဖေဖေက တဟားဟားအော်ရယ်မည်ပြုချိန်မှာ ပိုင်စိုးက ဦးအောင် ဝင်ရယ်၏။

"ဟား...ဟား...ဟား...ဟား...ဟား"

ဖေဖေ မရယ်လိုက်ရချေ။ ပိုင်စိုးကို မျက်လုံးအပြူးသားနှင့် ကြည့်နေသည်။ ပြီးမှ သူ့ဘာသာ 'ကောင်းကွာ'ဟု ရေရွတ်လေ၏။

"နှင် ဘာမှ ရယ်နေစရာမလိုဘူး"

ကြာဖြူ ပြောလိုက်တော့ သူက အံ့ဩသလို ပြန်ကြည့်၏။

"ဟင်…ဘာဖြစ်လို့လဲ"

"နှင်က လူလိမ်မို့လို့ပေါ့"

"ဟင်…လူလိမ်ကကော မရယ်ရဘူးလား"

"ငါ့အိမ်မှာ လာမရယ်နဲ့"

"နေပါဦး။ ငါက ဘာကိစ္စ လူလိမ်ဖြစ်ရတာတုန်း"

"အာကာထွန်းကို နှင် ဘယ်လိုလုပ်လိုက်လဲ။ ကိုယ့်ဘာသာကိုယ် မှတ်မိလား"

"ဘာမမှတ်မိစရာအကြောင်း ရှိလဲ။ အာကာထွန်းနဲ့ ငါ ဒီနေ့ပဲ တွေ့ပြီးပြီ"

"ဟိုက နှင့်ကို ဆော်ပလော် မတီးလိုက်ဘူးလား"

"ဘာလိုက်တီးစရာ ရှိလဲ။ သူ့ကိစ္စကို ငါရှင်းပေးပြီးပြီ။ ငါ့အဘိုးစာအုပ်စင်က ဆေးကျမ်းကြီးကိုလည်း ငါ ယူပြလိုက်တယ်။ အာကာထွန်းလက်က ကြွက်နို့ရယ်၊ အဲဒီအိမ်က မာလကာပင်ရယ်ကိုလည်း ပြလိုက်တယ်။ အဲဒီမိန်းမကိုလည်း ကေန်စင်စစ် မှဆိုးမဖြစ်ပါကြောင်း တွက်ချက်ယူလိုက်တယ်။ ပွဲပြီးသွားပြီ။ အာကာထွန်းမှာ ဘာပြဿနာမှ မရှိတော့ဘူး"

"အဓိပ္ပာယ်မရှိတာ…။ အချိန်တိုတိုလေးအတွင်းမှာ နှင် အဲဒီလို လုပ်နိုင်လား"

"ဩော်…ဒါ နှင် အာကာထွန်းနဲ့တွေ့ရင် မေးကြည့်လိုက်လေ။ ငါ့မှာ အချိန်မရှိသလို ရပ်ကွက်လူကြီးတွေမှာလည်း အချိန်မရှိဘူး။ သေးတဲ့အမှု ပပျောက်အောင် သူတို့ကလည်း ချက်ချင်းလုပ်ပေးလိုက်တယ်။ လက်ဖက်ရည်လေး ဘာလေးတော့ တိုက်လိုက်ရတာပေါ့။ ဟဲ…ဟဲ"

ကြာဖြူ ကြောင်တက်တက်ဖြစ်သွားပြီးမှ…

"ကဲ…ထားပါတော့။ စန္ဒာရဲလှကိစ္စကော ဘယ်လိုရှင်းမလဲ"





"ငါ သိပြီးပြီ။ အဲဒါကိုလည်း ငါရှင်းပြီးပြီ"

"ဘယ်လိုရှင်းသလဲ"

"ငါ ဆေးဖိုး ပေးလိုက်တယ်လေ"

"ဘာဆေးလဲ"

"ဘရိတ်စားနဲ့ ဂျူတ်"

"ဘာ…"

ပိုင်စိုးက တဟားဟားအော်ရယ်ပြီး ဆင်းပြေးတော့၏။ ဖိနပ်စီးနေရင်း ပြောသွားသည်။

"မိန်းမဟိုမှန်းဆေးများများ ထပ်ထိုးလိုက်ပေါ့ဟာ။ ဩော်…ဦးခုနက ကျွန်တော်ပြောပြတဲ့ အဖြစ်အပျက်လေးထဲမှာ အမေလုပ်တဲ့လူကို ပိုမုန်းမိတယ်ဗျ။ လောကကြီးမှာ ဘာဆေးစားစား လေမလည်တဲ့မိန်းမတွေ ရှိတတ်တယ်"

"ဘာ"

"နှင်က ဘာမလုံမလဲ ဖြစ်နေတာတုန်း"

ပြောပြီး တချိုးတည်း လှည့်ပြေးသွားတော့၏။

တစ်နေ့ပြီးတစ်နေ့ ဆိုနေရတဲ့ သီချင်းပေမဲ့
မပျင်းပါဘူး။
ဘဝက ပြေဆင်းလိုင်းနေရဲ့လေးနဲ့တော့
ဂစ်ဒီလို မပြောကြပါနဲ့။

တောင်စွယ်မှာ နေတွယ်တာကို မြင်သားပဲ။
ဘာဖြစ်လဲ...
ဂစ်ဒီမားက မလွဲခဲ့ဘူးဆိုရင်တောင်
ငါကလည်း မဖြိုလဲခဲ့ပါဘူးကွယ်။

ကျောင်းဆင်းဒေါင်းလောင်းသံကို မကြားရတာ ကြာပြီ။
တစ်ယောက်တစ်လမ်းဆီ မသွားရတာလည်း ကြာပြီ။
ကိုယ်တကာကြား၊ သူတကာကြား ဖြစ်ခဲ့ကြပေမဲ့
ဘယ်သူမှ မလွဲမှားခဲ့ကြတာလည်း ကြာပြီ။

ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့
ဘယ်သူတွေ ဘယ်လိုပြောပြော
ငါ့ဂစ်တွက်တော့
နေသံ၊ လသံ ရောနေခဲ့တာလည်း ကြာပြီ။ ■

■





(၁၄)

ကြာဖြူ့အနေနှင့် ပိုင်စိုးကို ရှောင်နေမိတာ ကြာပြီ၊ ကျောင်းမှာလည်း ရှောင်သည်၊ အိမ်မှာလည်း ရှောင်သည်။ တစ်နေ့မှာတော့ မလွှဲသာမရှောင်သာသော ကိစ္စတစ်ခု ကြုံလာသည်၊ ထိုကိစ္စကို ဖေဖေနှင့် မေမေကပဲ ဖန်တီးလိုက်ခြင်းဖြစ်၏။

"မောင်ပိုင်စိုးရေ"

"ပြောပါ ဒေါ်ဒေါ်"

"သားကို အကူအညီတစ်ခု တောင်းချင်လို့ကွဲ့"

"ဟုတ်ကဲ့...ပြောလေ"

"ဒေါ်ဒေါ့်မှာကွယ် လူတစ်ယောက်ဆီကနေ အကြွေးရစရာ ရှိတယ်"

"ဟုတ်ကဲ့"

"ရရမယ့်အကြွေးငွေကလည်း နည်းနည်းများတယ်။ တခြားလူတွေလည်း မခိုင်းချင်ဘူး"

"အဲဒါကြောင့် ကျွန်တော်က သွားတောင်းပေးရမယ် ဆိုပါတော့"

“အဲဒီလိုကြီးတော့ မဟုတ်ပါဘူးကွယ်။ ကြာဖြူကို တောင်းခိုင်းမှာပါ။ သားက အဖော်လိုက်သွားပေးစမ်းပါ”

“ရပါတယ် ဒေါ်ဒေါ်။ ဘယ်နားမှာ သွားတောင်းပေးရမှာလဲ။ ဘယ်သူ့ဆီကလဲ”

“သွားရမယ့်လိပ်စာကိုတော့ ကြာဖြူ သိပါတယ်ကွယ်။ ဒါပေမဲ့ သူ့အိမ် သူ့ရာကိုတော့ ဒေါ်ဒေါ်တို့လည်း မရောက်ဖူးကြဘူး။ နာမည်က တော့ ဦးဘိုဘိုတဲ့”

“သူ့က ကြွေးမပေးဘဲ ရှောင်နေလို့လား ဒေါ်ဒေါ်”

“မဟုတ်ဘူးကွဲ့။ လတိုင်း လတိုင်းတော့ အတိုးဆပ်ပါတယ်။ ဒါပေမဲ့…ကြာလာတော့ သူလည်း မကောင်းဘူး၊ ဒေါ်ဒေါ်တို့လည်း မကောင်းဘူးကွယ်။ နှစ်ဖက်လုံး နစ်နာတယ်”

“ဟုတ်ကဲ့ ဟုတ်ကဲ့။ ကျွန်တော် သဘောပေါက်ပါတယ်။ ဘယ်တော့ သွားတောင်းပေးရမှာလဲ”

“တတ်နိုင်ရင် ခုပဲ သွားပေးပါကွယ်”

“ဟုတ်ကဲ့ ရပါတယ်။ ကျွန်တော်က ရှေ့က သွားရမှာလား၊ ကြာဖြူက ရှေ့က သွားရမှာလား”

မေမေက နားလည်မှုရှိစွာ ပြုံးလိုက်သည်။

“အတူတူ သွားကြပေါ့ကွယ်”

ကျောင်းအားသောနေ့ ဖြစ်သည်။ မလွှဲမရှောင်သာသော အနေ အထားကြောင့် ပိုင်စိုးနှင့်အတူ ကြာဖြူ အကြွေးတောင်း ထွက်လာရ သည်။ ကြာဖြူ့သဘောအတိုင်းပြောရမည်ဆိုလျှင် ဤသို့သော အလုပ်မျိုး ကို လုံးဝမလုပ်ချင်။ ကြွေးဆပ်ရမည့်သူက အဝေးကြီးကတည်းက ကိုယ့်ကို မျက်နှာချိုသွေးပြီး ပြုံးပြနေလျှင် ကြာဖြူ ဘာကိုမှ ပြောမထွက် တော့။ သနား အားနာနေမိသည်။

ထို့အပြင် ပိုင်စိုးနှင့်လည်း တွဲမသွားလို။ ပိုင်စိုးက ကိုယ့်ကို နီးနီးလေးမှ ကပ်ပြုံးပြနေမည်ကိုလည်း အသည်းယားသည်။ မည်သို့ပင် ဖြစ်စေကာမူ ခုတော့ဖြင့် တစ်လှေတည်း မစီးသော်လည်း တစ်ခရီးတည်း





သွားခဲ့ရပြီ။

သူမ ထင်ထားသည်ကလည်း မမှားချေ။ လမ်းမှာ ပိုင်စိုးက စကားဖြင့် ထိပ်ပုတ်ခေါင်းပုတ် လုပ်လာ၏။

“ကြာဖြူ”

“ဘာလဲ”

“ငါ့ကို အဖြေပေးဦးလေဟာ”

“နင့်ကို အဖြေပေးစရာ ငါ့မှာ စကားလုံးမရှိဘူး”

“ဘာဖြစ်လို့လဲ”

“နင့်စကားတွေကို ငါ အယုံအကြည်မရှိဘူး။ နင်က လူလိမ်ပဲ။ နင် ဘာကိုပဲပြောပြော ဆန့်ကျင်ဘက်အဓိပ္ပာယ်ကိုပဲ ငါယူတယ်”

“သြော်…ကြာဖြူရယ်”

မျက်နှာသေဖြင့် ပြောနေသော ပိုင်စိုးကို ရွဲ့ချင်သဖြင့် ကြာဖြူက လည်း

“သြော်…ပိုင်စိုးရယ်”

“သြော်…ကြာဖြူရယ်”

“သြော်…ပိုင်စိုးရယ်”

ထိုသို့ပင် သူမတို့ အဆီအငေါ်မတည့် ဖြစ်နေကြရလေသည်။

“နင် ငါ့ကို သူငယ်ချင်းတစ်ယောက်လိုတောင် မခင်ဘူးလား”

“သူငယ်ချင်းတစ်ယောက်အနေနဲ့ဆိုရင်တော့ ခင်မိနိုင်ပါတယ်”

“ချစ်သူတစ်ယောက်အနေနဲ့ဆိုရင်လည်း ချစ်မိနိုင်တယ်ပေါ့ နော်”

“အိုး…ဝေးသေး”

“နင်ကလည်းဟာ…။ ကျောင်းကတောင် အိမ်ကို ပြန်နိုင်သေး တာပဲ။ ငါ့ကို ဘာလို့ မချစ်နိုင်ရတာလဲ”

“အလိုလေး…ဘာဆိုင်လို့တုန်း”

“ကျောင်းကနေ အိမ်ကို ပြန်တယ်ဆိုတာက ‘ကကြီး’ကနေ ‘အ’အထိ သွားရတာလေ။ ဗျည်းအက္ခရာ(၃၃)လုံးတောင် ဖြတ်သန်းသွား

ရတာ''

''ဘာဆိုင်လဲ။ နင် ဘာတွေလျှောက်ပြောနေတာလဲ''

''ဆိုင်တာပေါ့။ ခုကိစ္စက ဗျည်း ၃၃ လုံးထိ သွားစရာတောင် မလိုဘူး။ ခခွေးတစ်လုံးတည်းကို သတ်ပုံပြောင်းလိုက်ရုံပါပဲ။ ခင်ရာက နေ ချစ်လိုက်ဖို့ လွယ်ပါတယ်''

ချက်ချင်းမှာတော့ ကြာဖြူ ကြက်သေ သေသွားမိသည်။ သို့သော် သူမကလည်း ခေသည့်မိန်းကလေး မဟုတ်သောကြောင့်...

''ငါလည်း သတ်ပုံပြောင်းသုံးကြည့်ပါတယ်။ နင့်ကို ငါ...''

''ဘာဖြစ်လဲ''

''ခါတယ်...ခါးတယ်...ချဉ်သွားတယ်''

''ငါ ချော့မှာပေါ့''

''ချီးပဲ''

''ချစ်တာကိုး''

''ချွဲပျစ်ပျစ်လုပ်တဲ့ကောင်ဆို အရမ်းမုန်းတယ်''

''ချော်တွေးမနေပါနဲ့ဟာ''

''ခွေးကိုပဲ အမြီးဖြတ်ယူမယ်''

''ချောလိုက်တဲ့ ကောင်လေးလို့ကော မတွေးမိဘူးလား''

''ချာတူးလန်အတွေးပဲ''

''ချေ–ချိုးသဲရယ်''

''တော်တော့...''

စကားအရာမှာတော့ ပိုင်စိုးကို သူမ မနိုင်ပါ။ သွားရသည့် အိမ်က အတော်ဝေး၏။ ဆင်ခြေဖုံးဘက်မှာ ဖြစ်၏။ ဘတ်(စ)ကား တစ်တန်၊ အငှားကားတစ်တန်ဖြင့် သွားရသည်။ လမ်းမှာ ပိုင်စိုးနှင့် ထိုကဲ့သို့ စကားစစ်ခင်းခဲ့ရသည်။

''နင့်လိုလူမျိုးတစ်ယောက်နဲ့ ငါ ဘယ်လိုမှ တွဲမသွားချင်ဘူး။ ငါ တကယ်ပြောတာ''

''နင်က ငါ့ကို တကယ်ပဲ လူလိမ်လို့ သတ်မှတ်တော့မှာလား''





''ခိုင်ခိုင်မာမာကို ယုံကြည်ထားတယ်၊ စွဲစွဲမြဲမြဲကို သတ်မှတ် ထားတယ်''

''အိုး...''

ပိုင်စိုး၏မျက်နှာက အတန်ငယ်တည်သွားသည်။ ဘာစကား ကိုမှ ဆက်မပြောတော့ဘဲ ငြိမ်သွားသည်။ စိတ်မကောင်းဖြစ်သွားဟန် လည်း တူသည်။

ဟိုလမ်းဝင်ဒီလမ်းထွက်နှင့် ဤအတိုင်း လျှောက်သွားနေကြ ရင်း...

''နင် ငါနဲ့ မသွားချင်ရင်လည်း မသွားပါနဲ့တော့ဟာ...''

ထိုစကားကို ပိုင်စိုးက ဖြူန်းစားကြီး ပြောချလိုက်ခြင်းဖြစ်သည်။ ကြာဖြူကလည်း ဘောက်ဆတ်ဆတ်ပြန်ပြော၏။

''မသွားလို့ ဖြစ်မလား။ မသွားဘဲ ပြန်လာရင် မေမေက ဆူမှာပေါ့။ ဘာအလုပ်မှလည်း မဖြစ်လိုက်ဘဲ နင်နဲ့ငါ သက်သက်မဲ့ လူလုံးပြပြီး ထွက်တွဲနေသလို ဖြစ်မှာပေါ့''

''မဟုတ်ဘူးလေ...။ သွားတော့ သွားပေါ့။ ငါနဲ့ မဟုတ်ဘဲ တခြားတစ်ယောက်နဲ့ သွား''

''ဒီနားထိရောက်မှ ဘယ်သူ့ကို ပြန်ခေါ်ရမှာလဲ။ ဘယ်သူနဲ့ သွားရမှာလဲ''

''အာကာထွန်းနဲ့ သွား''

''ဟင်...''

ကြာဖြူ အံ့သြသွားသည်။

''အာကာထွန်းက ဘယ်မှာလဲ''

''ဟိုရှေ့က စတိုးဆိုင်ထဲကို ဝင်သွားတယ်''

သူ ဘယ်လိုမြင်လိုက်သည်မသိ။ ကြာဖြူကဖြင့် မတွေ့ချေ။ ထိုစတိုးဆိုင်ရှေ့သို့အရောက် ပိုင်စိုးက အရောင်းစာရေးမတစ်ယောက် ကို...

''အာကာထွန်း''

ဟု လှမ်းပြောလိုက်သည်။ နောက်မှ ကပ်ပါလာသည့် ကြာဖြူ့ကိုလည်း မသိမသာ ခေါင်းငဲ့ကြည့်သည်။ အနည်းငယ်တော့ အပိုးကျိုးနေသည်။ အရောင်းစာရေးမက ချက်ချင်းထွက်မသွားသေးဘဲ ချောမောလှပသည့် ကြာဖြူ့ကို ငေးကြည့်နေသေးသည်။ ပြီးမှ…

“ခဏ”

ထိုသို့ပြောပြီး အထဲ လှည့်ဝင်သွားသည်။ သိပ်မကြာလှဘဲ ပြန်ထွက်လာ၏။

“ဒီလောက်ဆိုရင် ရမလား”

“ဘာ”

ကြာဖြူ ဒေါကန်သွား၏။ ပိုင်စိုးကို ဒေါသတကြီး လှည့်ပြောမိသည်။

“ဟင်…ပိုင်စိုး။ နင် ဘယ်လိုလုပ်တာလဲ။ ငါက ဒီဘောင်းဘီကြီးဝတ်ပြီး ဘာသွားလုပ်ရမှာလဲ”

ပိုင်စိုးလည်း မျက်ကလူးဆန်ပြာဖြစ်သွားပြီး…

“အာ…မဟုတ်ဘူးခင်ဗျ။ ဒီအာကာထွန်းဘောင်းဘီကို ပြောတာမဟုတ်ဘူး။ ကျွန်တော့်သူငယ်ချင်း အာကာထွန်း ဒီထဲကို ဝင်သွားတာတွေ့လိုက်လို့ မေးတာ”

ပြောရင်းတန်းလန်း မျက်စိထဲမှာ အာကာထွန်းဘောင်းဘီဝတ်ပြီး ခါးပေါ် လက်တစ်ဖက်ထောက်၍ ရပ်နေသော ကြာဖြူ့ပုံစံကို မြင်ယောင်မိ၏။

ဖြစ်မှဖြစ်ရလေ ကြာဖြူရယ်…။

“အာ…အဲဒီလိုတော့ ကျွန်မက ဘယ်သိမှာလဲရှင်။ စတိုးဆိုင်ဆိုတော့ လူတကာ ဝင်ထွက်နေတာ”

“ပိုင်စိုး…ငါပြောတာ မလွဲဘူး။ နင့်စကားကလေ ယုံကြည်စရာတစ်စက်မှ မရှိဘူး”

“မဟုတ်ဘူးဟ။ ငါလည်း သေချာတွေ့လိုက်တာ။ ဒီဆိုင်ထဲဝင်သွားတယ်။ ပြန်ထွက်လာတာလည်း မတွေ့သေးဘူး”





စာရေးမက ဝင်ပြောသည်။

“ဒီဆိုင်ဘေးက လမ်းကြားထဲကို ဝင်သွားတာလည်း ဖြစ်နိုင်တယ်လေ…။ လမ်းလေးက ကျဉ်းကျဉ်းလေး။ အဝေးကကြည့်ရင် ဒီဆိုင်ထဲ ဝင်သွားတယ်လို့ ထင်ရတယ်”

“အဲဒီလမ်းကြားလေးထဲမှာ ဘာတွေရှိတုန်း”

“လူနေရပ်ကွက်ပဲရှင်…အိမ်တွေရှိတာပေါ့။ လူတွေလည်း ရှိတယ်လေ”

“ကြာဖြူ…တို့ ဝင်ကြည့်ကြမလား”

“တော်တော်”

ကြာဖြူ စိတ်ဆိုးမာန်ဆိုး လှည့်ထွက်လာခဲ့သည်။ ပိုင်စိုးက နောက်မှ ကမန်းကတန်း လိုက်လာ၏။

“ဒီကောင် အာကာထွန်း…အဲဒီကို ဘာသွားလုပ်လဲ မသိဘူးဟ”

“တော်ပါ လူလိမ်ရယ်”

ဦးဘိုတို၏ အိမ်ကလည်း တော်တော်နှင့် မရောက်နိုင်။ ကြာဖြူ စိတ်တိုနေသဖြင့် ပိုင်စိုးကလည်း မည်သည့်စကားကိုမှ မဆက်ရဲတော့။ လူတွေကတော့ စိတ်ကောက်နေသော သမီးရည်းစားဟု ထင်ကြဦးတော့မည်။

ကောင်မလေးက လှသလို ကောင်လေးကလည်း လိုက်လျောညီထွေရှိသဖြင့် လူတွေကတော့ ကြည့်ကြသည်ပေါ့လေ။

“အဟီး…”

ကြည့်လာသူများကို ပိုင်စိုးက လှည့်လှည့်ရယ်ပြသည်။

“အဟီး…ဟီး”

ကြာဖြူ အတော်ပင် အောင့်အည်းသည်းခံနေရသည်။

“ဟဲ့…ပိုင်စိုး”

“ဘာလဲဟ”

“နင့်ကိုယ်နင် မျက်နှာပိုးသပ်ထားလို့ မရဘူးလား”

''ရပါတယ်။ ဦးဘိုဘိုတို့ လမ်းထဲလည်း ရောက်လာပြီပဲ''

လမ်းထဲရောက်ပြန်တော့လည်း အိမ်ကို တော်တော်နှင့် ရှာမတွေ့။ မြို့သစ်ဖြစ်သဖြင့် အိမ်နံပါတ်ကို တပ်သူတပ်၊ ခြံနံပါတ်ကို တပ်သူတပ် ကမောက်ကမတွေ ဖြစ်နေသည်။ တစ်အိမ်စ နှစ်အိမ်စကို မေးကြည့်သော်လည်း အားလုံးလိုလိုက အခုမှ ပြောင်းရွှေ့လာကြသူများ ဖြစ်သဖြင့် တစ်လမ်းတည်းနေသူအချင်းချင်းပင် မသိကြ။

''နင် အဲဒီ ဦးဘိုဘိုကို လူတော့ မြင်ဖူးတယ် မဟုတ်လား''

''အင်း...''

''တွေ့ရင် မှတ်မိမယ် မဟုတ်လား''

''အင်း...''

''နင် ဒီနားမှာပဲ ခဏနေခဲ့ဦး။ ငါ ဟိုးလမ်းထဲထိ ဝင်ပြီး မေးလိုက်ဦးမယ်''

ပိုင်စိုးက လမ်းကြားထဲ ဆက်ဝင်သွားပြီး ဟိုကွေ့ဒီကွေ့ဖြင့် မမြင်ရသည်ထိ ပျောက်သွားသည်။ ကြာဖြူလည်း အနီးအပါးမှ လူများ အိမ်များကို ဝေ့ပတ်ကြည့်ရင်း ဦးဘိုဘိုကို တွေ့လိုတွေ့ငြား ရှာနေမိသည်။

''အစ်မ ဘာရှာနေတာလဲ''

လှည့်ကြည့်လိုက်တော့ စားပွဲထိုးလေး အာလူး။ ဘယ်လို ကောင်လေးမှန်းလည်း မသိ။ ရှာပြီဆို သူရောက်လာပြီ။

''နေပါဦး။ နင်က ဒီလမ်းထဲကို ဘာလာလုပ်နေတာလဲ''

''ကျွန်တော့်ညီမလေးက ဒီလမ်းထဲက အိမ်တစ်အိမ်မှာ အိမ်ဖော် လုပ်တယ်လေ။ သူ့ဆီ ခဏလာတာ''

''နေဦး...။ ဒီလမ်းထဲမှာ ဦးဘိုဘိုဆိုတာ ရှိလား''

''အစ်မက ဦးဘိုဘိုကို ရှာနေတာလား''

ကြာဖြူ အားတက်သွား၏။

''အေး...နင်သိလား''

''ဟင့်အင်း...မသိဘူး''

''ဟာ...နင်ကလည်း''





''အစ်မကလည်း ကျွန်တော်မှ သူနဲ့ မသိတာ''

''ဒါနဲ့များ...''

''မဟုတ်ဘူး။ ကျွန်တော် ဟိုထဲမှာ အစ်မရည်းစား အစ်ကိုကြီး နဲ့ တွေ့တယ်''

''သွားစမ်းပါဟာ...။ အဲဒီကောင် ငါ့ရည်းစား မဟုတ်ပါဘူး''

''အစ်မတို့ကလည်း ခဏခဏစိတ်ကောက်နေကြတာပဲနော်''

''ဟာ...တော်စမ်းပါဟာ။ အရေးထဲမှာ နင်က တမျှောင့်''

''အဲဒီအစ်ကိုကြီးက အစ်မကို မှာလိုက်တယ်''

''ဘာမှာလိုက်တာလဲ''

''ဒီလမ်းက ဦးဘိုဘိုတို့လမ်း မဟုတ်ဘူးလားတဲ့''

''ဘာလို့ မဟုတ်ရမှာလဲ၊ ဟုတ်တယ်။ အတိအကျပဲ''

''အထဲကိုလည်း လိုက်ဝင်မလာပါနဲ့တဲ့၊ အထဲမှာ လက်ဖက်ရည် ဆိုင်ရှိပြီး အဲဒီဆိုင်မှာ သူ ထိုင်မနေဘူးတဲ့''

''ဩော်...ဒင်းက လက်ဖက်ရည်ဆိုင် ထိုင်နေတာကိုး''

''အစ်မကိုလည်း သူ စောင့်မနေဘူးတဲ့''

''ငါ့ကို မစောင့်ဘဲ သူက ဘာလုပ်လို့ ရမှာလဲ''

''အစ်မအမေက မှာလိုက်တယ်တဲ့။ ဒီပိုက်ဆံကို မရ မရ အောင် တောင်းခဲ့ပါတဲ့''

''ဟုတ်တယ်လေ...။ မရ ရအောင် တောင်းရမှာပေါ့''

''ဒါပဲနော် အစ်မ။ ကျွန်တော် မသွားတော့ဘူး''

''အေး...သွားသွား''

အာလူးထွက်သွားတော့ သူမလည်း လမ်းထဲ လိုက်ဝင်သွား လိုက်သည်။ လမ်းကို တဆစ်ချိုးကွေ့ပြီး အတော်လျှောက်သောအခါ ကျမှ ပိုင်စိုး ထိုင်နေသော လက်ဖက်ရည်ဆိုင်ကို တွေ့ရ၏။ သူမကို စောင့်နေပုံရသည်။

လက်ဖက်ရည်တစ်ခွက်ကို စိမ်ပြေနပြေသောက်နေ၏။ သူမ စားပွဲမှာ ဝင်ထိုင်လိုက်တော့...

''အဝေးကြီးက လာရတာ ဘာမှ မသောက်တော့ဘူး မဟုတ်လား''

''သောက်မှာပေါ့။ စပါကလင်တစ်လုံး ယူခဲ့စမ်းဟေ့''

လက်ဖက်ရည်ဆိုင်နှင့် မျက်စောင်းထိုးလောက်နေရာမှာ အလှူခံမဏ္ဍပ်တစ်ခုရှိ၏။ မိုက်ကိုင်ထားသူကလည်း အာဝဇ္ဇန်းရွှင်ရွှင် ပြောဆိုအော်ဟစ်နေသည်။

လက်ဖက်ရည်ဆိုင်ထဲမှ လူတွေရော၊ မဏ္ဍပ်ထဲမှ လူတွေရော သူမတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြသည်။

သူမ အအေးပုလင်းကုန်တော့မှ ပိုင်စိုးက…

''မကုန်သေးဘူး မဟုတ်လား၊ မသွားရင် မသွားနဲ့ဦး''

''ကုန်ပြီ၊ သွားမယ်''

လက်ဖက်ရည်ဆိုင်မှ ထကာ သူတို့ ဆက်လျှောက်ခဲ့ကြ၏။ လမ်းက ရှည်လျားလှသည်။ ဤမျှထိ လျှောက်ဝင်လာသည့်တိုင် နောက်ထပ် အဝေးကြီး ကျန်နေသေးသည်။ ဒီပုံစံအတိုင်းလျှောက်နေရသည်ကို စိတ်မရှည်တော့သဖြင့် အိမ်တစ်အိမ်ထဲသို့ ဝင်မေးရန် ကြံသည်။

ပိုင်စိုးက…

''အဲဒါ ဦးဘိုဘိုအိမ် ဟုတ်တယ်''

ကြာဖြူ ထိုအိမ်ဆီသွားနေသော ခြေလှမ်းများကို ပြန်ကွေ့ထွက်လိုက်သည်။ ဆက်လျှောက်ရင်း စိတ်မရှည်ဖြစ်လာပြန်သဖြင့် အိမ်တစ်အိမ်သို့ ဝင်မေးရန် ပြင်ပြန်သည်။ ပိုင်စိုးက လှမ်းပြောပြန်သည်။

''အဲဒါလည်း ဦးဘိုဘိုအိမ် ဟုတ်တယ်''

ကြာဖြူ သက်ပြင်းချရင်း လမ်းကိုသာ ဆက်လျှောက်ရန် ပြင်ရ၏။ နံဘေးရှိ အိမ်များကို ပိုင်စိုးက လက်ညှိုးတထိုးထိုးဖြင့်…

''ဒါလည်း ဦးဘိုဘိုအိမ်ပဲ''

''ဟိုဟာလည်း ဦးဘိုဘိုအိမ်ပဲ''

စသဖြင့် ပြောလာသည်။

အိမ်တစ်အိမ်ရှေ့ရောက်တော့…





''ဒါ ဦးဘိုဘိုအိမ် မဟုတ်ဘူး ထင်တယ်''

ရှေ့ဆက်မသွားတော့ဘဲ ထိုနေရာမှာပဲ ရစ်သီရစ်သီ လုပ်နေသည်။ 'ဒါ ဦးဘိုဘိုအိမ် မဟုတ်ဘူး'၊ 'ဒါ ဦးဘိုဘိုအိမ် မဟုတ်ဘူး' ဟုလည်း နှုတ်မှ ရေရွတ်နေသည်။ လိပ်စာစာရွက် ထုတ်ကြည့်စရာမလိုပါ။ ထိုအိမ် ဦးဘိုဘိုအိမ်ဖြစ်ကြောင်း သေချာနေပြီ။

လက်ဖက်ရည်ဆိုင်မှာ သို့မဟုတ် အလှူခံမဏ္ဍပ်မှာ သူ စုံစမ်းခဲ့ပြီး ဖြစ်ပုံရသည်။ အိမ်ထဲဝင်သွားတော့လည်း မဟုတ်ဘဲ ဦးဘိုဘိုနှင့် တန်းတိုးသည်။

ငွေအကျေတော့ မရပါ။ တစ်ဝက်တော့ ရလိုက်သည်။ ဤမျှဆိုလျှင်လည်း မဆိုးဟု သဘောပိုက်ကာ ပြန်ထွက်လာခဲ့ကြတော့၏။ အလှူခံမဏ္ဍပ်ရှေ့မှ ပြန်အဖြတ်…

''သွားနှင့်''

ထိုသို့ပြောကာ ပိုင်စိုးက အလှူငွေ ဝင်ထည့်သည်။ ကြာဖြူက မသွားပါ။ ရပ်စောင့်နေသည်။ ပိုင်စိုး၏ စကားဆိုလျှင် သူမက ဆန့်ကျင်ဖက် ပြုနေပြီကိုး။ ပိုင်စိုး ဆက်လျှောက်မှ သူမလည်း ဆက်လျှောက်သည်။

အလှူခံမဏ္ဍပ်မှ ကြေညာသံ ထွက်လာသည်။

''သြော်…သဒ္ဓါတရားပြည့်ဝလှတဲ့ ခရီးသွားချစ်သူစုံတွဲကလည်း အဲ…''

''ဘာ…''

ကြာဖြူ ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားပြီး ပိုင်စိုးကို ယှည့်ကြည့်သည်။ ပိုင်စိုးက သူမသိဟူသော သဘောနှင့် ပခုံးတွန့်ပြီး လက်ဝါးဖြန့်ပြသည်။ ကြေညာသံက ဆက်ထွက်လာပြန်၏။

''ဟိုဒင်း…ဟိုဟာလေ…။ ဘယ်လိုပြောရမလဲ၊ ကောဇမ္ဗောကို ရည်စူးပြီး အလှူငွေတစ်ကျပ်တိတိခင်ဗျာ…တစ်ကျပ်တိတိ''

မဏ္ဍပ်ထဲမှ ရယ်သံတချို့ ထွက်လာသည်။ ခပ်တိုးတိုးကြိတ်ရယ်သံများဖြစ်သော်လည်း မိုက်မှတစ်ဆင့် စပီကာကို ဖြတ်သန်းပြီး ထွက်

လာ၍ အတော်ကျယ်သည်။

ကြာဖြူ အရမ်းရှက်သွားသည်။ လက်ဖက်ရည်ဆိုင်မှ လူများကလည်း ပြုံးစေ့စေ့နှင့် ကြည့်နေကြသည်ကိုး။

''ပိုင်စိုး''

''ဟေ…''

''နောက်တစ်ခါဆိုရင် နင်နဲ့ငါ ဘယ်လမ်းကိုမှ အတူမသွားတော့ဘူး''

ထိုအခါကျတော့လည်း ဒင်းက မျက်နှာငယ်လေးနှင့်၊ သို့သော်လည်း မကြာလိုက်ပါ။ လမ်းမကြီးသို့အရောက်မှာ ပါတိတ်အင်္ကျီဝတ်ပြီး ရှိုးအပြည့်ဖြစ်နေသော လူကြီးတစ်ယောက်ကို အတွေ့…

''ဟာ…ဦးအောင်ကို''

ထိုလူကြီး လန့်သွားသည်။

''ဟာ…ပိုင်စိုး''

ပိုင်စိုးကို တွေ့ရသဖြင့် သရဲတစ္ဆေကို တွေ့ရသလို ကြောက်သွားဟန်လည်း ရှိသည်။ ဗလုံးဗထွေး မေး၏။

''မင်း…မင်း…မင်းက ဒီ…ဒီကို ဘာလာလုပ်တာတုန်း''

''ကျွန်တော်ကလည်း ဦးအောင်ကိုလိုပေါ့ဗျာ…''

''ငါ လိုဆိုတာ မင်းက ဘယ်လိုလဲ''

''ဦးအောင်ကိုလို ဆိုမှတော့ ဦးအောင်ကိုလိုပေါ့ဗျာ…''

ဦးအောင်ကိုဆိုသည့်လူကြီးက မျက်လုံးပြူးကြီးနှင့် ကြာဖြူ့ကို ကြည့်သည်။ ပြီး…ပိုင်စိုးကို ပြန်လှည့်ကြည့်သည်။ ပိုင်စိုးက…

''သိနေတယ်နော်…သိနေတယ်''

''မင်း မင်းက ဘာသိတာလဲ''

''သိတယ်ဆိုရင် သိတာပေါ့ဗျာ။ ဦးအောင်ကိုကလည်း''

''ငါ…ငါ သွားတော့မယ်ကွာ''

''သွားလေ…''

''မင်းတို့လည်း သွားလေ''





''ဟ…သွားမှာပေါ့ဗျ။ ဦးအောင်ကိုလည်း သွားစရာရှိတာသွားပါ''

''မင်း…မင်းတို့ အရင်သွား''

''ဩော်…ဘယ်လိုများ ဖြစ်နေတာလဲဗျာ။ ဟဲဟဲ…သွားပြီသွားပြီ''

ဘာတွေဖြစ်နေတာလဲဟု ကြာဖြူ မမေးတော့ပါ။ မေးလျှင်လည်း မဟုတ်တရုတ်တွေပဲ ကြားရမည်မှန်း ကြိုသိနေသည်။ ခပ်ဝေးဝေး ရောက်မှ…

''ပိုင်စိုး''

''နင် ပြောကြည့်လေ''

''ဘာ…''

''ပြောစရာရှိရင် ပြောလို့''

''အဲဒါများ ပြောကြည့်လေတွေ ဘာတွေနဲ့''

''အေးပါဟာ…။ ပြောမှာ ပြောပါ''

''ဟိုရှေ့က ဓာတ်တိုင်အောက်မှာ ရပ်နေတဲ့ သူကို နင် အသံတိတ် သွားပြီးတော့ နပမ်းလုံးစမ်းဟာ''

''ဟင်''

ပိုင်စိုး ကြောင်တက်တက်ဖြစ်သွားသည်။ ဓာတ်တိုင်အောက်မှ လူကို တစ်ချက်ကြည့်ပြီး…

''ဗလကောင်းတယ်ဟ''

''နင် မလုပ်ရဲဘူးလား''

ပိုင်စိုးက ဘာမှ ပြောမနေတော့ဘဲ ထိုသူ့ဆီ လျှောက်သွား၏။ ထိုလူရှေ့ရောက်တော့ ပုဆိုးကို ခါးတောင်းကျိုက်လိုက်သည်။ ထိုလူက ဘာမှ နားမလည်ဟန်နှင့် ပြန်ကြည့်နေသည်၊ ပိုင်စိုးက ''ရှူး…တိုးတိုး'' ဟူသော အမူအရာမျိုးလုပ်ပြပြီး နပမ်းလုံးရန် အချက်ပြပြီး လက်ယပ်ခေါ်၏။

''ဟ…ဘာလဲ အရူးလား''

ထိုလူ့စကားအဆုံးမှာပဲ ပိုင်စိုးက ထိုလူ့ကို ဝင်ဖက်လုံးတော့၏။

''ဟာ...ဟေ့ကောင်၊ မင်း ဒါ ဘာလုပ်တာလဲ''

ထိုသို့အော်နေရုံဖြင့် မရသဖြင့် သူကလည်း ပိုင်စိုးကို ပြန်ဖက်လုံးတော့သည်။

''ငါ့ကို သက်သက်မဲ့ လာရန်ရှာတဲ့ကောင်၊ ဘယ်ရမလဲကွ''

သူတပြန်ကိုယ်တပြန် ဖက်လုံးနေကြတော့သည်။ အစမှာတော့ ပိုင်စိုးက ခါးတောင်းကျိုက်နှင့်ဖြစ်၍ နည်းနည်းအရေးသာသည်။ လုံးရင်းတန်းလန်း ခါးတောင်းကျိုက်ပြန်ပြေသွားသဖြင့် သူတင်ကိုယ်တင်ပြန်ဖြစ်သွားသည်။

''ဟ ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲ''

သူတို့အနီးသို့ လူတွေ အုံလာသည်။ ပိုင်စိုးက ထိုလူများကို ''ရှူး...တိုးတိုး''ဟူသော အမူအရာမျိုး လုပ်ပြသည်။ ထိုအချိန်မှာပဲ တစ်ဖက်လူက သူ့ကို ခုန်အုပ်၏။ သူတစ်ပြန်ကိုယ်တစ်ပြန် လုံးထွေးနေကြပြန်တော့သည်။

''အရူးလား မသိဘူး။ ရအောင် လူချင်းခွဲစမ်းပါကွာ''

ဘေးလူတွေက မရမက လူချင်းပြန်ခွဲလိုက်ကြ၏။ ပိုင်စိုးက ဖုန်များသဲများ ပေကျံလျက် ကြာဖြူ့အနားသို့ ပြန်ရောက်လာသည်။ ကြာဖြူက သူ့ကို ခပ်စိမ်းစိမ်းကြည့်ပြီး...

''နင် ဒီပုံစံကြီးနဲ့တော့ ငါနဲ့ လိုက်မလာနဲ့တော့၊ အကြွေးလည်း တောင်းပြီးပြီ။ နင့်လမ်း နင်သွားတော့''

''ခုနက လူက နင်နဲ့ ဘယ်လိုပတ်သက်လို့လဲ''

''ဘယ်လိုမှ မပတ်သက်ဘူး၊ သိလည်း မသိဘူး''

''ဟင်...ဒါနဲ့များဟာ။ ငါက နင်ခိုင်းလို့ လုပ်ရတာ''

''ငါခိုင်းတိုင်းလုပ်ရအောင် နင်က အရူးလား''

''ဟင်...နင့်ဟာကလည်း ဗလာချီကြီး''

ကြာဖြူက ဘာမှဆက်ပြောတော့ဘဲ ချာခနဲ လှည့်ထွက်သည်။ ပိုင်စိုးက လိုက်လာသဖြင့်...





''နင့်လမ်းနင်သွားလို့ ငါပြောတယ် မဟုတ်လား''

''ဟ...ငါလည်း ဒီလမ်းကပဲ သွားရမှာ''

''ငါ့နောက်က လိုက်မလာနဲ့''

ထိုအချိန်မှာပဲ...

''ဟေ့ ဟိုကောင် ရပ်နေစမ်း''

ရပ်ကွက်မှ တာဝန်ရှိသူ လူကြီးများဖြစ်သည်။ လေးငါးယောက်ခန့်ရှိသည်။ စက်ဘီးတွေနှင့်။

''မင်း ဘာကိစ္စ သူများကို ရန်ရှာထိုးကြိတ်ရတာလဲ''

ပိုင်စိုး ဘာပြန်ပြောရမည်မှန်း မသိ။ ကြာဖြူ့ကို လှည့်ကြည့်သည်။ ကြာဖြူက မျက်နှာထားတင်းတင်းနှင့် လှည့်ထွက်သွား၏။

''ဖြေလေကွာ...။ မင်း ဘာအကြောင်းကြောင့်လုပ်နေတာလဲ''

''ပြောနေတာ ကြာတယ်ဗျာ...ဒီကောင့်ကို စခန်းခေါ်သွားလိုက်မယ်''

ကံဆိုးချင်တော့ ပိုင်စိုး ဖက်နပမ်းလုံးလိုက်သူက ဒုရဲအုပ်တစ်ယောက် ဖြစ်နေသည်။ အချုပ်ထဲမှာ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနှင့် ပိုင်စိုး အတော်ပင် ဒုက္ခခံလိုက်ရ၏။ ရှက်ဖို့လည်း ကောင်းလှသည်။

နောက်မှ ဖေဖေတို့ မေမေတို့ လိုက်လာပြီး မနည်းတောင်းပန်မှ အိမ်သို့ ပြန်ရောက်သည်။ နပမ်းလုံးသည်ဆိုတာကလည်း နပမ်းကြီးသက်သက် လုံးခဲ့ရသည်မဟုတ်ချေ။ ထိုးကြိတ်ကန်ကျောက်ရသည်တွေလည်း ပါသည်ပဲ။ ပြီးတော့ ဟိုက ရဲ။

ကြာဖြူ ဘာလုပ်တာလဲ။

အိပ်ရာထဲမှာ လဲနေချိန် ကျော်လွင်ဦးနှင့် သာမြတ်ကျော်တို့ ရောက်လာမှ...

''မင်း ဘယ်လို လိမ်လည်လှည့်ပတ်ပြီး ပြန်ထွက်လာမလဲ ဆိုတာကို သိချင်လို့တဲ့။ မင်းက လူလိမ်တဲ့''

ပိုင်စိုးရင်ထဲမှာ နင့်ခနဲ နာသွားသည်။ 'ကြာဖြူရယ်'ဟုလည်း

အသံမထွက်ဘဲ ရေရွတ်ညည်းတွားမိ၏။ သို့သော်လည်း စိတ်မနာနိုင်ရက်ပါပေ။

■





(၁၅)

ခတ္တာ၊ မြတ်နိုးမေနှင့် လွဲလွဲဝင်းခင်တို့က ပိုင်စိုး ရှုံးရောက်ဂတ်ရောက်ဖြစ်ရသည့်ကိစ္စနှင့်ပတ်သက်ပြီး ကြာဖြူကို သိပ်မကြည်ကြချေ။ ပိုင်စိုးကို သနားပြီး သူမတို့က ပိုင်စိုးဘက်မှ ရှိနေသည်။

ဝင်းဦးလိုလို၊ သမိန်ပေါသွပ်လိုလို နှုတ်ခမ်းမွေးရေးရေးပေါက်နေသော စန္ဒာရဲလုကမူ ဘာမှ ဝင်မပြော။ ကောင်းသည်ဟုလည်း မပြော၊ ဆိုးသည်ဟုလည်း မဆိုချေ။

မြတ်နိုးမေက…

''ဒီကိစ္စမှာတော့ နင်လွန်တယ်လို့ ထင်တယ်''

''ဘာဖြစ်လို့လဲ''

''ဟဲ့…သူ့ခမျာ နင့်ကိုလည်း ကူရသေး၊ အချုပ်လည်း ခံရသေး၊ အထိုးအကြိတ်လည်း ခံရသေး၊ နာမည်လည်း ပျက်သေး''

''ဒါများ နင်တို့က သနားနေသေးတယ်''

''ဟဲ့…သူက အသားလွတ် ခံရတာကိုးဟဲ့''

''ဒါဆို ငါပြောမယ်၊ စန္ဒာ့ရဲ့ နှုတ်ခမ်းမွေးတွေကကော အသားလွတ် ပေါက်လာတာလား''

ကင်တင်းမှာ ဖြစ်သည်။ ကြာဖြူ့အသံက အတန်ငယ်ကျယ်သွားသဖြင့် စန္ဒာရဲလှက မေးကို လက်နှင့် ထောက်သလိုလိုနှင့် သူ့နှုတ်ခမ်းမွှေးရေးရေးကို မသိမသာ ကွယ်သည်။

မြတ်နိုးမေက ဆက်ပြောသည်။

"ပိုင်စိုးက အနောက်အပြောင်သန်တာ၊ ဗလွတ်ရွတ်တပြောတတ်တာတော့ မှန်တယ်။ ဒါပေမဲ့ နင်ထင်နေသလို လူလိမ်ကြီးတော့ မဟုတ်ပါဘူးဟယ်"

"အဲဒါဆို စန္ဒာ့နှုတ်ခမ်းမွှေးတွေက အလိုလိုပေါက်လာမလား။ ငါမေးတာပဲ ဖြေကြပါဦး"

မြတ်နိုးမေက ခတ္တာကို တစ်ချက်လှည့်ကြည့်၏။ ဘာမှ ဆက်မပြောတော့ချေ။ သို့သော် စန္ဒာရဲလှက မသာယာသောမျက်နှာနှင့် ခပ်တိုးတိုး ဝင်ပြောသည်။

"ကြာဖြူ"

"ဟေ..."

"နင် ပိုင်စိုးကို စိတ်ဆိုးရင် စိတ်ဆိုးပါဟာ။ ငါ့နှုတ်ခမ်းမွှေးဆိုတာကြီး ထည့်ထည့်မပြောပါနဲ့"

"အေးပါ...ငါက နင့်နှုတ်ခမ်းမွှေးကို ပြောချင်တာ မဟုတ်ပါဘူး။ ပိုင်စိုးကို ပြောချင်တာ"

"အေးပါဟာ...ပိုင်စိုးကိုပဲ နင်ပြောနော်။ ငါ့နှုတ်ခမ်းမွှေးကို နင် မေ့ထားလိုက်တော့"

"မေ့ထားလို့ ရမလား။ နင့်နှုတ်ခမ်းမွှေးကို မြင်လေ ငါ ရင်နာလေပဲ။ နင့်ကို ကြည့်ရတာလည်း ဘယ်လိုကြီးမှန်း မသိဘူး"

"အေးပါဟာ...ထားလိုက်ပါတော့နော်။ ဒီကိစ္စကို ခေါင်းထဲမထည့်ပါနဲ့"

"မထည့်လို့ မရဘူးဟဲ့။ နင် နှုတ်ခမ်းမွှေးပေါက်နေလေလေ ငါ ရင်ထဲမှာ ကလိကလိ ဖြစ်နေလေပဲ"

"ဩော်...ဒုက္ခပါပဲ"





စန္ဒာရဲလှက ခတ္တာနှင့် မြတ်နိုးမေဘက်သို့လှည့်ကာ 'ကယ်ပါဦး' ဟူသော အကြည့်နှင့် ကြည့်၏။ ခတ္တာက...

"ကြာဖြူ"

"နင် ပြောကြည့်လေ"

ပိုင်စိုး အသုံးအနှုန်းဖြစ်၏။ ပြောရမည့်သူ တွန့်သွား၏။

"ပိုင်စိုးကတော့ ဒီလိုပဲ ပေါက်ကရ လျှောက်ပြောနေတာပဲဟာ။ တစ်ခါဆို သူ ပြောဖူးတယ်၊ သူ့လက်က ကောင်းကင်အကြွေကောက်တဲ့လက်တဲ့"

"အဲဒါက ဘာအဓိပ္ပာယ်လဲ"

"ကောင်းကင်ကြီး ကြွေကျလာဖူးတယ်တဲ့။ အဲဒါ သူ့လက်နဲ့ ကောက်တင်ထားတာတဲ့။ အဲဒါကြောင့် ငါတို့ ခုလို အေးအေးဆေးဆေး နေနိုင်တာတဲ့"

"အဲဒါကြောင့် ငါက သူ့ကို လူလိမ်လို့ ပြောတာ။ နင်တို့က လည်း အဲဒါကြီးကို ယုံနေသလား"

"ယုံစရာမှ မဟုတ်တာဟဲ့။ ဒါပေမဲ့ သူငယ်ချင်းချင်း လျှောက်ပြောကြတဲ့ဟာပဲ။ သူ့မှာလည်း အပြစ်မရှိပါဘူး"

"ကဲ...အဲဒါဆို စန္ဒာ နှုတ်ခမ်းမွှေးတွေပေါက်လာတဲ့ ကိစ္စက"

စကားမဆုံးလိုက်ချေ။ ကျုန်သော သုံးယောက်လုံး၏ အော်သံက ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာ၏။

"ကြာဖြူ"

"ကြာဖြူ"

"ကြာဖြူ"

စန္ဒာရဲလှ၏မျက်နှာက သနားဖွယ်ရာအတိ ဖြစ်နေတော့သည်။ ကြာဖြူက သက်ပြင်းချပြီး...

"ကဲလေ...နင်တို့ပြောချင်တာ ဒါပဲမဟုတ်လား။ ငါ သွားတော့မယ်"

"နင်က ဘယ်သွားမှာလဲ"

"စာကြည့်တိုက်ကို တစ်ယောက်တည်း အေးအေးဆေးဆေး စာသွားဖတ်နေမလို့"

သူမက စိတ်ကောက်ဟန်ပြပြီး ထွက်လာခဲ့သည်။ အမှန်တော့ (ပြောရမည်ဆိုလျှင်) တပြုံကြီးဖြစ်သည်။ မည်သူကမှလည်း သူမနောက်ကို လိုက်မလာပါ။ ထို့ကြောင့် သူမ ပို၍ စိတ်ကောက်လေသည်။ ပိုင်စိုးသာဆိုလျှင် ချော့မည်လား။ မရေမရာ စဉ်းစားမိလေ၏။

စာကြည့်တိုက်ထဲသို့ ရောက်သော်လည်း မလွတ်မြောက်ပါ။ အထဲမှာက ကျော်လွင်ဦးနှင့် သာမြတ်ကျော်က ရှိနေသည်။ သူမကို မြင်တော့ မျက်နှာတွေ နည်းနည်းတည်သွားကြသည်။ ဂြိုဟ်မွှေသော မိန်းမဟု ထင်ပုံရသည်။

"နင်တို့ ငါ့ကို အဲဒီလို ဂြိုဟ်ကြည့် မကြည့်နဲ့"

"နင်ကပဲ ပြောရတယ် ရှိသေး"

စာကြည့်တိုက်ထဲမှာက စကားတိုးတိုးပြောရသည်ဖြစ်၍ မနဲ့လေးလေးသံဖြင့်ပင် အခြေအတင်ပြောကြရသည်။

"ပိုင်စိုးမို့ သည်းခံတာ သိလား။ ငါသာဆို လက်သီးပဲ"

"အောင်မာ ယောက်ျားကြီးတန်မဲ့နဲ့"

"အေးလေ…အဲဒီယောက်ျားကြီးတန်မဲ့တွေကို နင်တို့ မိန်းမတွေက ခိုင်းစားနေတာလေ…။ ကိုယ် အလိုရှိတာလည်း ရရော ပစ်သွားတယ် မဟုတ်လား"

"သာမြတ်ကျော် နင်နော်"

ကျော်လွင်ဦးက ဝင်ဟန့်၏။ သို့သော်လည်း ဟန့်ပုံကြီးက မကောင်း။

"သာမြတ်ကျော် လာပါကွာ…။ ဒီမိန်းမနဲ့ ဖက်ပြောမနေပါနဲ့။ တော်ကြာ တို့ပါ အချုပ်ထဲ ရောက်သွားလိမ့်မယ်"

ပြောပြီး သူတို့နှစ်ယောက်က လှည့်ထွက်သွားသည်။ ကြာဖြူ တကယ်တမ်း ဆွေ့ဆွေ့မခုန်သော်လည်း စာအရပြောရလျှင် ဆွေ့ဆွေ့ခုန်ပြီး ကျန်ရစ်ခဲ့၏။





ငါ မှားသွားသလားဟု သူမ စဉ်းစားမိလေသည်။ သို့သော်လည်း လူ့သဘာဝအရ ကိုယ့်ကိုယ်ကို မှန်သည်ဟု ထင်သည်။ စာကြည့်တိုက်ထဲမှာ သူမ စာမဖတ်ဖြစ်ပါ။ ထောင့်ခုံတစ်ခုံကို ရွေးထိုင်ပြီး ငိုင်နေမိသည်။

မည်မျှအချိန်ကြာသည်ထိ သူမ တွေဝေနေမိသည် မသိ။

"ဩော်"

ကိုယ်နှင့်ပတ်သက်သည်ဟု ယူဆရသော အာမေဍိတ်တစ်ခုကြောင့် သူမ လှည့်ကြည့်လိုက်မိ၏။ ကိုငြိမ်းအေးနှင့် ကိုတင်ကိုအောင်။ 'ပို့စ်မော်ဒန်ဖတ်စာ'ဟူသော စာအုပ်တစ်အုပ်ကို လာပြန်အပ်ကြခြင်းဖြစ်သည်။

သူမက သူတို့ကို မခေါ်ပါ။ သူတို့ကလည်း သူမကို မခေါ်ပါ။ ခပ်တည်တည်နှင့် ဖင်ပေးပြီး ပြန်သွားကြသည်၊ ကျောပေးပြီး ပြန်တာက ခပ်တည်တည်ကြီး ဖြစ်သည်။ ဖင်ပေးပြီး ပြန်သည်က ပွစိပွစိလုပ်သွားသည့်သဘော ရှိသည်။

ကြာဖြူ စိတ်ညစ်မိသည်။ အချိန်တန်၍ အတန်းထဲဝင်ကာ စာသင်ရသော်လည်း သူငယ်ချင်းများနှင့် ဟက်ဟက်ပက်ပက်မပြောဖြစ်၊ မဆိုဖြစ်။ ပိုင်စိုးကိုတော့ ကျောင်းမှာ ရှာမတွေ့ချေ။

အိမ်ပြန်ရောက်တော့ အိမ်ကိုလည်း ပိုင်စိုး မလာ။

တစ်ခုတော့ ကောင်းသည်။ ပိုင်စိုးက သူမ၏ လုပ်ရပ်ကို မိဘများထံ ပြန်မပြောခြင်းဖြစ်သည်။ ဖေဖေနှင့်မေမေက ဘာမှမသိ။

အိမ်ပြန်ရောက်ရောက်ချင်း ဖေဖေနှင့် မေမေ၏ မျက်နှာက တင်းနေသဖြင့် သူမ ထိတ်ခနဲဖြစ်သွားသေးသည်။ သို့သော်…

"သမီး ကြာဖြူ"

ဖေဖေ့အသံက ဟိန်းထွက်လာသည်။ ဖေဖေ အတော်စိတ်တိုနေကြောင်း သူမ ရိပ်မိလိုက်သည်။ ဖေဖေက ထိုသို့ဖြစ်ခဲ၍ သူမ အံ့သြသွားသည်။

"ရှင်…ဖေဖေ"

''သမီးနဲ့ မောင်ပိုင်စိုးအခြေအနေက ဘယ်လိုတုန်း''

''အာ…''

''မအာနဲ့…ပိုင်စိုးကို ယူလိုက်။ မောင်တင်ဝင်းကို မေ့ပစ်လိုက်တော့''

''ဟင်…အစတည်းကလည်း ကိုတင်ဝင်းကို သမီး စိတ်ထဲမှာ မရှိပါဘူး''

''အေး…ဘာပဲဖြစ်ဖြစ် ခုချိန်ကစပြီး ရှင်းရှင်းမေ့ပစ်လိုက်တော့။ ခုနကပဲ သူ့အဖေအမေက တို့ဆီ ဖုန်းဆက်တယ်၊ စကားများကြရတယ်''

''ဩော်…အဲဒီလိုလား''

''အင်း…အဲဒါ သမီးသိအောင် ပြောထားရတာ''

ကြာဖြူ အခန်းထဲဝင်ပြီး လှဲနေလိုက်သည်။ စိတ်တွေက ကသီကဝေ။

နောက်နေ့ကျတော့လည်း ကျောင်းမှာ ပိုင်စိုးကို မတွေ့။ ကျောင်းကိုတော့ လာပုံရသည်။ သူမဆီကိုသာ မလာခြင်းဖြစ်သည်။

စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေမိသည်။ ရင်ထဲမှာလည်း ပူအိုက်အိုက် ခံစားနေရလေသည်။ ဘာလဲ…။ သူ့ကို ချစ်နေမိပြီလား။ အဲဒါ…အချစ်ပဲလား။

တနင်္ဂနွေတစ်ကျော့ ပြန်ရောက်လာသောအချိန်တွင် သူမတို့အိမ်သို့ ပိုင်စိုး ရောက်လာသည်။ မှန်တာပြောရလျှင် သူမ ဝမ်းသာသွား၏။ ဖေဖေ မရှိ။ အဘိုးက အိပ်နေသည်။ မေမေက…

''အတော်ပဲ မောင်ပိုင်စိုးရေ''

''ဗျာ…''

မေမေ့အတော်ပဲကို ပိုင်စိုးကလည်း ကြောက်နေပုံ ရသည်။

''ဒီလိုကွဲ့။ အင်းလျားက ဆိုင်တစ်ဆိုင်မှာလေ…။ ကြက်ဒေါ်လုကြည်ဆိုတဲ့ ဟင်းရှိတယ်။ ဒေါ်ဒေါ် အရမ်းစားချင်တာပဲ။ ဒါပေမဲ့ မင်းဦးလေးက ခါးခါးသီးသီးလေ''

''ဘာဖြစ်လို့လဲ ဒေါ်ဒေါ်ရဲ့''





''သူ့အမေနာမည်က ဒေါ်လုကြည်ကိုးကွဲ့''

''ဩော်…ဩော်''

ပိုင်စိုးက ရယ်သည်။ သူ့စိတ်ထဲမှာက ဘာမှ ရှိပုံမရ။ မေမေ့ရည်ရွယ်ချက်ကို ကြာဖြူ ရိပ်မိသလို ခံစားရသည်။

''အဲဒီဟင်းလေး ဒေါ်ဒေါ့်ကို သွားဝယ်ပေးပါလားကွယ်''

''ဗျာ…ဟုတ်…ဟုတ်ကဲ့၊ အခုလား''

''အေး…အခုပေါ့။ ဒါပေမဲ့ သားတစ်ယောက်တည်း မဟုတ်ပါဘူး။ သမီးကိုပါ ထည့်ပေးလိုက်မယ်''

မေမေက သူမနှင့် ပိုင်စိုးကို အင်းလျားသို့ တွန်းလွှတ်နေခြင်းဖြစ်သည်။ ကိုတင်ဝင်း၏ မိဘများကို မခံနိုင်တာလည်း ပါနိုင်သည်။ မည်သို့ပင်ဖြစ်စေ သူမကတော့ ပိုင်စိုးနှင့်အတူ အင်းလျားသို့ ထွက်လာခဲ့ရသည်။

''ဒေါ်ဒေါ်ပြောတာ ဘာဆိုင်လဲ''

''မသိဘူး။ ဒီမှာက ဆိုင်နည်းနည်းလေး။ နင့်ဘာသာ လိုက်မေးကြည့်''

''စားချင်တာက နင့်အမေ မဟုတ်ဘူးလား''

''အပိုတွေ မေးမနေနဲ့''

''ဟင်းနာမည်ကရော နင့်အဘွား မဟုတ်ဘူးလား''

ကြာဖြူက မျက်နှာလွှဲကာ နေလိုက်သည်။ ပိုင်စိုး စိတ်ရှုပ်ရှုပ်နှင့် ဆိုင်တန်းတွေဆီ ထွက်သွားသည်။ ကြာဖြူ မခံချင်အောင် မကြားတကြား ပြောသွားသေးသည်။

''ဟင်းတော့ မှာတယ်၊ ပိုက်ဆံတော့ မပေးလိုက်ဘူး''

နောက်တော့ ကျွတ်ကျွတ်အိတ်တစ်ထုပ်ကိုင်ကာ သူမကို ပိုင်စိုးလိုက်ရှာနေတာ တွေ့သည်။ သူမက ရေစပ်မှာ သွားထိုင်နေခြင်းဖြစ်၏။

ပိုင်စိုး လျှောက်လာသည်ကိုတွေ့တော့ စိတ်ကသောင်းကနင်းဖြစ်သွားသည်။ သူမ ဘေးနားမှာ ပိုင်စိုးက ဝင်ထိုင်လိုက်လျှင် ဘုရား…ဘုရား။

ကြိုရာမရ လုပ်လိုက်မိသည်။

''ပိုင်စိုး အဲဒီအထုပ် ငါ့ကိုပေး''

''ဘာဖြစ်လို့လဲ''

''ငုပ်ငုပ်၊ ရေထဲငုပ်စမ်းပါ''

''ဘာဖြစ်လို့လဲ''

''ဩော်...ငုပ်စမ်းပါဆို''

''ဘယ်နားလဲ''

''ဟောဟိုနား''

ပိုင်စိုးက ကပျာကယာ ဖိနပ်ချွတ်၊ အင်္ကျီချွတ်ပြီး ရေထဲသို့ ဒိုင်ဗင်ထိုးချသွား၏။ ရေထဲငုပ်ဆင်းသွားပြီး ခဏကြာတော့ ပြန်ပေါ်လာသည်။ ကြာဖြူက...

''ဘာတွေ့လဲ''

''ဘာမှ မတွေ့ဘူး''

''ဒါဖြင့် ငုပ်ဦး...ငုပ်ဦး''

ငုပ်သွားပြန်သည်။ ခဏကြာတော့ ပြန်ပေါ်လာသည်။

''ဘာတွေ့လဲ''

''မတွေ့ဘူး။ နေဦး နင်က ဘာကို ရှာတာတုန်း''

''လော့ကက်သီး''

ပိုင်စိုး စွပ်ခနဲ ပြန်ငုပ်သွားသည်။ ဤတစ်ကြိမ်မှာ အတော်ကြာသည်။ နောက်တော့လည်း အပေါ်ပြန်ရောက်လာသည်။ အသက်ကို အလုအယက်ရှူနေရင်းက...

''မတွေ့ဘူးဟ။ ဒီနားမှာ သေချာလို့လား''

''သေချာပါတယ်''

''ဟင်...နင့်ဆွဲကြိုးမှာ လော့ကက်သီး ရှိနေသားပဲ''

''ငါပျောက်တာ မဟုတ်ဘူး။ ပြီးခဲ့တဲ့ လက လဲ့လဲ့ဝင်းခင် ကျပျောက်သွားတာ။ အဲဒီနေရာမှာ''

''လဲသေလိုက်''





''အေးအေး...ဒီမှာ ကြက်ဒေါ်လှကြည် ရပြီ သွားမယ်နော်...။ နင် ကိုယ့်ဘာသာ အဆင်ပြေသလို ကြည့်ပြန်လိုက်''

ပိုင်စိုး ဘယ်လိုဖြစ်ကျန်ခဲ့သည် မသိ။ သူမကတော့ အိမ်သို့ တန်းတန်းမတ်မတ် ပြန်ရောက်သည်။

မေမေ့ကို 'ကြက်ဒေါ်လှကြည်'မေးတော့ အဘိုးက...

''ဒေါ်လှကြည်ဆိုတာ ငါ့ ခမည်းခမက် မဟုတ်လား''

''ဟုတ်တယ်လေ...ဖေဖေရဲ့''

''ဘယ်တုန်းက 'ကြက်'ဖြစ်သွားတာလဲ''

''ဒီလိုလေ ဖေဖေရဲ့။ ဒါက...''

အဘိုးကို တောင်တစ်လုံး မြောက်တစ်လုံး ရှင်းရင်း မေမေ အလုပ်ရှုပ်သွားသည်။ ရေချိုးခန်းထဲဝင်ပြီး ကြာဖြူ စဉ်းစားနေမိသည်။ ဘာကြောင့် သူမ ဒီလိုလုပ်ရသလဲ မသိ။ ဒီလိုလုပ်တော့ သူမ ပျော်သလား။ မပျော်၊ ပိုင်စိုးကို သနားမိသလား။ အင်း...အဲဒါကတော့။

သူငယ်ချင်းမတွေက သူမကို မကျေနပ်ပြန်။

''ကြာဖြူ အဲဒါတော့ နင် သိပ်တရားလွန်လွန်းနေပြီ ထင်တယ်''

''ဘာဖြစ်လို့လဲ''

''အခု နင့်လက်ချက်နဲ့ ပိုင်စိုး ဖျားနေပြန်ပြီ။ ကျောင်းမတက်နိုင်တာ သုံးရက်ရှိပြီ။ ကြာရင် စာမေးပွဲ ကျလိမ့်မယ်''

''ဒီကောင်က အရင်တည်းက ကျောင်းမှန်အောင်တက်တဲ့ ကောင်မှ မဟုတ်တာဟာ''

''သူ ကျောင်းမှန်မှန်မတက်ဘူးဆိုတာကလည်း သူ့အချိန်အဆနဲ့ သူရှိမှာပေါ့ဟ။ ခုလိုမျိုးကြီးကျတော့ မကောင်းဘူး။ သူ စာမေးပွဲ ကျသွားရင် တရားခံက နင်ပဲ''

''သွားစမ်းပါ...''

''နေပါဦး။ ငါတို့ မေးပါဦးမယ်။ ပိုင်စိုးက နင် နှစ်နာအောင် ဘာများ လုပ်ခဲ့လို့လဲ''

ခတ္တာ၏ အမေးစကားကို ကြာဖြူ အဖြေရ ကြပ်သွားသည်။ မေးမည်ဆိုလျှင်လည်း မေးလောက်သည်။ ပိုင်စိုးဟာ သူမ နစ်နာအောင် ဘာလုပ်ခဲ့သလဲ။ ကျောင်းသားဘဝ အပြောင်အနောက်သဘောနှင့် ခွင့်လွှတ်လို့ရသော ကိစ္စများသာ ဖြစ်သည်။

သူမဘက်က နာနာကျည်းကျည်းဖြစ်စရာဟူ၍ မြူတစ်ငွေ့မျှပင် မဖြစ်။ မည်သို့ပင်ဖြစ်စေကာမူ…

"ငါခိုင်းတိုင်း သူက လုပ်ရမှာလားဟာ…။ သူ့ဘာသာ ရှုးလို့ လုပ်တဲ့ကိစ္စ။ ငါ မကျေနပ်နိုင်တာမှာ စန္ဒာနှုတ်ခမ်းမွေးပေါက်လာတဲ့ ကိစ္စလည်း ပါတယ်"

ဆရာ မလာချိန် အတန်းထဲမှာ ပြောနေကြခြင်းဖြစ်၍ ဘေးလူတွေ ကြားမှာကိုလည်း စိုးရိမ်ရသေးသည်။ ကြာဖြူက ကက်ကက်လန် ပြန်ပြောတတ်သဖြင့် အသံကျယ်သည်။

"ဟဲ့…ကြာဖြူ"

"အေးပါ…ငါ နည်းနည်းဆန္ဒစောသွားလို့"

စန္ဒာရဲလှ၏ နှုတ်ခမ်းမွေးက သိပ်မထင်ရှားလှတော့ပါ။ ရေးတေးတေးမျှသာ ရှိတော့သည်။

ထိုရက်များအတွင်းမှာတော့ ကြာဖြူ အတော်စိတ်အိုက်နေမိသည်။ ကျော်လွင်ဦးနှင့် သာမြတ်ကျော်တို့ကလည်း သူမကို တွေ့ရလျှင် စုန်းမကို မြင်သလို တွန့်ခနဲ ဖြစ်သွားကြ၏။ မျက်နှာထားတွေက မကြည်လင်။ သူမက သွား၍ စကားပြောလျှင်ပင် သူတို့က အင်တင်တင်။

"တော်ပါတော့ ကြာဖြူရယ်…။ နင့်ကို ငါတို့ ကြောက်ပါတယ်"

"နင်တို့က နင်တို့သူငယ်ချင်းဘက်ကပဲ လိုက်တာကိုး"

"ဘာမှ ဘက်လိုက်တာ မဟုတ်ဘူး။ ဒီကောင်လွဲတာရှိလည်း ငါတို့ ဆဲနေတာပဲ။ ခုကိစ္စမှာ ဒီကောင် ဘယ်လောက်မှ အမှားမရှိဘူး။ နင့်ကိုလည်း ကူညီတယ်။ နင့်အဖေအမေ၊ နင့်အဘိုးတွေကိုလည်း





ကူညီတယ်။ သူက နင့်ကို ဒီလောက်ထိ ကောင်းရဲ့သားနဲ့၊ နင်က သူ့ကို ဘာကိစ္စ ဒီလောက်ထိ လိုက်ဒုက္ခပေးနေတာလဲ"

"စန္ဒာရဲလှ နှုတ်ခမ်းမွေးပေါက်လာတာကျတော့ရော"

"နင်က ဒါနဲ့ပဲ ကိုင်ကိုင်ပေါက်နေတယ်။ ကာယကံရှင်ကတောင် နင့်လောက် အညှိုးအတေးမထားဘူး"

"ဘာပဲပြောပြောလေ…ဒီလိုလူမျိုးကို ငါကတော့ မကြိုက်ဘူး"

"အေး…နင်မကြိုက်တာက မကြိုက်လို့ ရတယ်။ ဒါပေမဲ့ လူတစ်ဖက်သားကို ဒုက္ခမပေးသင့်ဘူး။ စန္ဒာရဲလှရဲ့ ကိစ္စကိုလည်း သေချာမေးကြည့်လိုက်ဦး။ ပိုင်စိုးက အတိုင်းအဆပြောပြီးမှ လုပ်ခိုင်းတာ။ စန္ဒာက လောဘကြီးပြီး အလွန်အကျွံလုပ်လိုက်မိလို့ ဖြစ်သွားတာ။ ဒါလည်း ခု ပြန်ကုနေတယ်။ မကြာခင် ပျောက်သွားမှာ"

"တော်ဟာ"

အံ့ဩဖွယ်ရာကောင်းသည်က ပိုင်စိုးပဲ ဖြစ်သည်။ သူမကို စိတ်နာဟန် မရှိ။ ကျောင်းမှာ မတွေ့ရသော်လည်း အိမ်ကိုတော့ ရောက်လာသည်။ ပုံမှန်အတိုင်း အဘိုးနှင့် ဆော့သည်။ ဖေဖေ မေမေနှင့် စကားပြောသည်။

တစ်ရက်မှာ သူမ ညနေခင်းတွင် နှုတ်ခမ်းဆိုးဆေးတစ်တောင့် ရှာရန် စတိုးဆိုင်များသို့အသွား…

"ဟေ့…ကြာဖြူ ကြာဖြူ"

နောက်မှ ခေါ်သံကြားရ၏။ အမှတ်မထင်လှည့်ကြည့်လိုက်တော့ ပိုင်စိုး ဖြစ်နေသည်။ ပင်လယ်အစားအစာရောင်းသော ဆိုင်ရှေ့မှ သူမကို လှမ်းခေါ်နေခြင်းဖြစ်သည်။ ဆိုင်ထဲမှ ထွက်လာပြီး လှမ်းခေါ်သည့်ပုံ ဖြစ်၏။

ဘာကိစ္စသွားရမည်လဲဟူသောစိတ် ဝင်လိုက်သေးသည်။ သို့သော် ပိုင်စိုး၏ အနေအထားကို အကဲခတ်ပြီး အရိပ်အခြေကို လေ့လာချင်သေးသည်။ ထို့ကြောင့် စားသောက်ဆိုင်ထဲသို့ လိုက်ဝင်သွားလိုက်သည်။

ပိုင်စိုး၏စားပွဲမှာ အစားအသောက်တွေက ခုမှ လာချတုန်း။ တန်ဖိုးကြီးအစားစာတွေပဲ ဖြစ်သည်။

"ဒါတွေကို နင်တစ်ယောက်တည်း စားလို့ ကုန်မှာလား"

"အဲဒါကြောင့် နင့်ကို လှမ်းခေါ်တာပေါ့"

"သြော်...စေတနာရှိလို့မှ မဟုတ်ဘဲ"

"နင့်ကို ငါက ဘာစေတနာ ရှိစရာလိုလဲ"

"ဟင်း..."

"ကဲ...အဲဒီအတိုင်းရပ်နေ။ မစားနဲ့နော်...သိလား"

ဘာရမလဲ...ကြာဖြူက ထိုင်သည်။ စားသည်။ သူ့စကားဆိုလျှင် ဆန့်ကျင်ဘက်ပဲ ယူသည်။ အတော်ပင် မြိန်ရည်ယှက်ရည်ရှိပြီးမှ

"ဒါတွေ အကုန်လုံးက နင်မှာတာချည်းပဲနော်"

"နင့်ကို မရှင်းခိုင်းပါဘူး"

"နင် ဘာတွေပွပေါက်တိုးလို့ ဒီလောက်စားသောက်နေတာလဲ"

"နင်စားတာက ပိုတောင်များဦးမယ်"

ဟုတ်တော့ ဟုတ်သည်။ ပိုင်စိုးကို ရွဲ့ချင်စိတ်ဖြင့် သူမ တစ်ဖြုန်းဖြုန်း စားလိုက်ခြင်းဖြစ်သည်။ ပိုင်စိုးက ဟုတ္တိပတ္တိမစားဘဲ သူမ စားနေပုံကိုသာ တအံ့တဩ ထိုင်ကြည့်နေခဲ့ခြင်းဖြစ်သည်။

"အဲ...နင်ကျွေးတာဆိုတော့ စားရခဲတယ်ဆိုပြီး ငါက စားနေတာ"

ထိုအချိန်မှာပဲ ပါတိတ်အင်္ကျီဝတ်ပြီး ရှိုးအပြည့်နှင့်ရှိနေသည့် လူကြီးတစ်ဦးက သူမတို့ ဝိုင်းအနားသို့ ချဉ်းကပ်လာကာ မချိသွားဖြီ မျက်နှာနှင့်...

"ပိုင်စိုး အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ဘာထပ်မှာဦးမလဲ"

"မမှာတော့ဘူး ဦးအောင်ကို"

ထိုအခါကျမှ ကြာဖြူ မှတ်မိသွားသည်။ ပိုင်စိုးက 'သိနေတယ်'





ဟု ပြောထားသော လူကြီးဖြစ်သည်။ ထိုလူကြီးက...

"လိုရင် ထပ်မှာလေ...ကိစ္စမရှိဘူး။ ကောင်တာမှာ ငါ့ရဲ့ Credit ကတ်ကို ပေးထားတယ်။ သိလား"

"ဟုတ်ပြီ ဟုတ်ပြီ"

"မင်းနဲ့ငါ နားလည်မှု ရပြီနော်"

"သြော်...နားလည်မှုက အစတည်းက ရှိပြီးသားပါ ဦးအောင်ကိုရဲ့"

"အေး...မင်းသိထားတာလေးတွေ ရှိရင်လည်း မင်းဝမ်းထဲ မင်းထားကွာ။ ဟုတ်လား..."

"စိတ်ချပါ ဦးအောင်ကိုရဲ့"

ထိုလူကြီးက ကြာဖြူ့ကိုပါ ရယ်ပြပြီး ပြန်ထွက်သွားသည်။

"ပိုင်စိုး"

"ဟင်"

"ဒါက သူကျွေးတာလား။ ဒီဝိုင်းဖိုးကို သူရှင်းမှာလား"

"နင့်ကို ငါ ဆန့်ကျင်ဖက် ဘယ်လိုဖြေပေးရမှာလဲ"

"ထားစမ်းပါ။ ငါမေးတာ တည့်တည့်ဖြေစမ်းပါ"

"ဘာလဲ"

"ဒါတွေက ဦးအောင်ကို ကျွေးတာလား"

"အေး...ဟုတ်တယ်"

"ဟင်...ဘာလို့လဲ"

"သူ့ကို ငါက သိနေတယ်လို့ ပြောလို့"

"ဟင်...သိတာနဲ့ ဒီလောက်ကျွေးရလား။ ငါ့မှာလည်း သိတဲ့ လူတွေ အများကြီးပဲ။ ဒီလိုမျိုး မကျွေးပါဘူး"

"သြော်...ငါပြောတဲ့ သိနေတယ်ဆိုတာက အဓိပ္ပာယ်တစ်မျိုး လေဟာ"

"နင် သူ လူသိမခံချင်တဲ့ လျှို့ဝှက်ချက်ကို ဘာများသိနေလို့ လဲ"

ပိုင်စိုးက မျက်လုံးဝေ့ပြီး ဦးအောင်ကိုကို ရှာသေး၏။ ပြီးမှ လေသံတိုးတိုးဖြင့်…

''အမှန်တော့ ငါ ဘာမှမသိဘူးဟ''

''ဟင်''

''ငါက သူ့ကို နောက်တာ။ သူ့ဘာသာ မလုံမလဲဖြစ်ပြီး ငါ့ လာကျွေးတာ။ သိရင်လည်း မပြောပါနဲ့တဲ့''

''ဟင်…ဒါဆိုရင် ဒါက နင် လိမ်စားတဲ့ ထမင်းပွဲပေါ့''

ကြာဖြူ နင်သွားသည်။ စားခဲ့မိသမျှအတွက်လည်း ခုမှ မျိုမကျ ဖြစ်သွားသည်။

''တော်တော် ပိုင်စိုး။ နင်နဲ့ပေါင်းမိတာ ငါပါ လိမ်ညာစား သောက်တဲ့ လူလိမ်မ ဖြစ်တော့မယ်။ ငါ သွားမယ်''

ကြာဖြူ ကမူးရှူးထိုး ထွက်လာခဲ့သည်။ အမှန်တကယ်လည်း ရှက်သွားမိသည်။ မချိတင်ကဲပြုံးသွားသော ဦးအောင်ကို၏ မျက်နှာကို ပြန်မြင်ရင်း သည်းသည်းထန်ထန် ရှက်သွားခြင်းဖြစ်၏။

''ကြာဖြူ ကြာဖြူ''

ပိုင်စိုးက နောက်မှ ကမန်းကတန်း လိုက်လာသည်။ နီအမ်း နေသောမျက်နှာနှင့်…

''သွား''

ထိုသို့ အော်ပြီး ကြာဖြူ ပြေးထွက်လိုက်သည်။ မျက်စိထဲ ဘာမှမမြင်တော့ဘဲ ပြေးထွက်လိုက်ခြင်းဖြစ်၍…

''ဟေ့ ဟေ့ ကလေးမ''

''ကြာဖြူ''

''ဂျွီ…''

လမ်းမပေါ်မှ ကားတစ်စင်းက ကြာဖြူ့ကို တိုက်မည်အပြု ကားမတိုက်ခင်မှာ ကြာဖြူ ခါခနဲ လွင့်ထွက်သွားသည်။ ပိုင်စိုးက တွန်းထုတ်လိုက်ခြင်းဖြစ်သည်။

''အ…''





''အာ…''

**''အား…''**

ဗီဒီယိုတွေ၊ တချို့ဝတ္ထုတွေထဲကလို မဖြစ်လိုက်ပါ။ ပိုင်စိုး လည်း သေမသွားပါ။ ကားက ပိုင်စိုးရှေ့မှာ အရှိန်ထိန်းပြီး ရပ်ပစ် လိုက်နိုင်ပါသည်။ သို့သော်…

''ဟာ…ကြာဖြူ''

ထိုမြင်ကွင်းကို ဘေးမှကြည့်ပြီး ကြာဖြူက မေ့လဲသွားလေ သည်။

ကြာဖြူ သတိရသောအချိန်မှာ…

ဆေးရုံခုတင်တစ်လုံးပေါ်တွင် ရောက်နေသည်။

''ကြာဖြူ သတိရပြီလား''

သူမ ဘေးမှာ ရှိနေသည်က ပိုင်စိုး၊ ဆရာဝန်ကြီးနှင့် နာ့စ်မ အချို့။ ဆရာဝန်ကြီးက စိတ်ပေါ့ပါးသွားဟန်ဖြင့်…

''ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ ရုတ်တရက် မေ့ပြီး လန့်လဲတာ။ အဲလေ…မဟုတ်ပါဘူး။ ရုတ်တရက် လန့်ပြီး မေ့လဲတာ''

ပြီး… အခန်းထဲမှ ထွက်သွားတော့၏။ နာ့စ်မနှစ်ယောက်က အခန်း၏ ဟိုထောင့်ဒီထောင့်မှာ ယောင်လည်လည်လုပ်နေသည်၊ ကြာဖြူ က လှဲနေရာမှ ထ၏။

''ဖြည်းဖြည်းထ''

နာ့စ်မတွေက လှမ်းပြော၏။ သို့သော် သူတို့ပြောသည့်အချိန်မှာ ကြာဖြူက ထိုင်လျက်သားဖြစ်နေပြီ။ ဘာမှ မဖြစ်ပါ။ ဘာမှမဖြစ်၍ ဘာမှ မဖြစ်ပါ။

''ပိုင်စိုး''

''ဟေ…''

''ကားရှေ့မှာ နင်က ငါ့ကို ဝင်တွန်းလိုက်တာလား''

''အေး…''

''ဘယ်ပခုံးကို တွန်းတာလဲ''

''ဘယ်ဘက်ပခုံးပဲလေ...''

ခုတင်ဘေးစားပွဲပေါ်မှာရှိသည့် တစ်ရှူးစကို ဆွဲယူပြီး ကြာဖြူက သူ့ ဘယ်ဘက်ပခုံးကို သုတ်သည်။ ပိုင်စိုး မျက်လုံးပြူးနှင့် ကြည့်နေရင်းက...

''ကြာဖြူ ဘာလုပ်တာလဲ။ ငါ့လက်နဲ့ထိလို့ သနတယ်လို့ ထင်လို့လား''

''မဟုတ်ပါဘူး''

''ဒါဖြင့် ဘာလဲ''

ကြာဖြူက မဲ့ပြုံးပြုံးပြီး...

''ငါ့ကိုယ်ပေါ်မှာ နင့်လက်ဓမ္မရာ ထင်ကျန်မှာ စိုးလို့ဟေ့''

''ဘာ...''

ပိုင်စိုး ထိုင်နေရာမှ ဆတ်ခနဲထရပ်၏။ သူ့မျက်နှာက ခံပြင်းမှုတွေနှင့် ရဲတွတ်နေသည်။ ခဏကြာမှ သူ့စိတ်ကို ပြန်လည်ထိန်းချုပ်ဟန်ဖြင့်...

''ငါ ဦးတို့ ဒေါ်ဒေါ်တို့ကို ဖုန်းဆက်လိုက်မယ်။ ငါကတော့ သူတို့ကို မစောင့်တော့ဘူး''

''နင်က ပြန်တော့မလို့လား''

''အင်း...နင့်ကို ငါ သံယောဇဉ် မထားသင့်တော့ဘူး''

ကြာဖြူ့မျက်နှာ ဖြန်းခနဲ ရှက်သွေးရောင်ဖြာသွားသည်။

''ဘာ...နင် ဘာပြောတာလဲ''

''နင့်ကို ငါ သံယောဇဉ် မရှိသင့်တော့ဘူး''

''ဟဲ့...ပိုင်စိုး တိုးတိုး''

''တကယ်ပြောတာ။ နင့်ကို ငါ မုန်းတယ်''

ကြာဖြူ ရှက်ကိုးရှက်ကန်းဖြစ်နေသည်။ မျက်လုံးလေးများ အရောင်တောက်ပြီး ရှက်ရောင်ရှက်သွေးတို့ဖြင့် နီထွေးနေသော သူ့မျက်နှာလေးက ချစ်ဖွယ်အတိ ဖြစ်နေသည်။

''ပိုင်စိုး သူများတွေကြားကုန်မယ်။ တိုးတိုးပြော...။ ဟိုမှာ





နာ့စ်မတွေ ကြည့်ကုန်ပြီ''

''ဘာမှ ထွေထွေထူးထူးပြောစရာမရှိဘူး။ ပြတ်ပြတ်ပဲ။ နင့်ကို ငါ မုန်းတယ်၊ မုန်းတာက မုန်းတာပဲ''

''မပြတ်ပါနဲ့ဦးဟယ်''

''ပြတ်မယ်''

''မပြတ်ပါနဲ့ဦး''

''ပြတ်တယ်''

''ပိုင်စိုးကလည်းဟာ...ငါ့ကို မုန်းရင် ငါ့စကားနားထောင်ပေါ့နော်။ လိမ္မာတယ်''

''အလို''

ကြာဖြူက ပိုင်စိုး၏ပါးစပ်ကို သူမ၏ လက်ချောင်းလေးများနှင့် အတင်းပိတ်၏။ ချစ်ရည်ရွှန်းလဲ့သော မျက်လုံးများနှင့် ကရောင်ချောက်ချားဖြစ်နေသော ကြာဖြူ့ကို ကြည့်ပြီး ပိုင်စိုး ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

သို့သော် ထုံးစံအတိုင်း ချက်ချင်းသဘောပေါက်လိုက်သည်။ သူမက သူ့စကားကို ဆန့်ကျင်ဖက်အဓိပ္ပာယ် ထွက်သည်ကို။ သူက မုန်းကြောင်းပြောသည်ကို သူမက ချစ်ကြောင်းပြောသည်ဟု ယူဆပြီး ဤသို့ ဤပုံ တုံ့ပြန်နေသည်။

ဒါ...

ဒါဆိုရင်...

''ကြာဖြူ''

''ဟင်...ပြောလေ ပိုင်စိုး''

''ငါ နင့်ကို တကယ်မုန်းတာပါဟာ...။ ငါ့အမုန်းကို လက်ခံပါကွာ...နော်''

''သြော်...ပိုင်စိုးရယ်။ နင်က လည်မလိုနဲ့ အရမ်းအတာပဲ၊ မေးနေဖို့ လိုသေးလား''

''ဟင်...ဒါဆိုရင် နင်ကလည်း ငါ့ကို မုန်းတယ်ပေါ့''

''သိနေလည်း မမေးနဲ့ ပိုင်စိုးရယ်...။ ငါ ဖြေရမှာ ရှက်တယ်''

''ဟေး...''

ပိုင်စိုးက ထအော်၏။

နှစ်မနှစ်ယောက်က သူတို့နှစ်ယောက်ကို ကြည့်နေသည်။ နားမလည်တတ်အောင် ဖြစ်နေပုံလည်း ရသည်။ နားလည်သလိုလိုရှိပုံလည်း ရသည်။

''ကြာဖြူ''

''ဟင်''

''နင့်ကို ငါလေ အရမ်းမုန်းတာပဲ။ သိလား...''

''အတူတူပါပဲ ပိုင်စိုးရယ်''

''နင်လည်း ငါ့ကို တကယ်မုန်းတယ်နော်''

''တကယ်ပေါ့လို့''

''ဘယ်လောက်ထိ မုန်းလဲ''

''အများကြီး''

ထိုအချိန်မှာပဲ...

''အဟမ်း...အဟမ်း''

ချောင်းဟန့်သံကြား၍ လှည့်ကြည့်လိုက်တော့ ဦးအောင်ကို။ ဦးအောင်ကိုကလည်း သူတို့ကို လက်ညှိုးထိုး၍ သူတို့ကလည်း ဦးအောင်ကိုကို ပြန်လက်ညှိုးထိုးမိသည်။ ထို့နောက် သုံးယောက်သား တပြိုင်တည်း အော်မိကြသည်။

''သိနေတယ်နော်''

■





နိဂုံး (က)

''အစ်မ ဘာရှာနေတာလဲ''

''ပိုင်စိုးကို''

''ဟိုအစ်ကိုကြီးလား''

''အေး...ဟုတ်တယ်။ ပိုင်စိုးလေ...ငါ့ရည်းစား''

■

နိဂုံး (၁)

နောက်သုံးနှစ်ခန့်ကြာသောအခါတွင် ပိုင်စိုးနှင့် ကြာဖြူတို့ လက်ထပ်ဖြစ်ကြသည်။ မိဘ၏ လက်ငုတ်လက်ရင်း စီးပွားလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရင်း သူတို့၏ အိမ်ထောင်ရေးကလေး အဆင်ပြေပါသည်။ သို့သော် ရည်းစားစကားကို ပြောင်းပြန်ပြောခဲ့ရသည်ဖြစ်၍ အိမ်ထောင်ကျပြီးချိန်မှာလည်း သူတို့၏ စကားတွေကလည်း ပြောင်းပြန်ဖြစ်ဆဲ။ ပိုင်စိုး၏ စကားများကို ကြာဖြူက ဆန့်ကျင်ဖက်နည်းဖြင့် အဓိပ္ပာယ်ဖော်ဆဲ။

"ကြာဖြူ...ကိုယ် နားသယ်စပ်တွေ ခြောက်ကပ်နေတယ်၊ အန်လည်း အန်တယ်"

"ကြာဖြူရေ...ကိုယ် ကိုယ်ဝန်များ ရှိနေပြီလား မသိဘူး"

"ကြာဖြူရေ...ဆရာဝန်ကြီးက မှာလိုက်တယ်၊ ကိုယ် ခံတွင်းတောင်းတာကိုသာ စားတဲ့"

"ကဲ...ဒေါ်ကြာဖြူရေ ကိုယ့်ကိုယ်ဝန်ကြီးကတော့ အရင့်အမာဖြစ်နေပြီ။ တစ်ခါ ကားတိုက်မခံရဘဲ ကြာဖြူ မေ့လဲသွားတဲ့ ဆေးရုံမှာ သွားပြန်မွေးရင် ကောင်းမလား မသိဘူး"





"ကိုယ် ရိုးရိုးမမွေးချင်ဘူး ကြာဖြူရယ်...။ ခွဲပြီး မွေးချင်တယ်"

ထိုသို့ဖြင့်...

သူတို့လင်မယား သားဖွားဆေးခန်းသို့ ရောက်သွား၏။

ရည်းစားစကား ပြောင်းပြန်ပြောသွားသော ကောင်လေးနှင့် ကောင်မလေးကို နာ့စ်မအချို့က မှတ်မိဆဲဖြစ်၏။ ပြုံးစိစိနှင့် ကြည့်ကြသည်။ ဘာလေးလိုချင်လဲဟု မေးတော့ ပိုင်စိုးက မိန်းကလေး၊ ကြာဖြူက ယောက်ျားလေး။ မွေးဖွားပြီးသည့်အချိန်ရောက်၍ ကလေးငိုသံကြားတော့ ကြာဖြူက...

"ကို...ဘာလေးလဲဟင်"

"မိန်းကလေးထင်တာပဲ"

"ဟေး...သားသားလေး ရပြီကွ"

မွေးဖွားပြီးကာစ သားသည် မိခင်၏ ရင့်ကျူးသံက အခန်းထဲမှ လင်းလင်းရဲရဲ ပျံ့လွင့်ထွက်သွားသည်။

■

တာရာမင်းဝေ

1st October 2002


ကျေးဇူးတင်ပါသည်။
မြန်မာပြည်သား
Thank You